ရွှေဘိုမိမိကြီး

# သရဖူတို့ရဲ့သရဖူ



Graphic : Zarni (Glory)

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၄၀၁၀၁၆၀၆၀၈ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၄၀၁၂၅၃၀၆၁၁ |

ပုံနှိပ်မှတ်တမ်း ■ ပထမအကြိမ်
၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ၊
ရတနာပုံစာအုပ်တိုက်။

အုပ်ရေ ■ ၅၀၀

ထုတ်ဝေသူ ■ ဦးမင်းထွင့်ဝင်း [၀၃၇၇၅]
(ရတနာပုံစာအုပ်တိုက်)
၄၆/၁၊ ဗိုလ်ရာညွန့်လမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ■ ဒေါ်ခင်အေးမြင့်
(ရာပြည့်အော့ဖ်ဆက်)
၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်။

အတွင်းဖလင် ■ **Quality**

မျက်နှာဖုံးပန်းချီ ■ မောင်နေကြည်

စာအုပ်ချုပ် ■ ကိုမြင့်

တန်ဖိုး ■ ၁၅၀၀ ကျပ်

## ရတနာပုံစာအုပ်တိုက်မှ ထုတ်ဝေပြီးစာအုပ်များ

၁။ ဂျာနယ်ကျော်ဦးချစ်မောင်၏ ကမ္ဘာကြီးပျက်စီးလုနီးပြီလော
၂။ ဂျာနယ်ကျော်မမလေး၏ လောကီရတနာ
၃။ လေသူရဲတစ်ဦး၏ သန်းခေါင်ယံခရီးသည်နှင့် ကိုယ်တွေ့လေကြောင်းဝတ္ထုများ
၄။ ဒေါက်တာခင်လေးမြင့်၏ ၂၀ ရာစုမြင်သစ်ဝတ္ထုတိုများ
၅။ နတ်နွယ်၏ ကမ္ဘာ့စာပေတာ့ဗွတ်ဓားမင်း
၆။ ဟိန်းလတ်၏ တဂိုးအတွေးတဂိုးအရေး
၇။ လေသူရဲတစ်ဦး (ဦးလှဝင်း)၏ အရက်နှင့်ဆည်းဆာ
၈။ ဂျာနယ်ကျော်မမလေး၏မာလာရီ
၉။ ပါရဂူ၏ ဗုဒ္ဓယဉ်ကျေးမှုပြဇာတ်များ
၁၀။ မင်းဆွေ၏ဓါး
၁၁။ ချစ်ဦးညို၏ ဝိဇိတာဝီ
၁၂။ လေသူရဲတစ်ဦး (ဦးလှဝင်း)၏ ကျွန်တော်ရတနာကုန်သည်
၁၃။ ရွှေဥဒေါင်း၏ ဟစ်တလာလုပ်ခဲ့သမျှ
၁၄။ တက်တိုး၏ဘဝနှင့်စာပေ
၁၅။ လေသူရဲတစ်ဦး၏တရုတ်ဖြူလေယာဉ်ပစ်ချခဲ့စဉ်က
၁၆။ မောင်ညိုပြာ၏ စိတ္တဇရုပ်မြင်သံကြားဝတ္ထုတိုများ
၁၇။ ဂျာနယ်ကျော်မမလေး၏ ရွှေမငြိး
၁၈။ မောင်နိုင်မာ၏ မင်္ဂလာအလင်္ကာ
၁၉။ တော်ဘုရားကလေး(အောင်ဇေ)၏ ပြည်သူချစ်တဲ့မျိုးဆက်သစ်
၂၀။ လေသူရဲတစ်ဦး (ဦးလှဝင်း)၏ မုန်တိုင်းနှင့်သစ္စာ
၂၁။ ချစ်ဦးညို၏ မဟာသေနာပတိ
၂၂။ ဗိုလ်အေးမောင်၏ တွမ်
၂၃။ အထောက်တော်လှအောင်၏ မပိုကြေးမလိုကြေး
၂၄။ ချစ်ဦးညို၏ ရက္ခစိုးမယားနှင့် အခြားပြဇာတ်များ
၂၅။ လူထုဦးလှနှင့် လူထုဒေါ်အမာတို့၏ ဆေးလိပ်နှင့် လူသား
၂၆။ လူထုစိန်ဝင်း၏ အတွေးအမြင်ဆောင်းပါးများ
၂၇။ နတ်နွယ်၏ ဒက်ဇယ်လာ
၂၈။ ချစ်ဦးညို၏ ရာဇကုမာရ
၂၉။ ဆူးငှက်၏ ၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချိုညချမ်း
၃၀။ နတ်နွယ်၏ ဘဝဟူသည်
၃၁။ မင်းယုဝေ၏ အိုမာခယမ်
၃၂။ ချစ်ဦးညို၏ ချစ်သောပါဒကေရီ
၃၃။ အထောက်တော်လှအောင်၏ မဟာဘီလူး
၃၄။ တက်တိုး၏ အညတရဘဝရှခင်း
၃၅။ မြသန်းတင့်၏ မမ
၃၆။ ဂျာနယ်ကျော်ဦးချစ်မောင်၏ ဝတ္ထုတိုများ
၃၇။ ဒဂုန်တာရာ၏ လရောင်ရွှန်းမြသောညတစ်ည

၃၈။ ကြည်ဦး၏ ရှေးထုံးစဉ်လာမြန်မာမှုများ
၃၉။ ချစ်ဦးညို၏ ချစ်သူမင်းနန္ဒာ
၄၀။ ရွှေဥဒေါင်း၏ ဘုကာတီဝါရှင်တန်
၄၁။ နတ်နွယ်၏ ရေအောက်တစ္ဆေ
၄၂။ ပါရဂူ၏ မင်းနှင့်ပြည်သူ
၄၃။ ဗိုလ်အေးမောင်၏ ရော်ဘင်ဟု
၄၄။ ဦးလှဝင်း(လေသူရဲတစ်ဦး)၏ အညိုတို့ ပတ္တမြားမြေ
၄၅။ ကျွန်ုပ်ကျော်မမလေး၏ ရင်နှင့်အောင်မွှေး
၄၆။ အထောက်တော်လှအောင်၏ နာဇီပဋိညာဉ်ခံ
၄၇။ ဦးလှဝင်း(လေသူရဲတစ်ဦး) ၏ လျှောင်ဖုံးကြခဲ့စဉ်က
၄၈။ ရွှေဘိုမိမိကြီး၏ နန်းတွင်းသူခိုးနှင့် မိန်းမစိုး
၄၉။ တင့်ဆန်း၏ မိုးရိပ်မှ မိုးရိပ်သို့
၅၀။ ဦးလှဝင်း(လေသူရဲတစ်ဦး)၏ ပါပီလွန်နှင့် ဗင်ကို
၅၁။ တော်ဘုရားကလေး(အောင်ဇေ)၏ ရတနာပုံမှ ရတနာဂီရိသို့
၅၂။ နုယဉ်၏ ကိသာဂေါတမီနှင့် ဗုဒ္ဓနိပါတ်တော်လာ ထင်ရှားသောဇာတ်ဝတ္ထုများ
၅၃။ နတ်နွယ်၏ မင်းမှာသစ္စာ လူမှာကတိ
၅၄။ မောင်သန်းဆွေ (ထားဝယ်)၏ ထီးရနံ့ နန်းရနံ့
၅၅။ ဒေါ်ခင်မျိုးချစ်နှင့် ချစ်ဦးညို၏ လောကဇာတ်ခုံ ဇာတ်ခုံလောက
၅၆။ တက်တိုး၏ တစ်နှစ်သား
၅၇။ ပါရဂူ၏ ရာဇဘိသိက်
၅၈။ မောင်မိုးသူ၏ လင်းယုန်တို့၏အောင်ပွဲ
၅၉။ ဦးလှဝင်း(လေသူရဲတစ်ဦး)၏ ရွှေဘုံသာလမ်းပေါ်မှာ
၆၀။ အထောက်တော်လှအောင်၏ ရာဘက်ကာ
၆၁။ ဦးလှဝင်း (လေသူရဲတစ်ဦး)၏ မြန်မာပြည်လေကြောင်းတိုက်ပွဲ
၆၂။ ချစ်ဦးညို၏ တစ္ဆေနှင့် အခြားဝတ္ထုတိုများ
၆၃။ နတ်နွယ်၏ မုန်တိုင်းအန္တရာယ်
၆၄။ မောင်မိုးသူ၏ အိပ်ငိုးဆေး
၆၅။ အထောက်တော်လှအောင်၏ လသာတုန်းဗိုင်းငင်
၆၆။ ဦးလှဝင်း (လေသူရဲတစ်ဦး)၏ ရတနာ၏ လျှို့ဝှက်ချက်များ
● ရွှေဘိုမိမိကြီး၏ သရဖူတို့ရဲ့ သရဖူ

## ဆက်လက်ထုတ်ဝေမည့်စာအုပ်များ

၆၈။ ဦးလှဝင်း (လေသူရဲတစ်ဦး)၏ လေကြောင်းပညာ သိချင်စရာ
၆၉။ ဆူးငှက်၏ ဈေးချိုတော်ဝါးတန်း ဘီလမ်းပေါ်က နာရီစင်
၇၀။ ဦးလှဝင်း (လေသူရဲတစ်ဦး)၏ ကျွန်တော်နှင့် ရတနာများ

# မာတိကာ


| | | |
|---|---|---|
| * | စကားဦး | ၉ |
| * | အမှာစာ | ၁၁ |
| ၁။ | သရဖူတို့ရဲ့သရဖူ | ၂၁ |
| ၂။ | ကုန်းဘောင်ခေတ်ဦးက စုန်းတရား | ၃၂ |
| ၃။ | ဘုရင့်နောင်မင်းတရားကြီးအတွက် မှာတမ်း | ၄၀ |
| ၄။ | မင်းဆရာတော်ရဲ့ ရှုထောင့်အမြင် | ၄၆ |
| ၅။ | ရွက်အုပ်သီး ခရီးသွားမှတ်တမ်းတစ်စောင် | ၅၂ |
| ၆။ | ဦးတုတ်ကြီး၏ ကေသရသတင်းစာ | ၆၂ |
| ၇။ | သူဌေး ဦးမွန်ထော် | ၇၀ |
| ၈။ | ရဲဒင်သိင်္ဂ ဖြတ်ထုံး | ၇၈ |
| ၉။ | ဇာတ်စင်ပေါ်က ရှင်ဘုရင်စကား | ၈၆ |
| ၁၀။ | ခေတ်ဟောင်းက စာပေဝေဖန်ရေး | ၉၄ |
| ၁၁။ | နှစ်တစ်ရာက မေတ္တာစာ | ၁၀၃ |
| ၁၂။ | တောလားအလင်္ကာ ချစ်စရာ | ၁၁၀ |
| ၁၃။ | ပျိုလေးတို့ မြန်ထဘီ ဘယ်ဆီကစ | ၁၂၂ |
| ၁၄။ | အင်္ဂလိပ်လက်ရောက် မြန်မာဘုရင်၏ ဆင်ဆွဲရထားတော် | ၁၂၉ |
| ၁၅။ | မင်းတုန်းမင်း၏ ပထမနှင့် ဒုတိယအလှူတော် | ၁၃၇ |
| ၁၆။ | ရှေးဦးတီထွင် မြန်မာအမျိုးသမီး စာရေးဆရာမများ | ၁၄၂ |
| ၁၇။ | တရုတ်နိုင်ငံမှ ခေတ်မီစီးပွားရေးလုပ်ငန်းတစ်မျိုး | ၁၄၈ |
| ၁၈။ | အရေးပိုင်စိမ်းဘားနှင့် ကျားဗိုလ် | ၁၅၅ |
| ၁၉။ | ရွှေဘိုနယ်ဘွား စာပေသူရဲကောင်း ဦးဖြိုး | ၁၆၆ |
| ၂၀။ | ရွှေမောင်းထောင်သာတဲ့ရပ်ဆီက | ၁၇၅ |
| ၂၁။ | မာန်လည်ဆရာတော်ဘုရားနှင့် မိုးတားဝန် | ၁၈၃ |
| ၂၂။ | စာထုပ်ကြီးကပြောပြသော သုတပဒေသာ | ၁၈၈ |

## စကားဦး

ကျွန်မသည် ငယ်စဉ်မှစ၍ စာဖတ်ဝါသနာပါသူ ဖြစ်ပါသည်။ ပထမ ပေါ့ပေါ့ပါးပါး အပျင်းပြေဖတ်ရသော စာမျိုးမှစပြီးနောက်၊ အတွေးအခေါ် ဆင်ခြင်တုံတရားပါသော ရာဇဝင်သမိုင်း စသဖြင့် တဖြည်းဖြည်း စာဖတ်ရှိန်ရကာ စာဖတ်ဝါရင့်လာသော်၊ ကိုယ်တိုင်စာရေးချင်စိတ် ပေါ်လာသည်။ သည်အဖြစ်မျိုးမှာ စာဖတ်များသူတိုင်း ဖြစ်ပေါ်လာတတ်သော စိတ်တစ်မျိုးဖြစ်လိမ့်မည်ဟု ထင်မိပါသည်။ အချို့ကမူကား အကြောင်းကြောင်းကြောင့် စာရေးရန် ဇွဲမသန်နိုင်ဘဲ ထိုအဆင့်တွင်ပင် ရပ်သွားတတ်ကြပါ၏။

ကျွန်မအဖို့ ဆိုရလျှင် လခစားလုပ်ဖူးသူလည်းမဟုတ်။ မှီခိုသူသက်သက်မျှသာဖြစ်သောကြောင့် စာရေးချိန်ရတန်သမျှ ရပါသည်။ သို့သော်ငြား စာရေးသမားတစ်ယောက်ဖြစ်လာဖို့ အရေးမှာ တွေးလေ တွေးလေ မျှော်လင့်ချက်က သေးသလို ခရီးက ဝေးလှချေ၏။ နောက် တဖြည်းဖြည်းနှင့် အားထုတ်မှုမလျှော့ဘဲ ကြိုးပမ်းသောအခါ မျှော်လင့်ချက်ကြီးကြီးလာသလို ခရီးက နီးနီးလာတော့သည်။ ပထမဦးစွာ ဆောင်းပါးတစ်စောင် ပုံနှိပ်ဖော်ပြခြင်းခံရသောအခါ ပိုမို

ရတနာပုံစာအုပ်တိုက်

ရေးအားရှိလာသည်။ အစပိုင်းတွင် စာရေးကျဲနေသော်ငြား၊ နောက် စာရေး စိပ်စိပ်လာပါသည်။

ရေးလေသမျှမှာလည်း ရွှေဟောင်းယဉ်ကျေးမှု စာနှင့် အတ္ထုပ္ပတ္တိ စာမျိုးချည်း ထွက်လာသောအခါ ရွှေဟောင်းသမိုင်းစာပေဝါသနာကြီးသူဖြစ်မှန်း မသိ ဖြစ်လာသည်။ သို့သော်ငြား မိမိကိုယ်ကိုမိမိ သမိုင်းဆရာဟူ၍ကား ဘယ် သောအခါကမျှ မထင်ခဲ့ဖူးပါ။

ဤစကားမှာ မှန်သောစကားဖြစ်ပါ၏။

ဤအခြေအနေတွင် ကျွန်မနှင့် ဆွေရိပ်မကင်း မျိုးရိပ်မကင်းဖြစ်သော သတင်းစာဆရာ၊ စာရေးဆရာကြီးများ လူထုဦးလှနှင့် ဒိုးဝေဦးညိုမြတို့ကလည်း-

“ကိုယ်သိတာကလေး နည်းတာများတာ အပထား၊ တစ်ခု နှစ်ခု ဖြစ်ဖြစ် မရေးဘဲ ချန်မထားနဲ့။ ဒါ ကိုယ့်တာဝန်လို့သဘောပိုက်ပြီး စာပေစင်မြင့်ပေါ် ကို တင်သာပေးလိုက်။ မှားတာ မှန်တာ ရှိသမျှ နောင်ဖြစ်လာမည့် ပညာရှင် သမိုင်း သုတေသီဆရာများက ဆုံးဖြတ်လိမ့်မယ်”

ဟု ဩဝါဒပေးကြပါသည်။ ကျွန်မအနေနှင့်လည်း ဆရာ ဆရာကြီး တွေရဲ့ အဆုံးအမစကားကို လေးစားစွာ ခံယူပါသည်။ ဤသို့သောနည်းဖြင့် လုံးချင်းစာအုပ်များနှင့် ဆောင်းပါးစုစာအုပ်များ ဖန်တီးနိုင်ခဲ့ပါ၏။

ဤစာအုပ်အတွက် အမှာစကားရေးပေးသော ဆရာကြီး ဦးစိန်မောင်ဦး၊ ရွှေဟောင်းသုတေသနညွှန်မှူး (ငြိမ်း)ကိုလည်းကောင်း၊ စာအုပ်ထုတ်ဝေပေးသော ရတနာပုံစာအုပ်တိုက်မှ ဦးမင်းထွဋ်ဝင်းကိုလည်းကောင်း၊ မူလဆောင်းပါးများကို ရိုက်နှိပ်ပေးခဲ့သော အတွေးအမြင်၊ မြဝတီ၊ ငွေတာရီ၊ ရှုမဝ၊ ရနံ့သစ်နှင့် မိုးဂျာနယ် တို့ကိုလည်းကောင်း ကျေးဇူးစကားဆိုရပါကြောင်း။ ။

ရွှေဘိုမိမိကြီး

# အမှာစာ

အမျိုးသားစာပေဆုရှင် စာရေးဆရာမကြီး ရွှေဘိုဒေါ်မိမိကြီး ရေးသားခဲ့သော စာအုပ်စာတမ်းများအနက် စာပေဗိမာန်စာအုပ်တိုက်ထုတ် "ကုန်းဘောင်ဖြူဝန်းမိုး" စာအုပ်တွင် စာရေးသူသည် အမှာစာတစ်စောင်ကို ပထမဆုံးအကြိမ်ရေးသားပေးခဲ့ဖူးပါသည်။

စာရေးသူထက် စာပေဝါရင့်သူ အမျိုးသားစာပေဆုရှင် စာရေးဆရာမကြီး ရွှေဘိုဒေါ်မိမိကြီး၏စာအုပ်တွင် အမှာစာရေးသားရသည်မှာ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ကျမ်းပြုအကျော် ကျောင်းထိုင်ဆရာတော်ကြီး ပြုစုရေးသားထားသောကျမ်းကို စာသင်သားဦးပဉ္စင်းက ဝေဖန်ရေးသားရသကဲ့သို့ မငံ့မရဲဖြစ်မိပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်ပြည်တစ်လွှား ကျော်ကြားထွန်းပေါက်ပြီးဖြစ်သော စာရေးဆရာမကြီး ရွှေဘိုဒေါ်မိမိကြီး ရေးသားပြုစုခဲ့သည့် စာအုပ်စာတမ်းဆောင်းပါးစာပေအစုစုသည် သူ့အရည်အသွေးနှင့်သူ ပေါ်လွင်နေကြသည့်အလျောက် စာရေးသူအနေဖြင့် "နငယ်အမြီးဆက်သည့်အလား" ထပ်ဆင့်အမွှမ်းတင်ရန် မလိုဟု ယူဆသောကြောင့်ဖြစ်ပါ၏။

ရတနာပုံစာအုပ်တိုက်

ယင်းသို့ မငံ့မရဲဖြစ်နေပါလျက် "ကုန်းဘောင်ဖြူဝန်းမိုး"စာအုပ်တွင် အမှာစာရေးသားဖြစ်ခဲ့သည်မှာ စာရေးသူတို့နှင့် ဆွေမျိုးရင်းချာကဲ့သို့ ခင်မင်ရင်းနှီးနေသူ စာရေးဆရာမကြီး လူထုဒေါ်အမာက "မိမိကြီးစာအုပ်မှာ ရှင်အမှာစာရေးဖြစ်အောင် ရေးပေးလိုက်ပါ" ဟု ဖုန်းဆက်တိုက်တွန်းသည်ကို မပယ်လိုသောကြောင့်ဖြစ်ပါ၏။

ယခုလည်း ရတနာပုံစာအုပ်တိုက်က ထုတ်ဝေမည့် "သရဖူတို့၏သရဖူ" စာအုပ်တွင် အမှာစာရေးသားပေးပါဟု စာရေးဆရာမကြီး ရွှေဘိုဒေါ်မိမိကြီးက ဒုတိယအကြိမ် မေတ္တာရပ်ခံပါ၏။ ရွှေဘိုဒေါ်မိမိကြီးသည် မန္တလေးမြို့ အေဘီအမ်အမျိုးသမီးအထက်တန်းကျောင်း၌ ပညာသင်ယူနေဆဲတွင် မြန်မာနိုင်ငံသို့ကူးစက်ပျံ့နှံ့လာသော ဒုတိယကမ္ဘာ့စစ်နှင့် ကြုံကြိုက်ခဲ့သောကြောင့် အထက်တန်းတက္ကသိုလ်ပညာရပ်များကို ဆက်လက်သင်ယူခွင့်မရခဲ့ပေ။ သို့သော် ရွှေဘိုဒေါ်မိမိကြီးသည် အိမ်ရှင်မတာဝန်ကို ထမ်းဆောင်ရင်း အခြားတစ်ဖက်မှလည်း ရတတ်သမျှ "ဆေးတစ်အိုးကျွမ်း၊ ကွမ်းတစ်ယာညက်" အားလပ်ချိန်အတွင်း၌ စာပေဗဟုသုတအဖြာဖြာကို လေ့လာဆည်းပူးနေသူ အမျိုးသမီးကြီးဖြစ်သည်ကို စာရေးသူတို့၏နေအိမ်သို့ လာရောက်သည့်အခါတိုင်း မှတ်သားသင့် မှတ်သားဖွယ်ရာများကို စိတ်ဝင်တစား ရေးမှတ်ယူသွားသောကြောင့် အကဲဖြတ်မိပါသည်။

ဤကဲ့သို့ စာပေဗဟုသုတကို ရှာမှီးရာ၌ အမြဲတစေ၊ မျက်စိကိုဖွင့်၊ နားကိုစွင့်လျက် အသင့်ဖြစ်နေသူ ရွှေဘိုဒေါ်မိမိကြီးသည် ရေးကွက်ရေးခန်း၊ ရေးလမ်း၊ ရေးခွင့်များ အလျှံပယ်ရှိနေသည့်အလျောက် လွန်ခဲ့သည့် ၁၉၅၃ ခုနှစ်မှစတင်လျက် စာပေနယ်တွင်းသို့ ဝင်ရောက်ခဲ့ရာတွင် "ပေစာထုပ်ကြီးမှ ဆုံးတောင်းစာများ"စာအုပ်ဖြင့် မြန်မာ့ယဉ်ကျေးမှုအနုစာပေပထမဆုကို ရယူခဲ့သည်အထိ အောင်မြင်ခဲ့ပါသည်။

စာပေတာဝန်ကို ထမ်းဆောင်ခဲ့သည်မှ နှစ်ပေါင်း ၅၀ကျော်မျှ ကြာမြင့်ခဲ့သည့်တိုင် ကလောင်ကို မချသေးသော ရွှေဘိုဒေါ်မိမိကြီးသည် "သရဖူတို့၏သရဖူ" အပါအဝင် ဆောင်းပါးစောင်ရေ ၂၂ ပုဒ်ကို စာတစ်အုပ်အနေဖြင့် စုစည်းထုတ်ဝေရန် စီစဉ်လျက်ရှိသည်ကို သိရသောကြောင့် စာရေးသူအနေဖြင့် မုဒိတာပွားမိပါသည်။

မြန်မာ့စိတ်ကူးစိတ်သန်း အတွေးအမြင်နှင့်တကွ အသိပညာတို့သည် မြန်မာစာပေပေါ်ဦးပေါ်ဖျား ပုဂံခေတ်မှစလျက် ကျောက်ထက်တွင်လည်းကောင်း၊

ပေထက်တွင်လည်းကောင်း ထင်ဟပ်လျက်ရှိသည်မှာ အထင်အရှားဖြစ်ပါ၏။ ယင်းသို့ ပုဂံခေတ်မှ စတင်ထွန်းညီထားသော စာပေမီးရှူးတန်ဆောင်ကြီးသည် ခေတ်အဆက်ဆက်ကို ဖြတ်သန်းကျော်လွှားလျက် အသိဉာဏ်တည်းဟူသော အလင်းကိုဆောင်ခဲ့သည်မှာ ခရစ်ယန်သာသနာပြုဆရာများ၏ လုံ့လဥဿာဟကြောင့် ကုန်းဘောင်ခေတ်နှောင်းပိုင်း၌ မြန်မာ့မြေပေါ်၌ အမြစ်တွယ်ကာ ရှင်သန်ကြီးထွားလာသော စာပုံနှိပ်လုပ်ငန်း၏ အထောက်အကူဖြင့် တထိန်ထိန် တဝင်းဝင်း ထွန်းလင်းတောက်ပြောင်လာခဲ့သည်မှာ အများအသိပင်ဖြစ်ပါ၏။ စာပုံနှိပ်လုပ်ငန်း၏ အကြီးမားဆုံးရလဒ်သည်ကား ပညာရှိ ကဝိတို့၏ အတွေးအမြင် အသိပညာ အတွေ့အကြုံ စာအုပ်စာတမ်းများသည် လူနေမှု အပေါ်ယံလွှာတွင်မက အောက်ခြေအလွှာသို့ပင် ထိုးဖောက်ပျံ့နှံ့သွားခြင်းပင်ဖြစ်ပါ၏။

မြန်မာဦးစွန်း၊ အနောက်သို့ယွန်းခဲ့ရသော မြန်မာခုနှစ် ၁၂၄၇ ခုနောက်ပိုင်းတွင် စာပုံနှိပ်လုပ်ငန်းသည် အထူးတိုးတက်ထွန်းကားလာသည့် အလျောက် "ရေမြင့်လျှင်ကြာတင့်" ဟူသော ဆိုရိုးစကားနှင့်အညီ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသည့် စာစောင်များသည်လည်း နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ထွက်ပေါ်လာကြသောကြောင့် လူမျိုးခြား အုပ်စိုးမှုအောက်သို့ ကျရောက်နေလင့်ကစား မြန်မာစာပေသမိုင်းအသီးအပွင့် အနွယ်အခက်သည် ဆက်လက်မြူးကြွန့်လူးလွန့်ရှင်သန်ခဲ့ပါ၏။

ဗြိတိသျှကိုလိုနီခေတ်တွင် မြန်မာနိုင်ငံထက်အောက်တစ်နံ့တစ်လျား လှုံ့ကြိုက်များခဲ့သော ဂျာနယ်၊ မဂ္ဂဇင်းအချို့၏အမည်မှာ ဟံသာဝတီ၊ ဆယ်သန်း၊ နဂါးနီ၊ ဂျာနယ်ကျော်၊ ဒီးဒုတ်၊ ဗန္ဓုလ၊ ဒဂုန်၊ သူရိယ၊ မြန်မာ့အလင်း၊ ကြီးပွားရေး၊ တိုးတက်ရေး စသည်တို့ ဖြစ်ကြပါ၏။ လွန်ခဲ့သည့် ခရစ်ခုနှစ် ၁၉၄၂ ခုတွင် ဒုတိယကမ္ဘာစစ်မီးသည် မြန်မာနိုင်ငံသို့ ကူးစက်ပျံ့နှံ့လာသောကြောင့် မြန်မာနိုင်ငံသူ နိုင်ငံသားများသည် မိမိတို့၏ အိုးအိမ်စည်းစိမ်ကို စွန့်ပစ်လျက် အသက်ဘေးမှ လွတ်ရာလွတ်ကြောင်း တိမ်းရှောင်နေကြရသည့်အတောအတွင်း လူသားတို့၏ အသိပညာဘဏ္ဍာတိုက်သဖွယ်ဖြစ်သော နိုင်ငံတစ်ဝန်းရှိ စာအုပ်စာတမ်း စာစောင်များစွာတို့သည် ဆုံးရှုံး ပျက်စီးခဲ့ကြပါ၏။

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးနောက်ပိုင်းတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ ဗုံးဒဏ်ကြောင့် ပြာပုံအတိဖြစ်နေသော မီးလောင်ပြင်များ၌ မိုးဦးကျတွင် အုံနှင့်ကျင်းနှင့်ပေါက်လာသော မှိုပွင့်များပမာ အိမ်သစ်တိုက်သစ်များ စီရရီ ပေါ်

ပေါက်လာကြသော်လည်း သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသည့် စာပေ အထောက်အထားများစွာတို့သည် စုန်းစုန်းမြုပ် ပျက်စီးပျောက်ကွယ်သွားကြ သောကြောင့် စစ်ကြိုခေတ် မြန်မာစာပေသမိုင်းတွင်မှ ကွက်လပ်ဖြစ်လျက် ရှိပါ၏။

ယင်းကွက်လပ်ကို ဖြည့်စွက်သည့်အနေဖြင့် ဆရာကြီးဇေယျကဲ့သို့ ရှေးမီ နောက်မီ ပုဂ္ဂိုလ်ကြီးများက "ငယ်ကချစ်အနှစ်တစ်ရာ မမေ့သာ" ဟူသော ဆိုရိုးစကားနှင့်အညီ မိမိတို့ ပျိုမြစ်နုနယ်စဉ်က ရင်ခုန်စွဲလမ်းခဲ့ရသော စာအုပ် စာတမ်းများကို တအောက်မေ့မေ့ပြန်၍ ခံစားတင်ပြထားသော ဆောင်းပါး စာတမ်းများကို ကြိုးကြားကြိုးကြား ဖတ်ရှုရသောကြောင့်သာ စာရေးသူအပါအဝင် နှောင်းမျိုးဆက်သစ်များသည် သိရှိနားလည်ကြရပါ၏။

ဆရာကြီးဇေယျသည် ယင်းဆောင်းပါးများကို ခံစားတင်ပြရာ၌ သက်ဆိုင်ရာ စာအုပ်စာတမ်းများအား ဝေဖန်သုံးသပ်ချက်များပါ ထည့်သွင်း ထားသောကြောင့် စာပေသမိုင်းစဉ်အတွက် အထောက်အထားများဖြစ်သည် ဟူ၍လည်း ဆိုနိုင်ပါ၏။ ဆရာကြီးဇေယျသည် မော်လမြိုင်ဆရာရော၏ သထုံ ရာဇဝင်ပြဇာတ်ကို ဆရာရောသည် ကိုယ်တိုင်ကပင် ရုပ်သေးမင်းသားကြီးကိုင် ဇာတ်သဘင်သဘောကို ကျေညက်ကျွမ်းကျင်သူဖြစ်သည်နှင့်အညီ စင်ပေါ်၌ ကပြသည့်အတိုင်း စီစဉ်ရေးသားထားသောကြောင့် စာဖတ်နေရသည်ဟု မထင် ရဘဲ ရုပ်သေးဇာတ်ပွဲကို ကြည့်နေရသည်နှင့် တူသည်ဟူ၍လည်းကောင်း၊ ဆရာ ရောသည် ပြဇာတ်ရေးရာ၌ စင်ပေါ်၌ကပြသည့်ပုံစံနှင့် ရေးသားထားသော်လည်း ဖြတ်ကာမတ္တမဟုတ်ဘဲ အလင်္ကာကဗျာနည်းမပျက်၊ ဝေါဟာရအသုံးအနှုန်း အသတ်အစပ်ညီညွတ်မှန်ကန်စွာဖြင့် စာပေရသပေါ်လွင်အောင် ရေးသားထား သည်ဟူ၍လည်းကောင်း ဆရာရောသည် စလေဦးပုည စသည့် စာဆိုကဝိကြီး များနှင့် အရည်အသွေးတူမျှသည်ဟု မသတ်မှတ်နိုင်သော်လည်း ချိုသောယာ သော စကားအသုံးအနှုန်း၊ သဘာဝကျသည့် စိတ်ကူး၊ စိတ်သန်းတို့ကြောင့် ခေတ်ပြိုင်ပြဇာတ်များနှင့်မတူဘဲ ထူးထူးခြားခြားဖြစ်နေရသည်ဟူ၍လည်းကောင်း ဝေဖန်သုံးသပ်ခဲ့ပါ၏။

ဤသို့လျှင် မြန်မာနိုင်ငံ ပုံနှိပ်လုပ်ငန်းသမိုင်း အမွန်အစပိုင်းတွင် အောက်မြန်မာနိုင်ငံ၌ ထွက်ပေါ်လာသော စာအုပ်စာတမ်းများအနက် မှတ်သား သင့် မှတ်သားဖွယ်ရာ စာတမ်းများကို စိစစ်ရွေးချယ်လျက် ကြိုးကြားကြိုးကြား တင်ပြရေးသားခဲ့သော ဆရာကြီးဇေယျ ကွယ်လွန်အနိစ္စရောက်သွားသည်မှာ

နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါပြီ။ ဆရာကြီးဇေယျသည် ဗြိတိသျှကိုလိုနီခေတ်ဦး ပိုင်း မြန်မာစာပေသုတေသနလုပ်ငန်းကို တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်ခဲ့ သော်လည်း ဒုတိယကမ္ဘာစစ်ကြီးအတွင်း အစအနမျှ မကြွင်း ပျက်စီးခြင်းမလှ ပျက်စီးခဲ့သော စာအုပ်စာပေအားလုံးကို ဖော်ထုတ်ရေးသားနိုင်ခဲ့သည်ကား မဟုတ်ပေ။

ဤကဲ့သို့ ဆုံးငွေ့မသန်း၊ ဆုံးခန်းမတိုင်သေးသော ဆရာကြီးဇေယျ၏ ဗြိတိသျှကိုလိုနီခေတ်ဦး မြန်မာစာပေသုတေသနလုပ်ငန်းကို စာရေးဆရာမကြီး ရွှေဘိုဒေါ်မိမိကြီးက အမွေဆက်ခံလျက် စစ်ကြိုခေတ်ထုတ် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ၌ ဖော်ပြထားပြီးဖြစ်သည့် ကောင်းနိုးရာရာဆောင်းပါး အချက်အလက် အချို့ကို ပြန်လည်ဆန်းသစ်ပြီးလျှင် "သရဖူတို့၏သရဖူ"စာအုပ်၌ စုစည်းတင်ပြ ထားသောကြောင့် ဗြိတိသျှကိုလိုနီခေတ်ဦး မြန်မာ့စာပေကဏ္ဍအတွက် ဖြည့်စွက် ဖွယ်ရာများ ပေါ်ထွက်လာပြီဟူ၍ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရပါ၏။ စာရေး ဆရာမကြီး ရွှေဘိုဒေါ်မိမိကြီးကိုလည်း ဆက်လက်၍ နောင်းမျိုးဆက်သစ် လူငယ်များ လက်လှမ်းမမီတော့သည့် ဗြိတိသျှ ကိုလိုနီခေတ်ထုတ် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများမှ ကောင်းနိုးရာရာများကို ရွေးချယ်ပြီးလျှင် ပြန်လည်ခံစား တင်ပြပါဦးဟု မေတ္တာရပ်ခံလျက် ဤအံမှာစာကို နိဂုံးချုပ်ပါသတည်း။

ဦးစိန်မောင်ဦး




သရာဇဦးတုတ်ကြီး ကေသရသတင်းစာပိုင်ရှင်
အိန္ဒိယအထက်လွှတ်တော်အမတ် (မြန်မာပြည်ဆိုင်ရာ)





အင်္ဂလိပ်လက်ရောက် မြန်မာဘုရင်၏ ဆင်ဆွဲရထားတော်




ကျွန်းပိုလ်တို့အား ဖမ်းဆီးရန် အရှေ့ပိုင်စိမ်းဘားနှင့်လိုက်ပါသွားသူ
အမှုလိုက်အင်စပိတ်တော် ဦးဘိုးတေပုံ




ပုသိမ်အရှေ့ပိုင်စိမ်းဘား၏ အလောင်းမြှုပ်သောသင်္ချိုင်းနေရာပုံ




ကြောဒေဝီလှူခဲ့သောခါးစည်းကြိုး
(သီရိပဝရမဟာဓမ္မာ မိပတိရတနာဒေဝီ)



“အရုပ်များဆေးရောင်စုံဖော်၍ရက်လုပ်ထားသော ကမ္ဗလွေ(ခေါ်)စာပလွေ”
ထောင့်ဖြတ်တန်းထားသည်မှာ ငွေမျှင်ဖောက်၍ ရက်ထားသော
စာထုတ်ကြိုးဖြစ်သည်။



ရခိုင်မှတ်တမ်းမှစာကြိုး



ရခိုင်မှတ်တမ်းမှစာကြိုး

# သရေဖူးတို့ရဲ့ သရေဖူး

သည်ဆောင်းပါးကတော့ ကုန်းဘောင်ဆက် မိဖုရားခေါင်ကြီးများထဲက ထင်ရှားကျော်ကြားသူများကိုသာ ဖော်ပြဖို့ အားထုတ်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်တော်မူခဲ့တဲ့ အလောင်း-မင်းတရားကြီး (ငယ်မည် ဦးအောင်ဇေယျ) နန်းတက်တဲ့ ၁၁၁၅ ခုနှစ်ကပဲ စတင်ပါရစေ။

အလောင်းမင်းတရားကြီးရဲ့ မိဖုရားခေါင် တောင်နန်းစံ "မယ်ယွန်းစံ" က စလို့ သားတော်တွေထဲက မင်းချည်းနှင်နှင်ဖြစ်ကြတဲ့ နောင်တော်ကြီးမင်း၊ ဆင်ဖြူရှင်မင်းနဲ့ ဘိုးတော်ဘုရား (ဗဒုံမင်း)လက်ထက်တော်အထိ မိဖုရားခေါင်ကြီး အသီးသီးတို့ဟာ ဘုရင့်ကုသိုလ်ပြုဖက်ပြုဖော်အဖြစ်လောက်သာ အေးအေးသက်သာ စံနေတော်မူကြပါတယ်။ သည့်နောက် မင်းဖြစ်လာတဲ့ သက္ကရာဇ် ၁၁၈၁-ခုနှစ်မှာ နန်းတက်တဲ့ ဘကြီးတော်ဘုရားလို့ လူသိများတဲ့ စစ်ကိုင်းမင်းလက်ထက် မိဖုရားခေါင်တောင်နန်းစံ ဖြစ်လာသူ အမယ်နုပါ။ သူက ထီးဆောင်းနန်းနေထဲက မဟုတ်ပါဘူး။ ရွှေဘိုမြို့နယ်၊ ဖလံခုံရွာဇာတိ၊ မယ်မှန်နဲ့ အင်း၀

မြို့တော် ထောင်မှူးရဲ့ သမီး ဖြစ်ပါတယ်။

အမယ်နုက သိပ်ထက်မြက်ပြီး နိုင်ငံတော်မှာ သူ့ဩဇာအာဏာစက်ကို စတင်တည်ဆောက် ယူသွားနိုင်ခဲ့ပါတယ်။ အမယ်နုမှာ မောင်တော် ဦးအို ဆိုတာ ရှိတယ်။ သူ့ထက်အကြီးမို့ အစ်ကိုလို့ ပြောရမှာပါ။ ဒါပေမယ့် ကြီးကြီး-ငယ်ငယ် မောင်တော်လို့ပဲ နန်းဓလေ့မှာ သုံးနှုန်းပါတယ်။ အရပ်သုံးမှာ မောင်နှမ သာရှိ၊ အစ်ကိုနှမလို့ မခေါ်ကြသလိုပါပဲ။

အဲသည် ဦးအိုက နှမအရင်း မိဖုရားခေါင် အရှိန်အဝါနဲ့ လွှတ်တော် မင်းသား စလင်းစားအဖြစ် ထီး၊ ဓားအစုံနဲ့ ကြီးပွားလာပါတော့တယ်။ မိဖုရား-ခေါင်ကြီး အမယ်နုဟာ ဘကြီးတော်ဘုရားအပေါ်မှာ သူ့ဩဇာ လွှမ်းမိုးနိုင်လိုက်ပုံမတော့ အများသူငါ ကြားဖူးကြပြီး အတိုင်းပါပဲ။ နောက် ဘကြီးတော်ဘုရား မကျန်းမမာဖြစ်တဲ့အခါ အမယ်နုတို့မောင်နှမရဲ့ ဩဇာနဲ့ လုပ်ပိုင်ခွင့်တွေသာ နန်းတွင်းနန်းပြင် ကြီးသည်ထက် ကြီးလာတယ်။

ဘကြီးတော်ပြီးရင် နောက်တစ်ဆက် မင်းဖြစ်ထိုက်သူက ဘကြီးတော်ရဲ့ သားတော်ရင်း ညောင်ရမ်းမင်းသားနဲ့ ဘကြီးတော်ညီတော်ရင်း သာယာဝတီမင်းသား (ငယ်အမည် မောင်ခင်)တို့ နှစ်ပါးရှိပါတယ်။ နန်းမတော် အမယ်နုမှာ သားတော်လေး (ငယ်ကလွန်)တစ်ပါး၊ လက်ရှိ သမီးတော်တစ်ပါး ရှိပါတယ်။ သားတော်ရင်းက မရှိတော့ဘူးဆိုတော့ ဘကြီးတော်ရဲ့ အရိုက်အရာကို ဆက်ခံဖို့ သူ့မောင်တော်ကြီး ဦးအိုကိုပဲ မှန်းပါတယ်။ ဦးအိုကလည်း လာမည့်မင်းဆက်မှာ သူကိုယ်တိုင် မင်းလုပ်ဖို့ အကြံကြီးကြံနေသူပါ။ သည်အခြေအနေတွေကို သိတဲ့ သာယာဝတီမင်းသားဟာ နောင်တော်ကို ပုန်ကန်ပြီး အောင်မြေရွှေဘို ဒေသကို ထွက်သွားပါရော။ အတိုချုပ်မှာ သာယာဝတီမင်းသား အောင်တော်မူပြီး ဘကြီးတော် စစ်ကိုင်းမင်း နန်းကျသွားတယ်။ ရွှေဘိုဒေသကို အမှီပြု မင်းဖြစ်လာသူမို့ ရွှေဘိုမင်းလို့ ခေါ်တွင်ပါတယ်။ သူ နန်းတက်တာက သက္ကရာဇ် ၁၁၉၉ ခုနှစ်၊ ခရစ်နှစ် ၁၈၃၇ ခုနှစ်မှာပါ။ နန်းကျဘုရင် နောင်တော်ကြီးကို ကောင်းကောင်းပြုစုထားပြီး မရီးဟော်အမယ်နုနဲ့ ဦးအိုတို့ကိုတော့ ကွပ်မျက်လိုက်ပါတယ်။ နောက်ပြီး ဘကြီးတော်ဘုရားရဲ့ ဘက်တော်သား ကျွန်ရင်း၊ မှူးမတ်၊ ဝန်ကြီး စတဲ့ ဦးရေအတော်များများကို အကျဉ်းချထားလိုက်ပါတယ်။ အဲသည် အထဲမှာ လွှတ်တော်ဝန်ကြီးဟောင်း ဦးစ လည်း ပါဝင်ပါတယ်။

နောင် စကြာဒေဝီလို့ ကျော်ကြားလာမည့်သူအကြောင်း သည်နေရာ

က စတင်ဖော်ပြပါမယ်။ ရွှေဘိုမင်းနဲ့ တောင်နန်းမတော် မိဖုရားခေါင်ကြီး (ကျုပင်းမင်းသမီး)တို့မှာ သားတော် ပုဂံမင်းသားနဲ့ သမီးတော် စုဖုရားတို့ နှစ်ပါးရှိပါတယ်။ တောင်နန်းဖွားမို့လို့ တခြားမိဖုရားတွေက ဖွားမြင်သူတွေထက် သူတို့က ပိုပြီး အဆင့်မြင့်ပါတယ်။ ဒါ့ကြောင့် သမီးတော် စုဖုရားကြီးကို တစ်ပင်တိုင်နန်းမှာ စံမြန်းစေပါတယ်။ အသက်တော် အတန်ထောက်လာပြီဖြစ်တဲ့ စုဖုရားဟာ သူ့ဘဝခရီး စတင်တာထွက်လာကတည်းက အဆင့်မြင့်သူ၊ ထူးချွန်ထက်မြက်သူရယ်လို့ အများသူငါက သိမှတ်ထားတာ ခံရသူပါ။ ဘာ့ကြောင့်ဆိုရင် သူ့ခေတ်သူ့အခါက အလွန်တန်ဖိုးထား၊ လေ့လာလိုက်စားကြရတဲ့ နက္ခဗေဒင်ပညာမှာ စုဖုရားက ပေါက်ပေါက်မြောက်မြောက် သင်ကြားကျွမ်းကျင်ပြီးသား သမီးတော်ပေကိုး။

ဖခမည်းတော်ကိုယ်တိုင်ကကိုပဲ သမီးတော်ရဲ့ ဗေဒင် ပညာစွမ်းကို အကြွင်းမရှိ ယုံကြည်တော်မူပြီး မင်းအဖြစ် ရာဇာဘိသေကမင်္ဂလာ ခံယူကျင်းပမယ့်ရက်ကို သမီးတော် တွက်စစ်ပေးတဲ့ရက်ကိုပဲ ဆောင်ရွက်တော်မူပါတယ်။

ရွှေဘိုမင်း မင်းဖြစ်တော်မူစက အကျဉ်းချခံထားရတဲ့ လွှတ်တော်ဝန်ကြီး ဦးစ (မြဝတီမင်းကြီး)ကို စုဖုရားကြီးက အကျဉ်းမှလွတ်မြောက်အောင် ကြံဆောင်ကူညီပေးခဲ့ပါတယ်။ တကယ်တော့ ဝန်ကြီးဦးစဟာ နိုင်ငံအတွက် 'ကလောင်တစ်ဖက်၊ ဓား တစ်ဖက်' ကိုင်ပြီး မြန်မာတို့ဂုဏ်ကို ဆောင်နိုင်တဲ့ ပုဂ္ဂိုလ်ပါ။ နောက် ရွှေဘိုမင်းက ဦးစအပေါ် အမျက်ပြေတဲ့အခါမှာ သည်လို ပုဂ္ဂိုလ်ကြီးတစ်ဦး အသက်မဆုံးရှုံးရတာဟာ သမီးတော် အမြော်အမြင်ကြီးပေလို့ပဲဆိုပြီး သမီးတော်ကြီးကို ချီးမြှောက်တော်မူပါတယ်။

ခမည်းတော် ရွှေဘိုမင်းက သမီးတော်ကြီးကို အလွန်ကိုးစားတဲ့အနေနဲ့ သည်လိုချီးမြှောက်တာပါပဲရယ်လို့ ရာဇဝင်မှာ ဘယ်မိန်းမသားမှ မရဖူးသေးတဲ့ ဇီဝိတဒါနဆုထူးကို ချီးမြှင့်တော်မူပါတယ်။ အဓိပ္ပာယ်က ဘုရင်မျက်လို့ အသက်သေစေလို့ အမိန့်ချမှတ်ပြီးသူကိုတောင် သမီးတော်ကြီးက နှုတ်ယူရင် လွှတ်ငြိမ်းချမ်းသာခွင့်ပေးမယ်ဆိုတာပါပဲ။ ပုဂံမြို့စားမင်းသားက သားတော်အကြီး ဖြစ်ပေမယ့် သူက ပျော်ပါးမှုမှာသာ လိုက်စားတတ်တာမို့လို့ ခမည်းတော်က မျက်နှာသာပေးခြင်း မခံရဘူး။

တခြား အဆောင်ရမိဖုရားတွေကဖွားတဲ့ ပြည်မင်းသားကြီး၊ မင်းတုန်းမင်းသား၊ ကနောင်မင်းသား စတာတွေကတော့ မင်းသားပီပီ နေတတ်ထိုင်တတ်

ကြသူတွေမို့ ခမည်းတော်က နှစ်သက်သလို ပြည်သူကလည်း ကြည်ညိုကြပါတယ်။ ခမည်းတော်ဘုရားက ပေးနှင်းထားတဲ့ ဇီဝိတဒါနဆုထူးကိုသုံးပြီး စုဖုရားကြီး ကယ်မထားသူတွေက ဦးစတစ်ဦးတည်း မကပါဘူး။ အမယ်နုရဲ့ သမီးတော် အနောက်နန်းမတော်မိဖုရား (ငယ်မည် မမြကြုတ်) စာပေကဗျာပညာရှင်၊ ခမည်းတော် လက်ချက်နဲ့ အသက်ထွက်သွားရတဲ့ ယင်းတော်ဝန်ကြီးရဲ့သား မောင်ဘိုးလှိုင် (နောင် ယောအတွင်းဝန်၊ ရွှေပြည်ဝန်ကြီးဖြစ်လာမည့်သူ)တို့လည်း ပါဝင်ပါသည်။ နောက် ရာဇဝတ်တော် ခံရကောင်း ခံရဖွယ်ရှိတဲ့ ထီးရိပ်နန်းနေကျွား၊ မ ပေါင်း ၁၀ ပါးလောက်ကိုလဲ ကယ်မစောင့်ရှောက်ထားပါသေးတယ်။ ဒါတွေကြောင့် စုဖုရားကြီး အဆောင်တော်မှာ ခိုကိုးနေကြသူ ဆွေတော်တွေ အပြည့်လောက် ဖြစ်နေပါတယ်။ အခုလို မင်းပြောင်းမင်းလွှဲကာလမှာ ပြည်သူလူထု ကြုံကြရတဲ့ ဒုက္ခတွေကို စုဖုရားကြီး မျက်မြင်ကိုယ်တွေ့ရပါတယ်။

နောက် ဖခမည်းတော် နန်းစံသက် ၉ နှစ်အရလောက်မှာ ကျန်းမာတော်မမူပါဘူး။ စိတ္တဇဝေဒနာ စွဲကပ်ပါတယ်။ သည်နေရာမှာ မယ်တော် မိဖုရား-ခေါင်ကြီးက သူ့သားတော် ပုဂံမင်းသား ထီးနန်းဆက်ခံရအောင် လှုပ်ရှား ကြံစည်ပါတယ်။ သူ့သားတော်ဟာ အတော်ပေတေတဲ့ သားမှန်းလည်း သူသိပါရဲ့။ ဒါပေမဲ့ တခြားမင်းသားကြီးတွေ ဘယ်လောက်တော်တော် သူ့သားကိုသာ နန်းရစေချင်တာပါ။ နောက်ပြီး နန်းဓလေ့အစဉ်အလာအတိုင်း မင်းသားချင်းယှဉ်ရင် သူက မိဖုရားခေါင်မို့ အဆင့်အတန်း သာနေတာကလည်း ရှိသေး မဟုတ်လား။ သူတို့ အရင်တစ်ဆက် ဘကြီးတော်ဘုရားရဲ့ မိဖုရားခေါင်ကြီး အမယ်နုရဲ့ လုပ်နည်းလုပ်ဟန်တွေကို စံနမူနာယူပြီး အကြံတူကျင့်သုံးဖို့ နားလည် သဘောပေါက်ပြီးသားဟာကိုး။

သည်လို မယ်တော်ကြီးက နည်းမျိုးစုံသုံးပြီး ပုဂံမင်းသား ထီးနန်းအရိုက်အရာ ဆက်ခံနိုင်အောင် လုပ်ဆောင်နေတာကို သမီးတော်ကြီးစုဖုရားက အတွင်းသိ၊ အစင်းသိပါပဲ။ သည်လိုနဲ့ပဲ မင်းဖြစ်ထိုက်တဲ့ မင်းသားကြီးတွေကို ဘေးဖယ်ပြီး ပုဂံမင်းသားဟာ ၁၂၀၈ ခုနှစ်မှာ မင်းဖြစ်လာပါတယ်။ ခမည်းတော် ရွှေဘိုမင်းကလည်း နတ်ပြည်စံတော်မူသွားပါပြီ။

ပုဂံမင်းရဲ့ မိဖုရားခေါင်ကြီးက မက္ခရာမင်းသမီး ဖြစ်ပါတယ်။ ပုဂံမင်းမှာ ငယ်ငယ်က ကျောက်ပေါက်ပြီး ကျောက်ရှုရောဂါ ရှိသူပါ။ ဘယ်လိုဖြစ်ဖြစ် သူဟာ ကုန်းဘောင်မင်းဆက် အမှတ်(၉)မင်း ဖြစ်လာပေပြီ။ ထီးဖြူဆောင်း

မင်းတစ်ပါး ဖြစ်လာပေမယ့် သူ့အကျင့်ကို မဖျောက်ပါဘူး။ လူလူချင်း လက်ဖွဲ့သတ်ပွဲ၊ တိရစ္ဆာန်ချင်း ကြက်တိုက်၊ ကျွဲတိုက် အဲဒါတွေ ဝါသနာကြီးတဲ့အပြင် အရက်သေစာလည်း ကြိုက်တတ်လေတော့ကာ ဒါတွေပဲ အစဉ်တစ်စိုက်လုပ်ပျော်မြူးမြူးပါပဲ။ နိုင်ငံအုပ်ချုပ်ရေးမှာတော့ သူခင်တဲ့ ဝန်ကြီးတချို့နဲ့ လွှတ်တော်မင်းသား မင်းတုန်းမင်းတို့ ကနောင်မင်းသားတို့နဲ့ လွှဲထားလိုက်တာပါပဲ။ သည်လိုမျိုး ရှင်ဘုရင်နဲ့မတူလောက်အောင် တာဝန်မဲ့လုပ်နေတဲ့အထဲ သူ ခြေလှမ်း အမှားဆုံး အချက်တစ်ရပ်ကတော့ သည်လိုပါ။

အဲသည်ခေတ်က ဘိုးတော်ဘုရားလက်ထက်မှာ မူစလင်ဘာသာဝင်တွေနေဖို့ နေရာချပေးထားတဲ့ ဘုန်းအိုးရွာသား ကုလားလူလည်တစ်ယောက် ဘိုင်ဆတ်လို့ လူသိများသူဟာ ဘုရင့်အပါး ချဉ်းကပ်ဝင်ရောက်ခွင့် ရလာပါတယ်။ သူက တိရစ္ဆာန်တွေ သဘောသဘာဝအကြောင်း ကျွမ်းကျင်တဲ့မှုဆိုးပါပဲ။ နောက်ပြီး နိုင်ငံခြားအရက်တွေ ဖောဖောသီသီ ဆက်သနိုင်လေတော့ ပုဂံမင်းက အကြိုက်တွေ့ပြီး မျက်နှာသာပေးလာလိုက်တာ ဘာမှ မကြာလိုက်ဘူး။ ဘိုင်ဆတ်ဟာ မြို့ဝန် ဖြစ်လာခြင်းပါပဲ။ (ဘိုင်ဆတ်ဆိုတာ နာမည်ရင်း မဟုတ်ဘူးလို့ ဒေါ်ဒဂုန်ခင်ခင်လေးက မှတ်ချက်ချ ရေးဖူးပါတယ်)

ကုလားဘိုင်ဆတ် မြို့ဝန်ဖြစ်လာကတည်းက နိုင်ငံမှာတော့ ဥစ္စာပျက်၊ အသက်သေ၊ သမီးပျိုတွေ အဖျက်ဆီးခံရနဲ့ ဒုက္ခတွေ တွေ့လို့မဆုံး ကြိမ်မီးအုံးသလို ညှိုးချုံးပူပန်ကြရတာ ကြားဖူးကြတဲ့ အတိုင်းပါပဲ။ ဘုရင်က ဘုရင်လိုမနေတတ်၊ ပေါ့ပေါ့တန်တန် လုပ်နေလေတော့ကာ တိုင်းတစ်ပါးသား လူမျိုးခြားတွေ ခန့်ညားခြင်း မရှိတော့ဘူးလေ။ သည်နေရာမှာ အကွက်ချောင်းနေတဲ့ အင်္ဂလိပ်က ရန်ရှာလာတာနဲ့ အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲ ဖြစ်လာပါရော။

သည်လိုအခြေအနေမှာ နှမတော် စုဖုရားကြီးကလည်း မောင်တော်ရွှေနန်းရှင်ကို မပြုပြင်၊ မဖျောင်းဖျနိုင်။ ဒုက္ခပေါင်းစုံကို ခါးစည်းခံနေကြရတဲ့ ပြည်သူတို့ဘဝကိုလည်း မကြည့်ရက်နိုင်။ အခက်ကြုံနေရပါတယ်။ နိုင်ငံတော်ကို ကယ်တင်ချင်စိတ်ရှိတယ်။ ကယ်တင်ချင်ရင် မောင်တော်ကြီးရွှေနန်းရှင် နန်းပေါ်က ဆင်းပေးရပါလိမ့်မယ်။ သည်အရေးမှာ "မြွေမသေ တုတ်မကျိုး" မဖြစ်နိုင်။ မြွေရင်လည်း သေပါမှ၊ တုတ်ရင်လည်း ကျိုးမှ ဖြစ်ပါမယ်။ စုဖုရားကြီးက သူ ကျွမ်းကျင်တဲ့ ဗေဒင်နက္ခတ်အတတ်နဲ့ တွက်စစ်ပြီး ဖြစ်သင့်တာ ဖြစ်စေဖို့ ဆုံးဖြတ်လိုက်ပါပြီ။ ပြည်သူဘက်က ရပ်တည်ဖို့ပါ။ ဒါနဲ့ လွှတ်တော်မင်းသား

မင်းတုန်းမြို့စားကို တွေ့ဆုံပြီး . . .

"အင်္ဂလိပ်ရန်ကလဲ တစ်မှောင့်၊ ရွှေနန်းရှင်ဇာတာတော်ကလဲ မသန့်ပါ။ သည်နှစ်မှာပဲ သူ့နန်းသက် ပြတ်နေပါပြီ။ မင်းတုန်းမောင်တော် အကြံပြုရင် ပြည်သူကို ကယ်တင်ရာ ရောက်ပါလိမ့်မယ်" လို့ မိန့်တော်မူလိုက်ပါတယ်။

သည်လိုဖြစ်နေဆဲမှာ ပုဂံမင်းဘက်သားတွေတချို့က မင်းတုန်းမင်းသားနဲ့ ကနောင်မင်းသားတို့ အခြွေအရံတွေကို ရန်ရှာလာပြန်တော့ကာ မင်းတုန်း၊ ကနောင် ညီနောင်နှစ်ပါးတို့ဟာ မိမိတို့အရေးနဲ့ ပြည်သူ့အရေးကို တစ်သားတည်းထားပြီး ၁၂၁၄ ခုနှစ်၊ ပြာသိုလအတွင်း ပုဂံမင်းကို ခြားနားပုန်ကန်ပြီး ဖခမည်းတော် ရွှေဘိုမင်း လျှောက်လှမ်းခဲ့တဲ့ လမ်းအတိုင်း အောင်မြေရွှေဘိုဒေသကို ထွက်ကြပါတယ်။ သူတို့မင်းညီနောင် ပုန်ကန်ပြီး လေးလအကြာမှာ မင်းတုန်းမင်းသားဘက်က အောင်နိုင်ပါတယ်။ ၁၂၁၄ ခုနှစ်၊ တပေါင်းလအတွင်းမှာ မင်းတုန်းမင်းအဖြစ်နဲ့ ရွှေဘိုဒေသမှာ နန်းတက်တော်မူပါတယ်။ ပုဂံမင်းအတွက်ကတော့ အင်္ဂလိပ်တွေနဲ့ဖြစ်နေဆဲ စစ်ပွဲမှာရော မင်းတုန်းမင်းသားနဲ့ ဖြစ်တဲ့ စစ်မှာရော၊ စစ်မျက်နှာ နှစ်ရပ်စလုံးမှာ ရှုံးသွားပါတယ်။ မင်းတုန်းမင်းသား အခုလို အချိန်တိုအတွင်းမှာ အောင်မြင်တာမှာလည်း မူလကတည်းက အကျင့်စာရိတ္တနဲ့ အားထားလောက်တဲ့ အရည်အသွေးတွေကြောင့် ပြည်သူတစ်ရပ်လုံးက မေတ္တာထားကြတာကလည်း အကြောင်းချက်တစ်ရပ်အဖြစ် ပါပါတယ်။ ပြည်သူ့မေတ္တာဆိုတာ သူ့အဖို့ တစ်အားပါပဲ။

မင်းတုန်းမင်းက ရွှေဘိုဒေသမှာပဲ နန်းတက်တော့ ပင်တိုင်စံမင်းသမီးကြီး စုဖုရားကို တောင်နန်းမတော်မိဖုရားကြီးအဖြစ် တင်မြှောက်ပါတယ်။ ထုံးတမ်းစဉ်လာအရ မိဖုရားခေါင်ကြီးကို ကြီးမြင့်ကောင်းမြတ်တဲ့ ဘွဲ့တော်ဆက်သပါတယ်။ ဒါပေမဲ့ အဲသည်ဘွဲ့တော်က နန်းတွင်းဆိုင်ရာ အခမ်းအနားတွေမှာသာ အသုံးပြုကြတာပါ။ ပါဠိစကားလုံးတွေနဲ့ ရှည်လျားတဲ့ ဘွဲ့တော်ကို ပြည်သူများက သိပ်မမှတ်မိကြတော့ကာ သူတို့ဘာသာ အကောင်းဆုံး ထိုက်တန်သူအနေနဲ့ အလွန်ကြီးကျယ်မြင့်မြတ်သူအဖြစ် "စကြာဒေဝီ' ဆိုပြီး ခေါ်ဝေါ်သုံးစွဲကြပါတယ်။ အလွန်အကျူး ဂုဏ်ပြုချင်ရင် စကြာမင်းတို့၊ စကြာယာဉ်ပျံတို့ကစလို့ ပြည်သူ့နှလုံးမှာ အရိုးစွဲခဲ့တဲ့ ဝေါဟာရ မဟုတ်လား။ ပြည်သူ ကြည်ဖြူလို့ ပေးအပ်တဲ့ ဘွဲ့တော်ပါပဲ။ အမယ်နုရဲ့သမီးတော် (စုဖုရားကြီးက အိမ်တော်ခေါ်ပြီး စောင့်ရှောက်ထားတဲ့)မင်းသမီးကိုတော့ အလယ်နန်းမိဖုရားအဖြစ်

တင်မြှောက်လိုက်ပါတယ်။

တောင်နန်းမတော် မိဖုရားခေါင်ကြီးဖြစ်တဲ့ စုဖုရားကြီးရဲ့ အငယ်ရုပ်က အချောအလှကြီး မဟုတ်ပါဘူး။ အလုံးအဖန်ကောင်းကောင်း၊ အသားလတ်လတ်နဲ့ တင့်တယ်ခန့်ညားတယ်။ အထူးသဖြင့် မျက်လုံး သိပ်လှတယ်လို့ သိမှတ်ရပါတယ်။ မင်းတုန်းမင်းထက် သက်တော် ၂ နှစ် ကြီးလေတော့ကာ မင်းတုန်းမင်းက အစ်မတော်လို့ သုံးနှုန်းပြောဆိုပါတယ်။ သူ အင်မတန် အားထားယုံကြည်စိတ်ချတဲ့ မိဖုရားကြီးပေကိုး။

မင်းတုန်းမင်းဖြစ်စ ဘေးတော် အလောင်းမင်းတရားကြီး တည်ထားခဲ့တဲ့ ရွှေဘိုမြို့က မဟာနန္ဒာကန်တော်ကြီးကို ပြုပြင်မွမ်းမံ ကုသိုလ်ဆက်ပါတယ်။ ဒီအကြောင်းရပ်ကို ကန်တော်ကြီးရဲ့ တောင်ဘက်နားမှာ ကျောက်စာရေးထိုးစိုက်ထူထားတဲ့ ကျောက်စာတိုက် ကနေ့ထက်တိုင် ရှိပါတယ်။ အဲသည် ကျောက်စာမှာ ကန်တော်ကို ပြုပြင်တော်မူခြင်းကစလို့ နန်းတက်တော်မူခြင်းတွေအပြင် မိဖုရားခေါင်ကြီးအကြောင်းကိုလည်း သည်လို ဖွဲ့ဆိုရေးထိုးထားပါတယ်။

"သဒ္ဒါပရမတ်၊ ဆန်းကလာပ်နှင့် ပိဋကတ်သုတ္တံ၊ ရာဇမတ္တံမြို့ဟတ်၊ ဗေဒတ္တရ၊ ကျမ်းမသုံးထပ်၊ ကမ်းဆုံးခပ်သော၊ မိဖုရားမြတ်၊ နန်းမနတ်နှင့်. . ."

လို့ အထူးဂုဏ်တင် ဖွဲ့ဆိုထားတာ တွေ့နိုင်ပါတယ်။ ပြည်သူအများက လေးစားကြည်ညိုသလောက် စကြာဒေဝီမိဖုရားခေါင်ကြီးဘက်ကလည်း သူကျွမ်းတဲ့ နက္ခတ်ဗေဒင်ပညာနဲ့ရော နန်းတွင်းမှာဆိုရင် မိဖုရားခေါင်ကြီးပီပီ စိတ်သဘောထားကြီးကြီးထားပြီး ဘုရင့်သမီးတော်ကလေးတွေ၊ အိမ်ရှေ့စံ ကနောင်မင်းရဲ့ သမီးတော်ကလေးတွေကို ဂဏန်းသင်္ချာအတတ်၊ ဗေဒင်ပညာ၊ လောကုတ္တရာကျမ်း စတာတွေကို လိုက်လျောညီထွေ သင်ယူသူရဲ့ အခြေခံအလိုက် သင်ကြားပေးလေ့ရှိပါတယ်။ သူ့မှာကတော့ ရင်သွေးတော် မထွန်းကားပါဘူး။ ကရုဏာတရား ကြီးမားလို့ပါပဲ။

စကြာဒေဝီမိဖုရားခေါင်ကြီးဟာ လောကီ၊ လောကုတ္တရာ အတတ်များနဲ့တကွ နိုင်ငံတော်အရေးအခင်းများမှာလည်း နိုင်ငံရပ်ခြား ဆက်သွယ်ရေးများမှာပါ အကြံကောင်း၊ ဉာဏ်ကောင်း ပေးစွမ်းနိုင်သူဖြစ်ပါတယ်။ သည်လို တော်တည့် မှန်ကန်တာကို နိုင်ငံတွင်းသာမက နိုင်ငံခြား လူမျိုးခြားတွေကပါ နားလည်အသိအမှတ်ပြုကြရပါတယ်။ ခရစ်နှစ် ၁၈၅၅ ခုနှစ်မှာ ရတနာပုံ နေပြည်တော်ကို အင်္ဂလိပ်သံအဖွဲ့တစ်ခု ရောက်လာတယ်။ အောက်မြန်မာပြည်ဆိုင်ရာ မဟာ

မင်းကြီး အာသာဖယ်ရာလည်း ပါလာပါတယ်။ သူတို့က မိဖုရားခေါင်ကြီး စကြာဒေဝီအတွက် အဝေးကြည့်မှန်ပြောင်းကြီးတစ်လက်၊ နက္ခတ်ကျမ်းစာအုပ်၊ မြေပုံစာအုပ်များကို သီးခြားဆက်သကြပါတယ်။ ဒါဟာ မိဖုရားခေါင်ကြီးကို ပညာရှင်တစ်ပါးအဖြစ် သဘောထားကြောင်း သိသာနိုင်တဲ့ အထောက်အထား တစ်ခု ဖြစ်ပါတယ်။

ဒါ့အပြင် မိဖုရားခေါင်ကြီးက မြန်မာမှူးကြီးမတ်ကြီးတချို့ အိန္ဒိယနိုင်ငံကို မင်းမိန့်နဲ့ သွားရောက်ကြစဉ်ကလည်း နက္ခတ်ဗေဒင်ကျမ်းတွေ ကူးယူလာခဲ့ဖို့ မှာလိုက်တဲ့အတွက် ပါဠိဘာသာနဲ့ နက္ခတ်ကျမ်းတွေ ရလာပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံရဲ့ ဗေဒင်ပညာလောကမှာ စကြာဒေဝီရဲ့ ကျေးဇူးမကင်းပါဘူး။ သည်အဆိုက မန္တလေးမြို့၊ တက္ကသိုလ်ကျောင်းအနားမှာနေသူ ပုဏ္ဏားဗေဒင်ဆရာကြီးရဲ့ အာဘော် ဖြစ်ပါတယ်။

သက္ကရာဇ် ၁၂၂၈ ခုနှစ်မှာ မြင်ကွန်းမင်းသားကြီးက အိမ်ရှေ့စံ ကနောင်မင်းသားကြီးကို လုပ်ကြံမှုကြောင့် အိမ်ရှေ့ဘုရား ကျဆုံးသွားပါတယ်။ သည့်နောက် တစ်ဆက်တည်း မြင်ကွန်းမင်းသားက ဖခမည်းတော် မင်းတုန်းမင်းကို ပုန်ကန်သလို အိမ်ရှေ့ဘုရားသားတော် ပတိမ်းမင်းသားကလည်း ဘကြီးတော် မင်းတုန်းမင်းကြီးကို ပုန်ကန်ဖို့ ရွှေဘိုဒေသကို ထွက်သွားပါတယ်။ သည်မှာ မြင်ကွန်းမင်းသားက အရေးမလှဖြစ်ပြီး အင်္ဂလိပ်တို့ ပိုင်နက်ဝင်ပြီး ခိုလှုံသွားလေတော့ မင်းတုန်းမင်းအဖို့ တစ်တော ရှင်းသွားပါပြီ။

ဒါပေမဲ့ ပတိမ်းမင်းသားကတော့ ရွှေဘိုဒေသဝန်းကျင်မှာ နောက်လိုက်အင်အား ကောင်းလာပြီး မင်းတုန်းမင်းဘက်က တပ်တော်ကိုတောင် အံတုနိုင်လာတယ်။ တဖြည်းဖြည်း ပတိမ်း မင်းသားဘက်က အားသာလာပုံရတော့ကာ မင်းတုန်းမင်းက နန်းဆင်းပေးရကောင်းလေမလားလို့ စကြာဒေဝီကို တိုင်ပင်တော်မူသည်။ စကြာဒေဝီမိဖုရားခေါင်ကြီးက သူကျွမ်းကျင်တဲ့ နက္ခတ်ဗေဒင်ပညာနဲ့ တွက်စစ်ကြည့်ပြီး . . .

"မောင်တော်. . . ကြောင့်ကြတော်မမူပါနဲ့။ သူတို့ သူပုန်မင်းသား နှစ်ပါးစလုံး ဘုရင်ဖြစ်ဖို့ ကံဇာတာမပါပါဘူး။ မောင်တော့်နန်းသက်လည်း ရှည်အုံးမှာပါ။ ယုံတော်မူပါ" လို့ တင်လျှောက်ပါတယ်။ သူ့ဟောကိန်းအတိုင်း သည့်နောက် ၁၂ နှစ်တောင် နန်းစံတော်မူရပါတယ်။ သည်လို နိုင်ငံနဲ့လူမျိုးကို ကောင်းကျိုးပြုခဲ့တဲ့ စကြာဒေဝီမိဖုရားခေါင်ကြီးဟာ နှစ်ပေါင်း ၂၆ နှစ်တိုင် စည်းစိမ်တော်

စံစားပြီး ၁၂၃၈ ခုနှစ်မှာ နတ်ရွာစံတော်မူပါသည်။ သူ နတ်ရွာစံပြီး တစ်နှစ်ကျော် အကြာမှာပဲ မင်းတုန်းမင်းကြီး နတ်ပြည်စံတော်မူပါတယ်။ (ဘုရင်အဖြစ်ဆိုရင် နတ်ပြည်စံ၊ မိဖုရားခေါင်ကြီးအဖြစ်ဆိုရင် နတ်ရွာစံလို့ သုံးပါတယ်။)

စကြာဒေဝီမိဖုရားခေါင်ကြီး နတ်ရွာစံတော်မူတော့ အလယ်နန်းမိဖုရား (အမယ်နုရဲ့သမီး)က မိဖုရားခေါင် တောင်နန်းစံနေရာကို ဆက်ခံနိုင်ဖို့ နည်း အမျိုးမျိုးနဲ့ ကြိုးစားတယ်။ ဘုရင်ကြီးကို အခါခါ လျှောက်ကြားပါတယ်။ သည် တစ်ပွဲမှာတော့ မင်းတုန်းမင်းက သူ့အလို မလိုက်ပါဘူး။ သူ့ကို ဆင်ဖြူတစ်စီး ချီးမြှင့်ပြီး နှစ်သိမ့်လိုက်ပါတယ်။ ဒါနဲ့တောင် ဆင်ဖြူမရှင် ဖြစ်လာပြီးမှ တောင်-နန်းမတော်မိဖုရားခေါင်ကြီး အသုံးအနှုန်း၊ အဆောင်အရွက်တွေ လုပ်နေသေးလို့ မင်းတုန်းမင်းကြီးကိုယ်တိုင်က "ငါက မပေးဘဲ သူ ဘယ်ဖြစ်မလဲ။ ပွဲထဲက မိဖုရား ခေါင်ပဲ ဖြစ်မှာပ" လို့ မိန့်မြွက်တော်မူတယ်လို့ မှတ်သားရဖူးပါတယ်။ လူကြီးသူမ တွေရဲ့ စကားပါ။

သို့ပေမယ့် မင်းတုန်းမင်းကြီး ကျန်းမာတော်မမူတော့ကာ ဆင်ဖြူမရှင် မိဖုရား စားထက်လိုက်ပုံမတော့ သူ့မယ်တော် အမယ်နုလိုပဲ ပြောပါရစေ။ သူ့ မှာ သားတော်မရှိလေတော့ သူ့သမီးတွေ မိဖုရားခေါင် ဖြစ်လာအောင် အဆိုး မရှိတဲ့ ကိုရင်လူထွက် သီပေါမင်းသားကို ပလ္လင်ပေါ် အရောက် ဆွဲတင်ပြီး သူ ကြိုက်သလို ကြိုးကိုင်နိုင်ဖို့ စီမံပါတယ်။ တကယ်တော့ ကုန်းဘောင်မင်းဆက်ကို သူ နှစ်သက်သလို ပုံဖော်သွားနိုင်သူမို့ သူအစွမ်းကလည်း အံ့မခန်းဆိုလောက် ပါရဲ့။ ဒါတင်မကသေးဘူး။ သီပေါမင်းသားကို နန်းတင်ပြီး မကြာခင်မှာပဲ မင်းတုန်းမင်း တခြားမိဖုရားတွေကဖွားတဲ့ အရည်အချင်းပြည့် အရွယ်ကောင်း သားတော်ကြီးတွေကို ဥပါယ်တံမျဉ်နဲ့ အမိဖမ်းပြီး သတ်ပစ်တဲ့ လုပ်ရပ်မှာလည်း ဆင်ဖြူမရှင်ကြီးကိုင် ခေါင်းဆောင်ပါပဲ။

သည့်နောက် ကုန်းဘောင်မင်းဆက် ၁၁ ဆက်မြောက်မင်းနဲ့ နောက်ဆုံး မင်းဖြစ်တဲ့ သီပေါမင်း ၁၂၄၀ ပြည့်နှစ်မှာ နန်းတက်ပြီး မိဖုရားခေါင်ကြီး ဖြစ်လာ သူကလည်း စုဖုရားလတ်လို့ နာမည်ကြီးသူ ဖြစ်ပါတယ်။ သူက နန်းမတော် အမယ်နုရဲ့ မြေး၊ ဆင်ဖြူမရှင်ရဲ့ သမီးတော်အလတ်ပါ။ သူကလည်း ဘွားတော် နဲ့ မယ်တော်တို့အတိုင်း ထက်မြက်ခက်ထန်သူ မိဖုရားခေါင်တစ်ပါးပါပဲ။

ကဲ. . သည်နေရာမှာ စာရေးသူ ကျွန်မ ပြောချင်တဲ့အချက် ရောက်ပါ ပြီ။ ရှေ့တစ်နေရာမှာဆိုခဲ့တဲ့အတိုင်း ကုန်းဘောင်ဆက်တစ်လျှောက် နိုင်ငံတော်

အရေးမှာ လှုပ်ကစားနိုင်သူ မိဖုရားခေါင်ကြီး ၇ ပါး နှိုင်းယှဉ်ချက်ကို ဖော်ပြလိုပါတယ်။ အလောင်းမင်းတရားကြီးရဲ့ မိဖုရားခေါင်ကြီး မယ်ယွန်းစံက ထက်မြက်မှုအရာမှာ မထင်ရှားပေမယ့် ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်တဲ့ မင်းရဲ့ မိဖုရားခေါင်ကြီးမို့ သည်စာရင်းမှာ ထည့်လိုက်ပါတယ်။ နောက်ပြီး ဆင်ဖြူမရှင်မိဖုရားကိုလည်း မိဖုရားခေါင်ကြီးပီပီသသ မဖြစ်လိုက်ရပေမယ့် မိဖုရားခေါင်ကြီးတို့ အာဏာစက်ကို အသုံးချသွားနိုင်သူမို့ သူ့ကိုလည်း စာရင်းဝင်အဖြစ် ထည့်လိုက်ပါရစေ။

> မြန်မာ့ပုဂံခေတ်ကစလို့ ကုန်းဘောင်ခေတ်အထိ မင်းဦးရေအများအပြား အုပ်စိုးခဲ့ကြပါတယ်။ ဒီလို မင်းဆက် ဦးရေများသလောက် မိဖုရားခေါင်များထဲကတော့ နာမည်တစ်လုံးဟိန်းထွက်လာတဲ့ မိဖုရားဦးရေက နည်းနည်းကလေးသာ သိမှတ်ကြရဖူးပါတယ်။ သည်လို ထင်ရှားတဲ့ မိဖုရားတွေထဲမှာ နရသီဟပတေ့မင်းရဲ့ မိဖုရားဘွားစော၊ အင်းဝဘုရင်မင်းခေါင်ရဲ့မိဖုရား ရှင်ဘို့မယ်တို့ ပါဝင်ပါတယ်။ (ကျော်ကြားသူ တခြားမိဖုရားများ ရှိနိုင်ပါသေးတယ်။)

အလောင်းမင်းတရားကြီးရဲ့ မိဖုရားခေါင်ကြီး မယ်ယွန်းစံက သက်တော်အလွန်ရှည်ပါတယ်။ ဘိုးတော် (ဗဒုံမင်း)လက်ထက်ကျကာမှ ကံတော်ကုန်တာပါ။ မိဖုရားခေါင်ကြီးအနေနဲ့ ၈ နှစ် စံစားလိုက်ရပေမယ့် သူ တွေ့ကြုံခံစားလိုက်ရတဲ့ ပရိဒေဝအပူမီးတွေက မတန်တဆဆိုလောက်အောင် များလှပါတယ်။ သားတော်ပေါင်း ၆ ပါးထဲက ၃ ပါးက မင်းချည်းဖြစ်ကြပါတယ်။ ဒါပေမဲ့ ကျန်တဲ့ သားတော် ၃ ပါးကတော့ အကွပ်မျက်ခံသွားကြရပါတယ်။ မိဖုရားခေါင်ကြီးရဲ့ မြေးတော် စဉ့်ကူးမင်းက မိဖုရားခေါင်ကြီးသားတော် အမြင့်မင်းသားကို ကွပ်မျက်၊ နောက် သူ့သားတော် ဘိုးတော် (ဗဒုံမင်း)က ညီတော်ရင်း စည်သာမင်းသားကို ကွပ်မျက်၊ နောက်ပြီး သားတော် ပင်းတလဲမင်းသားကိုလည်း ကွပ်မျက်ခံရပါတယ်။ (ပင်းတလဲမင်းသားကို ဘယ်သူ့လက်ထက်မှာ ဘယ်သူက ကွပ်မျက်တယ်ဆိုတာ ကျွန်မမသိပါ။) ဒါကြောင့် မိဖုရားခေါင်ကြီး မယ်ယွန်းစံဟာ အိုက်ကံမကောင်းသူလို့ ယူဆပါတယ်။

မိဖုရားခေါင်ကြီး အမယ်ခုကတော့ သူကောင်းစားချိန်မှာ နန်းတွင်းရှောနန်းပြင်ပါ အရှိန်အဝါကောင်းခဲ့လေသမျှ ဇာတ်သိမ်းခန်းက သိပ်ဆိုးပါတယ်။

သူ့ဘဝတစ်လျှောက် နာမည်ကောင်းလဲ မထွက်ပါဘူး။

သည့်နောက် ရွှေဘိုမင်းရဲ့ မိဖုရားခေါင်ကြီးကော။ သူကလည်း မင်းသားနဲ့မတန်အောင် ပျော်ပါးလိုက်စားသူ (အရပ်စကားနဲ့ဆို ကြက်သမား အရက်သမား)သားတော် ပုဂံမင်းသားကို မင်းမဖြစ်ဖြစ်အောင် နန်းတင်ပေးနိုင်တာပဲ သူ့အစွမ်းပြနိုင်တာပါ။ အနောက်နန်းမိဖုရားမမြလေးကို သူ့ပယောဂနဲ့ ကွပ်မျက်ပစ်လိုက်တာကတော့ အလွန့်အလွန်ဆိုးပါတယ်။ သည်လုပ်ရပ်က မိဖုရားမမြကလေးရဲ့ အသက်တစ်ချောင်းသာမက စာပေအလင်္ကာ အနုပညာရှင် တစ်ပါးကို လုပ်ကြံဖျက်ဆီးလိုက်တာမို့ နိုးရိုးလူသတ်မှုထက် အဆပေါင်း အများကြီး ပိုဆိုးပါတယ်။ နိုင်ငံနဲ့လူမျိုးတွေပါ ဆုံးရှုံးမှု တန်ဖိုးကြီးမားလှပါတယ်။

မင်းတုန်းမင်းရဲ့အလယ်နန်း ဆင်ဖြူမရှင်မိဖုရားကြီးကကော နိုင်ငံရေး ကစားကွက်မှာ သူလိုလားသူကို မင်းဖြစ်အောင် ရာဇပလ္လင်ပေါ် အရောက် ပို့ဆောင်ပေးနိုင်တာတော့ ရှိပါရဲ့။ တိုင်းတစ်ပါးသား အင်္ဂလိပ်ရန်ကိုတော့ နည်းနည်းကလေးမျှ မဟန့်တားနိုင်ပါ။ သူ့ဘဝနေဝင်ချိန်မှာ ညှိုးညှိုးနွမ်းနွမ်းပဲ ကံတော်ကုန်သွားရသူပါ။ သူ ကောင်းစားချိန်ဟာ ဆယ်နှစ်ထက် မပိုပါဘူး။

သီပေါမင်းရဲ့ စုဖုရားလတ်ကကော နန်းထက်ဖွား သမီးတော်အနေနဲ့ မိဖုရားခေါင်ကြီးဘဝမှာ ၇ နှစ်သာ စံနေရပြီး တစ်သက်တာရဲ့ သုံးပုံပုံရင် နှစ်ပုံ လောက်က အင်္ဂလိပ်တို့ အကျဉ်းခံဘဝနဲ့ နှစ် ၄၀ လောက် နေသွားရသူပါ။

သည်လို နာမည်ကျော်မိဖုရားခေါင်ကြီးတွေထဲမှာ စံထားလောက်စရာ ကတော့ နန်းသူ့ပန်းထွတ်ချာ စကြာဒေဝီ တောင်နန်းမတော်မိဖုရားခေါင်ကြီးလို့ ဆိုချင်ပါတယ်။ ဇာတိပုညဂုဏ်မာနနဲ့အတူ လူဖြစ်လာကတည်းက နေဝင်ချိန် အထိ ဒုက္ခဆိုလို့ မြူမျှမရှိတဲ့သူ၊ မိဖုရားခေါင်များရဲ့ သရဖူ့ သရဖူအစစ်လို့ ဆိုပါရစေ။

၂၀၀၀ ခု၊ အောက်တိုဘာလ၊ ငွေတာရီ။

❑ ❑ ❑

## ကုန်းဘောင်ခေတ်ဦးက စုန်းတရား

'ကိစ္စများမြောင် လူတို့ဘောင်' ဆိုရိုးစကားအတိုင်း လူသားဟူသမျှ မိမိတို့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ ကုသိုလ်ရေး ဆိုတာတွေဟာ မလုပ်ရင်မဖြစ်တဲ့ လုပ်ရိုးလုပ်စဉ် အရင်းခံလုပ်စရာတွေပါပဲ။

သည်လိုမလုပ်မဖြစ်တဲ့ ပြောဆိုလှုပ်ရှား သွားလာနေကြရတဲ့ ကိစ္စတွေအပြင် တစ်ခါတစ်ရံမှာ စားဝတ်နေရေးမှအပဖြစ်တဲ့ ဘေးက ဝင်ဝင်လာတတ်တဲ့ ဓလေ့စရိုက်အပိုအမို လူမှုကိစ္စလေးတွေကိုလဲ တွေ့တတ် ကြုံတတ်ကြပါသေးတယ်။ အဲဒါတွေကတော့ ရိုးရာအစွဲအလမ်းကလေးတွေနဲ့ပတ်သက်တာကို ဆိုလိုချင်တာပါ။ ဥပမာပြောရရင် 'ဘယ်သူကဖြင့် ဆေးမိနေတာပါ' 'ဘယ်သူ့ကို စုန်းပြူစားခံရလို့တဲ့' 'သူက ဥစ္စာစောင့်ဝင်စားတာဆိုပဲ' ဆိုတဲ့ ဆိုတဲ့၊ လက်ဆုပ်လက်ကိုင်မပြနိုင်တဲ့ အတိအကျစွပ်စွဲဖို့ မဖြစ်နိုင်တဲ့ ထူးထူးဆန်းဆန်း ဖြစ်ရပ်မျိုးကလေးတွေကို ပြောတာပါ။

အရင်းခံ ပြုလုပ်ဖွယ်တွေမှအပဖြစ်တဲ့ အဲဒီထူးထူးခြားခြား ဖြစ်ရပ်ကလေးတွေဟာ ကုသိုလ်ပညာဥစ္စာဆိုတဲ့ ကောင်းကျိုးတစ်ခုမှ မရနိုင်ပါဘူး။

ဒါပေမဲ့ ကနေ့အထိ လူ့လောကမှာ ဒါတွေနဲ့ မကင်းနိုင်သေးဘူးဆိုတာ အများသူငါ သိကြပြီး မဟုတ်လား။

နောက်ပြီး ဗေဒင် ယာယီ ယတြာမှစလို့ အထက်ဂိုဏ်းဆရာကြီး၊ ပျောက်စေဆရာကြီး၊ မှော်ဆရာ၊ နတ်ကတော်ဆိုတာတွေကို အချို့က ကိုးကွယ်ရာ ရှာကြံဆည်းကပ်မှုတွေကို တောရော မြို့ပါ မကြာခဏတွေ့နေကြားနေရဆဲ ရှိသေးတယ်လေ။

ဒါကြောင့်လဲ အနောက်ဥရောပလူဖြူမျိုးတွေက ကမ္ဘာအရှေ့ဘက်ခြမ်းက နိုင်ငံတွေကို လက်ညှိုးထိုးပြီး 'ထူးဆန်းထွေလာ လောကီပညာနဲ့ အုံ့မှိုင်းဒေသ' လို့ မှတ်ယူရေးသားကြတာတွေကို မကြာခဏ ကြားရ ဖတ်ရပါတယ်။ သူတို့တစ်တွေဟာ ဒီစကားမျိုးကို အခုခေတ်မှာမှ ပိုပြီး ကျယ်ကျယ်လောင်လောင် ပြောလာကြတာလို့ ကျွန်မ တွေးမိတယ်။

ဘာကြောင့်လဲဆိုတော့ -

အနောက် ဥရောပနိုင်ငံတွေမှာ အလယ်ခေတ်လောက်ကဆိုရင် သူတို့လူမျိုးတွေထဲမှာပဲ မှော်ဆရာကြီးတွေ စုန်းမကြီးတွေကို ယုံကြည်မှုအပြည့်နဲ့ အလေးအနက်ဆက်ဆံခဲ့ကြတာကို ဝီလျံရှိတ်စပီးယားရဲ့ ဂန္ထဝင်မြောက်စာပေအဖြစ် ထားကြတဲ့ ပြဇာတ်တချို့မှာ အထင်အရှား ပါရှိပြီးသား မဟုတ်လား။ (ဥပမာ - Macbeth ပြဇာတ်) နောက်ပြီး သည်လိုလဲ တွေ့ရပါသေးတယ်။

"ရှေးရောမခေတ်မတိုင်မီ နှစ်ပေါင်းများစွာကစ၍ အီဂျစ်ပြည်တွင် စုန်းအတတ်ထွန်းကားခဲ့သည်ဟု ဆိုကြသည်။ ရောမဥပဒေများတွင် စုန်းတတ်သူတို့အား ရာဇဝတ်ပြစ်မှုကျူးလွန်သူဟူ၍ ပညတ်ထားသည်။

"ဥရောပတိုက်တွင် ၁၅ ရာစုနှစ်လောက်ကစ၍ ၁၉ ရာစုနှစ်တိုင်အောင် စုန်းကဝေတို့ကို ရာဇဝတ်မှုကျူးလွန်သူဟူ၍ ကားစင်တင်သတ်ရန် အပြစ်ဒဏ်ပေးသည့် ထုံးတမ်းနှင့်ဥပဒေများ ရှိခဲ့သည်။ သမိုင်းဆရာတို့က ခရစ် ၁၄၈၄ ခုမှ ၁၇၈၂ ခုနှစ်အတွင်း စုန်း ဟူသော စွပ်စွဲချက်ဖြင့် ခရစ်ယာန်ဝတ်ကျောင်းတော်၌ စီရင်ခဲ့သည်မှာ သုံးသိန်းနီးပါးမျှ ရှိသည်ဟု ဆိုသည်။

"ဂျာမနီ၊ အင်္ဂလန်၊ ပြင်သစ်၊ စပိန်နှင့် အီတလီနိုင်ငံတို့တွင် စုန်းများကို ဝတ်ကျောင်းများ၌ စီရင်လေ့ရှိ၏။ အမေရိကန်ပြည်ထောင်စု၌ကား စုန်းတို့ကို ဆေးလမ်မြို့၌ ပျူရီတန်ဂိုဏ်းဝင်တို့က စီရင်ကြသည်။"

သည်စာသားကိုတော့ မြန်မာ့စွယ်စုံကျမ်း အတွဲ(၄)မှာပါတဲ့အတိုင်း

ကူးယူဖော်ပြလိုက်တာပါ။ ဒီလိုဆိုတော့ စုန်းအတတ်နဲ့ စပ်လျဉ်းတဲ့ ယုံကြည်လက်ခံမှုတွေဟာ ကျွန်မတို့ အရှေ့နိုင်ငံများမှာသာမဟုတ် သူတို့ အနောက်နိုင်ငံများမှာပါ အားလုံး ရှေးက အတူတူ ရှိခဲ့ကြတာချည်းပဲဆိုတာ ရှင်းနေတာပဲပေါ့။

ဒါပေမယ့် ခေတ်တွေ စနစ်တွေ အခါခါပြောင်းခဲ့ပြီး သိပ္ပံပညာထွန်းကားသည်ထက် ထွန်းကားလာတဲ့ ကနေ့အချိန်မှာတော့ စုန်းကဝေအတတ်နဲ့စပ်လျဉ်းတဲ့ လက်ခံယုံကြည်မှုဟာ ကမ္ဘာမှာ တဖြည်းဖြည်း တိမ်ကောလိုက်လာပြီလို့ ယူဆဖွယ်ရှိပါတယ်။

ကျောင်းသားလူငယ်ထုအဖို့ဆိုရင် စုန်းပြုစားတယ်ဆိုတာမျိုးကို ယုံတမ်းစကား ဒဏ္ဍာရီအဆင့်လောက်သာ သဘောထားနေကြပြီ။ သည်လိုခေတ်သည်လိုအခြေအနေထဲမှာပဲ 'စုန်းပြုစားခံရတယ်' ဆိုတဲ့ ဖြစ်ရပ်ကလေးတစ်ခုကို ကိုယ်တွေ့ကြုံရသေးတယ်။ သိပ်မကြာလှသေးပါဘူး။

လွန်ခဲ့တဲ့ ၁၉၈၅ ခုနှစ်လောက်က ကျွန်မတို့ ရွှေဘိုမြို့ မင်းရပ်မှာနေတဲ့ ကျွန်မနဲ့လဲ ဆွေရိပ်မျိုးရိပ်မကင်းတဲ့ ခေတ်ပညာတတ် ကျောင်းဆရာမကလေးတစ်ဦးရဲ့ အဖြစ်ပါ။ သူ့မှာ ဗိုက်အောင့်တဲ့ဝေဒနာက မခံမရပ်နိုင်ဖြစ်လာတော့ ရွှေဘိုပြည်သူ့ဆေးရုံကြီးမှာ တက်ရောက် ခွဲစိတ်ကုသခံပြီး ဗိုက်ထဲက အလုံးကြီးကို ထုတ်ယူပစ်လိုက်တော့မှ ရောဂါ ပျောက်ကင်းချမ်းသာသွားပါတယ်။

ထုတ်လိုက်တဲ့ အလုံးကြီး ခွဲခြမ်းကြည့်ကြတော့ လူ့အံသွားအခွေကြီးတစ်စုနဲ့ ဆံပင်ချည် အထွေးလိုက်ကြီး တွေ့ကြရတယ်လေ။ သည်သတင်း ကြားကြားသမျှလူတွေ ဆေးရုံမှာ လာကြည့်ကြပြီး အရမ်းအံ့ဩကြတာ ပြောမပြီးကြဘူးပေါ့။ ဒါပေမဲ့ ဆေးရုံအုပ် ဆရာဝန်ကြီးကတော့ "ဒါမျိုး ဖြစ်တတ်ပါတယ်။ အရိုးနဲ့ဆိုင်တဲ့ ဓာတ်အားတွေက သွားတွေလို ဖြစ်တည်လာပြီး ဆံပင်နဲ့ဆိုင်တဲ့ ဓာတ်အားတွေက အမွေးအမျှင်ဖြစ်တည်လာတာပါ။ လူနာရဲ့ သဘာဝဓာတ်ချွတ်ယွင်းတဲ့သဘောပေါ့" လို့ ရှင်းပြပါတယ်။

ဒီနေရာမှာ ကျွန်မအနေနဲ့ 'ဟိုဟာကမှန်တယ်၊ ဒီဟာက မဟုတ်ဘူး' ဆိုတာမျိုး မပြောချင်ပါဘူး။ ဘာပြုလို့လဲဆိုရင် လူဟူသမျှဟာ မိမိတို့ ဆင်ခြင်တဲ့ တရားလိုက် ကြိုက်သလို လက်ခံခွင့် ယုံကြည်ခွင့် ရှိကြတယ် မဟုတ်လား။

ကျွန်မစိတ်ထဲမှာလဲ သည်အဖြစ်ဟာ စုန်းပြုစားခံရတာ ဟုတ် မဟုတ် အပထားပြီး အလုံးကြီးထဲကထွက်လာတဲ့ ထူးဆန်းတဲ့ပစ္စည်းတွေကိုတော့ တွေးမိစဉ်းစားမိနေပါတယ်။ တစ်နေ့တော့ သည်အကြောင်းကို စိုင်နန္ဒာက မိတ်ဆွေ

တစ်ယောက်အလာမှာ စကားစပ်မိလို့ ပြောပြပါတယ်။ စိုင်နံရွာဟာ ရွှေဘိုမြို့ရဲ့ တောင်နားမှာရှိပြီး တချို့က ရာမရကန်ရေးသူ ဦးတိုးရဲ့ ဇာတိရွာလို့ ဆိုပါတယ်။ သည်တော့ အဲဒီမိတ်ဆွေက 'သူတို့ရွာနေ သူတို့ အဘိုးဘုန်းကြီးဆီမှာ ရှေးတုန်းက စုန်းမများကို ဘယ်လိုစစ်ဆေးတယ်ဆိုတဲ့ စာဟောင်းတစ်ခုရှိတယ်။ လိုချင်ရင် နောက်တစ်ခေါက်လာတော့ ကူးယူခဲ့မယ်' လို့ ပြောပါတယ်။ ကျွန်မလဲ 'ဒါဆိုရင် တဆိတ် ကျေးဇူးပြုစမ်းပါ' ပေါ့။

သူ့ကတိအတိုင်း တစ်လလောက်ကြာတော့ 'စုန်းတရားစီရင်ချက်'လို့ စာခေါင်းတပ်ထားတဲ့ စာရွက်တစ်ထုပ် ပေးလာပါတယ်။ သူ့ရှေ့တွင်ပဲ ကျွန်မ ကောက်ဖတ်ကြည့်လိုက်တော့ တကယ်တန်ဖိုးရှိတဲ့စာမှန်း သိလိုက်ပါပြီ။ 'အချိုရာ သကာတွေ့ပြီ' ပေါ့။ ကူးယူလာတဲ့ မိတ်ဆွေကိုလဲ ကျေးဇူးတင်စကား အထပ်ထပ် ပြောမိပါတယ်။

သည်လို ကံအားလျော်စွာ ကျွန်မ တွေ့ရှိထားတဲ့ သမိုင်းစာ သကာဒိုးကြီးကို ကိုယ်တစ်ယောက်တည်း မသုံးဆောင်ချင်ပါဘူး။ ကျွန်မလို အချိုရာချင်တဲ့ စာပေဝါသနာရှင်များနဲ့အတူတူ ဝေမျှစားသုံးချင်တယ်လေ။ နောက်ပြီး သည်စာကလေးကလည်း စုန်းတရားဆိုပေမယ့် စုန်းနဲ့ဆိုင်တာချည်းသာ ပါရှိတာ မဟုတ်ပါဘူး။

၁၁၂၃ ခုနှစ်က ဖြစ်ရပ်ဆိုတော့ အလောင်းဘုရား သားတော်ကြီး နောင်တော်ကြီးမင်း လက်ထက်တော်က မင်းနေပြည်ရွှေဘိုမြို့မှာ ဖြစ်ခဲ့တာပေါ့။ သည်လိုဆိုရင် အဲဒီခေတ်ကတည်းက အခကြေးငွေကောင်းကောင်းယူတဲ့ ကုလားမှော်ဆရာ ရှိခဲ့တယ်ဆိုတဲ့ အချက်။ စီရင်တဲ့တရားသူကြီးအနေနဲ့လဲ 'စုန်းမ မှန်တယ်လို့ ဆုံးဖြတ်ရရင်တောင် အသက်ဆုံးအောင် မစီရင်ဘဲ နယ်နှင်ဒဏ်လောက်သာ အပြစ်ပေးမယ်။ စုန်း မဟုတ်ဘူးဆိုရင်တော့ စွပ်စွဲခံရသူကို ကုလားမှော်ဆရာက ငွေကျပ်ချိန် ၁၀၀ ပေးလျော်စေ - ဆိုတဲ့ အယူအဆကလေးတွေပါ ခိုင်ခိုင်မာမာတွေ့နိုင်ပါတယ်။

ဒါကြောင့် ကုန်းဘောင်ခေတ်ဦး လွန်ခဲ့တဲ့နှစ်ပေါင်း ၂၂၇ နှစ်က စုန်းကဝေ ဇော်ဂနီဆိုတာတွေအပေါ်မှာ မင်းနဲ့ပြည်သူတို့အမြင်ကို မီးမောင်းထိုးပြလိုက်တဲ့ သမိုင်းမှတ်တမ်းတစ်ကွက်အဖြစ် လေ့လာကြပါစို့။

## "အကြီးတော် သိရိပျံ့ချီ သီရိကျော်ထင် စီရင်ချက် စုန်းရေချကောက်ချက်"

သောကျော်အဆို။ ။ ကျွန်တော်တွင်၊ ရွှေစင်တမျှ၊ ပုတ္တရတနာ၊ သည်းချာယဉ်နု၊ ရှုမဝနိုင်၊ ငစံပိုင်းမှာ၊ ရောဂါဗျာဓိ၊ စွဲငြိသောအား၊ စားသောက်မဖြိန်၊ ညှိုးလျော်ပိန်၍၊ မငြိမ်ပူဆာ၊ သည်ရောဂါကို၊ ဆရာသမား၊ ဟူးရားဂဏန်း၊ မေးမြန်းကုသ၊ လုံ့လအားထုတ်၊ ကြိုးကုတ်လုံးပမ်း၊ ပေးကမ်းပါသော်လည်း၊ စွဲရောက်သည့်ရောဂါ၊ ဝေဒနာသည်၊ မခွာမဆုတ်ပါ။ ကာလနှစ်ရှည်၊ နေတည်မကောင်း၊ ထပ်လောင်းတိုးပွား၊ နာဖျားပိန်ချုံး၊ သေဆုံးမတတ်ရှိသည့်အရေးကို၊ သွေးကြောင့်ဖြစ်သည်၊ လေကြောင့်ဖြစ်သည်၊ နတ်ကြောင့်ဖြစ်သည်၊ စုန်းကြောင့်ဖြစ်သည်၊ အတည်ကျနု၊ ဟောပြပါမည့်အကြောင်းအရာများဖြင့်၊ ရုံးသာရွာနေ၊ ကဝေဆရာ 'အဘာ'ဆေးမှော်ဝင်ကို၊ ငွေစင်သုံးဆယ်၊ ချိန်တွယ်ပူဇော်၍၊ ပင့်ခေါ်မေးမြန်းသည်တွင်၊ ပထဝီ-အာပေါ-တေဇော-ဝါယော၊ ဓာတ်အပျက်တွင်၊ မစင်စုန်းကူ၍၊ အပူတိုက်သောကြောင့်၊ စားမဝင်အိပ်မပျော်၊ ညှိုးလျော်ပိန်ချုံး၍၊ သေဆုံးကမန်း ဖြစ်လေသည်။ ဘမ်းစားသောစုန်းကို၊ အတပ်သိလိုမူ၊ မဖြူအသား၊ ငါးယောက်မိခင်၊ မိလင်ဘော်စုံ၊ ဂုဏ်နှင့်လွှမ်းညီ၊ ဇော်ဂနီ 'မိပိုးစီ' ဖြစ်သည်။ ဟူ၍ ဖော်ပြစွပ်စွဲခံရသည်။

ဂုဏ်တင်ဇကာန်၊ စိုင်နံ့ရွာသူကြီး လူကြီးတို့ရှေ့တွင် စီရင်ချက်၊ လဘက်စား၊ ပြတ်စား၊ အချုပ်၊ ထုတ်နုတ်ထွက်ရှိသည့်အတိုင်း၊ ပိုင်းခြား၍မှန်မမှန်ကို၊ စိုင်နံ့ရှေ့ရပ်၊ မိပိုးစီကို၊ စစ်ဆေးမေးမြန်းလျှင်၊

ပိုးစီ၏အဆို။ ။ ကျွန်တော်မတွင်၊ မိခင်ဘိုးဘွား၊ ဆွေသားအစုံ၊ ကျူရုံသောသွင်၊ သူတော်စင်ကို၊ ဆင်ခြင်မရှု အမှုမမြော်၊ သောကျော်နှင့်၊ မှော်ဝင်ဆရာ၊ ရုံးသာရပ်

နေ၊ ပရဒေသီအာဂန္တုက၊ အခြေမရှိ၊ သီးသန့်ခြားနား၊ စကားလိမ်လည်၊ ကြံစည်တိုင်ပင် ပူးပေါင်း၊ အကြောင်းမသင့်၊ အခွင့်မဟုတ်၊ သတင်းပုပ်အောင် မဟုတ်မမှန် စွဲဆိုပြောဟောခြင်းသာ ဖြစ်သည်။ သောကျော်သား 'ငစံပိုင်' ကို၊ စုန်းအတတ်ပညာနှင့် မဘမ်း၊ မစား၊ မကိုက်၊ ကျွန်တော်မလည်း စုန်းမဟုတ်။ ကျေးရွာသူ၊ သူနာဆေးသမား၊ ဟူးရားတတ်ကျွမ်းသူ ဆရာတို့က၊ တစ်ကြိမ်တစ်ခါမျှ၊ ဖော်ပြသမုတ်၊ စုန်းဟုတ်သည်မပြော၊ မဆိုဘူးပါ၊ ယခုမှသာ၊ ရုံးသာရွာနေ၊ ကဝေဆရာ 'အဘ' ဆေးမှော်ဝင်နှင့်၊ သောကျော်တို့၊ မလျော်စကား၊ တရားပြုလုပ်ခြင်းဖြစ်ပါသည်။ အစစ်ခံသည်။

ဓမ္မသတ်ထုံးစံ၊ ကျမ်းဂန်ဝတ္ထုနှင့်၊ ယောက်ရှုဆင်ခြင်သော်၊ မိပိုးစီကို၊ မစင်စုန်းမ၊ ပြောရုံမျှသာဖြစ်လျှင်၊ သူတော်စင်ကို၊ စုန်းပင်ဆိုမိ၊ မြစ်မရှိဟု၊ လောကီစဉ်လာ၊ ဓမ္မတာစကားကို၊ တရားနှင့်ယှဉ်၍သာ၊ ခံနေစေ၊ စီရရန်အစုစုအမှုဆိုက်သည်။

ယခုမှ သောကျော်သား၊ ငစံပိုင်ကို၊ မိပိုးစီသည်၊ ဇော်ဂနီနတ်နှင့်၊ စွဲကပ်ပြည့်နှံး၍၊ တိုက်တွန်းဘမ်းစားသည်။ စကားရင်းအပ်၊ အတပ်စွဲဆိုသည်ဖြစ်သည်။ ကာလနှစ်ရှည်စွာ၊ မာယာစဉ်းလဲ၊ ဘင့်နွဲ့၍ မနေသင့်ချေ။ သူမြတ်သူတော်၊ ဆေးဘော်ကြောဘက်၊ ပေါင်းယှက်ယုံကြည်အောင်၊ မိပိုးစီအချုပ်၊ ထုံးစံရှိရာ၊ ကမ္ဘာ့ဥပဒေ၊ ရေမှာအစဉ် ပွဲဝင်၍ ဆေးငုပ်စေ။

ဆေးငုပ်ရမည့် ထုံးတမ်းဥပဒေမှာ၊ အချုပ်အမိဋ္ဌာန်စာကို၊ ရွံရှာခဲ့ပြားအောင်၊ ရေနားကပ်နေ၍၊ ကြေညာစွာ၊ လျှာပေါ်သည့်စာရေးကို၊ မနှေးမလျင်၊ ဂုဏ်တင်ဆွယ်တင်ဘတ်နာစေပြီးမှ၊ ဆံထုံး ၇-ထုံးတွင်၊ လင်းတတောင် ၇ချောင်း၊ ပန်စိုက်စေ၍၊ သိမ်မွေ့စွာ ထဘီကို ခြေဖျားမှီ၊ စောက်ထိုးပြောင်းပြန်လှန်ဝတ်စေပြီးနောက်၊ တစပြင် တစူး

ဝါး လေးမြားဖြင့်၊ အရပ်ရှစ်မျက်နှာကို၊ ဖွာအောင်ပစ်လွှတ်စေ၍၊ လက်ခြေနှစ်ဖက်ကို၊ သမန်းမြက်ကြိုးဖြင့်။ အပိုးသေစွာ၊ မနာမကြင် ရအောင်၊ ချည်နှောင်တုပ်ပြီးလျှင်၊ ဝစ္စမစင်ရေဖြင့်၊ ဇော်ဂနီနတ်၊ လန့်ဖျပ်ထွက်ပြေးအောင်၊ ဆေးကြောသွန်းလောင်းစေ၍၊ ရေနက်ငြိမ်ရာ၊ ဆိပ်ကမ်းမှာ လှေဘောင် ၂-စင်းကို၊ တွဲကာရပ်နေ၊ ချ-ငုပ်စေ။

ရေသို့ချမည့်ကာလ၊ ကြိုးခုနစ်တောင်၊ တစ်တောင်လျှင် တစ်ထုံး-ထုံးပြီးလျှင်၊ စုန်းမဆိုသူခါးနှင့်၊ ဝါးငါးပိုင်းအမျက်၊ အထက်တစ်ပိုင်းကျော်ခန့်မှာ၊ သေချာစွာ ချည်ဆိုင်းပြီးမှ၊ ကြိုးစကို မလျော့မတင်း၊ မယွင်းသစ္စာ၊ သမာဓိရှိသူကို၊ မြဲစွာကိုင်နေစေ. . .။

ရှုံ့သာရွာနေ၊ ကဝေဆရာ၊ အဘာ ဆေးမှော်ဝင်ကလည်း၊ မိပိုးစီကို၊ ရေတွင်မငုပ်၊ မရပ် မတည် မနေနိုင်၊ ကျေးဇူးပညာ ဂါထာ၊ မန္တန် မန္တရား ဆေးဝါး၊ ပယောဂတို့ဖြင့်၊ မပြုမလုပ်၊ မဆောင်မရွက်ပါဟု၊ အချုပ်နှင့် ကုလားတို့ဘာသာ၊ စန္ဒမုသသကျမ်းကို၊ စွဲတမ်းကြိမ်ဆိုစေပြီးမှ၊ ရေသို့ချငုပ်စေ. . .။

ရေတွင် မိပိုးစီကိုယ်လုံး ငုပ်နေနိုင်ချေသော်၊ သူတော်သူကောင်း၊ အပေါင်းမိတ်ဆွေ၊ ရှိနေသန့်စင်သူကို၊ သတင်းပုပ်အောင်၊ မဟုတ်မမှန် မဟော မပြောသင့်သည်ကို၊ မလိုသဘော၊ ပြောဟောစွပ်စွဲသည့်အပြစ်၊ ငွေစင်ရွက်နီ၊ စံမှီသပြာ၊ ကျပ်တစ်ရာကို၊ နေရာမထား၊ ဆေးမှော်ဝင်က ပေးလျော်စေ. . .။

မိပိုးစီ ရေတွင် မငုပ်မနေနိုင် ပေါ်ရှုံးလျှင်၊ ဘမ်းစားသည့်အပြစ်၊ မစင်စုန်းမ မုချကေန် အမှန်ဖြစ်သည်။ ရပ်ရွာတွင် မနေစေရာ၊ ဒေသဌာန၊ မြေခြားရပ်တစ်ပါးသို့ ထွက်သွားနှင်ထုတ်စေ. . .။

ကောဇာသက္ကရာဇ် ၁၁၂၃ ခု၊ ရတုမာသ၊ ပထမဝါဆို၊ နဂိုဆန်းတက်၊

(၁၅)ရက်နေ့။ သာချမ်းမြေ့တွင်၊ သိမ်မွေ့သာယာ၊ သေနာပတိ၊ ပြည့်ကြီးလက်ရုံး ပခုံးညွှန့်ခူး၊ စစ်မြေမှူးဟု၊ ကျော်ထူးသတင်း၊ နိုင်ငံချင်းသည်၊ မြင်းစုတော်ဝန်၊ မတ်တံခွန်လျှင်၊ ကျွန်ယုံတစ်ယောက်၊ စံပြုလောက်သား၊ ပိုင်းထောက်မြော်ရှု မနုမနော၊ စသောလောကပညတ်၊ ဓမ္မသတ်ရာဇဝင်၊ ဗေဒင်ကျွမ်းသိ၊ ကဝိတဆူ မနုရာဇာ၊ ပညာမြင်မြော်၊ အကြီးတော်ဟု၊ ထင်ပေါ်ဂုဏ်ဆီ၊ ပြည့်စုံညီသည့်၊ ပုံချိုမည်ရှိ၊ သီရိကျော်ထင်၊ မျက်မြင်စုံညီ၊ စစ်ဆေးစီရင်ချက်၊ စုန်းရေချ ကောက်-ချက် ပြတ်စာ။ ။ ပြီး၏။ ။

**ကျေးဇူးစကား။ ။ စိုင်နံ့ရွာနေ၊ မိတ်ဆွေကြီး ဦးဘထိ (လယ်သမားကြီး)သို့ ကျေးဇူးတင်ရှိပါသည်။**

၁၉၈၉၊ စက်တင်ဘာလ၊ အတွေးအမြင်စာစောင်။

❑ ❑ ❑

## ဘုရင့်နောင်မင်းတရားကြီးအတွက် မှာတမ်း

'လူရေစ စန်းလက်ပေါ် လျှင် ကွမ်းဆက်တော် ဝင်ပြီးမှ၊ ပင်ရွှေထီး အစ်မ မျှ၊ ရဲလို့ကြာခို'

အထက်က ကဗျာလေးတစ်စကို ငယ်ငယ်က မဂ္ဂဇင်းတစ်စောင်ရဲ့ အဖုံးမှာ တွေ့မိတာ မှတ်မိနေပါတယ်။ ကြာလှပြီမို့လို့ ဘယ်မဂ္ဂဇင်းမှာဆိုတာ မေ့နေပါပြီ။ ပန်းချီနဲ့ပုံစာက ဘုရင့်နောင်ကျော်ထင်နော်ရထာ ဖြစ်လာမည့်သူ ရှင်ရဲထွဋ်နဲ့ တပင်ရွှေထီးရဲ့ အစ်မတော် ထိပ်ခေါင်တင်သခင်ကြီးတို့နှစ်ပါးကို သရုပ်ဖော်ထားတာလို့ သိရပါတယ်။

နောက် လယ်တီပဏ္ဍိတ ဦးမောင်ကြီးရေးတဲ့ တပင်ရွှေထီး ဝတ္ထုတော်ကြီးကိုဖတ်ရမှ အရင်က စိတ်ဝင်တစား သိချင်လှတဲ့ သူတို့အကြောင်းတွေ တဝကြီး သိရတာပါ။ စစ်ရှေးခေတ်က ထွက်တဲ့ ဒဂုန်မဂ္ဂဇင်းကြီးမှာ ဦးမောင်ကြီး၊ မန္တလေး မောင်ခင်မောင်၊ ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း)စတဲ့ ဆရာကြီးများ အမြဲတမ်း ရေးကြပါတယ်။ သူတို့တွေက နာမည်ရင်းနဲ့ ရေးကြတဲ့ပြင် သလ္လာဝတီ တင်အုံး၊ မန္တလေးခင်တုတ် စတဲ့ မိန်းမနာမည်တွေနဲ့လည်း ရေးကြပါသေးတယ်။

ရတနာပုံစာအုပ်တိုက်

မိန်းမသားကလောင်ရှင်တွေ ပွားများလာစေချင်တဲ့ ရည်ရွယ်ချက်နဲ့ပါ။ မိန်းမသားထဲက ကလောင်ကိုင်သူနည်းတဲ့ခေတ် မဟုတ်လား။ အဲဒီ ဒဂုန်မဂ္ဂဇင်းကြီးမှာ ဒဂုန်ခင်လေးဆွေ၊ ဒဂုန်ခင်ခင်လေး၊ ကေသရ သတင်းစာမှာ မယ်မျိုးကြည်၊ ဂန္ထလောကမှာ မမကြီးတို့လောက်ပဲ ကျွန်မ မှတ်မိပါတော့တယ်။ တခြား ရေးသူတွေ ရှိနိုင်ပါသေးတယ်။ ဒဂုန်မဂ္ဂဇင်းကြီးက နယ်မှာတော့ တစ်ကျပ်တစ်မူးရောင်းတာမို့ အိမ်က ဝယ်မပေးပါဘူး။ တခြားက ငှားပြီး ပြတ်တောင်းပြတ်တောင်း ဖတ်ရတာပါ။

စစ်ပြီးစရောက်တော့ တပင်ရွှေထီးဝတ္ထုကို ဝယ်ထားပြီး မကြာမကြာပြန်ဖတ်ပါတယ်။ ဘယ်နှစ်ကြိမ်ဖတ်ဖတ် မရိုးပါဘူး။ ဇာတ်အိမ်ဇာတ်ကွက်ရော စာပေရသပါ ပြည့်တဲ့ စာအုပ်ကြီးဖြစ်ပါတယ်။ တစ်နေ့တော့ မိတ်ဆွေတစ်ဦးဆီက သည်ဝတ္ထုမှာပါတဲ့ ရှင်ရဲထွဋ်ကို ထိပ်ခေါင်သခင်ကြီးကပေးပို့တဲ့ မှာတမ်းတစ်စောင် ဖတ်ခွင့်ရပါတယ်။ မှာတမ်းစာဆိုတာက ကျွန်မ ထင်ထားသလို ပေမူလည်း မဟုတ်၊ ပုရပိုက်မူလည်း မဟုတ်ပါဘူး။ မိတ်ဆွေပြောတာက မဂ္ဂဇင်းဟောင်းတစ်စောင်ထဲက သူ ကူးယူထားတဲ့ ဗလာစာအုပ်ကလေးထဲ ရေးထားတာပါ။ ဖတ်ကြည့်လိုက်တော့ တကယ်ပဲ သခင်ကြီးကပေးတဲ့ မှာတမ်းစာအနေနဲ့ ရေးထားတာဖြစ်ပါတယ်။ ကျွန်မအထင် သိပ်ရှေးကျတဲ့ စာလည်း ဟုတ်ပုံမရ၊ ခေတ်ပေါ်စာလည်း မဟုတ်ပါဘူး။

စာပေအဆင့်အနေနဲ့ သိပ်အကောင်းကြီးထဲက မဟုတ်ပေမယ့် ဖတ်ပျော်ရှုပျော်စာမျိုးလို့ ထင်မိပါတယ်။ ရေးသူအမည်လည်း မပါပါ။ ဒီတော့ တပင်ရွှေထီး ဝတ္ထုထဲက ဇာတ်လမ်းဇာတ်ကွက်မို့လို့ လယ်တီပဏ္ဍိတ ဦးမောင်ကြီး လက်ရာလေလား တွေးထင်မိပါတယ်။ ဦးမောင်ကြီးက 'အနုအယဉ် လူ့တစ်ခွင် သူ့အပြင်မရှိ' ဆိုတဲ့ စကားလုံး လှလှလေးတွေ သုံးစွဲတတ်တာ မှတ်မိနေတာကိုး။ ကျွန်မအတွက်တော့ ဒီစာဟာ ရေးသူမသိ၊ မိဘမဲ့စာကလေးတစ်ပုဒ်လို့ပဲ သဘောထားရပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီစာကလေးကို မပျောက်ပျက် မတိမ်ကောစေချင်လို့ စာပေဝါသနာရှင်တွေ လေ့လာကြဖို့ ဖော်ထုတ်တင်ပြလိုက်ပါတယ်။ သူ့မှာတမ်းစာကို သူ့သတ်ပုံအတိုင်း အောက်မှာ တင်ပြပါတယ်။

\+ \+ \+

## ရတနာပုံစာအုပ်တိုက်

## သစ္စာမြဲစေချင်သည် မောင်တော်

သစ္စာမြဲပါစေချင်ဘိတော့သည် မောင်မောင်။

ထီးဖြူရိပ်လွှမ်း၊ ကြငှန်းအလည်၊ သန္ဓေတည်၍၊ မဟာဆီ မဟာသွေး မင်းကမွေးသည့် မင်းသွေးစင်စစ်၊ ဖြစ်ကြီးဖြစ်ပါလျက်နှင့် သခင့်တွင် မောင်မောင့်ထံ အသနားခံလျှာ တင်သွင်းရမည့်ဘဝသို့ ရောက်ခဲ့ရပါပြီ။

ပုလုကွေးလေး ငယ်ရွယ်သေး၍ ကလေးဘဝ ဆုံခဲ့ရသည်။ မောင်နှမသုံးယောက်ပမာ တူလှစွာသည် မောင်မောင်။ ရွှေထီး နို့မျက်၍ နို့ဘက်ကို အရှာတွင်မှ မောင်မောင့်ကို စ၍ တွေ့ရသည်။ ရွှေထီးနှင့် နို့စို့ဘက် ဖြစ်လာရသည့်အချက်သည်ပင် သခင်နှင့် မောင်မောင်တို့၏ ကြမ္မာကိုဆောင်သော လမ်းအစပင်ဖြစ်ခဲ့ပါ၏။ မောင်မောင့်မယ်မယ်၊ နန်းလယ်သို့ ရောက်ခဲ့ရသည်မှအစ ကစား-ဘော်ဘဝသို့ ရောက်ခဲ့ရသည်။ မှတ်မိနိုင်ပါစ မောင်မောင်။ ချိုးရုပ် အိုးပုတ်ဘုတ်တလုတ်ပြင် ထပ်ပုတ်ကျောရိုက် ပြေးလိုက်စိမ်ဘွာ စွတ်ကပါရီ စကားထာဖွက် လိပ်ဥဖွက်နှင့် ရိုက်နှက်ကျေးသား ကစားမျိုး စုံခဲ့လေသည်။ ရွှေနန်းရင်ပြင်တစ်ဝိုက်တွင်ပါ မောင်မောင်။

ခ်ိဋ္ဌဒသက အရွယ်သို့ကျကာမှ ထိမ်းခရံရွှေ ချုပ်သိမ်းလေ၍ အနေကျဉ်းကြပ် မောင်မောင်နှင့် အကစား ကင်းပြတ်ခဲ့ရသည်။ မလွတ်လပ်သူတစ်ဦးပင်။ သို့တစေ ကွမ်းရေ ဆက်ရန် တာဝန်ချထား ဝတ္တရားကြောင့် မခြားနေ့ဆက်နောက်ဆောင်ဘက်သို့ ရက်မှန် မောင်မောင် ရောက်ခဲ့လေသည်။ တစ်နေ့တစ်ခါမောင့်မျက်နှာကို ကြည်သာရွှင်ပြ မြင်နေရ၍ စိတ်က သက်သာပြန်ခဲ့လေသည်။ တရံတဆစ် တစ်ရက်လစ်က စိတ်ညစ်ခဲ့ရဖူးလေသည်။ အဖျားသွေးနှင့် မောင်မေးရသော ရက်ကပင် ထိုစဉ်ကထင် သံယောဇဉ်ကြိုး နှောင်တမျိုးက ဝိုးဝါးတည်း ချည်ခဲ့ပါ၏။

ဝိုးဝါးတွေးတွေး ခပ်မြေးမြေးမှ ရေးရေးပေါ်လွင် ထင်ရှား သိသာလာသည်မှာ ထက်ညာအင်းဝသို့ 'သိုဟန်ဘွား' စစ်ကြီး ဆိုက်ရောက်လာသည့် အချိန်ကပါ မောင်မောင်။ အင်းဝကို သိုဟန်ဘွား သိမ်းပိုက်သည့်နှစ်က အဖြစ်သနစ်ကို သခင်ကောင်းစွာ မှတ်မိပါ၏။ လယ်တွင်း ကိုးခရိုင်တစ်ဝိုက်က ကန်ဆည်တူးမြောင်း လယ်ချောင်းယာတော ရိက္ခာဝပြောစည်ပင်သည့် ဒေသသို့မောင်မောင်နှင့် ရွှေထီးတို့ ချီရစဉ်က ဖောင်းဝတ်ကြီးကိုစီး၍ စစ်ထွက်မည်အပြု သပြေညိုနု

နှင့် အောင်ဆုပေးသည့်ပွဲ နွဲ့ရခိုက်ဖြစ်ပါ၏။ မောင်မောင့်လက်သို့ စေတနာလျှမ်း၍ ဘယာမသန်းစေရန် အောင်ဆုပန်ပြီး ဆက်ကမ်းလိုက်သော သပြေရွက်တွင် 'သခင်'ဆိုသည့် စာတစ်လုံး ရွှေဆံထိုးဖြင့် ရေးထိုး၍ ပေးလိုက်မိခဲ့ပါသည်။

မောင်မောင် သတိရကောင်းအံ့ ထင်ပါ၏။ ထိုဆီကာလကတည်းက ပင် မောင်မောင့်အပေါ် ချစ်ရည်ဝင်ခဲ့ကြောင်း ထပ်လောင်း၍ ဝန်ခံပါဦးမည်။ စစ်ချီစစ်တက် အသက်စွန့်စား သွားရရှာသော မောင်မောင့်အတွက် ရတက်မီး အပွေကြီး ပွေခဲ့ရသူပါ မောင်မောင်။ အစာရေစာ ဝပြောရာမှတစ်ဆင့် နင်းခုံ ပြု၍ တောင်ငူတစ်ဝိုက်သို့ သိုဟန်ဘွား စစ်ဆိုက်လာမည့်အရေး နိုင်ငံမအေးမည် ကို စိုးရသည့်တာဝန်ကြောင့် ရင်တမမနှင့် လေသာပြတင်းကိုဟ၍ စစ်ချီစ မောင်မောင့်ကို စိုတစမျက်ရည်နှင့် သာကြည့်ခွင့်ပေး ချစ်ရေးထက် စစ်ရေး ခက်ခဲ့ဖူးပါ၏။ ယောက်ျားတံခွန် လူရည်ချွန်၍ နယ်မွန်ဒေသ စစ်ချီရာမှအပြန် အောင်လံဝင့်သောအခါတွင်သာ သခင့်ရင်မှာ လင်းရပါတော့သည်။ ယုံတော်မှူး ဘုန်းတောက်မည့် မောင်မောင်ပါ။

သွေးတကြီးကြီး မွေးကတည်းက ထီးနန်းဆောင်ပုံ အစုံစုံတွင် ခိုလှုံ ကြီးပြင်းရသူမို့ မောင်မောင့်အပေါ် ဘဝင်တစ်ခါ မြင့်ဖူးပါ၏။ မှတ်မိပါစ မောင်မောင်။ ရွှေထီးနှင့် နို့စို့ဘက် သက်ရွယ်မတိမ်းမယိမ်း ကွမ်းရေထိန်း၏ သားပေမို့ စိတ်ကလေးအညို့တွင် တို့ကဆိတ်ကလူ ပြုစူခဲ့ဖူးသည်။ "ဟဲ့. . . ရဲထွင့် နင် ယခု စားသောက်ကြီးပြင်း နေရသည်မှာ ငါတို့၏ ဘုန်းကံကြောင့်ပင် မဟုတ်လော" ပြောမိဆိုမိ မှားခဲ့သည်ကို စိတ်မညိုသည့်အပြင် ချက်ချင်းပင် ပြန်တည့်၍ "သခင် ဘုန်းတော်ကြီးများသည် အဘယ်သူ၏ ဘုန်းကံကို မှီခို၍ စားကြသနည်း"ဟု ရယ်သွမ်းကြီးသွေး၍ တုံ့ပြန်မေးခဲ့သည်။ ဇဝနဉာဏ် မောင်မောင့်တွင် ထက်သန်ခဲ့ပေ၏။ သခင့်ဝမ်းထဲ စွဲမြဲသေချာ မှတ်မိပါ၏။ ထိုစဉ်ကပင် မောင်မောင့်တွင် စိတ်ဝင်စား၍ အားထား မှီခိုချင်သယောင်။

သတ္တရုဇေယျ တိမ်ပျံကြွကို စွန့်စီးနင်း ရွှေမောဓောသို့ ရွှေထီး နားထွင်း ရန် အဆင်းတွင် မောင်မောင်ပါဝင်ခဲ့ပုံကို သခင်ပြောချင်ပါသေးသည်။ ထိုစဉ် ကလည်း သည်းတမမ ဘုရားတမိ ဘုန်းပြုရန်းတန်း စစ်ကစားဆန်းကြသည်မှာ မကြမ်းလွန်းလှပါလား မောင်မောင်။ ရွှေထီး နားထွင်းခိုက် မောဓောတစ်ဝိုက် တွင် စစ်ပြင်ကာကွယ် အန္တရာယ်မချဉ်းကပ်နိုင်သဖြင့် ရွှေထီးနားပေါက် ဖြောင့် ခဲ့၏။ မောင်မောင့်သတ္တိ ပြောင်ပါပေ။ ညတွင်းချင်းပေါက် တောင်ငူသို့ပြန်၍

ရောက်ကြခါမှ ဝမ်းမြောက်ရွှင်အေး ရင်လေးသမျှ ပျောက်ခဲ့ရသည်။ ဇာနည်မောင်မောင် ပွဲတိုင်း အောင်ပါစေ။ မေတ္တာ ဝေဖြိုးလျှံခဲ့၏။

နောက်တစ်ဆင့်မှာ တစ်နေ့ခါတွင် အထိန်းတော်ကြီးရွှေစာ ရေဆာသည့်ကိစ္စ ဖြစ်ပါ၏။ ခါတိုင်းဆိုလျှင် ကွမ်းအစ်ပြင်တာဝန်မှာ ရွှေစာ၏ကိစ္စသာဖြစ်၏။ သည်တစ်နေ့တွင်မှ တွေ့ရသည့်ကြမ္မာ ဖန်လာပုံဆန်းသည် မောင်မောင်အလာ ရွှေစာ ရေဆာသည်နှင့်ကြိမ်၍ သခင်ကိုယ်ထည်း အဆောင်တည်းရှိခိုက်တိုက်ရိုက်ကြီးပင် မောင်မောင့်သည်းပြင်ကို သခင်သိအောင် မိန့်ခဲ့သည်။ နှုတ်ရဲတင်းသမို့ ဖြင်းဖြင်းကြက်သီး စိမ့်ခဲ့ပါ၏။ မျက်နှာပသို့ ထားရဘို့ကိုပင် သခင်မသိနိုင်ခဲ့ပါ မောင်မောင်။ နှင်းဆီရောင်ပြေး ရှက်သွေးပါးအို့ လျှမ်းတက်စို့ကာအာစေးထည့်ထားသည့်ပုံနှင့်မခြား နှလုံးသားက တုန်ချိသည်။

ယင်းသည့်နေ့က အစပြုခဲ့သော ရင်ခုန်သံသည် မောင်မောင့်ကို တွေ့မြင်ရတိုင်း ဒုံးစိုင်း၍ မြည်ခဲ့သည်။ မတည်ငြိမ်သော စိတ်ဝမ်းကြောင့် တမ်းတတတ်စ ပြုခဲ့သည်။ ကျွန်းတုံးကြောင်လျှောက် စကားထာကို တစ်ခါဖွက်ခဲ့သည်။ မှတ်မိပါစ။ သည်တွင် သခင့်စိတ်တစ်စကို မောင်မောင်သိရသည် မဟုတ်ပါလား။ စိတ်မတည်၍ ရိပ်ခြည်စေ့စောင်း ညွတ်ပြောင်းမူရာ ပြခဲ့မိရာတွင် စိတ်ပွေညစ်အောင် နောက်တစ်ထစ် မောင်မောင်ဆိုးတော့သည်။ ရွှေစာတို့လစ်ခိုက် ကွမ်းအစ်လှမ်းလိုက်သည်တွင် ယူမယ်ဟန်သုံး နန်းလုံးတိုင်အကွယ်၌ ပန်းကုံးခိုင်စပယ်ကို မွေးလှယ်၍ ကြူခဲ့၏။ ဆူသွေး ဘလောင်ပွက်၍ ရှက်စနိုး ခက်ခဲ့ရပြန်သည် မောင်မောင်။ တစ်ဆင့်ထက်တစ်ဆင့် ချစ်ရည်ဝင့်၍ ရင့်သန်ခဲ့ကာမှ အရှက်မှကြည်ပြုံး နှလုံးသားကို ပိုင်ပေပြီ။

သည်မျှနှင့်မကသေး မောင် ပေတေးပြုပြန်သည်။ ညဉ့်ယံမှောင်မိုက်ခွင့်ကြုံကြိုက်က တွေ့လိုက်ချင်ပါ ပူဆာ၍ လာပြန်သည်။ ဪ. . . ခက်လှဘိနိုး မောင်မောင်ဟုသာ ညည်းတွားရပါ၏။ အသည်းကြားတွင်ကား တစ်မျိုးကြီးဖြစ်ရပြန်ပါဘိသည်။

နားပူနားဆာ တိုက်လွန်းလာသော သခင့်မှာ ကြံရာမရဖြစ်ရပါ၏။ ဖိုသတ္တဝါ တစ်ခါမတွေ့ ပြကတေ့ သန့်ရှင်းသူမို့ ရင်းတွင်းကပူဆာ နာကျင်ခြင်းတစ်မျိုးကိုလည်း ခံစားရသေးသည်။ မရွံ့မရဲ စိတ်ထည်း၌ ဒွိဟသဘော စော၍စော၍ နေမိပါသည် မောင်မောင်။ မောင်မောင့်သဘောကို လိုက်လျောချင်၏။ သို့ပေမင့်လည်း ရင်နင့်သည်ကို အလိုအလျောက် ကြောက်လည်းကြောက်၏။

ဘာကိုကြောက်ဟု မပေါက်နိုင်သဘော ပြော၍လည်း မတတ်နိုင်ပါ။

ရက်များမကြာ တိုင်ခဲ့သည့်ခါ ရွှေစာကို ဘယ်လိုနှုး၍ မောင်မောင် ပူးခဲ့သည်မသိ။ ရွှေစာ အသိသားနှင့် အဆောင်တံခါးတွင် တံကျင်မလျှို ဝင်လိုဝင် ထွက်လိုထွက်ဖြစ်အောင် ညစ်ခဲ့သည်။ သူကောင်းသားမောင်မောင် ဘယ်ချောင် တွင်လျှို၍ ဘယ်မှောင်တွင်ခိုကာ ပုန်းသည်မသိ။ သန်းယာမ်ကြက် တွန်အပြီး တွင် သခင့်စက်ရာအနီးသို့ ချဉ်းခဲ့သည်။ ဒူးဖြတ်ခံရမည်ကိုပင် မကြောက်။ ရွှတ်-တရွှတ် ကြူးဖောက်၍ ရောက်လာသည့် မောင်မောင့်အား သခင် ကြောက်အား ပိုခဲ့ရသည်။ သို့နှင့်ပင် သခင့်ရှက်လုံ ရင်ခုန်ဖြတ်ဖြတ် တဆတ်ဆတ်နှင့် တိမ်းမတ် မူးဝေယိုင်ခဲ့၏။ သဇင် နိုင်လုံးကြွေလေပြီ။ ဝမ်းမပါးသာတော့။

မ သဘာဝ၊ ကူတ္တိယသဘော စိတ်မောကာမျှသာ ကျန်တော့သည်။ မဟာဆီ မဟာသွေး ရွှေလင်ပန်းနှင့် အချင်းဆေးလည်း မောင်မောင့်လက်ရှန်း ဘုန်းအားအန်ကို မလွန်ဆန်သာခဲ့။ ဘဝကံကြမ္မာသည် လမ်းတစ်ဆစ်ကျိုး ကွေ့ ချိုး၍ လည်ခဲ့ပြီ။ သို့ကြောင့်ပင် ဤအသနားခံလွှာကို ရွှေစာနှင့် အစေလွှတ်ရ ပါသည် မောင်မောင်။ နိုင်ကျည်သစ္စာ မြဲပါစေချင်ဘိတော့သည်။

မမြဲမူက သည်းနာကြွေကျင် ရှိတော့မည်။

၁၉၉၉၊ ဇန်နဝါရီလ၊ မိုးဂျာနယ်။

❑ ❑ ❑

## မင်းဆရာတော်ရဲ့ ရှုထောင့်အမြင်

သည်လို ဆရာတကာ ဖြစ်လာပြီးနောက် သာသနာရေး ဘာသာရေး တွင်မက ဘုရင် ကြုံတွေ့ရတဲ့ တခြားအရေးကိစ္စတွေမှာပါ ဆရာတော်ရဲ့ အကြံဉာဏ်ကို ခံယူလေ့ရှိပါတယ်။

ဆရာတော်ရဲ့ ဆုံးမဩဝါဒ ခံယူပြီး ဘုရင်ကလေးမြွတ်စွာ ဆည်းကပ် သလို မင်းဆရာတော်ဘက်ကလည်း နိုင်ငံရေး လူမျိုးရေးတွေမှာပါ ဘုရင်က တာဝန်ပေးလာရင် မိမိတို့ အမြော်အမြင်နဲ့ စွမ်းအားရှိသလောက် ကောင်းကျိုး ဆောင်ကြရပါတယ်။ သည်အရေးတွေနဲ့ပတ်သက်ရင် ပုဂံခေတ်က ဗုဒ္ဓသာသနာ-တော် အခြေချခိုင်မြဲအောင် ရွက်ဆောင်ပေးတော်မူတဲ့ ရှင်အရဟံ မထေရ်ကြီးမှ စလို့ အရှင် ဒိသာပါမောက်၊ ပင်းယစကြို့သူမြတ်စတဲ့ ရဟန်းတော်တို့ဟာ သာသနာရေးအပြင် နိုင်ငံအေးချမ်းငြိမ်သက်စေဖို့ စစ်မက်တားဆီးရေးကိစ္စတွေ မှာ စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူကြတာတွေ ရာဇဝင်မှာ အထင်အရှား ပါဝင် ပြီးသား မဟုတ်ပါလား။

**အမေးအဖြေကျမ်းများ**

သည်ကိုယ်တော်ကြီးတွေလို ရာဇဝင်မှာ စာတင်ခြင်းမခံရပေမယ့် နိုင်ငံနဲ့လူမျိုးအတွက် တတ်နိုင်သလို အကျိုးဆောင်ခဲ့တဲ့ သာဓကတွေလဲ ရှိပါသေးတယ်။ နောက်ပြီး ဘုရင်ကိုယ်တိုင် မဝေခွဲနိုင်တဲ့၊ အဓိပ္ပာယ်မရှင်းတဲ့ ဘာသာရေးဆိုင်ရာ ခဲရာခက်ဆစ်တွေ ဘုရင်က မေးလျှောက်သမျှ ပြေလည်သဘောပေါက်အောင် ဖြေရှင်းပေးတော်မူကြရပါတယ်။

သည်နေရာမှာ ညောင်ရမ်းခေတ်က 'သာလွန်မင်းတရားအမေးတောင်ဖီလာဆရာတော် အဖြေကျမ်း'၊ နောက် ကုန်းဘောင်မင်းဆက်ကို စတင်တည်ထောင်သူ အလောင်းမင်းတရားကြီးအမေးနဲ့ မင်းဆရာ အတုလယသဆရာတော်ရဲ့ ဖြေကြားချက်ဖြစ်တဲ့ 'နန်းစဉ်ပုစ္ဆာကျမ်း'၊ သည့်နောက် အလောင်းမင်းတရားကြီး သားတော် ကုန်းဘောင်မင်းဆက် ဆဋ္ဌမ၊ ဘိုးတော်ဘုရားလို့ လူသိများတဲ့ ဗဒုံမင်းအမေးနဲ့ မင်းဆရာရဲ့ အဖြေလွှာ 'အမေးတော်ဖြေ' ကျမ်းတွေဟာ ထင်ရှားကျော်ကြားလှပါတယ်။

**စာတော်နှစ်စောင်**

အခုလို ထင်ရှားကျော်ကြားလာတဲ့အကြောင်းတွေအနက် သည်ကျမ်းစာတွေဟာ ပေပုရပိုက်စာအဖြစ်ကနေပြီး ပုံနှိပ်စာအုပ်အဖြစ် ပြန့်ပွားထုတ်လုပ်ပြီး ပြည်သူ့လက်ကို အများကြီး ပေါက်ရောက်နိုင်တာကလည်း အကြောင်းတစ်ချက်ဖြစ်မယ်လို့ ထင်ပါတယ်။ သည်လို ပုံနှိပ်စာအုပ်အဖြစ် မရောက်နိုင်ဘဲ ပေပုရပိုက်ထဲမှာသာ ရှိမြဲရှိနေပြီး ဘုန်းကြီးကျောင်းက စာတိုက်သေတ္တာကြီးတွေထဲမှာ အောင်းမြဲအောင်းနေကြရရှာတဲ့ မင်းဆရာများရဲ့ မှတ်သားဘွယ်အဆိုအမိန့် အကြံပေးစကား စာတွေဟာ အများအပြား ရှိနေဦးမှာ သေချာသလောက်ပါ။

မင်းဆရာက အကြံပေးရတယ်ဆိုပေမယ့် တကာတော်ရေမြေ့ရှင်က အကြောင်းတစ်စုံတစ်ရာရှိလို့ လျှောက်ထားမေးမြန်းမှသာ အကျိုးသင့်အကြောင်းသင့် ဖြေကြားတော်မူကြတာပါ။ မမေးဘဲ ပြောတော်မူလေ့မရှိကြပါဘူး။ သည်အကြောင်းနဲ့ပတ်သက်လို့ ဆရာတကာ မေးလျှောက်လွှာနဲ့ အဖြေစာ အသွား

အပြန် စာတော်နှစ်စောင်ကို ကြုံတောင့်ကြုံခဲ ကျွန်မ တွေ့ထားပါတယ်။ သည်အကြောင်းရပ်က အင်းဝခေတ်မှာ လယ်ပြင်ရွှေကျောင်း ပဌမဗိန္ဒာရာမဆရာတော်နဲ့ တကာတော် စနေမင်း (မြန်မာသက္ကရာဇ် ၁၀၆၀-၁၀၇၆)တို့ မေးလျှောက်ဖြေကြားခဲ့တဲ့ စာတော်တွေမို့ ရှားပါးစာမူ ဖြစ်ပါတယ်။

## နိုင်ငံအုပ်ချုပ်ရန် နည်းပေးချက်

သည်စာကို စာဖတ်သူများပါ ကျွန်မနဲ့အတူတူ မျှဝေလေ့လာကြရအောင် စေတနာပေါက်လာတာပါ။ ဒါကြောင့် လွန်ခဲ့တဲ့ နှစ်ပေါင်း (၃၀၀) လောက်က မြန်မာစာအရေးအသားအသုံးအနှုန်းတွေကို မှတ်သားနိုင်ကြဖို့ သတ်ပုံသတ်ညွှန်း မူရင်းအတိုင်း အပြည့်အစုံ တင်ပြလိုက်ပါတယ်။

### ရဟန်းတော်က ပြည့်ရှင်မင်းအား နိုင်ငံ အုပ်ချုပ်ရန် နည်းပေးချက်

အင်းဝတွင် သက္ကရာဇ် ၁၀၆၀ ပြည့်နှစ်က နန်းတက်တော်မူသော ဟံသာဝတီရောက်မင်း၏ ဘိုးတော်စနေမင်းလက်ထက်၊ "လက်သင့်ရာစားတော်ခေါ်" မလျှော်သော မှုးမတ်အရာရှိတို့ကို ခန့်ထားမိ၍ အဂတိလိုက်စားမတရားသော စီမံခြင်းတို့ကြောင့်၊ အင်းဝပြည်အလုံး ရုန်းရင်းဆန်ခတ် ဖျက်လုမတတ်ရှိရာတွင် ဘုရင်မင်းမြတ် ဆည်းကပ်ကိုးကွယ်သော ဆရာတော် သင်္ဃာတော်တို့က တိုင်းရေးပြည်မှုတွင် ပါဝင်ဆောင်ရွက်သောအားဖြင့်၊ ရေးသား ပို့တော်မူကြသည့် သွင်းစာများကို ဘော်ပြပါအံ့၊

ရေမြေရှင် လျှောက်သည် ဆရာတော်၊

မဟာသမတမင်းမြတ်တို့မှစ၍ ထီးစဉ်နန်းဆက်

ထီးဆောင်းနန်းနေ အစိုးရသော မင်းတို့လက်ထက်အတွင်း ပြင်သနာပတိဝန်စုရ စုမရမြို့စားကျေးစားတို့မှစ၍ အရာသို့တက်၍ ရေမြေရှင်အမှုကို ခန့်ထားစီရင်ရသူတို့သည် နိမ့်သောအကြောင်းနှင့် အရာမရှိ ငယ်သားတို့သည်းခံ၍ ဆောင်ရွက်ရသည့်အရာများသည် ရှေးအစဉ် စကားစီရင်နိုး မဟုတ်ဘဲ၊ မင်း အခွင့်ရသူတို့ စိတ်ကြိုက်စီရင်၍ အမှုတော်ခပြေသော်ငြား၊ မပြေသော်ငြား၊ အစဉ်ထုံးစံ ဥပဒေ၊ သက်သေသာဓကမရှိဘဲပင် ခံရလေသည်။ ခံရသော်လည်း ခံရသူတို့မှာကား ပုံစံထုံးရာဇဝင် အစီရင်မှုတို့ကို တတ်သိလိမ္မာသည်။ စီရင်ခွင့်ရသူတို့ကား၊ အလုံးစုံကို မသိ၍ ပေါက်ဆိန်ပေါက် အသွားကျမိရာ ထင်းခွဲသကဲ့သို့သာဖြစ်၍ စီရင်ရသူတို့သဘောကို ခံရသူတို့သိရ၍ အသွမ်းသွေးသော စိတ်နှင့်နှလုံးက ရယ်အောင် ဖြစ်လေသော အရာများရှိသည်။ ထိုသို့ နှလုံးရှိသောအရာသည် တိုင်းမှုပြည်ရေးပင် ခက်ခဲ၍ ရန်ဆူးရန်ငြောင့် အနှောင့်အယှက်များသည်၊ စီရင်နိုးအစဉ်ကို သိသာအောင် ကျမ်းဂန်ကြည့်၍ မိန့်တော်မူပါ ဆရာတော်။ ။ ဟူ၍ ဘုရင်မင်းမြတ်က သပြေလုစားကြာပန်းညိုစားတို့ကို စေတော်မူ၍ လျှောက်ထားရာတွင်၊

လယ်ပြင်ရွှေကျောင်း ပဋ္ဌမဇိနာရာမ ဆရာတော် သွင်းစာ။

ကြားလိုက်သည်ကား၊ ဘေးတော် အရိပ်အရာတော် ဖြစ်သော သံလျက်ကျွန်းထိပ်တွင် ဘိသိက်ခံတော်မူ၍ တိုင်းမှုပြည်ရေးတို့ကို စီရင်တော်မူသည်၊ ရှေးအင်းဝတွင် မိမိလာပြည်ဖြစ်၍ တို့ဘုရားအလောင်းနေမိမင်းကြီးစသော သာဂရမင်းတို့သည် စိုးအုပ်စံနေသောအခါ ရှစ်-သောင်းလေးထောင်သော မင်းတို့သည် ဥကင်ဘွင့်ကုန်သည့် ဘိသိက်ခံကုန်သည့် မဆိတ်မတိတ်သော မြို့နန်းရာဖြစ်သည်။ ရေမြေရှင်လက်ထက် မတော်နုတ်လက် ခိုးဝှက်လှည့်ဖြား လျှပ်စားစားကို တရားကျင့်နိုးအလိုက် စိစစ်သော

ပြည်စိုးမြို့ကွပ် ဆော်ကြပ်ထောက်ပင့် သင့်ခိုင်မှုကြီး ကျေးသီးမြို့စား အစရှိသော အမတ်ရာတည်းဟူသော အမစ္စဗလနှင့် ပြည့်စုံတော်မူစေကြောင်း၊ မုတ္တာ မုတ္တ အမုတ္တ ဟု စသည် လေးပါးလက်နက်များနှင့် မှတ်သား မင်းလျှာ တတ်စရာသော လွှားကာသံလျက် ပစ်စက်များခြင်း။ ဆဲ့နှစ် ကွင်းတွင် ဆင်မြင်း ကြန်မျိုး စီးရိုးနင်းနည်း။ ချုပ်တည်း ထိုင်ရပ် လျှပ်သားပညာ ဗိသုကာမှုရေးထုမကျန်။ တတ်ပွန် ကိစ္စ ဌာရသတို့ကို သိလိမ္မာစေကြောင်း အတွင်းအပြင် မှုမတ်သေနာပတိတို့နှင့် ဝန်စုဝန်နက် စသော အရာသို့ တက်၍ စီရင်ခန့်ထားရသူတို့သည် မိမိတို့ ပညာကား ဖွဲ့ပြာ မီးသွေးနှင့်အတူ ဖြစ်သည်ကို ဖုံးဘိဝှက်ကဲ့၍ တကဲ့ ဟန် တတ်သိသော လက္ခဏာနှင့် စီရင်ခန့်ထားသမျှတို့ကို ဆောင်သမျှမှာ တတ်သိလိမ္မာ၍ မင်း ၂ ဆက် ၃ ဆက်တို့ လက်ထက် အဝတွင်နေ၍ အလုံးစုံမျိုးတို့ကို သိသာသူတို့ ရယ်စရာ၊ အသွမ်းသွေးစရာ အမှုတို့သည် နေ့တိုင်းပင်။ စီရင်တိုင်းပင်ဖြစ်ရချေသည့်အရာများလည်း ပြည်ကြီးဝန်ကို ဆောင်သော အစိုးရသော မင်းမြတ်တို့ အတင့် အသရေ မရှိဖြစ်တော့သည်။ ။ အရာသို့တင်၍ အရှင်ခန့်ထား လျှင် အဌာရသကို လုံ့လပြု၍ စီရင်မှသင့်မည်။ ကြေးငွေ ကိုမက်၍ ပေါက်ဆိန်ပေါက်စီရင်သမျှသည် အပါယ်လေးပါး မှ မလွတ်နိုင်ချေ။ ရေမြေရှင်တိုင်အောင် လူ့ပိတုန်း တောင် သူတောင်လာတို့ကို ခန့်မှားမိချေသောကြောင့်၊ အသရေ တော်လည်းမရှိ။ ပြည်ကြီးကြက်သရေလည်း ညှဲ့ချေသည်။ ခန့်ထားတော်မူသင့်သည်ကား တောင်ငူသူကောင်းစု သားမြေး။

ရာဇမုဏိ စူဠ ဒါယကာလက်ထက်တော် ဝန်ပြု ၍ စီရင်သည့် သီရိမဟာခမ္မ၊ သီရိဥဂ္ဂါခမ္မ၊ သီရိဥဂ္ဂါသေန တို့အထက် မဟာနန္ဒကျော်ထင် မဟာနန္ဒစည်သူ သီရိ- ဇေယျကျော်သူတို့ သားမြေးမြစ်တို့ကို ရွေးကောက်တော်မူ

၍ ခန့်ထားလျှင် တိုင်းရေးပြည်မှု ငြိမ်ဝပ်ချမ်းသာမည်။
မဟာဓမ္မရာဇ်တရား မင်းမြတ်။ ။
လယ်ပြင် ရွှေကျောင်း ပဋ္ဌမဇီနာရာမ ဆရာတော်သွင်းစာ ပြီး၏။

ကျမ်းကိုး။ ။ ၁၉၁၉ ခု၊ ဖေဖော်ဝါရီလထုတ် သူရိယမဂ္ဂဇင်း။

၁၉၉၇၊ ဇန်နဝါရီလ၊ မိုးကျာနယ်။

❑ ❑ ❑

## ရွက်အုပ်သီး စရိုးသွားမှတ်တမ်းတစ်စောင်

အခုတင်ပြမယ့် သည်မှတ်တမ်းလက်ကြီးက တွေ့နေကျ မှတ်တမ်းတွေနဲ့မတူ၊ တစ်မူထူးခြားတဲ့စာ ဖြစ်ပါတယ်။ ဘာတွေ ထူးခြားသလဲဆိုရင် ထူးခြားတာ သုံးချက် ရှိပါတယ်. . .

ကျွန်မတို့ မြန်မာစာပေသမိုင်းမှာ စကားပြေစာသားရယ်၊ ကာရန်နဲ့ ဖွဲ့ထားတဲ့ လင်္ကာသွားရယ်လို့ နှစ်မျိုးနှစ်စား ခွဲခြားရေးခဲ့ကြပါတယ်။ စကားပြေရေးဟန်က အစဦးဆုံး ဖြစ်ထွန်းလာပြီးနောက် တဖြည်းဖြည်းနဲ့ ရှေးမြန်မာကြီးတွေဟာ ထွင်ညာဏ်ကွန့်ပြီး ရွတ်လို့ကောင်း၊ ဖတ်လို့ကောင်းတဲ့ နားဝင်မှာ ချောတဲ့ လင်္ကာသဘောစာသားအထိ တိုးတက်ဖွဲ့ဆိုခဲ့ကြတာ ဖြစ်ပါတယ်။ အခုလို ကာရန်နဘောတွေသုံးပြီး အနည်းနည်းအဖုံဖုံ စာပေစုံ အသစ်အဆန်းတွေ တစ်သန့်စီ၊ တစ်ကန့်စီ ဖြာထွက်လာလိုက်တာ အမျိုးပေါင်း မနည်းပါဘူး။

ရှေးဦးအကျဆုံး လင်္ကာသွားရယ်လို့ ပညာရှင်အများ လက်ခံထားကြတဲ့ "သိုးကလေး၊ ပုပ္ပါးနတ်တောင်၊ အခေါင်မြင့်ဖျား၊ စုံတောပြားနှိုက်၊ နံ့ရှားကြိုင်

လွင့်၊ ခါတန်သင့်သည်၊ ရွှေနှင့်ယိုးမှား ပန်းစံကား"ဆိုတဲ့ ပုပ္ပါးတောင်ဘွဲ့မှစလို့ တောဘွဲ့၊ တောလား၊ ရေလား၊ ပျို့၊ ရတု၊ ရကန်၊ အဲချင်း၊ အိုင်ချင်း၊ တာချင်း၊ ဒွေးချိုး၊ လေးချိုး၊ တေးထပ်၊ ဘောလယ်တိုင်အောင် အမယ်ပေါင်း စုံလှပါတယ်။ ဒါဟာ လတ်တလော ပြောရတာပါ။ ချက်ချင်း သတိမရလို့ မပြောလိုက်နိုင်တဲ့ အဖွဲ့ပုံစံတွေ အတော်ကျန်ရှိဦးမှာ မုချပါ။

ဆိုခဲ့တဲ့ စာပေပုံစံ အမျိုးမျိုးမှာ ခရီးသွားမှတ်တမ်းစာဆိုတာ မပါသေးပါဘူး။ ကျန်နေသေးပါတယ်။ သူကလည်း စာပေသမိုင်းကာလရှည်တာနဲ့နှိုင်းစာရင် ပေါ်ထွက်သင့်သလောက် အရေအတွက်အထိ မပေါ်ထွက်ဘူးလို့ ထင်မိပါတယ်။ ဒါကတော့ ကျွန်မ အထင်သက်သက်ပါပဲ။ ခရီးသွားစာပေရေးသူများက ရေးခဲ့ပေမယ့် အကြောင်းကြောင်းကြောင့် ပြည်သူ့ရှေ့မှောက်မရောက်လိုက်ရဘဲ ပျောက်ကွယ်သွားရတဲ့ ခရီးသွားမှတ်တမ်းတွေ ကျန်ရှိနိုင်ပါသေးတယ်။

သည်လို မှတ်တမ်းစာမျိုးကို စကားပြေနဲ့လည်း ရေးတယ်။ လင်္ကာသွားနဲ့လည်း ရေးတယ်။ နောက်ပြီး ပြည်တွင်းခရီးသွားမှတ်တမ်း၊ နိုင်ငံခြားသွားမှတ်တမ်းရယ်လို့ နှစ်မျိုး ရှိပြန်တယ်။ ဒါတွေကို ခြေရာကောက်ကြည့်မယ်ဆိုရင် ကျောက်စာ၊ ပေစာမှစလို့ ပုံနှိပ်စာအုပ်အထိ သူ့ခေတ်နဲ့သူ အသင့်ရှိနေတဲ့ ရေးစရာပစ္စည်း အမျိုးမျိုးပေါ်မှာ ရေးခဲ့ကြတာ တွေ့ရပါတယ်။ ကျွန်မတို့ ဘိုးဘေးဘီဘင်ကြီးတွေဟာ အက္ခရာစာကို ကျောက်သားပြင်မှာ ထွင်းပြီးရေးတယ်။ ပေရွက်ပေါ်မှာ ကညစ်နဲ့ခြစ်ပြီးရေးတယ်။ ပုရပိုဒ်ပေါ်မှာ ကန့်ကူဆန်နဲ့ ရေးတယ်။ စာထုပ်ကြိုးပြားပေါ်မှာ စာလုံးဖော်ရက်ပြီးရေးတယ်။ သည်လို ထွင်းတန်ထွင်း၊ ခြစ်တန်တာခြစ်ပြီး စာဖြစ်အောင် လုံ့လထုတ်ရေးခဲ့ကြလို့ စာပေယဉ်ကျေးမှုမှာ မြန်မာတွေ မျက်နှာပန်းလှခဲ့ကြတဲ့အတွက် ဘိုးဘေး ရှေးမြန်မာကြီးများ ကျေးဇူးတရားကို မမေ့အပ်ပါဘူး။ ဒါကတော့ စကားညှပ် ဆိုပါစို့။

ရှေ့ကဆိုခဲ့တဲ့ နိုင်ငံခြားခရီးသွားမှတ်တမ်းကို ကျောက်ထက်အက္ခရာကျောက်စာဖြင့် ရေးထိုးခဲ့တဲ့ပုဂ္ဂိုလ်ကတော့ ပုဂံခေတ် နရသီဟပတေ့မင်းလက်ထက်က အသျှင်ဒိသာပါမောက္ခမထေရ် ဖြစ်ပါတယ်။ မြန်မာသက္ကရာဇ် ၆၄၇ ခုနှစ် (ခရစ်နှစ် ၁၂၈၅)မှာ မြန်မာမင်းရဲ့ ငြိမ်းချမ်းရေးသံတမန်အဖြစ် ရှေးတုန်းက စိန့်တိုင်းခေါ်တဲ့ တရုတ်ပြည်၊ ရှေးကတယ်တူ၊ သည့်နောက် ပီကင်း၊ အခု ဘီဂျင် ခေါ်တဲ့ ကူဘလိုင်ခန် မင်းကြီးရှေ့မှောက်အထိ သွားရောက်တော်မူခဲ့တဲ့ ရဟန်းတော်ပါပဲ။ သည်ဆရာတော်က အသွားအပြန်ခရီးစဉ်နဲ့တကွ

ငြိမ်းချမ်းရေးအောင်မြင်မှုရခဲ့တာတွေကို အပြည့်အစုံကျောက်စာရေးထိုးခဲ့တဲ့ အတွက် ဒါဟာ ရှေးဦးအကျဆုံး စကားပြေနဲ့ရေးထားတဲ့ နိုင်ငံခြားသွားမှတ်တမ်း လို့ ဆိုရပါမယ်။ နှစ်ပေါင်း ၇၀၀ ကျော်ခဲ့ပေ့။

နောက် အသျှင်မဟာရဋ္ဌသာရ ရေးဖွဲ့တော်မူခဲ့တဲ့ စက်တော်ရာသွား ခရီးစဉ် လင်္ကာကြီးကလည်း အခုဆို နှစ်ပေါင်း ၅၀၀ ကျော်ကြာမြင့်ခဲ့ပါပြီ။ ဒါကတော့ ပြည်တွင်း ခရီးသွားမှတ်တမ်းဖြစ်ပါတယ်။ နောက်ပြီး နိုင်ငံခြား ခရီး-သွား မှတ်တမ်းအနေနဲ့ ရှင်လူအများကြားမှာ ထင်ရှားပြီး ဖြစ်တာက သက္ကရာဇ် ၁၁၉၅ ခုနှစ် (ခရစ်နှစ် ၁၈၃၃) ဘကြီးတော်ဘုရား (စစ်ကိုင်းမင်း)လက်ထက်မှာ အိန္ဒိယနိုင်ငံ မြတ်ဘုရားပွင့်တော်မူရာ မဟာဗောဓိစေတီတော်ကြီးကို ပြုပြင် လှူဒါန်းရန် စေလွှတ်တဲ့ ဝန်ကြီးမဟာစည်သူ (ငယ်မည် ဦးရွှဲ)ရဲ့ ဘင်္ဂလားသွား မှတ်တမ်း ဖြစ်ပါတယ်။ စကားပြေနဲ့ ရေးထားတာပါ။

နောက် ရတနာပုံ မန္တလေးခေတ်မှာ ကင်းဝန်မင်းကြီး (ငယ်မည် ဦးကောင်း) ရေးဖွဲ့တဲ့ "လန်ဒန်သွားမှတ်တမ်း"နဲ့ "ပြည်သစ်ပြည်သွားမှတ်တမ်း" နှစ်စောင်အပြင် မြောင်လှမြို့စား သံတော်ကြီး "သီရိမဟာဇေယျသူ" ဘွဲ့ခံ (ငယ်မည် ဦးမြိမ့်)ရေးဖွဲ့တဲ့ "ပူတကေစပိန်အီတာလျံသွားမှတ်တမ်း" လင်္ကာများ၊ နောက် အင်္ဂလိပ်လက်အောက်ကျရောက်ပြီးတော့လည်း ပုသိမ် ဆရာတော် ဦးအာသံနဲ့ ရှေ့နေ ဦးပုတ်နီတို့ ရေးခဲ့တဲ့ မဇ္ဈိမဒေသဘုရားဖူး မှတ်တမ်းများ ရှိ ပါတယ်။ အခုပြောခဲ့တဲ့ မှတ်တမ်းတွေမှာ အသျှင်ဒိသာပါမောက္ခ ရေးထိုးခဲ့တဲ့ ကျောက်စာမှတ်တမ်းကလွဲရင် ကျန်တာတွေက သာသနာရေးဆိုင်ရာ မှတ်တမ်း တွေချည်းပါပဲ။ နောက်ပြီး လောကီရေးဆိုင်ရာမှာ သိပ္ပံမောင်ဝရေးတဲ့ "အောက်-စဖို့တက္ကသိုလ်မှတ်တမ်း"စလို့ မှတ်တမ်းတွေ အတော်များများ ရှိသေးပေမယ့် သည်နေရာမှာ မဖော်ပြတော့ပါ။ အများ သိကြပြီးဖြစ်တဲ့အပြင် သိပ်ကျယ်ဝန်း သွားမှာမို့ပါ။

အခုတင်ပြမယ့် သည်မှတ်တမ်းလင်္ကာကြီးက တွေ့နေကျ မှတ်တမ်း တွေနဲ့မတူ။ တစ်မူထူးခြားတဲ့စာ ဖြစ်ပါတယ်။ ဘာတွေထူးခြားသလဲဆိုရင် ထူးခြား တာ သုံးချက် ရှိပါတယ်။ ပထမအချက်က မြန်မာလူမျိုးစာပေ ပညာရှင်တွေချည်း (ရခိုင်ပြည်နယ်မှ စာဆိုအနည်းမှလွဲရင်)ရေးဖွဲ့နေကြတဲ့ ခေတ်ကာလမှာ သည် မှတ်တမ်းရှင်ကတော့ အစ္စလာမ်ဘာသာဝင် မူဆလင်လူမျိုး ဖြစ်နေပါတယ်။ ဒုတိယအချက်က ဘုရင်က တာဝန်တစ်ခုနဲ့ စေလွှတ်ခဲ့ရတဲ့ မင်းမှုထမ်းထဲက

မဟုတ်ဘဲ သာမန်ကုန်သည်ကြီးအနေနဲ့ ဘင်္ဂလားကို ကုန်သွယ်သွားရင်း ရေးဖွဲ့ခဲ့တာ ဖြစ်နေပါတယ်။ တတိယအချက်ကတော့ နိုင်ငံခြားခရီးသွားမှတ်တမ်းလက်ာတွေထဲမှာ ရှေးဦးအကျဆုံး မှတ်တမ်းလက်ာကြီး ဖြစ်နေတာတွေပါပဲ။

ဒါတွေဟာ မှတ်တမ်းရှင်ရဲ့ ရပ်တည်မှုဘဝ၊ ရေးဖွဲ့တဲ့ကာလ စတာတွေမှာ သူ့ခေတ်နဲ့ သူ ထူးခြားမနေပါလား။

မှတ်တမ်းရှင်ဟာ မူဆလင်တစ်ဦးဖြစ်ပေမယ့် ဘိုးတော်ဘုရား လက်ထက်တော် မင်းနေပြည် အမရပူရမှာ အမြဲအခြေချနေထိုင်တဲ့ မြန်မာပြည်ပေါက်ဖြစ်ပြီး သူ့အမည်က ဦးနု ပါတဲ့။ ဆိုခဲ့သလို ဘင်္ဂလားအရောက် ကုန်သွယ်သွားတယ်ဆိုတော့ သူ့လုပ်ငန်းပမာဏ အတော်ကြီးတယ်လို့ ခန့်မှန်းရပါတယ်။ ရေးဖွဲ့ထားတဲ့ နိုင်ငံခြား ခရီးသွားမှတ်တမ်း လက်ာက နည်းနည်းနောနော မဟုတ်ပါဘူး။ နေအိမ်မှ စထွက်ကတည်းက ပြန်ရောက်သည်အထိ ခရီးစဉ် လက်ာ ၅၅ပိုဒ်တောင် ရှိတယ်။ သည့်လောက် အရှည်ကြီးအများကြီးဆိုတော့ သည်နေရာမှာ အစအဆုံး ထည့်လို့မဆံ့ဘူးပေါ့။ သည်တော့ အရေးပါအရာရောက်တဲ့ အချက်အလက်တွေလောက်သာ ရွေးကောက်ထုတ်နုတ်ပြီး သူ့စာကိုယ်နဲ့ သူ့အမြင်ယှဉ်တွဲပြီး တစ်ပုဒ်ချင်း တင်ပြပါမယ်။

သူသွားတာက အမရပူရမြို့တော်မှာ ဘိုးတော်ဘုရား (ဗဒုံမင်း) လက်ထက်တော်က ဖြစ်ပါတယ်။ ဝန်ကြီး မဟာစည်သူ (ဦးရွှဲ)ရဲ့ ဘင်္ဂလားသွား မှတ်တမ်းထက် နှစ်ပေါင်း ၃၀ ကျော်လောက် ရှေးဦးကျပါတယ်။ အမရပူရမြို့မှ ပါဒိုင်းစေတုတ္တရာလမ်း ရခိုင်ပြည်နယ်ကိုဖြတ်ပြီး ကုန်းတစ်တန် ရေတစ်တန်သွားရတဲ့ ခရီးရှည်ကြီးပေါ့။ အသွားအပြန် ခရီးစဉ်ကို မျက်စေ့ရှင်ရှင် အမြင်ထူးထူးနဲ့ ထောင့်စုံအောင် စေ့စေ့စပ်စပ် မှတ်တမ်းတင်ထားတာ တွေ့ရပါတယ်။

အစပိုင်း အပိုဒ်(၈)အထိကတော့ အဲသည်ခေတ်က အများရေးသားနေကျ မူတိုင်း နိုင်ငံဥဿျောင် ပြည့်ရှင်မင်း အပေါင်းကို ကောင်းချီး ဩဘာထောပနာပြုထားတာတွေပါ။ ရာဇဝင်အစ ဒွတ္တပေါင်မင်းကစပြီး ပုဂံခေတ်မှ လက်ရှိတည်ဆဲ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားတိုင်အောင် အချုပ်ကို ဖော်ပြပြီး အလေးအမြတ်ပြုထားတာ တွေ့ရပါတယ်။ ဒါကြောင့် ရာဇဝင်တွေမှာ ပါပြီးအကြောင်းရပ်တွေ ချန်လှပ်ပြီး သူ စတင်ခရီးထွက်တဲ့နေ့အကြောင်း မှတ်တမ်းတင်ထားတာကို ပထမ ဖော်ပြပါ့မယ်။ ဦးနုရဲ့ စာအရည်အချင်း အတိမ်အနက်ကို လေ့လာသူများ ချင့်တွက်ကြပါတော့။

အပိုဒ်-၉ ။ ။ ချိကြ ဗိုလ်လူ၊ ဖဲ့ကြမ္မသည်၊ ပြည်သူသာယာ၊ ဝပြော စွာရှင့်၊ ရွှေးခါသော်ကား၊ ကုလားပြည်ရွာ၊ သွားလာတသီး၊ သဘော်စီးက၊ ရေပ် ပါရ၏၊ ခုမှမြန်သော်၊ ရွှေဘုန်းတော်ကြောင့်၊ တောင်ကျော်ပြီး၍ လှေစီးကာမျှ၊ ရော့လွယ်စဟု၊ သွားကြကုန်သွယ်၊ ရက်ကန်းရှယ်သို့ ရောင်းဝယ်ဖျော်မှု၊ တို့တစ်စု လည်း၊ ဇမ္ဗူသခင်၊ အရှင်စံရာ၊ ရွှေပြည်သာက၊ ထောင့်တစ်ရာခြော်ဆယ်၊ စွန်း ဝယ်ခုနစ်၊ ဆန်းသစ်နတ်တော်၊ ဆယ်ရက်ပေါ်၍ နေ့မူစနေ၊ ချိန်ပေမွန်းစောင်း၊ လှေလျှင်လောင်းနှင့်၊ ရေကြောင်းစုန်က၊ ထိုခနဲ့၊ ရော်ကြစကိုင်း၊ မြို့ပေါင်းပြိုင်း သည်၊ ဆိုင်းထထိုဝယ် တညတည်း။

ရွှေ့ဆိုတဲ့အတိုင်း သက္ကရာဇ် ၁၁၆၇ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက် နေ့က စထွက်လာလိုက်တာ နတ်တော်လပြည့်ကျော် ၁၁ ရက်နေ့မှာ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့ကို ရောက်ပါတယ်။ ရမ်းဗြဲမှာ လှေကြီးတစ်စင်းဝယ်ပြီး ဒီရေ အတက် အကျအလိုက် တစ်ချောင်းဝင်၊ တစ်ချောင်းထွက်ပြီး ပင်လယ် ဖြတ်သန်း ခရီး ကြမ်းနှင့်လိုက်တော့ နေအိမ်ကထွက်လို့ ၄၅ ရက်အကြာမှာမှ သွားလိုရာ ဘင်္ဂလား ဆိပ်ကမ်းကို ရောက်ပါတယ်။ သည်ခရီးစဉ်မှာတော့ သွားလာမှုအဆင်ပြေတာ လည်းရှိ မပြေတာလည်း ရှိ။ ဒါကြောင့် စိတ်ပူလိုက်ရတစ်ခါ၊ စိတ်အေးချည် တစ်လှည့် ဖြစ်ရပုံတွေ၊ စခန်းသင့်ရာ ချရပ်နားနေကြပုံတွေ၊ တစ်ခါတစ်ရံ ထင်း ခွေ ဆင်းကြရတာကလည်း ရှိချေသေး။ နာမည်ကျော် ရှင်မဖြူမကျွန်းတို့၊ ပန်းဝါ ချောင်းတို့ ဖြတ်သန်းခဲ့ပုံတွေ၊ အသေးစိတ် ချယ်မှုန်းရေးခဲ့ပါတယ်။ သည့်အပြင် မှာ သူကိုယ်တိုင်က ၁၂ ရာသီ ဗြိုဟ်သွားဗြိုဟ်လာ၊ နက္ခတ်တာရာ လှည့်ပတ်ပုံ တွေလည်း တွက်ချက်တတ်သေးတယ်။ ပန်းဝါချောင်းကျော်ခဲ့ပြီး အဲသည်နှစ် ပြာသလိုလအတွင်း လကြတ်တော့မယ်-တဲ့။ သည်စကားကို "ထိုခါလှည့်ပတ်၊ လပြသ်သည်၊ ရန်နတ်နီးပြန်ခဲ့သတည်း" လို့ ရေးသွားတယ်လေ။ တကယ်ပဲ သူပြောတဲ့ရက်မှာ လကြတ်တာကို ကြုံရပါတယ်တဲ့။ ဒါတွေ စုံလင်အောင် အပိုဒ် (၁၀)မှ(၃၁)အထိ စာဖွဲ့သွားပါတယ်။

အခု အဲသည်ခေတ်က ဘင်္ဂလားမှာ ရွှေဒင်္ဂါးပြားကစလို့ ကြေးစေ့အထိ သုံးစွဲနေကြတာကိုလည်း မလွတ်တမ်း စာပြုခဲ့ပါသေးတယ်။ အခုနေ ပြန်ကြည့် ရင် သူတို့ခေတ်က သူတို့ခေတ်ငွေကြေး ဘယ်လိုသုံးကြတယ်ဆိုတာ သိနိုင်တဲ့ ခိုင်ခိုင်လုံလုံ မှတ်တမ်းတစ်စောင်မို့ အရေးပါလှပါတယ်။ လေ့လာကြပါဦးစို့။

အပိုဒ် (၃၂) ။ ။ ကုလားပြည်ရွာအလွန်သာ၏။ သွားလာကြလျှင်

ယာဉ်ရှင်ရထား၊ ကူမြီများ၍၊ ရှောင်ရှားခုခု၊ လှုလှျှင်ပြုကြ၊ သုံးကြ သည့်မှာ၊ သစ်ကာဒင်္ဂါး၊ ငွေတစ်ပြားလျှင်၊ ချိန်ကား ခုနစ်၊ မူးစင်စစ်မှန်၊ ရွှေဆိုပြန်တ၊ ချိန်ရသုံးမတ်၊ သုံးလတ်ကြေးနီ၊ အညီအညွတ်၊ မှတ်လော့မခြား၊ ငွေဒင်္ဂါးနှင့်၊ ချိန်ပြားမှန်စွာ၊ အကွရာရေးသား၊ ဒင်္ဂါးရွှေငွေ၊ တဲထွေကြေးနီ၊ ဒေဘီပြည်ကြီး၊ ရွှေထီးရွှေနန်း၊ သိမ်းမြန်းအုပ်စိုး၊ မင်းရိုးမှန်ခြင်း၊ ပသီမင်း၏ မည်ရင်းနာမ၊ ခတ်လုပ်ရရှင့်၊ သုံးသပ်ကြသည်ပင်၊ ရွှေလျှင်တပြား၊ ငွေကား ဆဲ့ခြောက်၊ ထို့နောက်ဆိုငြား၊ ငွေဒင်္ဂါးဟု၊ တစ်ပြားရောင်းပြီး၊ ကြေးနီခြောက်ဆယ်၊ ဆိုဘွယ်တလ်၊ ကြေးနီတစ်ပြား၊ ကြွေကားတစ်ရာ၊ နှစ်ဆယ်သာ၏။ ထိုမြို့မှာပင်၊ ဝန်လျှင်လုပ်သူ၊ ကုလားဖြူသိုးဆောင်း၊ မကောင်းကြံစိတ်၊ အင်္ဂလိပ်တည်း၊ မဆိတ်ရှေးက၊ မြစ်ရင်းစမှာ၊ မှတ်သူဇာစား၊ စော်ဘွားနာမ၊ သရာဇဒေါင်လာ၊ ထိုမင်းမှာလျှင်၊ များစွာလက်ဆောင်၊ ပေးပြီးနောင်မှ၊ မြေလျှင်ရသည်။ တည်ကြခံမြို့အသီးတည်း။

အထက်မှာ ဦးနုအဆိုအရ ကုလားပြည်မှာ တိုင်းရင်းသား စော်ဘွား ခန့်ထားပေးတာ မှန်ပေမယ့် မြို့တော်ဝန် အင်္ဂလိပ်လက်အောက်ခံဘဝ ဖြစ်နေတာကို သူ မြင်တွေ့နေပြီလေ။ ဒါတွေကို ဦးနုက မနှစ်မြို့စွာဘဲ မှတ်သားခဲ့ပါတယ်။ တကယ်ကတော့ သူဟာ မူဆလင်ဖြစ်နေပေမယ့် မြန်မာရေသောက်ပြီး မြန်မာပြည်မှာ ကြီးပြင်းခဲ့သူပေကိုး။ နောက်ပြီး သူ့ခေတ်မှာက မြန်မာပြည် တစ်ဝန်းလုံး မျိုးခြားမင်းလက်အောက် မြေတစ်ဖဲ့မှ မရောက်သေးတဲ့ကာလ ဖြစ်လေတော့ သူ့ကျွန်ဘဝအခြေအနေကို သူ မသိရသေးဘူးလေ။

ကိုယ့်ထီး ကိုယ့်နန်းနဲ့ လွတ်လပ်တဲ့ မြန်မာပြည်ပေါက် မြန်မာတို့ အလေ့အထ၊ အနေအထိုင်တွေနဲ့ ရင်းနှီးကျွမ်းဝင်ပြီးသူ ဦးနုတစ်ယောက် ဘင်္ဂလား ကုန်သွယ်ရောက်ကာမှ အင်္ဂလိပ် လက်အောက်ခံတိုင်းရင်းသားတွေရဲ့ဘဝကို အရင်းအတိုင်း တွေ့ရတော့တာကိုး။ ကုလားပြည်မှာ အခင်းအကျင်း အပြင်ပန်း လှပေမယ့် သူ့ကျွန်ဘဝ အနှစ်သာရမရှိပုံကို ကိုယ်တွေ့ကြုံရပြီလေ။ သည်လို ဆိုတော့ သူ မနှစ်မြို့နိုင်တာ၊ မနေချင်တာတွေလည်း ချန်မထားပါဘူး။ သူ ခံစားရတဲ့အတိုင်း ဆက်လက် မှတ်တမ်းတင်ထားတာကိုလည်း ရှေ့ဆက် ဖတ်ကြရအောင်။

အပိုဒ် (၃၃)။ ။ ခံမြို့ပြီးပြီ၊ မတည်မီက၊ အညီအညွတ်၊ မပြတ်နှီး-ဆော်၊ နှစ်သော်အခွန်၊ ဆက်မြဲမှန်၏။ အကြံထွေပြား၊ ရွှေ့ရွှေ့ပွားး၍၊ ကျေးများ

လူသူ၊ ငှားတူထောင်လျက်၊ လက်နက်ကိရိယာ၊ စုံကာသူတို့၊ ညောင်ပင်သို့လျှင်၊ သာစွရှင်ကို၊ မျှောလျှင်လိုက်တည်း၊ ထုံးပန်းနည်းဖြင့် ကြံစည်လည်းနှောင့်၊ မစောင့်သစ္စာ၊ ထိုမင်းမှာလျှင် မြဲပင်မပြတ်၊ ခဝပ်တသီး၊ အမတ်ကြီးကို၊ ပူးပြီးတုံလျှင်၊ ဖျက်ကြောင်းဆင်၍၊ ယခင်ထိုက၊ ယခုကျအောင်၊ နှစ်ဆဆက်သော်၊ ခြောက်ဆယ်ကျော်ပြီ၊ သူမှသီဖျက်၊ သိုးဆောင်းလက်မှာ၊ ထိုမြို့ရွာလျှင်၊ ရှိပါရသည်၊ မူနိဝတ်စား၊ သွားလာထိုင်နေ၊ ဣန္ဒြေမရှိ ရိုင်းပါဘိခြင်း၊ သူမင်းငါမင်း၊ ချင်းလည်းလာက၊ ယာဉ်စီးရ၏။ သောက်ကြသေစာ၊ ယစ်ဝစွာဖြင့်၊ မကျင့်တရား၊ အပူများစွ၊ ကုလားတို့ရပ်မနေအပ်ပါ၊ ဒီပါတောင်ကျွန်း၊ သောင်းတိုက်ခန်း၌၊ နိုင်းထိုက်စရာ၊ ရှာသော်မရ သာမောလှခဲ့၊ ပူရအောင်ခန်း၊ ရွှေပြည်နန်းနှင့်၊ ကွဲလမ်းဝေးလံ၊ ပုံစံမရ ပမာဏသည်၊ ဝေးစွမိုးနှင့်၊ မြေသို့တည်း။ ။

သူ့စာအာဘော်အရ ဘင်္ဂလားမှာ အင်္ဂလိပ်နယ်ချဲ့စနစ်ရဲ့ နှစ်သက်စရာ မရှိ၊ စိတ်ပျက်ဖွယ်အတိပုံတွေကို တွေ့ကြုံခံစားရလေလေ မြန်မာမင်းဘိုးတော်ဘုရား နေပြည်တော်မှာ စီးပွားရှာမှု၊ လူနေမှု စလို့ သာသာရေး လွတ်လပ်ခွင့်ပြုထားတာတွေကို တစိမ့်စိမ့်ကျေးဇူးတင်မိလေလေ၊ ခံစားမိပုံရပါတယ်။ သည်သဘောကို အရှင်းသားအထင်းသား ရေးထားတာမဟုတ်လား။ ဘိုးတော်ဘုရားကိုယ်တိုင်က ဘာသာရေးမှာ အများကြီး လွတ်လပ်ခွင့်ပေးထားတာကလည်း အမှန်ပါပဲ။ ဒါကြောင့်လည်း အခုရှေ့မှာ ဖော်ပြမယ့် သူ့စာမှာ သူ့ဘာသာတရားကို လွတ်လပ်စွာ တင်ပြရေးထားနိုင်ပေတာပေါ့။ ရှေးအထက်ထက်ကတော့ မြန်မာစာပေ ဂန္ထဝင်မှာ ဘာသာမျိုးခြားသာသနာနဲ့စပ်လို့ ထည့်သွင်းရေးထားဖူးတာ မရှိခဲ့ဘူးထင်ပါတယ်။ အခု ဦးနုရဲ့မှတ်တမ်းမှာတော့ အစ္စလာမ်ဘာသာရေး အဆိုအမိန့်တွေ ထည့်သွင်းရေးဖွဲ့ထားတာ တွေ့ရပါတယ်။ သည်တစ်ချက်ကလည်း ထူးခြား မှတ်သားစရာပေပေါ့။ သည်လို သူ့ဘာသာရေးကို ရေးဖွဲ့ပေမယ့် မြန်မာတို့ ဗုဒ္ဓဘာသာတရားကိုလည်း လက်မလွှတ်ပါဘူး။ အယူဝါဒဖက်စပ်ရောရာ ရေးဖွဲ့သွားတာကို လေ့လာကြပါဦး။

အပိုင် (၃၉)။ ။ကြားပိမ့်ကြောင်းရာ၊ စေ့စေ့နာလော့၊ မှန်စွအဟုတ်၊ အကျွန်ုပ်သည်၊ မတည်ကောင်းကျင့်၊ မသင့်များစွာ၊ ယုတ်မာဗာလ၊ လောဘညွှတ်ကွင်း၊ တဏှာတွင်း၌၊ မြိုခြင်းပုံသော၊ မိလိုက်နေခဲ့၊ ကြီးထွေအထု၊ မကောင်းမှု

မှာ၊ တောင်ပမာသို့၊ ကျင့်ကာနေညာ၊ အစအဆုံး၊ အဖုံးအပြင်၊ စိတ်လျှင်နှုတ်က၊ ပြုသမျှမှု၊ ငရဲသူ့လမ်း၊ ဖြောင့်တန်းစင်းစင်း၊ တွင်းမကောင်းမှု၊ ယခုမြုပ်လျှော်၊ မတတ်နိုင်ပါ၊ ထိုဂိုနာကို၊ ရှင်သာကာယ်မ၊ ချမ်းသာရလိမ့်၊ မမနောင်မေ၊ အရှင်နေခါ၊ ကိုးရာမရ၊ နိရိယဘေး၊ လွတ်မည်ဝေးခဲ့၊ အရေးတကြောင်း၊ ကောင်းသည့်အမှု၊ ကျွန်ုပ်ပြုသည်၊ ယခုအမှန်၊ အိမ်သစ္စာ၊ အရှင်မှာသို့၊ သေချာယုံကြည်၊ စွဲသည်မုချ၊ သီလငါးကြိမ်၊ အိမ်နေတောသွား၊ ရပ်ခြားနီးဝေး၊ တောင်ကြည်းလေ့ပေါ်၊ မွေ့လျော်စိတ်ညွတ်၊ မပြတ်နိစ္စ၊ ဘတ်ထကိုရအံ၊ အမှန်ပင်သာ၊ ဒလာလွတ်ခိုင်ရပ်၊ မိုဟာမွဒ်ဂုဏ်၊ ယုံယုံကြည်ကြည်၊ ရွတ်မည်နေ့စဉ်၊ စိတ်လျှင်နှိမ့်ချ၊ ဤလုံ့လကြောင့်၊ သွားမှုနေရာ၊ ဘေးကာရန်ဆီး၊ ကြီးကြီးဥပါဒ်၊ မရော့်လတ်ပါ၊ သို့အရာတွင်၊ ဇရာဇာတိ၊ ဗျာတိမရဏ၊ မုချတရား၊ ဤလေးပါးကို၊ များလှသတ္တဝါ၊ မကင်းသာချေ၊ အနေတကျ၊ နိုင်စဉ်ကလျှင်၊ ဘုရားပညတ်၊ နှုတ်ကမွတ်ကို၊ မချွတ်မယွင်း၊ ဖြောင့်စင်းစင်းလျှင်၊ ညီရင်းလည်းပြု၊ ကောင်းသည့်မှု၌ ညီနေ တည်စေရာသတည်း။ ။

မှတ်တမ်းရှင် ဦးနုဟာ ဖော်ပြခဲ့သလို ဘာသာရေးနိုင်ငံရေးများမှာ သာမက နူညံ့သိမ်မွေ့တဲ့ နှလုံးသားရေးရာ အဆိုအဖွဲ့မှာလည်း ကျွမ်းကျင်သူ ဖြစ်ကြောင်း ဖော်ပြပါဦးမယ်။ ဘင်္ဂလားမှာ ကုန်သွယ်တဲ့ကိစ္စလည်း ပြီးပြီ၊ နေအိမ်က ခွာလာတာကလည်း ရက်ရှည်လညောင်း ရှိလာတာနဲ့အမျှ ကျန်ရစ်သူ ဇနီးသည်နဲ့ သားသမီးများ မျှော်နေကြရော့မယ်ဆိုတာ တွေးပြန်ပါတယ်။ အပြန်ခရီးမှာ လမ်းတစ်လျှောက်တွေ့ရတဲ့ ရာသီပန်းကလေးတွေ၊ တောတောင်ရှုခင်း ကလေးတွေကိုလည်း ကြည်နူးဆွတ်ပျံ့ ခံစားတတ်သေးတယ်။ နွေရတုမှာ မိုးမိုး ကလေးတွေမြင်ပြန်တော့ သူက မိုးနတ်သားကို တိုင်တည်လေဟန်၊ "နေပြည်-တော်ကို ပြန်မရောက်ခင်၊ မိုးနတ်သားရယ်၊ အခါမဟုတ်၊ မရွာလိုက်ပါနဲ့ဦး၊ အိမ်ပြန်ရောက်ပြီးမှ၊ ရွာချင်တိုင်းရွာပါ။ ကိုယ်ချင်းစာလို့ ညာပါဦး"ဆိုတဲ့ စာနုစာယဉ် ကလေးတွေကိုလည်း သိမ်သိမ်မွေ့မွေ့ ဖွဲ့တတ်တာကိုလည်း အကဲဖြတ်ကြပါဦးဗျို့။

အပိုဒ် (၄၉)။ ။ ခွေနှုန်းမြန်းကာ ညှိုးရပ်ဝါဖြင့်ဖျာပါပွားဆင့် ကြာနေသင့်သို့ မျှော်လင့်တမ်းမည် မြို့ရွှေပြည်က၊ မတည်မငြိမ်လွမ်းတာချိန်မျှ ရှိလိမ့်မယ့်မှာ ဓမ္မတာပင် ကျင်လည်သမျှ ဘုံကာမဋ္ဌ၊ ချစ်ကြသသူ၊ ကွာဝေးမှုတား၊

တာယူညွှတ်ပျောင်း ဆင်းရဲကြောင်းရှင့်၊ မုန်းတောင်းရန်သူ နီးပြန်မူလည်း မဖြူစိတ်၌၊ ဆင်းရဲထိုက်၏။ နွေဆိုက်ရောက်လာ၊ လမှာတန်ခူး၊ မိန်ကကျူး၍ ခါဦးမိသာ၊ သာစွတောင်တော၊ ရွှေရည်ရောသို့ ဥဩတွန်ဆော်၊ ကန့်ဂေါ်ရင်ခတ်၊ ပင်တိုင်းညွှတ်မျှ ပွင့်ဝတ်ဝေဝေ၊ တောင်လေဖြူးဖြူး၊ မင်းလွင်မြူးသည်၊ တန်ခူးမကုန်၊ မိုးပလွန်က၊ ရွာဟုန်ရိပ်ပြ၊ မြူးခုန်က၍၊ ညညတိုင်းလျှင်၊ ရီဆင်မှိန်းမှုန်၊ ခါဟုတ်တုံဘဲ ညိုမဲမည်းပြာ၊ လျှပ်ပန်းဖြာခဲ့၊ ဒေဝါမျာ့မှူး၊ မြင့်မိုရ်ဦးက၊ ကြည်နူးမေတ္တာထားသင့်ပါ၏။ မဟာအမရ မင်းပေါင်းခသည့်၊ ပူရဌာနီ၊ ရောက်ပြီသောအခါ၊ ရွာတိုင်းရွာလော့၊ ခုမှာသနား၊ မိုးနတ်သားသည်၊ မခြားကိုယ်နှင့် ညာကောင်း၏။

အထက်ကအတိုင်း မိုးနတ်သားထံ လှမ်းပြီး မေတ္တာရပ်ခံလိုက်တာ ဦးနု ဆုတောင်းပြည့်တယ်လို့ ဆိုရပါမယ်။ ဘာကြောင့်လည်းဆို၊ မိုးဦးမကျမီ နေပြည်တော် အမရပူရသို့ ချောချောမောမော ပြန်ရောက်ပါတယ်။ ကြိုနေတဲ့ ဇနီးသည်ရဲ့ မျက်နှာငွေလ ရွှင်ပပကိုလည်း မြင်ရပြီ။ သည်လိုပြန်ရောက်တဲ့ နေ့ရက်ကိုလည်း အတိအကျ မှတ်တမ်းတင်ထားတာ တွေ့ရပါတယ်။

အပိုဒ် (၅၅)။ ။ပြည်ကြီးရွှေဝ၊ ရွှေ့ရင်ကလည်း၊ ရွှကြစဘွယ်၊ မြစ်ငယ်ပတ်ရစ်၊ ကျူးပြန်လှစ်က၊ ကျွန်းဦးမှလျှင်၊ သပြေပင်နှင့်၊ မြောက်တွင်စပ်လျက်၊ ရွှေကြက်ယက်ခေါ်၊ အိုးထိန်းမော်တည်း၊ ရွှင်ပျော်စရာ၊ မြစ်လယ်မှာလည်း၊ သာစွကျွန်းကြီး၊ ပတ်ဆီးသဲသောင်း၊ မင်းဝံတောင်နှင့်၊ သာခေါင်ကြလွန်၊ နတ်ပြည်သာန်သို့၊ သဏ္ဌာန်ပမာ၊ ထောင့်တရာနှင့်၊ ကျော်ကာခြောက်ဆယ်၊ စွန်းဝယ်ရှစ်ခု၊ ဥတုမာသ၊ တန်ခူးလဟု၊ ပြည့်မှကျော်လျက်၊ ဆဲ့သုံးရက်ဇေ့၊ နေ့မှာအင်္ဂါ၊ ချိန်မှာမွန်းစောင်း၊ ဆိပ်ကောင်းရွှေမြ၊ ရော်ရပေက၊ မြင်ရအိမ်သူ၊ တို့တူမခြားသမီးသားက၊ ဆွေမျိုးစသည်၊ မာကြကျွန်းစွာ၊ တွေ့ရပါရှင့်၊ သည်ခါသော်မှ၊ ဘုရားကျေးဇူး၊ ကြီးလွန်ကျူးကို၊ အထူးဖြီးခိုင်၊ အံ့မနိုင်သည်၊ မပိုင်ဆပ်၍ မကုန်တည်း။ ။

ဦးနုရဲ့ ခရီးသွားမှတ်တမ်း(၅၅)ပိုဒ်က သည်မှာတင် ပြီးပါပြီ။ အပြီးသတ်မှာ လက်မှတ်ရေးထိုးတဲ့သဘောနဲ့ သူ့အမည်ကို သည်လို ဖော်ညွှန်းထားပါတယ်။

“ဤစာစပ်သူ၊ နာမဟူ လွယ်ကူ တွေးကြပါ၊ မကိုင်ငင်မှ၊ သဝေန၊ ချ၍ သေတ်ပါ၊ စကားပြောင်းပြန်၊ ထိုနာမံ၊ အကြံလွယ်လှပါ” လို့ ဆိုထားတာက အမှန်ကောက်လိုက်ရင် မုနောင်-မောင်နု၊ လို့ လက်မှတ်ထိုးတာကိုး။ သည်လို

စကားလုံး ပြောင်းပြန်သုံးစွဲတာကလည်း အဲသည်ကာလက ခေတ်စားနေသလား လို့ ထင်မိပါတယ်။ ဘာကြောင့်လည်းဆို သူ့နဲ့ ခေတ်ပြိုင်လောက်ဖြစ်တဲ့ ရာမရကန် ဦးတိုး ကိုယ်တိုင် သူ့ရကန်ရေးဖွဲ့ရာမှာ "သဒတ်မတာ-စပ်မတာဘူး" "လူတဖူး-ရှိင်း" စတဲ့ ပြောင်းပြန် ရေးနည်း၊ ရေးထားတာ တွေ့ရလို့ပါပဲ။ ကွန်မ အတွေး ခေါင်တာလည်း ဖြစ်နိုင်ပါတယ်။ မှတ်တမ်းရှင်အကြောင်းနှင့်ပတ်သက်လို့ အပြီး သတ် စကားဆိုရရင် ဦးနုက သက္ကရာဇ် ၁၁၂၄ ခု (ခရစ်နှစ်-၁၇၆၃)နှစ်၊ ရွှေဘို မြို့မှာဖွားတဲ့ ရွှေဘိုသား ဖြစ်ပါတယ်။ နောက် ၁၁၈၄ ခု-(ခရစ်နှစ်-၁၈၂၂)နှစ်၊ အမရပူရမြို့မှာ ကွယ်လွန်တယ်လို့ သိရပါတယ်။

ရည်ညွှန်း။ ။ မကွေးကောလိပ်၊ သမိုင်းဌာန၊ တွဲဖက်ပါမောက္ခ ဒေါက်တာ တိုးလှ၊ ၁၉၇၀-ခုနှစ်က ဖတ်ကြားတဲ့ "လူမှုဘဝ ပုံဖော်တဲ့ ခေတ် ဟောင်းစာပေ ဖော်ထုတ်ရေးစာတမ်း"။

၁၉၉၃၊ ဒီဇင်ဘာလ၊ အတွေးအမြင်။

❑ ❑ ❑

## ဦးတုတ်ကြီး၏ ကေသရ သတင်းစာ

ကေသရသတင်းစာကို ထုတ်ဝေသူ ဦးတုတ်ကြီးကား ရန်ကုန်သား ဖြစ်ပါသည်။ သို့သော် သူသည် မော်လမြိုင်မြို့ကို ဘူမိနက်သန် အခြေခံပြု၍ 'သရဇအဖွဲ့'ဟူသော နိုင်ငံရေးအဖွဲ့တစ်ဖွဲ့ကို ခေါင်းဆောင် ဖွဲ့စည်းခဲ့ခြင်းကြောင့် ရန်ကုန်သားအဖြစ် မထင်ရှားဘဲ မော်လမြိုင်ဦးတုတ်ကြီးဟု လူသိများသူ ဖြစ်လေသည်။ ထို့ပြင် အိန္ဒိယနိုင်ငံလုံးဆိုင်ရာ အောက်လွှတ်တော်အမတ်အဖြစ်လည်း နှစ်ကြိမ်တိုင် ရွေးကောက် တင်မြှောက်ခြင်း ခံရသူဖြစ်သည်။ ဤသည်ကား ကေသရ သတင်းစာပိုင်ရှင်၏ ဖြစ်စဉ် အကျဉ်းချုပ် ဖြစ်ပါသည်။

ကေသရသတင်းစာကို စတင်ထုတ်ဝေသည်မှာ ၁၂၉၁ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့ (၁၆-၄-၂၉) တွင် ဖြစ်ပါသည်။ ယင်း ကေသရသတင်းစာတစ်စောင်ကို ကံအားလျော်စွာ ဖတ်ရှုလေ့လာခွင့်ရခဲ့သည်။ ထိုအခါ ယနေ့ မျက်မှောက်ခေတ်ထုတ် သတင်းစာများဖြင့်သာ အတွေ့၊ အမြင်၊ အဖတ် နေသားကျနေသူ ကျွန်မအဖို့ မအံ့ဩဘဲ မနေနိုင်ပါ။ လျှောက်လွှာစက္ကူအရွယ်ခန့် (၁၃ လက်မ× ၈ လက်မ)ရှိ စာမျက်နှာ ၃၀ ပါသော သတင်းစာတစ်စောင်၏တန်ဖိုးမှာ နှစ်ပဲ

သတ်မှတ်ထားသည်မှစပြီး ခေါင်းကြီးပိုင်း၊ အရပ်ရပ်သတင်းခန်း၊ ဗဟုသုတခန်း ဗေဒင်ခန်းများနှင့်တကွ ကုန်ပစ္စည်းကြေညာခန်းပါမကျန် ဖတ်မိသမျှ အဆန်း ချည်း ထင်မိတော့သည်။

အယ်ဒီတာမှာ ဆရာစိန် ဟု တွေ့ရပါသည်၊ ခေါင်းကြီးပိုင်းကို အလယ် စာမျက်နှာမှာ ထားရှိ၍ မာတိကာမှာ စာမျက်နှာ (၈)တွင် တွေ့ရသည်။ ရှေ့ပိုင်း နောက်ပိုင်း စာမျက်နှာများတွင်ကား ကုန်ပစ္စည်းကြေညာစာများ ဖြစ်ပါ၏။

ထုတ်ဝေသူ ဦးတုတ်ကြီးသည် သတင်းစာလုပ်ငန်းတွင် အစိမ်းသက်-သက် မဟုတ်ပါ။ ကျွမ်းကျင်လိမ္မာပြီးသူ ဖြစ်ပါ၏။ ဤအကြောင်းကို ကျွန်ုပ်မအနေ ဖြင့် ဖော်ပြသည်ထက် ယင်းသတင်းစာထုတ်ဝေစက အခြားသော သတင်းစာ များ၏ ရေးသားဝေဖန်ချက်များကို ထုတ်နုတ်ဖော်ပြခြင်းက ပိုကောင်းပါလိမ့်မည်။ ထို့အပြင် ယင်းသည့်ကာလက ခေတ်ပြိုင်သတင်းစာ အချင်းချင်း ရိုင်းပင်းကူညီ မှု ပြုကြပုံကိုလည်း သိမှတ်နိုင်ကြပေမည်။ ထို့ကြောင့် ကေသရသတင်းစာ အကြောင်း ဝေဖန်ထားသော ရှေးဦး သတင်းနှစ်ပုဒ်ကို လေ့လာကြရန် ပထမ ဖော်ပြပါမည်။

## “အောင်မြန်မာသတင်းစာ အဆို”

### ကေသရ သတင်းစာ ထွက်ပေါ်လာခြင်း။

ကျွန်ုပ်တို့ မြန်မာပြည် တိုင်းရေး ပြည်ရေး ခေါင်းဆောင်ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်သော အိန္ဒိယအောက်လွှတ်တော်အမတ် ဦးတုတ်ကြီးက စီမံထုတ်ဝေ သော ‘ကေသရသတင်းစာ’ ပထမအစောင်ကို မော်လမြိုင်မြို့မှ ပေးပို့ရရှိ ဖတ်ရှု ရသောကြောင့် ကျေးဇူးတင် ဝမ်းမြောက်ရပါ၏။ ၎င်း သတင်းစာမှာ ဗဟုသုတ ခန်း၊ နိုင်ငံရေး၊ ပညာရေးခန်း၊ ကြီးပွားရေးခန်း စသဖြင့် ပြည့်စုံစွာ တည်ရှိ ထွက်ပေါ်လာသည်ကို တောက်ရှုသောအားဖြင့် ဖတ်ရှုသူအပေါင်းအား လောက ဓမ္မနှစ်ဌာန၊ အကျိုးစီးပွားကို အမှန် သယ်ပိုးနိုင်မည်ဟု မျှော်လင့်ဖွယ်ရာ ရှိ ကြောင်း၊ ၎င်းပြင် စီမံ ဖန်တီးထုတ်ဝေသော ပုဂ္ဂိုလ်မှာလည်း သူရိယသတင်းစာ အယ်ဒီတာဟောင်း ဦးတုတ်ကြီး ဖြစ်သဖြင့် ပြောဖွယ်ရာမလိုသည့်ပြင် ၎င်းသည် တိုင်းသူပြည်သားတို့နှင့် နိုင်ငံအရေးမှာ ဆိုးတူကောင်းဘက် တစ်သဘောတည်း

တည်ရှိသူပုဂ္ဂိုလ်ဖြစ်သောကြောင့် တိုင်းသူပြည်သားတို့မှာ အထူး အားတက် ဝမ်းမြောက်ဖွယ် ကောင်းလေသည်။ သို့ပါ၍ တိုင်းပြည်ကို ချစ်ခင်သူတိုင်း ထို ကေသရ သတင်းစာကို တစ်စောင် နှစ်ပဲကျနှင့် အားပေးဖတ်ရှုသင့်ကြောင်း တိုက်တွန်းခြင်း ပြုလိုက်ရပါကြောင်း။ ။

ကေသရသတင်းစာနှင့်ပတ်သက်၍ အခြား သတင်းစာတစ်စောင်၏ ဝေဖန်ချက်ကို ဖော်ပြပါဦးမည်။

"မောရဝတီ သတင်းစာ၏ အဆို"

ကေသရ။

မော်လမြိုင်မြို့ အောက်လမ်းမကြီး တိုက်နံပါတ် ၂၆၀ မှ ခုနစ်ရက် တစ်ပတ်လျှင် တစ်ကြိမ်ကျ အင်္ဂါနေ့တိုင်းထုတ်ဝေသော ကေသရ သတင်းစာ နံပါတ်-၁ကို ပေးပို့ ရရှိသဖြင့် ဖတ်ကြည့်ရာ ခေါင်းကြီးပိုင်း အယ်ဒီတာ ထင်မြင် ချက်များနှင့်တကွ ဟင်္သာတမြို့ ရွှေနေ ဦးပု၊ ရမ်းဗြဲ ဦးမောင်မောင်၊ မင်းတိုင်ပင် အမတ် ဦးချစ်ဖေ၊ မင်းတိုင်ပင်အမတ် ဦးထွန်းဝင်းမှစ၍ လူကြီး လူကောင်းတို့ ရေးသော မှတ်သားဖွယ်ရာ ဆောင်းပါးများ၊ ထို့ပြင် အိန္ဒိယနိုင်ငံသတင်း၊ မြန်မာ ပြည် ကြီးပွားရေးသတင်း စသော သတင်းမျိုးစုံတို့ကို ဖတ်ရှုရ၍ များစွာ ဝမ်း- မြောက်ရကြောင်း၊ ထိုကဲ့သို့သော အရေးအသားမျိုးကို ထောက်ရှုရလျှင် မကြာမီ တိုးတက်ကြီးပွား၍ ထင်ရှားသော သတင်းစာကြီးတစ်စောင် ဖြစ်လာလိမ့်မည် ဟု မျှော်လင့်ဖွယ်ရှိကြောင်း၊ အမျိုးသား အပေါင်းတို့ကလည်း အမိ မြန်မာပြည် ကြီးပွားရေး မျှော်ထောက်ပြီး ဝယ်ယူ ဖတ်ရှုကြသောအားဖြင့် ကူညီ ဝိုင်းဝန်း သင့်ကြပေကြောင်း။ ။

အထက်ပါအတိုင်း ခေတ်ပြိုင် သတင်းစာနှစ်စောင်က ပေါ်ထွက်ဦးစ ကေသရသတင်းစာကို မုဒိတာတရားဖြင့် အားပေးချီးမြှောက်ကြသည့်အဖြစ်မှာ နှစ်သက်ကြည်နူးဖွယ် ရှိတော့သည်။ ထို့ပြင် လွန်ခဲ့သော နှစ်ပေါင်း ၆၀ ကျော် က ထုတ်ဝေခဲ့သည့် သတင်းစာအမည်ပေးပုံ၊ ရေးပုံများမှာလည်း စိတ်ဝင်စားဖွယ် တွေ့ရပေသည်။ ယင်း ကေသရသတင်းစာ စတင်ထွက်ရှိသည့် နေ့စွဲဖြင့် သူ့ရိုယ

သတင်းစာတိုက် မန်နေဂျင်း ဒါရိုက်တာသို့ လိပ်မူ၍ ဦးတုတ်ကြီး ပေးပို့လိုက်သော သုရိယသတင်းစာ ဒါရိုက်တာအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်သည့်အကြောင်းစာမူရင်းကိုလည်း တွေ့ရှိရပါသည်။

ကေသရ သတင်းစာတွင် ပါရှိသော အယ်ဒီတာ၏ အာဘော် ခေါင်းကြီးပိုင်းတွင်သော်လည်းကောင်း၊ ဆောင်းပါးရှင်များ၏ အတွေးအမြင် အာဘော်တွင်လည်းကောင်း၊ စကားလုံးအပိုမပါဘဲ ဆိုလိုရင်း ထိမိအောင် သပ်ရပ်သော အရေးအသားကို တွေ့ရပါသည်။ ထိုအခန်းများ၌ 'တွဲရေး-ခွဲရေး' နိုင်ငံရေးအဖွဲ့များ၏ လှုပ်ရှားဆောင်ရွက်မှုများ၊ ရွှေတိဂုံစေတီကြီးတည်ရာ သိင်္ဂုတ္တရ ကုန်းတော်ရှိ အင်္ဂလိပ် စစ်စခန်းကြီး အခြားနေရာသို့ ပြောင်းရွှေ့ပေးရေး စသည်များအား လက်ရှိ ဖြစ်ပေါ်ဆဲ အခြေအနေအရ သတင်းနောက်မကျအောင် ဖော်ပြထားသည်များမှာ ယနေ့ ပြန်ဖတ်သည့်အခါတွင်ပင် ဖတ်၍ ကောင်းဆဲ ဖြစ်ပါသည်။

အရပ်ရပ် သတင်းခန်းတွင်မူ စစ်ကိုင်းတံတားကြီး တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ရခိုင်ပြည်နယ်တွင် ရေလွှမ်းမိုးခြင်း၊ မန္တလေးမြို့မှ အမှုအခင်းစသဖြင့် တိုတိုတုတ်တုတ် သွက်လက်သော အရေးအသားဖြင့် ဖော်ပြထားပါသည်။ မော်လမြိုင်မြို့ထုတ် သတင်းစာဖြစ်စေကာ မြန်မာတစ်ပြည်လုံးသတင်းများအား ထည့်သွင်းသည်ကို တွေ့ရသည်။ ခြုံ၍ဆိုရသော် ကေသရသတင်းစကား၊ သပ်ရပ်သော အဆင်အပြင်၊ စုံလင်သော အခန်းကဏ္ဍ၊ ချိုလှသောနှုန်းထားတို့ဖြင့် သဘောကျစရာ ကောင်းလှပါ၏။

စာဖတ်သူများ ယင်းသတင်းစာကို အကဲခတ်နိုင်ကြစေရန်နှင့် ထို သည့်ခေတ်က ကုန်ဈေးနှုန်းအချို့ကို လေ့လာနိုင်ကြရန်၊ အခန်း ၂ ခန်းမှ ဖော်ပြချက်ကို မူရင်းအတိုင်း ထုတ်နုတ်ပြပါမည်။ ယင်းသတင်းများအရ အခြေခံ စားသုံးကုန်ဖြစ်သော ဆန်စပါးအရောင်းအဝယ် ပေါက်ဈေးနှင့် ရာဇဝတ်မှုခင်း သတင်းတစ်ရပ်ကို တွေ့နိုင်ပါသည်။

"မော်လမြိုင်မြို့ ဆန်စပါးဈေးနှုန်းအကြောင်း"

၁၂၉၁ ခုနှစ် (၁၉၂၉) ပထမဝါဆိုလဆုတ် ၂ ရက်နေ့အထိ၊ ၇ ရက်တစ်ပတ်အတွင်း၊ မော်လမြိုင်မြို့ စပါးနှင့် ဆန်ဈေးနှုန်းများမှာ အောက်ပါအတိုင်း

ဖြစ်သည်။

(တင်း ၁၀၀ ၏ ပေါက်ဈေးနှုန်း)

**စပါးဈေးနှုန်း။**

| | |
|---|---|
| ရဟိုင်းအသင့် | ၁၇၀ိ - ၁၇၅ိ။ |
| ရဟိုင်းအကောင်း | ၁၉၀ိ - ၁၉၅ိ။ |
| ရှုံးကလေး | ၁၆၅ိ - ၁၇၀ိ။ |
| ကောက်ကြီး | ၁၉၇ိ - ၂၀၂ိ။ |

**ဆန်ဈေးနှုန်း။**

| | |
|---|---|
| ရဟိုင်းအသင့် | ၄၆၀ိ - ၄၇၀ိ။ |
| ရဟိုင်းအကောင်း | ၅၁၀ိ - ၅၂၀ိ။ |
| ဇယားရှုံး | ၄၄၀ိ - ၄၄၅ိ။ |
| ကောက်မွှေး | ၄၇၀ိ - ၄၇၅ိ။ |

အရပ်ရပ် သတင်းခန်းတွင် အောက်ပါ ရာဇဝတ်မှုခင်းတစ်ပုဒ်မှာ အလွန် လူပြောများသည့် ထူးခြားသော သတင်းဖြစ်ဟန်တူပါသည်။ ထို သည့်ခေတ်က လူသတ်မှုဟူသည်မှာ အလွန် ဖြစ်ခဲသော မှုခင်းမျိုးလည်း ဖြစ်သည်။

"မြို့ဝန် ဦးဘိုးကူးအား တရားခံက သေနတ်ဖြင့် ပစ်သတ်ခြင်း"

မန္တလေးမြို့၌ မကြာမီက ဖမ်းဆီးရမိသော ကစားဝိုင်းတစ်ခုမှ ငွေသားတစ်သောင်းကျော်အနက် ငွေ ၅၀၀၀-ကျပ်ကို ဆပ်အင်စပိတ်တော် မောင်သာဒင်၊ စတ္တားနှင့် အော်ဘရိတို့က အလွဲသုံးစားပြုလုပ်သည်ဆိုပြီးလျှင် ၎င်းတရားခံတို့အပေါ်၌ တရားစွဲဆို၍ မြို့ဝန်ကြီး ဦးဘိုးကူး ရုံးတွင် စစ်ဆေးပြီးနောက် ယခုမေလအတွင်းက စတ္တားနှင့် အော်ဘရိတို့အပေါ်တွင် ပြစ်မှု မထင်ရှားဟုဆို၍ တရားသေ လွှတ်လိုက်ပြီးလျှင် မောင်သာဒင် အပေါ်၌ ပြစ်မှုထင်ရှားသည်ဆို၍ အလုပ်ကြမ်းနှင့်ထောင်ဒဏ် တစ်နှစ်နှင့်သုံးလ ကျခံစေဟု စီရင်ချက် ချမှတ်လိုက်ရာ မောင်သာဒင်က တရားသူကြီးအား နောက်မှနေ၍ ၆ လုံးပူး သေနတ်ဖြင့်

၃ ချက် ပစ်ခတ်သတ်သည့်အပြင် မိမိပါးစပ်ထဲသို့လည်း ပြောင်းဝထည့်သွင်း၍ ကိုယ်တိုင် သေနတ်ဖြင့် ပစ်ခတ်သေဆုံးကြောင်းနှင့် သတင်း ရောက်ရှိလာလေသည်။

(၁၂၉၂ ခု၊ နယုန်လဆုတ် ၇ ရက် (၁၇-၆-၃၀) နေ့ထုတ် ကေသရ သတင်းစမှ-)

ကေသရ သတင်းစာ အရပ်ရပ်သတင်းခန်းတွင် အထက်ပါ သတင်း ပါရှိပြီးနောက် တစ်ပတ်ခြားထုတ်ဝေသော ကေသရ သတင်းစာပါ "မွန်ထော် မှတ်တမ်း" ဟူသော အခန်း၌ မှတ်တမ်းရှင် မွန်ထော်က ယင်းရာဇဝတ်မှု၏ အခြေခံသဘောသည် တိုင်းရင်းမြန်မာတို့၏ ဓလေ့စရိုက် မဟုတ်ကြောင်း၊ မည်သူ၏ ဓလေ့စရိုက်မှ မြစ်ဖျားခံ ကူးစက်လာသည်ကို ဆင်ခြင်သင့်ကြောင်းနှင့် သူ၏အတွေးအမြင်ကို ငေါ်တော့တော့ ဝေဖန် ရေးသားထားသည်မှာ အတော် နေရာကျပါသည်။ မိမိတို့ အမျိုးသားများက တိုင်းတစ်ပါးသားများ အပေါ်တွင် အမြင်မှန် ရစေလိုသော ကေသရသတင်းစာ၏ စေတနာနှင့် ကိုက်ညီသည့်အပြင် နယ်ချဲ့အစိုးရအား တစေ့တစောင်း ပုတ်ခတ်ပုံ၊ ဘယ်မျှ ထိမိကြောင်း လေ့လာနိုင်ရန် ဖော်ပြပါဦးမည်။

"မွန်ထော် မှတ်တမ်း"

တရားသူကြီးအား တရားခွင်တွင် တရားခံက သေနတ်ဖြင့် ပစ်သတ်သည်ဟု မြန်မာ ရာဇဝင်မှာပင် မတွေ့စဖူး။ မြန်မာ လူမျိုးသည် ဤအကျင့်မျိုးကို လုပ်ရိုးထုံးစံ မရှိ။ အတတ် တစ်ခုကို သင်မှ၊ မြင်မှ၊ ကြားမှ တတ်သည်။ တရားခံသည် ထိုအတတ်ကို ဘယ်ကတတ်သည်ဟု တွေးတော စဉ်းစား ကြည့်ပါလျှင် ပညာရှိများဖြင့် သိကောင်း သိပါလိမ့်မည်။

အထက်ပါ ရာဇဝတ်မှုခင်းသတင်းနှင့် သတင်း မှတ်တမ်းကို လေ့လာလျှင် အင်္ဂလိပ်အစိုးရလက်အောက်ခံ မြန်မာတိုင်းရင်းသားတို့ အဘယ်နည်း အဘယ်ပုံ အကျင့် စရိုက် ပြောင်းလဲလာသည်ကို ရိပ်စားမိဖွယ် ရှိပါသည်။

ဆိုခဲ့သည့်အတိုင်း ကေသရသတင်းစာသည်

ရတနာပုံစာအုပ်တိုက်

ခေါင်းကြီးပိုင်း၊ ဆောင်းပါးခန်းများ၌ ဖြစ်စေ၊ သတင်းခန်းများတွင်ဖြစ်စေ၊ သတင်းပီသသော၊ ပြည်သူအပေါင်း အကျိုးကျေးဇူးဖြစ်စေသော၊ အချက်အကြောင်းများကိုသာ ဖော်ပြသည်။ ဥပမာအားဖြင့် တောင်သူ ဆင်းရဲသားများအပေါ်တွင် ဖိစီးလျက်ရှိသော အခွန်တော်များကို သင့်တော်သလို လျှော့ချသင့်ကြောင်း၊ လက်ရှိ အုပ်ချုပ်ရေးစနစ်ထက် ပိုကောင်းသောစနစ် လိုအပ်ကြောင်း ရေးသားလေ့ရှိပေသည်။ သို့လျှင် အမျိုးသားအကျိုးကို ရှေ့တန်းတင်ကာ ရဲဝံ့စွာ ရေးလေ့ရှိခြင်းကြောင့် နိုင်ငံရေးအသိစိတ်ဓာတ် နိုးကြားဆဲ ဖြစ်သော ပြည်သူများ အကြိုက်တွေ့ကာ သတင်းစာစောင်ရေ သိသိသာသာ တက်လာလေ၏။ ထိုကဲ့သို့ ကေသရသတင်း-စာ အရှိန်အဟုန်တက်ဆဲကာလတွင် ပိုင်ရှင် ဦးတုတ်ကြီး ကွယ်လွန်လေသည်။ ကွယ်လွန်ချိန်တွင် အသက် ၄၇ နှစ်သာ ရှိပါသေးသည်။

ဦးတုတ်ကြီး ကွယ်လွန်သွားသော်လည်း သူ၏ ကေသရသတင်းစာကို ဇနီးဒေါ်ဖွားမေနှင့် အယ်ဒီတာ ဆရာစိန်တို့က အရှိန်မပျက် ဆက်လက် ထုတ်ဝေလျက်ရှိသည်။ ၁၉၃၁ ခုနှစ်နောက်ပိုင်းအထိ နေ့စွဲတပ်ထားသော ကေသရသတင်းစာကို တွေ့ရပါသေးသည်။ မည်သည့်ခုနှစ်တွင် သတင်းစာ ရပ်စဲသွားကြောင်းကို အတိအကျ မသိရသေးချေ။

ဦးတုတ်ကြီးသည် ကေသရသတင်းစာကို ပြည်သူလူထုအား နိုင်ငံရေး အမြင်ကျယ်စေလိုသော စေတနာဖြင့် တည်ထောင်ထုတ်ဝေခဲ့သည် ဆို၏။ ရည်ရွယ်ရင်း ထိုအချက်မှာ အောင်မြင်သည်ဟု ဆိုဖွယ်ရှိပေသည်။ ကေသရသတင်းစာသည် သူ၏ခေတ်တွင် စံချိန်မီသော သတင်းစာအဖြစ် တိုင်းကျိုးပြည်ကျိုး ဆောင်ခဲ့သည်။

ပြည်သူသို့ တင်ပြခဲ့လေသော သတင်းများသည် သူ၏ခေတ်တွင် သတင်းတန်ဖိုးမျှသာ ရှိမည် ဖြစ်သော်

လည်း ယနေ့ခေတ်လူများ ပြန်လေ့လာလျှင်မူ တိကျ နိုင်လှ
သည်နှင့်အမျှ စိတ်ချလက်ချ မှတ်ယူနိုင်သော သမိုင်းမှတ်-
တမ်းအဖြစ် တည်နေလေပြီ။
သတင်းစာဟောင်းများကား တန်ဖိုးမဖြတ်နိုင်ချေ။

၁၉၉၂၊ ဇူလိုင်လ၊ ငွေတာရီ။

❑ ❑ ❑

## သူ့ခြေး ဦးမွန်ထော်

ဦးမွန်ထော်က မွန်အမျိုးသားတစ်ဦး ဖြစ်ပါတယ်။ တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်ကြတဲ့ ကျွန်မတို့နိုင်ငံတော်မှာ မွန်လူမျိုးစုက ယဉ်ကျေးမှု အရာရာမှာ ရှေးဦးအကျဆုံး လူမျိုးဖြစ်တယ်ဆိုတာ အများသူငါ သိကြပြီးပါ။ လူ့လောကမှာ အရေးအပါဆုံးဖြစ်တဲ့ ယုံကြည်ကိုးကွယ်ရန် ဘာသာတရားနဲ့ စားစရာ ဆန်စပါး စိုက်ပျိုးထုတ်လုပ်မှု အတတ် စတာတွေကိုလည်း မွန်တို့ထံမှ ကျန်လူမျိုးစုများက ရယူခဲ့ကြရတာ ဖြစ်ပါတယ်။

မွန်စာပေ အရေးအသားဆိုတာကတော့ ပုဂံခေတ် အနော်ရထာမင်းကြီးနဲ့ ကျန်စစ်သားမင်းကြီးတို့ လက်ထက်တော်များမှာ ရုံးသုံး ဖြစ်ခဲ့ပါတယ်။

နောက်ပြီး သူ့နည်းနဲ့သူ ထူးချွန်ပြောင်မြောက်တဲ့ မွန်အမျိုးသမီး၊ အမျိုးသားတွေကလည်း မြန်မာ့သမိုင်းဦးကာလကစပြီး အင်္ဂလိပ်အစိုးရခေတ် အလယ်၊ ယနေ့မျက်မှောက်ခေတ်အထိ ပြည်သူအများ စိတ်ဝင်တစား စံထားဂုဏ်ယူကြရသူတွေ အပုံကြီး ရှိပါတယ်။

အမျိုးသမီးပထမ ဆိုရိုးစကားအတိုင်းပြောရရင် မြန်မာရာဇဝင်မှာ

တစ်ဦးတည်းသော ကေရိဘုရင်မကြီးဖြစ်တဲ့ 'ဗညားထောဝ်' ဘွဲ့အမည်ခံ ရှင်စောပုက စရပါလိမ့်မယ်။ သူက ဘုရင်မဆိုရုံ့ မည်ကာမတ္တ သာမည မဟုတ်ပါဘူး။ ဟံသာဝတီ ပဲခိုး (ပဲခူး)မှာ သူ စိုးစံခဲ့တဲ့ ခရစ်နှစ် ၁၄၅၃-၁၄၇၂ အတွင်း သူ့နိုင်ငံတော်မှာ စစ်မက်ကင်းပြီး အေးချမ်းသာယာခြင်းရှိလို့ ပြည်သူအများက မေတ္တာထားခြင်းခံရတဲ့ ဘုရင်မကြီးပါ။

နောက် စာတင်ထိုက်တဲ့ မွန်အမျိုးသမီးတစ်ဦးကတော့ ရွှေဘိုမင်းရဲ့ အနောက်နန်းမတော် မိဖုရား မမြကလေး ဖြစ်ပါတယ်။ စာပေ အနုပညာနဲ့ နီးစပ်သူတိုင်း လေးစားခြင်းခံရတဲ့ မွန်အမျိုးသမီးပါပဲ။

အင်္ဂလိပ်အစိုးရလက်ထက်က လွတ်လပ်ရေးအတွက် တစ်နိုင်ငံလုံး ကြိုးပမ်းကြရာမှာလဲ မွန်အမျိုးသမီးတွေဟာ နောက်ကျမကျန်ရစ်ပါဘူး။ ဒေါ်နှင်းမြဆိုရင် ပါလီမန်ထဲမှာ မင်းတိုင်ပင်အမတ်အဖြစ် ဆောင်ရွက်ခဲ့တဲ့သူပါ။ ပိဋကတ်တိုက်စိုး ဒေါ်နှင်း ခေါ် ဒေါ်နှင်းမယ်နဲ့ မင်းကြီးကတော် ဒေါ်မြမေ (စစ်ကဲ ဦးထော်လေးရဲ့သမီး)တို့ဟာလဲ ထင်ရှားတဲ့ အမျိုးသမီးများ ဖြစ်ပါတယ်။ မင်းကြီးကတော် ဒေါ်မြမေဆိုရင် မျိုးချစ်စိတ်အပြည့်နဲ့ နိုင်ငံအကျိုး ဆောင်ရွက်ခဲ့သူပါပဲ။

အကျယ်ပြောကြစို့ဆို ထူးချွန်တဲ့ မွန်အမျိုးသမီးတွေ အများကြီး ကျန်နေပါသေးတယ်။

ဂုဏ်ပြုထိုက်တဲ့ မွန်အမျိုးသားတွေက ဦးရေအများအပြား ပေါ်ထွန်းခဲ့ကြတာမို့ သည်နေရာမှာ စုံစေအောင် ဖော်ပြဖို့ မဖြစ်နိုင်ပါ။ ဆောင်းပါးနဲ့ ဝင်ဆန့်ရုံသာ တင်ပြရပါမယ်။ မြန်မာ့ရာဇဝင်ကို စိတ်မျက်စိနဲ့ ပြန်လှည့်ကြည့်လိုက်တဲ့အခါမှာ အလွယ်တကူ စိတ်ထဲပေါ်လာတဲ့ ပုဂ္ဂလ်များကတော့ နန်းသက်နှစ်ပေါင်း (၄၀)တိုင် စိုးစံသွားတဲ့ ရာဇဓိရာဇ်မင်းကြီး (ဘုရင်မ ရှင်စောပုရဲ့ ခမည်းတော်)ကို အမှူးထားပြီး မွန်စစ်သူရဲကောင်းများဖြစ်ကြတဲ့ လကွန်းအိန်၊ သမိန်ဗရမ်း ၃ ဦး၊ (ရာဇဓိရာဇ်လက်ထက်မှ တစ်ဦး၊ ဓမ္မစေတီမင်းလက်ထက်မှ တစ်ဦး၊ မင်းတုန်းမင်းလက်ထက်မှ တစ်ဦး)တို့က လက်ရုံးရည်သမား စံပြတွေပါပဲ။

နောက်ပြီး မြန်မာစကားပြေ အရေးအသားမှာ ယနေ့တိုင် စံထားနေရတဲ့ မွန်ဝန်ကြီး 'ဗညားဒလ'ကလဲ မမေ့ထိုက်တဲ့ ပညာရှင်ပါ။ အင်္ဂလိပ် လက်အောက်ခံခေတ်မှာလည်း လွတ်လပ်ရေး ကြိုးပမ်းမှု ခေါင်းဆောင် ဦးချစ်လှိုင်၊ စစ်ကဲ ဦးထော်လေးတို့မှစပြီး အစိုးရ ရောဝတီ မိးသဘော်ကုမ္ပဏီကို ယှဉ်ပြိုင်

တိုက်ခိုက် ပြေးဆွဲခဲ့သူ သဘော်သူဌေး ဦးနိုင်အောင်ဂ်နှင့် သူဌေး ဦးလုံထော် တို့ကတော့ ကျွန်မတို့အားလုံး သိပြီး ကျွမ်းပြီး ဖြစ်ကြတဲ့ မွန် မြန်မာ အမျိုးသား တွေပါပဲ။

သည်နေရာမှာ မွန်မြန်မာလို့ သုံးနှုန်းလိုက်မိလို့ စကားစပ်ပြီး ပြောစရာ ကလေးတစ်ရပ် ကြားဖြတ်တင်ပြချင်ပါသေးတယ်။ ကျွန်မတို့နိုင်ငံရှိ လူမျိုးစုများ ထဲမှာ ယုံကြည်ကိုးကွယ်ရာ ဘာသာ အယူဝါဒမှစပြီး ဝတ်စားဆင်ယင်ပုံနဲ့ အင်္ဂါရုပ်ပါ မြန်မာနှင့် အဆင်တူတဲ့ လူမျိုးစုက မွန် ဖြစ်ပါတယ်။ ဒါတင်မကသေး ပါဘူး။ နေ့စဉ်သုံး ပြောစကားတွေမှာလဲ မွန် မြန်မာ ဖက်စပ် ဝေါဟာရတွေ ရေတွက်လို့မကုန်အောင် ရှိနေပါသေးတယ်။ မြို့အမည်များထဲမှာလဲ ပန်းတနော်၊ ရမည်းသင်း ဆိုတာတွေဟာ မွန်အမည်တွေ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံး ဂုဏ်ယူ နေကြတဲ့ ပုဂံမြေမှ ဘုရားပုထိုးတွေနဲ့အတူ ရွှေတိဂုံစေတီကြီးကလဲ မွန်မြန်မာ တို့ရဲ့ ဖက်စပ် ဗိသုကာလက်ရာတွေပဲ မဟုတ်ပါလား။

ရေးရင်း ပြန်ကောက်ရရင် ရှေ့ကဆိုခဲ့တဲ့ မွန်မြန်မာကြီးတွေ နည်းတူ ပြောလောက်၊ ဆိုလောက်၊ မှတ်သားလောက်တဲ့ သူတစ်ဦးကတော့ သူဌေး ဦးမွန်ထော် ဖြစ်ပါတယ်။ စင်စစ် သည်ပုဂ္ဂိုလ်ကြီးတွေ အသီးသီး တစ်ဦးချင်း အတ္ထုပ္ပတ္တိ စာအုပ်အဖြစ်နဲ့ ကျယ်ကျယ်ပြန့်ပြန့် ပြုစုပြီး ရေးပြီး မရှိသေးဘူး ထင်ပါတယ်။ ကျွန်မ မဖတ်မိသေးတာလဲ ဖြစ်နိုင်ပါတယ်။

သည်အရေးဟာ မွန်မြန်မာများအနက် ဘယ်သူကဖြစ်ဖြစ် သိကျွမ်းသူ ရေးနိုင်သူများက ကြိုးစား ဖော်ထုတ်သင့်တဲ့ ပုဂ္ဂိုလ်တွေချည်းပါပဲ။ သည်ရှုထောင့် က သည်အတွေး သည်အမြင်နဲ့ ကျွန်မ တွေ့ရှိ ဖတ်မှတ်မိသမျှ နည်းနည်းကလေး အမြွက်မျှ ဖြစ်ပေမယ့် ထူးချွန်သူ ဦးမွန်ထော်ကို သည်ဆောင်းပါးမှာ တတ်အား သမျှ ဖော်ထုတ် ဂုဏ်ပြုပါရစေ။

\+ \+ \+

သူဌေး ဦးမွန်ထော်ဆိုတာ ကျွန်မအတွက် ကလေးကတည်းက နားယဉ်ပြီးသား အမည်တစ်ခုပါ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ အဘွားက ကျွန်မ ကို ပုံပြောသလို သူ့အကြောင်း ပြောဖူးပေါင်း များလှလို့ပါပဲ။ အဘွား အဆိုက-

"ဦးမွန်ထော်ကလေ ရွှေတိဂုံစေတီကြီးနားက နောင်တော်ကြီးဘုရား

ကို ရွှေထီးတင်ခဲ့တဲ့ မွန်သူဌေးကြီးပေါ့။ သူနေတဲ့အိမ်ကြီးကလဲ မန္တလေးမြို့မှာ တောင် အဲဒီလောက် ကောင်းတာမရှိဘူး။ ဘုရင့်နန်းတော်ကလွဲရင် အကောင်းဆုံးပဲတဲ့။ သူ ခရီးထွက်ရင်လဲ ဆင်ကြီးတွေစီးပြီး သွားတာတဲ့"

သည်အကြောင်းတွေပြောပြတဲ့ အဘွား ဒေါ်ရွှေပုံက မင်းလက်ဝဲကြီးရဲ့ (မင်းတုန်းမင်းလက်ထက်က သမိန်ဗရမ်း)ချွေးမဆိုတော့ကာ သူ သိတာတွေ စီကာပတ်ကုံး ပြောပြတာတွေပေါ့။ ကျွန်မအနေနဲ့ နားထောင်ကောင်းလို့ နားထောင်နေခဲ့ပေမယ့် ဒဏ္ဍာရီပုံပြင် အဆင့်လောက်ပဲ သဘောထားခဲ့တာပါ။ အသက်အရွယ်ရလာပြီး အဖတ်နဲ့အကြားများလာတဲ့ အခါကျတော့မှ အဘွား ပြောခဲ့တဲ့ ပုံပြင်ထဲက ဦးမွန်ထော်ဟာ အသက်ဝင် လှုပ်ရှားလာတော့တာကိုး။ ဩော် - တကယ့် သက်ရှိထင်ရှား အဖြစ်ပါကလား. . .။

စတင်တွေ့သိရတာကတော့ "ကင်းဝန်မင်းကြီး (ငယ်မည် ဦးကောင်း) ရဲ့ "ကင်းဝန်မင်းကြီး ပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ်တမ်း" စာအုပ်မှာပါ။ သူ့ စာအုပ် စာမျက်နှာ (၁၀)မှာ. . .

> "၁၂၃၅ ခု၊ တန်ခူးလဆန်း ၉ ရက်၊ ကြာသပတေးနေ့ ရွှေတိဂုံ ဆံတော်ရှင်ဘုရားကို ဆွမ်းတော်ကြီး ကပ်လှူကြသည်၊ ပြီးလျှင် စေတီတော် မဟာရံအတွင်း ၄ မျက်နှာများကို လှည့်ပတ်ကြည့်ရှုကြသည်၊ နောင်တော်ကြီးဘုရားကို ဇင်းမယ်စော်ဘွားသမက် မောင်မွန်ထော် ဆိုသူက ထီးနှင့်တကွ ပြင်ဆင်၍ လုံးတော်ပြည့် ရွှေချရန် ငြမ်း ဆောက် လုပ်ဆဲ ရှိသည် ကို တွေ့မြင်ရသည်" လို့ ဖတ်ရပါတယ်။

အထက်က စာပိုဒ်ကတော့ ကင်းဝန်မင်းကြီးက ဇင်းမယ်စော်ဘွားရဲ့ သမက် မောင်မွန်ထော်ကို စတင်ကြားသိရကြောင်း ဖော်ပြထားတာပါပဲ။ သည့်နောက် ငါးရက်လောက်အကြာ ကင်းဝန်မင်းကြီးတို့အဖွဲ့ မော်လမြိုင်ကို ရောက်တဲ့ရက်မှာတော့ ဆိုခဲ့တဲ့ မောင်မွန်ထော်ကို လူကိုယ်တိုင် တွေ့ရုံမက မောင်မွန်ထော်ရဲ့ ဆောက်လုပ်ဆဲ ကျွန်းသားအိမ်ကြီးပေါ်မှာ စခန်းချ နားနေခဲ့ရကြောင်းများကို စာမျက်နှာ ၁၄ မှာ ဆက်လက် မှတ်တမ်းတင်ထားတာ တွေ့ရပါတယ်။

> "ဧင်းလဆန်း ၁၄ ရက်၊ အင်္ဂါနေ့ နံနက်အချိန် ကတိုးရွာ သစ်ခေါင်း မောင်မွန်ထော်က ဘိတ်ကြား ခေါ်ယူလာသောကြောင့် ဧင်းနေ့ ၁၂ နာရီ အချိန် လှေစီးနင်း၍ ကတိုးရွာသို့ သွားကြသည်၊ နာရီပြန် ၂

ချက် အချိန် ကတိုးရွာသို့ရောက်၍ မောင်မွန်ထော် အမိအိမ်၊ မောင်မွန်ထော် အဘ ဆောက်လုပ်သည့်ကျောင်းများ လှည့်ပတ် ကြည့်ရှုကြပြီးလျှင် ဆောက်လုပ်ဆဲ မောင်မွန်ထော်၏အိမ်ပေါ်တွင် စခန်းချရပ်၍ နားနေကြသည်၊ ၎င်းဆောက်လုပ်ဆဲအိမ်မှာ ဇင်းမယ် စော်ဘွားအိမ်နှင့် စနစ်ပုံစံအတူ လုပ်ဆောင်ကြောင်းကိုပြောဆိုသည်။ အိမ်မှာ မော်လမြိုင်တွင် အကြီးဆုံးဆိုလောက်သည်။ စရိတ်ကြေးငွေလည်း သိန်းနှစ်သောင်း ကုန်ဝင်ရန်ရှိကြောင်းနှင့် ပြောဆိုသည်။ နောင်ကို တစ်နှစ်ခန့် လုပ်ဆောင်မှ ပြီးပြေရန် ရှိသည်။ ၎င်းအိမ်တွင် ညနေ ၃ ချက်တီးကျော် ၅ မောင်း အချိန် ညစာစားပွဲ ကောင်းစွာ ပြင်ဆင်ကျွေးမွေးသည်ကို စားသောက်ကြပြီးလျှင်၆ မောင်းအချိန် ကတိုးရွာက ပြန်လာကြသည်။ ၎င်း မောင်မွန်ထော်အိမ်တွင် တဲခိုရှိနှင့်သည့် ဇင်းမယ် စော်ဘွား သားကိုလည်း တွေ့ခဲ့သည်။ ၎င်း ဇင်းမယ် စော်ဘွားသားက အရိုအသေ ကောင်းမွန်စွာ မိတ်သဟာရဖြစ် ပြုလုပ်သည်။'

အထက်ပါ ကင်းဝန်မင်းကြီးရဲ့ မှတ်တမ်းကို ဖတ်လိုက်ရကတည်းက ဦးမွန်ထော်ရဲ့ မနအင်အားနဲ့ အဆင့်အတန်းကို ခန့်မှန်းလို့ ရလာပြီလေ။ သူ ဆောက်နေတဲ့အိမ်ကြီးက ၁၂၃၅ ခုနှစ်ကတောင် ကျပ်ငွေ တစ်သိန်းနှစ်သောင်း ကုန်ဝင်တယ်ဆိုကိုး။ အဲသည်ခေတ်က ရတနာပုံ နေပြည်တော်မှာ ဘုရင့် ရွှေဒင်္ဂါးစက်ရုံက ထုတ်လုပ်တဲ့ ရွှေဒင်္ဂါးအရွယ်မျိုးစုံဟာ ရွှေတစ်ကျပ်သားကို ငွေဒင်္ဂါး ၂၀ ဈေး ရှိပါတယ်။ သည်လိုဆိုတော့ အတော့်ကိုကြီးတဲ့ ကောင်းတဲ့ အိမ်ကြီးပေပေါ့။ သည်အတိုင်းဖြင့်ရင် အခုခေတ် ပြည်ပထုတ်ရောင်းတဲ့ မြန်မာ့ ကျွန်းသစ်အကောင်းစား တစ်တန်ကို အမေရိကန်ဒေါ်လာ ၄၀၀၀ ဈေးနှုန်းနဲ့ သင့်ကြည့်ရင် (ကျွန်းသစ်ဈေးမှာ အနည်းငယ် အတိုးအလျှော့ ရှိနိုင်ပါတယ်) အလွန် တန်ဖိုးမြင့်မားတဲ့ အိမ်ကြီးနဲ့ မွန်မြန်မာတွေ နေထိုင်ခဲ့ကြတယ် ဆိုတာ သိနိုင်ပါတယ်။

သည်စာအုပ် သည်စာမျက်နှာကို ဖတ်ပြီးကတည်းက သူဌေး ဦးမွန်ထော်အကြောင်းကို ကျွန်မက ပိုသိချင်လာတော့ကာ သူ့အကြောင်း ပါလိမ့်နိုးနိုးထင်ရတဲ့ စာအုပ်တွေကို ရှာဖွေဖတ်ရပါတယ်။ ရှာတော့လဲ အထိုက်အလျောက် တွေ့တာပေါ့။

သူ့ဇာတိက သည်လိုပါ။ မွန်ပြည်နယ် ကတိုးကော့နှပ်ဒေသမှာ (ကတိုး

နဲ့ ကော့နုပ် ဆိုတာ တစ်ဆက်တည်း ရှိနေတဲ့ ကျေးရွာကြီးနှစ်ရွာပါ) သစ်လုပ်ငန်း လုပ်တဲ့ ဦးထော်ရိုက်-ဒေါ်ထော်ရွဲ့တို့ရဲ့ သားထဲက တစ်ယောက် ဖြစ်ပါတယ်။ အဘဖြစ်တဲ့ ဦးထော်ရိုက်ရဲ့ သစ်လုပ်ငန်းကို ဦးမွန်ထော်က တိုးချဲ့လုပ်ကိုင်ရာမှ အထူး ကြီးပွား တိုးတက်လာသူပါ။

စီးပွားရေး အမြင်ကျယ်ပြီး ကြိုးစားမှုကလဲ ရှိလေတော့ သူ့လုပ်ငန်း ပမာဏဟာ သိပ်ကြီးလာပါတယ်။ အင်္ဂလိပ်ပိုင်နယ် မြန်မာနိုင်ငံ အောက်ပိုင်းမှာ တနင်္သာရီဘက်က သစ်တောတွေ၊ မင်းတုန်းမင်းကြီးပိုင်နယ် မြန်မာနိုင်ငံ အထက်ပိုင်း မဲဇာရွှေလီဒေသရှိ သစ်တောတွေ၊ ဒါတင်မပြီးသေးဘူး။ ယိုးဒယားပိုင်နယ် ဇင်းမယ်က သစ်တောတွေအထိ ကျယ်ပြန့်တဲ့ သစ်ထုတ်ရေး လုပ်ငန်းကြီးကို ဦးစီးလုပ်ဆောင်နိုင်တဲ့ သူပါ။ နည်းတဲ့ အရည်အချင်း မဟုတ်ပါဘူး။ မင်းတုန်းမင်းကို အခွန်တော်ငွေကျပ် ၅ သိန်း (ငါးသိန်းကျပ်) ဆက်သွင်းပြီး ဆင်အစီးရေ ၁၀၀ ကျော်နဲ့ အလုပ်လုပ်ပါတယ်။

သည်လို မင်းသုံးမင်းရဲ့ သုံးနိုင်ငံရှိ သစ်တောတွေမှာ တစ်ပြိုင်နက် လုပ်ကိုင်ခဲ့တာဆိုတော့ သည်မင်းတွေနဲ့ အဆက်အဆံများတာပေါ့။ ဒါပေမဲ့ ဦးမွန်ထော်က မြန်မာဘုရင် မင်းတုန်းမင်းကြီးကိုသာ သစ္စာခံတဲ့ မွန် မြန်မာ စိတ်ဓာတ်ခိုင်မြဲသူပါ။ ဒါကြောင့် မင်းတုန်းမင်းကြီးက 'နေမျိုးသီရိရာဇာ'ဆိုတဲ့ ဘွဲ့မည်နဲ့ ချီးမြှင့်ခြင်းခံရပါတယ်။ ဦးမွန်ထော် သည်လို မင်းပေးဘွဲ့ကို အသနားခံရတဲ့အကြောင်း၊ ဟောသည်လို ခိုင်ခိုင်လုံလုံ သိလာရပါတယ်။ အကြောင်းကတော့ -

ဦးမွန်ထော်ရဲ့ မိဘများ အမည်နဲ့ဇာတိကို သိရပြီးတဲ့နောက် သူ့အကြောင်း ထုပ္ပတ်နဲ့ ကျွန်မ အဆက်ပြတ်သွားတာ အတော်ကြာသွားပါတယ်။ ကျွန်မက မြန်မာစာ မြန်မာမှုတွေကို တတ်နိုင်သမျှ ရှာဖွေစုဆောင်းဖို့ ဝါသနာရှိပါတယ်။ သည်ဝါသနာရဲ့ စေ့ဆော်မှုကြောင့် မြန်မာ့စာစည်းကြိုး ဆုတောင်းစာများကို စုဆောင်းတဲ့အခါမှာ မွန်ပြည်နယ်မှ မိတ်ဆွေရင်းတစ်ဦးက ပို့ပေးတဲ့ ကြိုးစာတချို့ထဲက ကံအားလျော်စွာ ဦးမွန်ထော်ရဲ့ စာစည်းကြိုးဆုတောင်းစာ တစ်ပိုဒ် ပါလာတာကို မမျှော်လင့်ဘဲ တွေ့ရပါတယ်။ ကျွန်မ ဝမ်းမြောက်လိုက်ပုံတွေ အထူး မဆိုပါရစေနဲ့တော့။

အဲသည် ဆုတောင်းစာထဲမှာ သူ့ဘဝအကြောင်း အကျဉ်းချုပ်ကို တွေ့ရပါတယ်။ သည်လို ဦးမွန်ထော်နဲ့မိသားစုက သူတို့ပြုသမျှ ကုသိုလ်တွေကို

ပိဋကတ်တော် ပေစာထုပ်များ စည်းနှောင်ရတဲ့ စာစည်းကြိုးပြားပေါ်မှာ ကမ္ဗည်းထိုးတဲ့အခါ ကျွန်မတို့ မြန်မာအက္ခရာစာလုံးဖော်ပြီး ရက်လုပ်ထားပါတယ်။ သည်စာစည်းကြိုးဆုတောင်းစာကို သည်လို မြန်မာဘာသာနဲ့ စာတင်ထားတာ တွေ့ရတော့ ဦးမွန်ထော်ရဲ့ မွန်မြန်မာ စိတ်ဓာတ်ခိုင်မြဲခြင်းကို သိရပြီး တစ်မျိုး နှစ်သိမ့်ဝမ်းမြောက်ရပါတယ်။ (မွန်အက္ခရာစာလုံးနဲ့ ရက်လုပ်တဲ့ ဦးမွန်ထော်တို့ ကြိုးစာများလဲ ရှိနိုင်ပါသေးတယ်) ကျွန်မလို ရှေးဟောင်း စာပေဝါသနာရှိသူများအတွက် သူဌေး ဦးမွန်ထော်ရဲ့ ဆုတောင်းစာကို သတ်ပုံသတ်ညွှန်းမပြင်ဘဲ မူရင်းအတိုင်း ဖော်ပြလိုက်ပါတယ်။

"ဇေယျတု။ ။ မင်္ဂလာ ညွန့်လူ၊ မော်ကွန်းကြူပိမ့် ဇမ္ဗူသောင်းခန်း မြေသာကျွန်းနိုက်၊ တည်ထွန်းခုတိုင် မြဲခန့်ခိုင်သည် မော်လမြိုင် နဂရယင်းမြို့မ၏ဌာနမြောက်စွန်း မြေကြင့်နံးဝယ် ထွေဆန်းစုံမောက် နတ်ဘုံဆောက်သို့ လုံလောက်ဖြိုးဝေ ကတိုးမြေတွင် မျိုးဆွေသိုက်ဝန်းအုံတကျန်းမျှ လျှံလန်းကြက်သရေ ရွှန်းရွှန်းဝေလျှက် ရွှေငွေ ရတနာလိုရာမတ မနေသငို အရင်းရှိလျှက် ဘူမိမြန်ရိပ် တမွဒိပ်ကို မာန်နှိပ်ချွေလှစ် ဧကရာဇ်ဟု နေမြစ်လောင်းမြတ် လမုနတ်က ယုံမှတ်တသီး ရွှေထီးရွှေထား မြောက်စားကွန့် မိုးခြောက်လုံး ဖြိုးသည် 'နေမျိုးသိရိရာဇာ' ဘွဲ့ထူးသာ၍ ဧရာဝတီ တညီပတ်ချုပ် တောအုပ်နာမံ ခံသည်ဘဝ ယင်းကထပ်မှီး မိုင်းလုံးကြီးနှင့် တသီးဇင်းမယ် မင်းနွယ်သန့်စင်ယွံ့ဘုရင်က ညွှန်းအင်သိဂ်ါ ထိန်ဝါမျက်ချယ် စလွယ်ပြိုင်ထပ် တောပိုင်အပ်လျှက် ဖြယ်သတင်း ပျံ့သင်းထင်ပေါ် မောင်မွန်ထော်နှင့် မျက်ဖျော်အိမ်သူ တမူသန့်ရှင်း လုံဝင်းနုချော မမာမောတို့ ဇောဥက္ကဌ ဘဝပါရမီ အလာညီ၍ ဌာနီဥက္ကလာ မြို့ဟံသာဝယ် ကောဇာသက္က မြန်တွက်ဆသော် 'သတ္တတြိန်းဒွေးအစ်' ကိန်းတွင် သုံးသိန်းခန့်လောင်းသပျာပေါင်းကို ခါကောင်း ကိုးမျှော် ပင့်နှီးဆော်၍ ကုန်းတော်သမုတ်သိကုတ္တရ နာမမွေးကြူ လေးဆူဓာတ်ပုံ တိကုံပရဝန် ရပ်ဇသန့်တွင်မြတ်ရှင်တသီး နောင်တော်ကြီးကို ရောင်ငြိုးနာရကာ ထိန်ဝါဦးသစ်မျက်ရစ်ကိုးတန် ကျော  မျိုးမှန်ဖြင့် မိုးစွန်ထိနီးရွှေသားထီးကို မြော်ခြီး တင်သ ယင်းပုညတွင် များလှပရိသတ် ယုတ်မြတ်မခြား ခြောက်

ပါးရသာ မြိန်သုဒ္ဓါကို သာရာချိုး ပင့်ဘိတ်ကျွေးလျက် ရွှေဝေသန် ရတ်လောင်းတော်မြတ်၏။ ဆုပါတ်လမ်းညီ ကျမ်းကိုမှီ၍ အာနိစ္စယ်လှ စုံကြိုးကနှင့် ဂရပြောင်ဝင် စီးသည့်ဆင်ကို ဤတွင်ဘေးမဲ့ ပေးဘွဲ့ လှူဒါန်း တခန်းထို့မှ ဘုရားနှုတ်မြွက် ဓမ္မစက်ကို မူအက္ခရာ ရွှေပေလွှာ ဖြင့် တင်ကာရေးမှတ် ပိဋကတ်သုံးပုံလုံးစုံ သိုက်မြိုက် ကျောင်းစာတိုက် နှင့် တည်စိုက် ကောင်းမှု ကိုးကွယ်ပြုလျက် သက်စုရတနာ သည်းချာ ဩရသ် သားမြတ်မောင်ခင် စုံလင် ထို့နောင် မောင်ဘအောင်နှင့် တဆောင်းအံ့ချီး ရှုမငြီးသည့် သမီးမျက်ချယ် မဧကြွယ်ကို ခါရွယ်ချိန်လှ ရွှေနားသ၍ ကဏ္ဏဝိဇ္ဈနာ မင်္ဂလာသဘင် ပွဲကြီးယင်သော် ကြည်လင် စိတ်မှန်း ရေစက်သွန်းလျက် လှူဒါန်းရသား အကျိုးအားကြောင့် လေးပါးအပါယ် သုံးသွယ်ကပ်ညစ် ရပ်ပြစ်ရှစ်တန် ရန်သူ ငါးဝ လွတ် ကင်းပလျက် ဗုဒ္ဓမြတ်စွာ ပွင့်တိုင်ခါလျှင် ဦးစွာ လက်မွန် ဆုကြီးပန်၍ နိဗ္ဗာန်သာခေါင် မဂ်ဖိုလ်သောင်ကို ရွှေဘောင် ဘွင့်လွယ်နိုင်စေသော်။

အကိုးအကား

၁။ ကင်းဝန်မင်းကြီး ပြင်သစ်နိုင်ငံသွား နေ့စဉ်မှတ်တမ်း။
၂။ ခင်မောင်လွင် (ရွှေမြို့ကောလိပ်)၏ မှတ်စု၊ အမည်ရင်း ဦးခင်မောင်လွင်။
၃။ သိန်းဖေမြင့်ရေး "ကျွန်တော်တို့ မွန်မြန်မာ"။

၁၉၉၁၊ အတွေးအမြင်၊ စာစဉ် ၇၂။

❑ ❑ ❑

## ရဲခင်သိင်္ဂ ဖြတ်ထုံး

နိုင်ငံတကာရှိ လူမျိုး အသီးသီးတွင် ဘာသာရေး လူမှုရေးဆိုင်ရာများ၌ လိုက်နာရန် ပြဋ္ဌာန်းထားသော စည်းကမ်းဥပဒေများ ရှိကြသည်ချည်း ဖြစ်ပါသည်။ ယဉ်ကျေးမှု မဖွံ့ဖြိုးသေးသော လူမျိုးများတွင်ပင် သူ့နည်းနှင့်သူ ကောင်းနိုးရာရာ စောင့်ထိန်းကြရသော ဓလေ့ထုံးစံများ ရှိကြသည်သာ။ ယဉ်ကျေးမှုဖွံ့ဖြိုးပြီး လူမျိုးများအဖို့မှု အထူးပြောရန် မလိုပြီ။ မိမိတို့ ယုံကြည်ကိုးကွယ်ရာ ဘာသာတရား၏ အဆုံးအမအလျောက် ဓမ္မဝတ်၊ ရာဇဝတ်၊ လောကဝတ် ဟူသော ဓလေ့ထုံးတမ်းများဖြင့် ဘောင်ခတ်ပြီး အစိုးရမင်းများက ဥပဒေပြဋ္ဌာန်းပေးထားသည်ဖြစ်စေ၊ မိမိတို့ အလိုအလျောက်ဖြစ်စေ၊ ပြည်သူများက လိုက်နာနေထိုင်ကြမြဲပင်။

ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း ရိုးရာလူမျိုး ဘာသာဓလေ့ထုံးစံများနှင့်အညီ ဆီလျော်အောင် ပညာရှင်များက စီရင်ထုံးများ၊ ဓမ္မသတ်များဖြင့် နိုင်ငံတော်ကို ပြဋ္ဌာန်းအုပ်ချုပ်လာခဲ့သည်မှာ ကာလတောင်တာ ကြာချေပြီ။ မြန်မာပဒေသရာဇ် ခေတ်ဦးမှစ၍ နှစ်ပေါင်းများစွာ ဖြတ်သန်းကာ ကုန်းဘောင်

ဆက် သီပေါမင်းလက်ထက်တော်တိုင်အောင် ဤနည်းနှင်နှင် ယဉ်ကျေးမှု အစဉ်မပျက်၊ လူမှုရေးကျင့်ဝတ်မပျက် တည်တံ့ခိုင်မာစွာ နေထိုင်ခဲ့ကြရပေသည်။

သို့ဖြစ်လေရာ ရှေးရှေးက မြန်မာတရားရုံးများတွင် ပြဋ္ဌာန်း ကျင့်သုံးခဲ့လေသော ဥပဒေစီရင်ထုံး အရပ်ရပ်သည် မြန်မာလူမျိုးတို့နှင့် အံဝင်ခွင်ကျဖြစ်ကြောင်း သိသာနိုင်ပါ၏။ ယင်းသည့်ခေတ် ပညာရှင်များသည် ဥပဒေတစ်ရပ်ကို ထုတ်ပြန်တော့မည်ဆိုပါက ပထမ ဘာသာရေးအဆုံးအမဆိုင်ရာ တရားသဘောဖြင့် လိုက်လျောစွာ ဆင်ခြင်သည့် ဓမ္မဝတ်၊ ဒုတိယ ရှေးမင်းကောင်းတို့ ကျင့်သုံးခဲ့ကြသည်များနှင့် မတိမ်းမစောင်းအောင် ဆင်ခြင်သည့်ရာဇဝတ်၊ တတိယ လောကလူ့ဘောင်လူနေမှုဓလေ့တို့နှင့် မဆန့်ကျင်အောင် ဆင်ခြင်သည့် လောကဝတ် စသည့် ဝတ်တရားများကို ပမာနထား စဉ်းစားခဲ့ကြလေသည်။ သို့ အထပ်ထပ်အခါခါ ညှိနှိုင်းကြပြီးမှ ဥပဒေတစ်ခုကို အတည်ပြု ပြဋ္ဌာန်းကြမြဲ အစဉ်အလာရှိခဲ့ကြောင်း မှတ်သားရပါသည်။

ထိုကဲ့သို့ ပညတ်ပြဋ္ဌာန်းလိုက်သော ဓမ္မသတ်၊ ရာဇသတ်၊ ဖြတ်ထုံး ဥပဒေများနှင့်အညီ နိုင်ငံတော်အတွင်းရှိ ရုံးတော်အသီးသီးမှ တရားသူကြီးများက လိုက်နာစီရင်ဆုံးဖြတ်ကြရမြဲ ဖြစ်လေသည်။ ရုံးအသီးသီးဆိုရာ၌ သူကြီးရုံး၊ ခုံရုံး၊ မြို့ဝန်ရုံးနှင့် ရွှေလွှတ်တော်တို့သို့အထိဖြစ်၍ သူ့အဆင့်နှင့်သူ စီရင်ခွင့်အာဏာများ ပေးအပ်ထားရပါသည်။ ဤတွင် မြန်မာတို့ တရားစီရင်မှုနှင့်စပ်လျဉ်း၍ ဆည်းပူးမိသမျှ တင်ပြလိုပါသည်။

အဦးဆုံး တင်ပြလိုသည်မှာ ရှေးအတီတေ ကာလက ဖြစ်ခဲ့ ရှိခဲ့ဖူးကြောင်း အများ ယုံကြည်မှုဖြင့် ပြောစမှတ်ပြုကြသော မဟော်သဓာတရားစီရင်ခန်း၊ သုဓမ္မစာရီ မင်းသမီးဖြတ်ထုံး စသည် စသည်များမှာ ဉာဏ်ကျယ်စားဖွယ်ဆိုင်ရာပညာရှင်တို့ နည်းယူဖွယ် နမူနာအဖြစ် ပြောဟောရိုး အစဉ်ရှိခဲ့ကြပေသည်။

ထို့နောက် မြန်မာ့သမိုင်းတွင် အမှန်တကယ် ပေါ်ထွန်းခဲ့၍ နာမည်ကျော်ကြားသော ဓမ္မသတ်များ၊ ဖြတ်ထုံးများနှင့် ခုံတော်တရားသူကြီးများ အထင်အရှား ရှိခဲ့ကြပါသည်။ ယင်းတို့အနက် မနုကျယ် ဓမ္မသတ်၊ ဓမ္မဝိလာသ ဓမ္မသတ်၊ ဓမ္မစေတီမင်း ဖြတ်ထုံးမှစပြီး တရားသူကြီးများတွင် အင်းဝခေတ်မှ ခုံတော် မောင်ကျဘမ်း၊ ဟံသာဝတီ ဆင်ဖြူရှင်မင်းတရားကြီး (ဘုရင့်နောင်) လက်ထက်တော်တွင် တရားသူကြီး ရှင်ကျော်သူ၊ တရားသူကြီး မဟာမွန်၊ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရား (ဗဒုံမင်း) လက်ထက်တော်တွင် ရေစကြို

ခုံတော်မောင်မှိုင်း စသူတို့သည် သူ့ခေတ်နှင့်သူ ကျော်စောခဲ့ကြသည်သာမက ယနေ့တိုင် ပြည်သူတို့နှုတ်ဖျားတွင် အပြောများဆဲ ရှိချေသည်။

ယင်းသည့်ခေတ်က ခုံတော်အဖြစ် ဆောင်ရွက်မည့်သူသည် ခုံတော် အင်္ဂါ (၈)ပါးနှင့် ပြည့်စုံရန် လိုအပ်ပါသည်။ ထိုအင်္ဂါရပ်တို့မှာ - အမျိုးမြတ်ခြင်း၊ သီလရှိခြင်း၊ ဂုဏ်ရှိခြင်း၊ သစ္စာမှန်ကန်ခြင်း၊ နာပျော်ဖွယ်စကား ဆိုတတ်ခြင်း၊ သန့်ရှင်းသော အင်္ဂါရုပ်ရှိခြင်း၊ ကျစ်လျစ်စွာ နေထိုင်တတ်ခြင်း၊ တရားဓမ္မသတ်၌ လိမ္မာခြင်းများ ဖြစ်လေသည်။

(မနုသာရရွှေမျဉ်းဓမ္မသတ်မှ)။

ဆိုခဲ့သော ခုံတော်များတွင် လူပုဂ္ဂိုလ်များသာမက ရဟန်းခုံတော်များ လည်း ပါရှိသေးသည်။ ရဟန်းခုံတော်ကို ဒေသခံပြည်သူများ၏ ဆန္ဒဖြင့် ယင်း၏ သီလသမာဓိအလျောက် ကြည်ညိုလေးမြတ်စွာ ခန့်အပ်ထားကြခြင်း ဖြစ်ဖွယ် ရှိသည်ဟု ယူဆရပါသည်။ ထိုရဟန်းခုံတော်များအနက် ကျပင်းဘုန်းကြီး ဦးရွှေသီး၏ဖြတ်ထုံးတစ်စောင်ကို တင်ပြပါမည်။ ဘုန်းကြီး၏ဘွဲ့တော်မှာ အသျှင် ဓမ္မရက္ခိတ ဖြစ်သော်လည်း လူအမည်ဖြင့်သာ ကျော်ကြားသူ ဖြစ်သည်။ ဤတွင် ခုံတာ်ဘဝမှ ရဟန်းဖြစ်လာသူဟုလည်း တစ်နည်း ယူဆနိုင်ပါသည်။

တင်ပြလိုသည်မှာ ယင်းဘုန်းတော်ကြီး၏ 'ရဲခင်သိင်္ဂဖြတ်ထုံး' ဖြစ်သည်။ ဤနေရာတွင် ကြားဖြတ်ပြောရန် လိုအပ်သည်မှာ အမှုစီရင်ချက်ဆိုတိုင်း ဖြတ်ထုံး မထွက်ကြောင်း ဖြစ်သည်။ အရှည်သဖြင့် လိုက်နာကျင့်သုံးထိုက်သော စီရင်ချက် မျိုးကိုသာလျှင် ဆိုင်ရာ ပညာရှင်များ၊ အာဏာပိုင်များက မူလရှိနှင့်ပြီးသော ဓမ္မသတ်ဖြတ်ထုံးများအတွင်းသို့ ထည့်သွင်းသတ်မှတ်လိုက်ခြင်းအားဖြင့် ဖြတ်ထုံး တစ်စောင်တစ်ဖွဲ့ ပေါ်ထွက်လာခြင်း ဖြစ်လေသည်။

ရဲခင်သိင်္ဂဖြတ်ထုံး ထွက်လာသောအမှုမှာ သာမန်လင်မယား ကွာလိုမှု မျှသာ ဖြစ်ပါ၏။ အမှုသေးမျှသာ ဖြစ်စေကာမူ ကျွန်မတို့ အရှေ့တိုင်း၏ တစ်လင် တစ်မယား ရာသက်ပန်ပေါင်းသင်းမှုဓလေ့ကို ရှေ့ရှုလမ်းညွှန်သော စီရင်ချက် ကောင်း တစ်ခုပင်။ ယနေ့ခေတ်လူများအဖို့ ဖတ်ရာတွင် ရှေးဆန်သည်ဟု ထင် ကောင်း ထင်ကြပေမည်။ ရှေးဆန်သော်လည်း အဖိုးတန် အမှန်တရားတို့ဖြင့် ပြည့်နှက်လျက်ရှိခြင်းကို အသေအချာ လေ့လာလျှင် တွေ့နိုင်ပါသည်။ သုတေသီ များအတွက် အစအဆုံး ဖော်ပြလိုက်ပါသည်။

**ရဲခင်နာပုံစာအုပ်တိုက်**

'ကျပင်းဘုန်းကြီး ဦးရွှေသီး၏ ရဲဒင်သိင်္ဂဖြတ်ထုံး'

ဧဗယျတုး ။ ရွှေဓားစွဲ ရဲဒင်သိင်္ဂနှင့် မယား မိရွှေသစ်တို့ ချစ်ခင်လင်မယားအရာမှ၊ ကွာလိုမှုစကားမှာ ကမ္ဘာဦးယခင်က ရှင်မနု၏ သခွားတရား အလားပုံစံကဲ့သို့ အမှန်အကန် ဆုံးဖြတ်မှ လူနတ်ကောင်းချီးပေးရာသည်။ ဘဝတစ်ပါး စုတေလားသဖြင့်လည်း ကြီးမားသုခ ရရာသည်။ သို့ဖြစ်ပါ၍၊ အာဒိကလျာဏ၊ မဇ္ဈေကလျာဏ၊ ပရိယောသာသနာကလျာဏ သဘာဝအနေမူ၊ ဆင်ခြေအသက် ကောက်ချက်၊ ကောက်ချက်အသက် ချတ်ချက်၊ ချတ်ချက်အသက် လက်ဖက်ဟု တရားသက် သုံးမျိုး ဆိုရိုး လက်သုံးမှုကြသည်။ ၎င်းတရား၏ အသက်သုံးချက်အရှိတွင် အာဒိကလျာဏ မူလအနေကား၊ ဆင်ခြေစစ်တန်းသာ အာဒိကလျာဏမူလဖြစ်၍၊ ၎င်းစစ်ချက် ၂၄ ဖက် အနုယောဂမူရာ၊ မမ္မတန္တိပိဋကတ် သတ္တနိပါတ်၌၊ သူသတ်ခိုးသူ၊ အရှင်နှင့်တူသော ဝဓကစောရ အယျအလား၊ မယားယုတ် ၃ မျိုး၊ အမိ နှမ ဒါသကျွန်ဟူ၊ အဆွေနှင့်တူသော 'မာတု၊ ဘဂိနီ၊ သခီ၊ ဒါသ' ဘရိယ ၄ မျိုးဟု သတ္တာဘရိယာ၊ ဝဓကသမာ၊ စောရသမာ စသည်ဖြင့်၊ မယားအပြား ၇ ပါးသရုပ်ကို ထုတ်ဆိုပြလျက်ရှိသည်။ ၎င်း ၇ ပါး မယားတို့အနက်တွင် 'ဝဓက၊ စောရ၊ အယျ ဟူပြား ဤ ၃ ပါးမှာ အပါယ်က ရေရှဲ့ကျသော ဒုဿီလမယား။ အမိ၊ နှမ၊ ဒါသ၊ အဆွေ ဤ ၄ ထွေမှာ၊ နတ်ပြေစံ နိမ္မာနရတိက သုသီလမယားဟု၊ ဇာတ်မျိုးခြားနား ၂ ပါးဝေဘန် ကျွမ်းဂန်ပြရှိ ဤမိရွှေသစ်လင် ရဲဒင်သိင်္ဂတို့ကို ကျွမ်းဂန်အရ၊ ဒုဿီလ၊ သုသီလ၊ ဘရိယအချင်း၊ အလင်းဥသည့် စုံညီစစ်မေးဆေးကြောကာ၊ သဘောမထိန်မှု၍၊ နိမ္မာနရတိက သုသီလမယား၊ ၄ ပါးဝင် အနေကို ရွှေဒါးစွဲ ရဲဒင်သိင်္ဂ လက်ဝဲပြဖြောင့်လျက် ထွက်ဆိုထင်လင်းဖြစ်ခဲ့သည်။ တစ်ကြောင်းလည်း သံယုတ်ကျမ်းက မိန်းမတို့အား ငါးပါးဟူသည်မှာ၊ အဆင်းဟူသော ရူပဗလ၊ ဥစ္စာကြွယ်ဝ။ သမိဒ္ဓ ဟူသော ဘောဂဗလ။ ဝေါတ္တဝံသာ များစွာ အမျိုးဟူသော ဉာတိဗလ။ မြင်ပေါ်နိုင်ဖြိုး သားသမီးဟူသော ပုတ္တဗလ။ သတင်းစင်မြူ အကျင့်

ဟူသော သီလဗလ။ ဤငါးဝအားအင်ဖြင့် လင်ကိုမယား ရမ်းကား စိတ်ထက်၊ နှိပ်စက်တတ်ကြောင်း။ သာမိကဟု မယားသခင် လင်ဖြစ်သူကလည်း၊ ဣသရိယ အစိုးရအား တစ်ပါးဖြင့်၊ မယားကို ရဲထွက်၍ နှိပ်စက်တတ်ကြောင်း၊ ၎င်းသာ ဥာယတနဝဂ္ဂသံယုတ် ထွက်ဆိုချက်အရှိဖြင့်၊ မိရွှေသစ်လင် ရဲဒင်သိဂ်တို့ တစ်ဦးကိုတစ်ဦး လွန်ကျူးမော်ကြွား စော်ကားမည့်အခွင့်ကို ထောက်ချင့်စစ်ဆေးက၊ မိန်းမ ယောကျ်ား၊ နှစ်ဦးသား ပင်ကိုယ်အားကို ကိုယ်ကိုး၍ ဆိုး-သွမ်းစွန်းငြိ မရှိ ဖြစ်ခဲ့ကြသည်။ တစ်ကြောင်းလည်း မိမ္မ ယောကျ်ားတို့ ငါးကာမဂုဏ် ပုန်တကျာရစ်၊ ချစ်ခင်လွန်ဖြင်း၊ တပ်မက်ခြင်း၏ အကြောင်းမူ၊ သန္နိစင်ဏ္ဍမ္ဘြေ ရုပ်ရေအဆင်း၊ လှပခြင်းဟူသော အကြောင်း၊ သက်စွန့်အားကြိုး၊ အမှုမျိုးကို သည်ပိုး ရွက်ဆောင်ခြင်းဟူသောအကြောင်း၊ အဆိုးအကောင်း၊ ကျိုးကြောင်းရေးရာ၊ သိလိမ္မာပညာနှင့် ပြည့်စုံခြင်းဟူသောအကြောင်း၊ အသံသာယာနာဖွယ်သီချင်း သီတတ်ခြင်းဟူသောအကြောင်း၊ တူရိယာပဥ္စင်၊ သဘင် ၅ ရပ်၊ တီးမှုတ်ခြင်းဟူသောအကြောင်း၊ မူရာသွင်ပြင်၊ အင်္ဂလက္ခဏာ၊ လှပပြေပြစ်ခြင်းဟူသောအကြောင်း၊ သစ်သီးပန်း-မာလ်အဘိုးတန်၊ တရံမလပ် ပေးတတ်ခြင်းဟူသောအကြောင်း၊ ဒိဋ္ဌ သုတ မုတ မော်ရွှေ လွန်ပျော်မွေ့ အတွေ့ဟူသောအကြောင်း၊ ၎င်းအာကာရရှစ်ပါးဖြင့်၊ ယောကျ်ား မိမ္မတို့ တစ်ဦးနှင့်တစ်ဦး၊ ယစ်မူးအာသဝ တဏှာ ဆက်ဆံကြသည်ကို 'အဋ္ဌဟိ ဘိက္ခဝေ အာကာရေဟိ ဣတ္ထိပူရိသံ ဗန္ဓတိ' အစရှိသော အဋ္ဌဗန္ဓန မော်-ကွန်းထိုးခဲ့သည်။ ဤနှောင့်ဖွဲ့ခြင်း ရှစ်ပါးတရားဖြင့် စစ်လျှင်၊ မိ-ရွှေသစ်လင် ရဲဒင်သိဂ်တို့မှာ ချင်းတို့ချင်းခြင်း မပေါင်းသင်းနိုင်စရာ အာကာရရှစ်ပါးတွင် တစ်ပါးပါးမျှ မကပ်မငြိဖြစ်ဖိသည်မဟုတ်။ ကိလေသာတဏှာမဂန်း ကိုက်ဖမ်းခဲ့ဘွယ် အရှယ်အဆင်း၊ အချင်းစသော အာကာရပါရမိပါကြသည့်သူချည်း ဖြစ်ခဲ့သည်။ တစ်ကြောင်းလည်း၊ သုတ်ပါထေယျဒီဃနိကယ်တွင်၊ လင်နှင့်မယား၊ မူမဲမချွတ်၊ တရားဝတ်နှင့်၊ ညီညွတ်သော စိတ်နှလုံးရှိခြင်း။ မယားမှအပြင် ချစ်ခင်သက်နှံ၊ မိတ်ဆက်ဆံ၊ ဖောက်ပြန်မကျင့်ကြံရခြင်း။ မယား

ကိုသာ၊ ဘဏ္ဍာဥသည့်၊ အိတ်သွန်ဖယ့်လျက်၊ စုပုံလှွဲအပ်ရခြင်း။ ဝတ်စားသုံးရာ ဆင်တန်ဆာတို့ကိုလည်း ဖွေရှာပေးကမ်းရခြင်း။ ယင်း ငါးပါးမှု ယောကျာ်း၏ကျင့်ဝတ်။ ကောင်းစီရင်၊ လင်မြှူသမျှ မှုကိစ္စတို့ကို၊ ယုယသိမ်းဆဲ၊ ထိန်းကဲရခြင်း၊ အမျိုးသူစိမ်း သူခပ်သိမ်း တို့၌၊ ထိုက်လျောက်ပင့်ချီ၊ အခွင့်ရှိသည်ကိုသိတတ်ရခြင်း၊ လင်မှ တစ်ပါး အခြား သက်နှံ့ မိတ်ဆက်ဆံ ဖောက်ပြန်မကျင့်ကြံရခြင်း၊ သိမ်းပိုက်မျိုးမွှန်၊ လင့်ကိုယ်ဝန်ကို၊ ကောင်းစွာ စောင့်ရှောက် ထိန်း ရခြင်း၊ ဥသုံကိစ္စ ဟူသမျှမှာ ထကြွရေးရာ လိမ္မာဝီရိယရှိခြင်း။ ယင်း ငါးပါးမှု မယား၏ကျင့်ဝတ်ဟု ထုတ်ပြခဲ့သည်။ ၎င်းသုတ်ပါ ထေယျကျမ်းက အဆိုကိုယ်စီ ငါးပါးကျင့်ဝတ်များတွင်၊ မယား၌ တုံ့ လင်၌တုံ့ တစ်စုံတစ်ရာ မိစ္ဆာစိုးစင်း မကင်းမလွတ် ယွင်းချွတ် တစ်၊ ရှိကောင်းပါလျက်၊ လေသမတ္တ ယွင်းခွမလစ်၊ မိစ္ဆေသစ်တို့ သည်၊ ဖြစ်တိုင်းထောင်ပုံကဲ့သို့ မကြုံစတောင်း ဖြစ်ခဲ့သည်၊ ယင်းသို့ ပိဋကတ် ဓမ္မသတ် အရပ်ရပ်သော၊ ဓမ္မတန္တိ လောကတန္တိ ကျမ်းဂန် တို့ကိုမှီ၍ စီရင်စရာအပြစ်ကိုရှာသော်လည်း၊ ပမာပုံဆိုသော်၊ ရေ ကိုပစ်လည်း ရေမနစ်။ မီးကိုပစ်လည်း မီးမခြစ်သကဲ့သို့ မိစ္ဆေသစ် လင် ရဲဒင်သိဂ်တို့ လင်ခမ်းမယားခမ်း နည်းစုံစမ်း၍ ထောက်လှမ်း သမျှပြုသော်လည်း၊ ကြက်ဥကို အစရှာမရဆိုသကဲ့သို့၊ အမှုဆို အမှုသွား၊ တရားအရေး၊ နုအလေးတူတင်၍၊ ချိန်ခွင်ညာမထွက် သကဲ့သို့၊ တရားခက်တရားခဲ၊ လိပ်အုန်းသီးခွဲမကဲ့သို့၊ နက်နဲကျိုပ် ခက် ဖြစ်ခဲ့သည်။ သို့အရာကို သုတ်ပါထေယျ နည်းတစ်ပုံပြသည် မှာ၊ မိမ္မယောကျာ်း ၂ ပါးလုံးပင်၊ သွင်ပြင်မူရာ၊ ကြန်အင်္ဂါနှင့်၊ ရုပ်ဝါအဆင်း၊ လှပခြင်း၊ ကုံတန်ကြွယ်ဝ မနဥစ္စာ ရတနာချမ်းသာ စည်းစိမ်နှင့်ပြည့်စုံခြင်း။ အတ္တဟိတ၊ ပရဟိတပစ္စကွသံသရာ၌၊ လိမ္မာပြွမ်းတီးခြင်း၊ ကိစ္စအခင်းဆောင်ရွက်ခြင်း၌၊ မပျင်းမရိ အား ထုတ်ခြင်း၊ သားနှင့်သမီး ပွားစီးပြည့်စုံ၊ ဂုဏ်ဖူလုံလျက်၊ မမြို့မချို့ ခြင်း။ ယင်းငါးပါးမှု မယားကလင်၊ လင်ကမယား၊ ၂ ပါးလုံးပင်၊ ချစ်ခင်အင်ရွှဲ နှစ်သက်မြဲအကြောင်း ဟူခဲ့သည်။ ယင်းအကြောင်း ၅ ပါးတွင်၊ သားသမီးမပြည့်စုံက အမြဲဟု ဆိုလိုသည်။ အမြဲ

ကျားမ ဖြစ်လေကလည်း လင်ကမယား၊ မယားကလင်၊ မချစ်ခင်၊ ဖြစ်နှင်ကွာရှင်းသင့်သည်ဟု၊ လူ့ရပ်လောကီ တန္တိမမှုသတ်၊ ဆုံးဖြတ်ထွက်ရှိ ဖြစ်ခဲ့သည်။ ၎င်းသုတ်ပါထေယျအထွက်၊ ငါးချက်သော အင်္ဂါတွင်၊ ပဉ္စလက္ခဏာအင်္ဂါစစ်လျှင်၊ မိရွှေသစ်လင် ရဲခင်သိင်္ဂတို့ အစကနဦး၊ နဖူးစာကြိမ်၍၊ အိမ်ထောင်ဘက်ပြုသည်က ယခုတိုင်ရောက်၊ ဆယ်နှစ်ကျော်မြောက်အောင်၊ သားတစ်ယောက် မပေါက်မဘွား၍၊ မယားနှင့်လင်၊ ဘဝင်မကျ၊ ဒွိဟနှလုံး၊ ကြိမ်မီးအုံးသကဲ့သို့ စိတ်အုံ့ပုံးကြွ၊ အတွင်းမီး ထသည်ကို၊ အနုမာန၊ နိသမဉာဏ်ဖြင့်ဆေးက၊ အပွေးကိုမြင်လျှင် အပင်ကိုသိသကဲ့သို့ငှင်း။ မြေစုံကိုခွဲ၍ မြေထဲဥ အုန်နှမုန်းကို၊ ဝွင်းလုံးပိုင်သိသကဲ့သို့ငှင်း။ ရေပွက်ကိုမြင်က၊ အနုမာန ဆဝါး၍၊ ရေထဲငါး ကြီးငယ်အနေကို စကန်သိရသကဲ့သို့ငှင်း။ ချင်းတို့လင်မယားသည်၊ သားသမီးလပ်မမြင်၍၊ ယုံထင်ကြောင်ထင်၊ ဇာတ်ဟောင်းကိုပစ်၍ ဇာတ်လက်သစ်ဆင်တော့မည်ဟု၊ မြင်သို့မထွက်၊ နှစ်ဦးစလုံး အတွင်းပုန်းစက်နင်း၍ ကွာရှင်းလိုမှု ပြုကြသည်။ ၎င်းတို့လင်မယားသည် သားမရ အမြုမှုကို၊ လူပြု၍ဖြစ်သကဲ့သို့၊ အသိ ၅ ပါး မှောက်ခဲ့သည်။ ဒုဂတိ၊ သုဂတိ၌ ရှိရှိသမျှတို့ကို အကုသိုလ်ကံ ကုသိုလ်ကံ စီမံသူလက်သမားဟု နား မရှိသကဲ့သို့ ဖြစ်လေသည်။ ရုပ်နာမ်သွင်မှု အဆင်တူတို့စံယူထုတ်လင်း မူချင်းတို့နှင့် ပုံမခြား အလားတူတရှိ ဗောဓိမင်းသားသည် သားသမီးမရ၍ ဘုရားထံလျှောက်ရာ၊ နောက်ကာလဘဝထက်က၊ ၎င်းတို့၏ သားဥများကို သတ်စား ဖျက်ဆီးပြု၍၊ ယခုဘဝ သားမရ မြုသည်ဟု၊ ဟောပုံထင်ရှားရှိခဲ့သည်။ ကုသနိပါတ်တေမိဇာတ်များ၌လည်း သားသမီးမရ၍ မောင်းမမိဿံ ဝဲယာစံမိဖုရားတို့၊ သားဆုတောင်း သဘင်ခင်းလည်း၊ ထင်လင်းကျမ်းဂန်ထွက်ရှိသည်။ လောကဓာတ်ဘုံမှာ၊ အမြုဟူသော ပညတ်သည် ကပ်ကမ္ဘာနောက်ထိုထိုက အကုသိုလ်တရားကြောင့် သားသမီး မဆက်ဆံ၊ အထီးကျန်ဖြင်းသုံကို၊ အမြုဟု၊ ပုံတင်ခပ်လျှက်၊ လောကတတ်သမုတ်သည့်၊ စက်ခုတ်ပမာ၊ သံသရာမှာသတ္တဝါတို့၊ ဂတိတရားသည်၊ ၎င်းခါးတို့ပုံပုံ၊ နိမ့်တုံမြင့်တုံ၊ ဘုံ၏မလေ့၊ ကံပစ်မွေ့

> သဖြင့်၊ ဖြစ်သန္ဓေ ဘဝထဲမှာ၊ လဲကထူ လဲကထူနှင့်၊ သုခ ဒုက္ခ တွေ့ကြရသည်။ မိန္ဒေသစ်လင် ရဲ့ခင်သိင်္ဂတို့၊ ပစ္စက္ခအရေး ဝန်-မလေးခြင်းအရာမှာ၊ အနာနှင့်လျော်အောင်၊ ဆေးဖော်သောပညာ-သည်ကဲ့သို့ ခန္တိပရမံ တပေါ်တိ တိက္ခာ၊ ကျမ်းအလာဖြင့်၊ မေတ္တာနှင့်ခန္တိ၊ ခဋ္ဌီလက်သုံးပြုရမည်။ မေတ္တာလွန်မင်း သည်းခံခြင်းအရာ သည် မဟာမိတ်ဖြစ်ကြောင်းကိုလည်း 'ဒုဒံ ဒေတိ၊ ဒုက္ကရံကရောတိ ဒုက္ခမံခမေတိ'ဟု ပါဋ္ဌီလာသည်။ ယော -အကြင်သူသည်၊ ဒုဒံ -အလွန်ပေးနိုင်ခဲသောဝတ္ထုကို၊ ဒေတိ -ပေး၏၊ ဒုက္ကရံ -အလွန်ပြုနိုင်ခဲသောအမှုကို ကရောတိ -ပြုလွယ်၏၊ ဒုက္ခမံ -အလွန်သည်းခံနိုင်ခဲသောအရာကို၊ ခမတိ -သည်းခံလွယ်၏၊ သော -ထိုသူသည် မဟာမိတ္တော -လွန်မြတ်သော မိတ်တည်း။'

ဤဒေသနာစမ္မစက်ကို အသက်မကယုံချစ်၍၊ မိန္ဒေသစ်လင် ရဲ့ခင် သိင်္ဂတို့ တွေ့ဦးအစက၊ ဆန္ဒအရင်းခံ၊ တစ်သက်ပန်ဘဝ၊ ထင်းပုံထက် ခေါင်းကျ ဟု၊ အာလယပထနာ၊ သစ္စာ ဒိဋ္ဌာန်ချက်ကို၊ မပျက်စတောင်း ယူသင့်သည်။ ၎င်းစယင်းပါ၊ သစ္စာဒိဋ္ဌာန်ချက်ကို၊ ဖျက်လျှင်ဥပါဒ်၊ မဖျက်ကလာဘ်ဖြစ်သည်။ ဤအရာ၌ ကျမ်းလာမှု၊ သစ္စာကို သွေ့သောကြောင့်၊ စေတီယမင်းကို လက်ငင်း မြေကြီးမျိုလေသည်။ သစ္စာသုန်းသဖြင့်၊ ငုံးငါးရဲ့မင်းတို့လည်း လက်ငင်းကောင်း ကျိုးခံရသည်။ ကျမ်းဂန်အရာ၊ သာဓကအလာကို၊ နာယူထောက်ဆ၊ တရား သံဝေဂဖြင့်၊ နောက်ကဖြစ်သမျှ၊ သံသယအလင်္ကိုကို၊ ခန္တိသဘောဖြင့်၊ ဆေးကြော သုတ်သင်၍၊ အစဉ်မဟုတ်၊ တစ်သက်လျာ ခန္ဓာနာမ်ရုပ်တို့ကို၊ လူလုပ်၍မဖြစ်၊ ကံလုပ်မှုဖြစ်သောကြောင့်၊ နစ်တုံပေါ်တုံ။ ဘဝဘုံမှာ၊ တစ်မှုန်ပတ်ရစ်၊ ခုဘဝ ဤခေတ်မှာ၊ အနစ်နှင့်ကြုံသဖြင့်၊ အမြဲလက်တွေ့ ဖြစ်ရသည်ဟု၊ ထိတ်လန့်ခြင်း သံဝေဂ၊ တရားထူးစမ္မကို၊ ဂါရဝလေးမူလျှက်၊ သူတော်ကောင်းတို့ လက္ခဏာ၊ သစ္စာဗိုလန်၊ အရင်းခံလက်ငုတ်ကို၊ လက်ဆုပ်လက်ကိုင်၊ အဆုံးတိုင် နှလုံးသွင်း ၍၊ ပေါင်းသင်းမြဲပေါင်းသင်းကြစေ။ ။

၁၉၉၁၊ စက်တင်ဘာလ၊ အတွေးအမြင်။

❑ ❑ ❑

## ဇာတ်စင်ပေါ်က ရှင်ဘုရင်စကား

ဒါကြောင့် မင်းသားကြီးဆိုတာ
တော်စွ လျော်စွ ပညာမျိုးနဲ့ မလုပ်နိုင်ပါဘူး
ကျရာနေရာမှာ ပြောင်မြောက်အောင် သရုပ်ဆောင်နိုင်ဖို့
ဇာတ်ရုပ်အသီးသီးအတွက် သတ်မှတ်ထားတဲ့
သဘင်စည်းကမ်းတွေကိုလဲ. . .

မြန်မာ့ရုပ်သံလွှင့်အစီအစဉ်မှာ မကြာခဏဆိုသလို နိုင်ငံတော်အစိုးရ ယဉ်ကျေးမှုဌာနမှ ထုတ်လွှင့်တဲ့ ကဇာတ်တချို့ကို ရှေးမူမပျက် ကြည့်ခွင့်ရပါတယ်။ သည်လို မြန်မာကဇာတ်သက်သက်ကို မက်မက်မောမော ကြည့်ကြတာက ကျွန်မတို့ လူကြီးပိုင်းကပါ။ ဆယ်ကျော်သက်ရွယ် လူငယ်ပိုင်းကတော့ စိတ်ဝင်တစား ထိုင်ကြည့်တဲ့သူ နည်းပါတယ်။ အများစုကတော့ လာမကြည့်ကြပါဘူး။ သူတို့အကြောင်းပြတာကတော့ ဆိုင်ရာဇာတ်ကောင်တွေ ပြောကြတဲ့ ဇာတ်

ရတနာပုံစာအုပ်တိုက်

စကား၊ ဇာတ်စာတွေက 'ဘာတွေမှန်းလဲ မသိဘူး၊ ပျင်းစရာကြီး' တဲ့။ ဒါ သူတို့အမြင်။

ဘာတွေမှန်း ဘယ်သိပါ့မလဲ။ သည်ခေတ်မှာ လူငယ်နဲ့ မြန်မာကဇာတ်က အဟတ်ကွာလာပြီကိုး။ မျက်မှောက်ကနေ့ခေတ်မှာ ပြည်တွင်းပြည်ပ ရုပ်ရှင်တွေ၊ ဗီဒီယို ဇာတ်လမ်းခွေတွေက မိုးမွှန်နေသလောက်၊ မြန်မာဇာတ်သဘင်တွေက နောက်ဆုတ်နေကြရပြီပဲ။ စားစရိတ်တွေ၊ ကူးသန်းသွားလာရတဲ့ ခရီးစရိတ်တွေ ကြီးမြင့်မှုမှုစလို့ အကြောင်းကြောင်းကြောင့် ရွှေ့ကလို မသွားနိုင် မကနိုင် ထိုင်နေကြရပြီလေ။ ဇာတ်ခေါင်းကွဲကုန်ကြပြီပေါ့။ သည်လိုဆိုတော့ သဘင်ပညာရှင်တွေထဲမှ အရွယ်ရှိသူတွေက ဗီဒီယိုရုပ်ရှင်ထဲ ရောက်ကုန်ကြ၊ တချို့ကလဲ သင့်သလို ကြုံသလို အသက်မွေးဝမ်းကျောင်းရှာကြရတဲ့ဘဝ ရောက်ကုန်ကြနဲ့၊ ကျွမ်းကျင်ပြီးသားပညာတွေ အလဟဿ အဖြစ်ခံကြရတယ်။ သည်နည်းနဲ့ပဲ ဇာတ်အဖွဲ့တွေ နည်းပါးရာမှ အခုတော့ တဖြုတ်ဖြုတ် ကြွေလွင့်ကြရတာကြားနေရပါတယ်။

သည်လိုဆိုတော့ ရိုးရာကဇာတ်နဲ့ ခေတ်လူငယ်၊ အတွေ့အမြင် နည်းလာတဲ့အခါ ဇာတ်စာ ဇာတ်စကားတွေကို ဘယ်နားလည်ပါတော့မလဲ။ နားမလည်တော့ အရသာ မခံတတ်တော့ဘူး။ ပျင်းစရာကြီး ဖြစ်ကုန်ပါရော။ တချို့က ပျင်းရုံမျှမကဘူး။ မြန်မာဇာတ်ကို အထင်အမြင်သေးပြီး စတီရီယိုတေးများကိုသာ အကောင်းထင်ကြတဲ့အထိ ဖြစ်လာပြီလေ။ သည်နေရာမှာ ကျွန်မ ပြောချင်တာက သည်လိုပါ။

ရိုးရာဇာတ်သဘင်ကိုချည်း အသေဖက်တွယ်ထားသင့်တယ်လို့ မဆိုလိုပါဘူး။ သူ့ခေတ်နဲ့သူဖြစ်လာတဲ့ မျိုးခြားသဘင်ကိုလဲ နှစ်သက်ကြရင် နားသာတယ်ထင်ရင် လိုက်စားကြပေါ့။ ဒါပေမဲ့ မြန်မာဇာတ်သဘင်ကိုလဲ ရှိမြဲတိုင်းနေရာမှာ ရှိနေစေဖို့ အလေးအမြတ်ထားပြီး ထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်းကို ပြောချင်တာပါ။

လောလောဆယ် မြင်တွေ့နေရတာကတော့ ရိုးရာသဘင်ကို မျိုးခြားသဘင်က နှာတစ်ဖျားမက အများကြီး ကျော်တက်သွားပါပြီ။ သည်အခြေအနေဟာ မြန်မာ့ဇာတ်သဘင်အတွက် ကောင်းတဲ့ အလားအလာ မဟုတ်ပါဘူး။ မြန်မာမှုကို အလေးအမြတ် တန်ဖိုးထားတဲ့သူတွေအဖို့မှာတော့ သည်အတိုင်းသာ ဆက်လုပ်နေကြရင် မြန်မာဇာတ်ဆိုတာ ရှေ့ကို ရှိမှရှိပါဦးမလားရယ်လို့

စိုးရိမ်လာမိပါတယ်။

စောစောကပြောခဲ့တဲ့ အစိုးရယဉ်ကျေးမှုဌာန ကဇာတ်ဆိုတာတော့ ရှိပါရဲ့။ တစ်ပြည်လုံး အတိုင်းအတာနဲ့ဆို မလုံလောက်ဘူးဆိုတာ အထူးပြောဖို့ မလိုပါဘူး။ နောက်ပြီး ကနေ့ခေတ်က တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဥဒဟို သွားလာ ဝင်ထွက်ကြပြီး သုခုမသဘင်ချင်း နားလည်အောင် ဖလှယ်နေကြတဲ့ခေတ်ဆို တော့ကာ -

"မြန်မာကဇာတ်ဆိုတာ ဒါပဲ" လို့ ကမ္ဘာကို ပြစရာ ရှိကိုရှိနေရမယ် မဟုတ်လား။ ဒါကြောင့် မြန်မာ့ဇာတ်သဘင်ပညာကို အတိမ်ကောခံလို့ မဖြစ် ဘူး။ သည်ပညာရှင်သန်နေဖို့ ထူထောင်ပေးရမယ်။ သည်နေရာမှာ ကျွန်မတို့ ပြည်သူတွေတင် မဖြစ်နိုင်ပါ။ နိုင်ငံတော်အစိုးရကြီးကလဲ ပံ့ပိုးကူညီမြှင့်တင်ပေး မှသာ ဖြစ်မြောက်မယ့်ကိစ္စပါ။ သည်လို ဝိုင်းဝန်းဆောင်ရွက်ကြရင် မုချ တိုးတက် မှု ရှိလာရမှာပေါ့။

ဇာတ်သဘင်တွေ ထူထောင်ရာမှာ ပညာသည်ကောင်းတွေ လိုပါတယ်။ မင်းသမီး၊ မင်းသား၊ မင်းသားကြီး လူရွှင်တော်၊ ဇာတ်စာရေးဆရာ စတဲ့ ပညာသည် တွေဆိုတာက ခုချက်ချင်း ထလုပ်လို့ ရနိုင်တဲ့ပစ္စည်းမျိုး မဟုတ်ပါဘူး။ နှစ်ပေါင်း များစွာ ပညာရှာမှီးမှု အတွေ့အကြုံ ရင့်ကျက်မှုတွေနဲ့ စိတ်ထက်သန်စွာ အချိန် ယူ တည်ဆောက်နိုင်ပါမှ ပီပီပြည်ပြည်ဖြစ်လာနိုင်တာမျိုးပါ။ သည်လို ဖြစ်လာ အောင်က ဇာတ်အဖွဲ့တွေ ပေါ်ထွန်းပြီး လှိုင်လှိုင်ကြီး အလုပ်ဖြစ်ပါမှ သူ့နေရာ နှင့်သူ ထူးချွန်တဲ့ပညာသည်ကောင်း ထွက်လာမှာ မဟုတ်လား။

သည်နေရာမှာ စကားစပ်မိလို့ ကြားဖြတ်ပြောချင်တာ တစ်ခု ရှိပါတယ်။ အဲဒါက ဇာတ်နဲ့ခွဲမရတဲ့ ဆိုင်းအကြောင်းပါ။ 'ဇာတ်နဲ့ဆိုင်းဟာ ကျွန်းနဲ့ကိုင်း' လို တစ်ဦးကိုတစ်ဦးက အပြန်အလှန် အမှီပြုနေကြရတဲ့ ပညာသည်အချင်းချင်း တွေပါပဲ။ အခုဇာတ်တွေ အလုပ်မဖြစ်ကြတော့ပေမယ့် ဆိုင်းလောကမှာတော့ ရပ်တည်နေနိုင်သေးတဲ့ ဆိုင်းပညာရှင်တွေ ရှိတန်သရွေ့ ရှိကြပါသေးရဲ့။ သူတို့ အဖို့ကကော ဇာတ်တွေ မကနိုင်ကြတော့တဲ့နောက် ဘယ်လောက်ကြာကြာ တည်တံ့နိုင်မှာလဲ။ ဒါဟာ မေးစရာ၊ တွေးစရာ အချက်တစ်ခုပါ။ ကျေးလက် တောနယ်တွေက သားရှင်ပြုအလှူပွဲမျိုးမှာ တီးခွင့်ရရုံနဲ့တော့ အားမထားလောက် သေးပါဘူး။ တောနယ်အလှူပွဲဆိုရာမှာတောင် အခုခေတ်မှာ ဆိုင်းဝိုင်းပယ်ပြီး ဗီဒီယိုရုပ်ရှင်တွယ်တဲ့ ဧည့်ခံမှုမျိုးတွေ ရှိလာနေပါပြီ။

သည်အတိုင်းသာဖြင့် မြန်မာ့ရိုးရာက ဇာတ်သဘင်နှင့်အတူ ရွှေရောင်ဘဝင်းဝင်းနဲ့ ဆိုင်းဝိုင်းကြီးတွေရဲ့ အခြေအနေဟာ မျိုးခြားသဘင် ထိုးဖောက်ဝင်ရောက်မှု ဒီရေ အရှိန်အဟုန်အောက်မှာ စိုးရိမ်ရေမှတ် ရောက်နေပြီလို့ မြင်ပါတယ်။

ရှေးရင်း ပြန်ကောက်ရရင် အဆင့်မီတဲ့ ဇာတ်တစ်ဇာတ်ဆိုတာ တစ်ဦးတစ်ယောက်ကောင်းနဲ့ နာမည်မရနိုင်ပါဘူး။ ဇာတ်သူဇာတ်သား အသီးသီး ပညာပြည့်ကြပါမှ ဇာတ်အဖွဲ့ကောင်းရယ်လို့ ထင်ပေါ်လာတာမျိုးပါ။ ဘက်စုံ မပြည့်လို့ကတော့ သာမန်ဇာတ်အဆင့်မှ မကျော်နိုင်ပါ။ မင်းသမီးမှာလဲ မင်းသမီးပညာနဲ့၊ မင်းသားမှာလဲ မင်းသားပညာနဲ့၊ ကိုယ်စီကိုယ်ငှ ပညာရည် ပြည့်ဝကြတဲ့အနက် မင်းသားကြီးများရဲ့ ဆိုင်ရာ ပညာပိုင်းကိုပဲ ကွက်ပြီး တင်ပြချင်ပါတယ်။

ရှေးက အမြင့်သဘင်ခေါ်တဲ့ ရုပ်စုံစင်မှာဖြစ်စေ၊ အနိမ့်သဘင်ခေါ်တဲ့ လူကိုယ်တိုင်ကတဲ့ စင်မှာဖြစ်စေ မင်းသားကြီးလုပ်ရသူဟာ ကပြမယ့် ဇာတ်ထုပ်မှ အရေးပါတဲ့ နေရာမျိုး၊ ရှင်ဘုရင်နေရာ၊ စစ်သူကြီးနေရာ စတာမျိုးမှာ တာဝန်ယူကြရစမြဲပါ။ ဇာတ်စကားနဲ့ ဘယ်ဇာတ်ရုပ်စီးတယ်ပေါ့။ ဒါကြောင့် မင်းသားကြီးဆိုတာ တော်စွ လျော်စွာ ပညာမျိုးနဲ့ မလုပ်နိုင်ပါဘူး။ ကျရာနေရာမှာ ပြောင်မြောက်အောင် သရုပ်ဆောင်နိုင်ဖို့ ဇာတ်ရုပ်အသီးသီးအတွက် သတ်မှတ်ထားတဲ့ သဘင်စည်းကမ်းတွေကိုလဲ နားလည် ကျွမ်းကျင်ထားရပါမယ်။

နောက်ပြီး လောကီလောကုတ် နှစ်လီစုံ စာပေဗဟုသုတ ပြည့်ဝသူလဲဖြစ်ရပ့ါမယ်။ ဇာတ်စာရေးဆရာများ ရေးထားတဲ့ ဇာတ်စာအမျိုးမျိုးကိုလဲ ထုံးလိုချေ ရေလိုနှောက်ပြီး ချောက်ချားနိုင်စွမ်းလဲ ရှိရပါမယ်။ ဒါမှ ဘယ်ဘက်ကစမ်းစမ်း သက်ဆိုင်ရာ ဇာတ်စာကို အာဝဇ္ဇန်း ကောင်းကောင်းနဲ့ ကရားရေလွှတ် တတွတ်တွတ် ရွတ်နိုင်မှာကိုး။ သည်လို စာစုံအောင် အာဂုံဆောင် ကျက်မှတ်ထားနိုင်မှ ဟန်ကျတာပါ။

မင်းသားကြီးတစ်ယောက်ဟာ ရှင်ဘုရင်လုပ် ထွက်ရပြီ ဆိုပါတော့။ ရွှေပိုင်းပြည်တည်ခန်း၊ နန်းတွင်းညီလာခံမှာ ဝန်ကြီး မှူးမတ်တွေ ခြံရံခစားလို့ ရာဇပလ္လင်ပေါ်မှာ ရှင်ဘုရင်ကြီးက ဆိုင်ရာ ဇာတ်ကွက်အရ သူ့ရဲ့ မှူးကြီးမတ်ကြီးတွေကို တိုင်ပင်ဆွေးနွေး အမိန့်ပေးရတာတွေ ပြောရပြီ။ သည်နေရာမှာ ပညာပြည့်တဲ့ မင်းသားကြီးသာဆိုရင် ပွဲကြည့်ပရိသတ်တွေ ဗဟုသုတပွားအောင် စီကာပတ်ကုံး ဇာတ်စကားနဲ့ မှတ်သားလောက်အောင် ပြောနေလိုက်

တာများ ၁ နာရီလောက် အချိန်ပေါက်တောင် ပရိသတ်က တုတ်တုတ်မျှ မလှုပ်ဘဲ ပွဲငြိမ်နေအောင် ဆွဲဆောင်ပြောနိုင်ပါတယ်။ သည်လို အရည်အချင်း ရှိရပါတယ်။

ဥပမာဆိုရရင် ကပြမည့်ဇာတ်မှာ ကောသလမင်းကြီးအနေနဲ့ သာဝတ္ထိမင်းနိုင်ငံကို စစ်ထွက်ခန်း ပါမယ် ဆိုပါစို့။ ညီလာခံ ခန်းမဆောင်မှာ မှူးမတ်စစ်သူကြီးတွေကို ရာဇပလ္လင်ပေါ်မှ ရှင်ဘုရင်ကြီးက သည်လို ပြောပါတယ်။

"မဟော်သေန ဝိဓူရသို့ ဉာဏစက်မီး၊ လက်ရုန်းစိန်ထောင်
ရန်မျိုးအောင်တဲ့ မတ်ခေါင်ကြီး။ ။ သာဝတ္ထိမင်း၊ ထီး
တစ်စင်းနှင့် သိမ်ဖျင်းနိုင်မှု ဗိုလ်ပါအင်ခွင်၊ မစုံလင်၊ သာမညငယ်လို့၊ ပေါ့ဆ၍လည်း မတော်ဘူး။ တောမှူး ရန်ခွင်း၊
ခြသေ့်မင်းသည်၊ အခင်းမလောက်၊ ယုန်ကိုပင် ဟောက်သတဲ့၊ ခုန်ပေါက်ကွန့်ဝဲ၊ ငွတ်တရကြမ်း၊ အားကုန်လှမ်း၍၊ ဖမ်းစမြဲ၊ ရွဲရွဲမုန်ယို၊ ဆင်ပြောင်ကိုလည်း၊ ထိုယုန်ငယ်အား၊ ဖမ်းသည့်နည်းနှင့် မကွဲပြား၊ သားများသနင်း တောမင်း သီဟ၊
ကေသရသို့ လုံ့လခိုင်ကျည်၊ အနန္တန်းပြု၍၊ ရှုကောင်းသည်။
ပြည်ငယ်တိုင်းကြပ်၊ သင်းကိုမျှလို့ မဆိုအပ်။ သောင်းရပ်ဇမ္ဗူ။ သပြေငုမှာ၊ ထီးဖြူတစ်ရာ၊ မင်းတကာတို့၊ သည်းချာ
ရှမ်းဆောက်၊ သည်တစ်ပွဲဖြင့် ရိုးစွဲ ကြောက်အောင်၊ မြေ
မှောက်လုမျှ ကျက်သရေပြောင်ရွှန်း၊ နေဆယ်ဆူ ထွန်းသည့်
နှယ်၊ ဘုန်းစွမ်းပြ၍ ငါကိုယ်တော်တိုင် ချီတော်မူမည်၊ သုံး-
ဆယ့်ခြောက်ယူဇနာ၊ ဗိုလ်ပါဖြင့်ညီး၊ တပ်တော်ကြီးကို၊ ယခု
ခင်းပြီး ရှိပါလေစ မတ်ခေါင်ကြီးတို့။ ။

ဒါဟာ ဇာတ်စင်ပေါ်က ရှင်ဘုရင်စကားပါ။ ဇာတ်ကတာဆိုရင် အဲသည်လို ဇာတ်စကား ဇာတ်လေနဲ့ပြောမှ ဖြစ်ပါတယ်။ သည်နေရာမှာ. . .

"အမတ်ကြီး။ ငါတို့ စစ်တိုက်ရမယ့် နိုင်ငံများ အားနည်း
တယ်လို့ ရန်သူကို အထင်မသေးလေနဲ့။ ပေါ့ပေါ့ဆဆ
မလုပ်နဲ့။ ခြသေ့်ဆိုတာ ယုန်ဖမ်းဖမ်း ဆင်ဖမ်းဖမ်း ဝီရိယမှာ

အတူတူပဲ။ ဒါကြောင့် သည်စစ်မှာ တခြား မင်းတွေပါ
ကြောက်လောက်အောင် ငါကိုယ်တိုင် ချီတက်မယ်။ တပ်ခင်း
ကြတော့' ရယ်လို့ -

အရပ်ပြော ပြောမယ်ဆိုရင် အရပ်စကားပဲ ဖြစ်မယ်။ ဇာတ်စကား မဟုတ်တော့ဘူး။ ဘယ်မှာ နားထောင်လို့ကောင်းတော့မလဲ။ ဇာတ်သဘင် ပညာ ဘယ်ကြားရမလဲ။ သည်လိုဇာတ်စကားတွေက တန်ဖိုးရှိလို့လဲ ပရိသတ်အာရုံကို ဖမ်းနိုင်တာပေါ့။ လိုရင်းကတော့ ဇာတ်စကားဆိုတာ အရပ်စကားနဲ့ ခြားနားမှုပဲ အလုပ်လုပ်လို့ ဖြစ်တယ်ဆိုတာပါပဲ။ နောက်တစ်ခါ ရှင်ဘုရင်စကားကို တင်ပြပါဦးမယ်။

သထုံရာဇဝင် ဇာတ်ထုပ်မှာတော့ ရှင်ဘုရင်ကြီးက ညဥ့်ညီလာခံစဲပြီး စက်ခန်းဆောင်ကို ဝင်ခါနီးမှာ သူ့ရဲ့ လက်သုံးတော်ကြီးတွေကို သူ စက်တော်ခေါ်မည့်အချိန်မှာ ဆိုင်းသံ တူရိယာသံတွေ မကြားချင်ဘူး။ တရားစာရွတ်သံ ဖတ်သံကိုသာ နားထောင်ရင် စက်ချင်တယ်လို့ မိန့်တော်မူတာကို ပဟာသည်လို နဘေကာရန်များနဲ့ ပြောသွားပါတယ်။

"ပညာဝရဇိန်၊ အမှားမလှ၊ တရားရွတယ်တဲ့ သုခမိန်တို့။
"ရှိန်တလျှပ်လျှပ်၊ စိန်ပြာသာဒ်ထက်၊ ချိန်မှတ်တိထိ၊ ငွေ
သော်တာရုံ တာရာစုံတဲ့ ပုဏ္ဏမီမှာ၊ မြဲရထည်လွှမ်း၊ အဌင်္ဂမူ
သီလယူ၊ သူတော်ငြိမ်းဖြင့်၊ ကမ္မဋ္ဌာန်းမှီးညိတ်၊ ပုတီးစိတ်ပြီး
လျှင်၊ ထီးရိပ်ခိုတော်မူမည်။ စိတ်ဇောမကွက်၊ အနိစ္စသံ၊
ဒုက္ခည်းအောင်၊ ရွတ်အံမြွက်၍၊ စက်တော်ခေါ်ရာ၊ ညောင်
သဇ္ဈာမှာ၊ ခရာမတုတ်၊ စည်း-စုတ်-မသွင်း၊ စောင်းညှင်း
မလတ်၊ ဖန်ဆိုင်း-မှန်ဆိုင်း-ပုဂံဆိုင်းနှင့်၊ စိတ်ပိုင်းဖြတ်၍၊
နတ်ကညာဟန်၊ များဖော်ညှင်းညှင်း၊ နားတော်သွင်းတဲ့၊
သီချင်းသံများကို၊ မခံရွှေနား၊ တိ သရဏာစုံ၊ ကိုးပါးဂုဏ်
မှာ၊ အာရုံထား၍၊ ပတ္တမြားညောင်ချက်၊ ဆောင်ကနက်တွင်၊
စက်တော် တရေးမှိတ်ဦးမည်။ သုံးဆယ့်နှစ်ဝ၊ အကွပ် ထိန်း
သိမ်း၊ မညွန်ယိမ်းတဲ့၊ ခွတ္တိသကို၊ ဆောင်မက သရဖွာယ်
ကြပေတော့ မဟာသူတော်ကောင်းကြီးများ။ ။

သည်လို သည်လို ဇာတ်ကွက်နဲ့ အံဝင်ခွင်ကျ စကားတွေကို ပြောနိုင် ရွတ်နိုင်ဖို့ ဇာတ်စာတွေကို ကျက်မှတ်ထားကြရပါတယ်။ စာကျက်ပျင်းလို့ မဖြစ်ပါဘူး။ 'ဘယ်ဆရာရေးတဲ့ ဘယ်ဇာတ်ကဖြင့် စာသားတယ်ကောင်းသတဲ့' လို့ သတင်းရရင် အဲသည်စာကို လိုက်ရှာပြီး မရအရ တောင်းခံယူကြရတာပါ။

အခုလို လုံ့လဝီရိယကြီးကြီးနဲ့ ဘိုးဘွားများ ကြိုးစား သိမ်းဆည်းလာကြတဲ့ သုခုမ အနုသဘင်ပညာ ဇာတ်စာတွေဟာ ကျွန်မတို့ခေတ် ရောက်ခါမှ ကွယ်ပျောက်လုခမန်း ဖြစ်နေတာကို သည်အတိုင်း လက်ပိုက်ကြည့်နေလို့ မဖြစ်သေးပါ။ မြန်မာမျိုးချစ်သူအားလုံး စုပေါင်းလုပ်ဆောင် ထိန်းသိမ်းကြဖို့ လိုအပ်နေပါပြီ။ မြန်မာ့သဘင် အမွေအနှစ်တွေကို ထိန်းသိမ်းတဲ့အဆင့်တွင်သာ မကသေးပါဘူး။ အမျိုးသားဟန်လဲ မပျောက်စေရဘဲ ကောင်းသည်ထက်ကောင်းအောင် ဆက်လက် တီထွင်ကြဖို့အထိ ရည်ရွယ်ဆောင်ရွက်သင့်ကြပါတယ်။

အခု နိဂုံးအနေနဲ့ ဇာတ်စင်ပေါ်က ရှင်ဘုရင်ပြောတဲ့ စကားတစ်ခန်းကို ဖော်ပြပါဦးမယ်။

သည်ဇာတ်ကတော့ ဗုဒ္ဓဝင်ဇာတ်တော်မှ ဇာတ်ဝင်ခန်းတစ်ခန်းပါ။ သုဒ္ဓေါဒနမင်းကြီးက သားတော် သိဒ္ဓတ္ထမင်းသားအတွက် ကြင်ယာတော်လောင်း ရှာဖွေဖို့ ကာဠုဒါယီအမတ်ကို စေခိုင်းထားတာမှာ တစ်ပြည်လုံး လှည့်ရှာတာ ထိုက်တန်သူတစ်ပါးမျှ မတွေ့ပါကြောင်း တင်ကြားလေတော့ မင်းကြီးက တယ်မကြိုက်ဘူး။ ဒါကြောင့် 'သည့်နှယ်ဖြင့် နင်တို့ ကျွန်အရှင် နတ်ပြည်တက် ကြင်ယာလောင်း ရှာရအောင် လှေကားသာ ထောင်ကြ' လို့ ခပ်ငေါ့ငေါ့ မိန့်ကြားတဲ့ ရှင်ဘုရင်စကားပါပဲ။

"သားမောင့်ဖွားဘက်၊ ခုနစ်ချက်တွင်၊ ဒုန်တက်ကြေညာ၊
ကာဠုဒါတု၊ မဟာမတ်မွန်၊ ဆင်ပြောင်ငါးစီး၊ ခွန်အားမိုး
သည့်၊ မတ်ကြီးဝန်။ ။ များလွန်စွာကောင်း၊ ဆွေတော်
ပေါင်း၊ ရှစ်သောင်းအလယ်၊ မောင်မင့်အရှင်၊ ဆောင်မြင့်မှာ
တင်ရန်ဖို့၊ သို့ စဉ်ရွယ်၊ ရွေးချယ်မရ မှန်သလား။ မရ
ရွေးချယ်၊ ငါ၏ဆွေမျိုး ဂုဏ်သိမ်ညှိုး၍၊ တန်ခိုးငယ်အောင်၊
လှကျယ်စကား၊ မင့်အရှင်နှင့် မင်းပစ်ကြွား၊ စော်ကားလွန်း
မည် ငါထင်သည်၊ သို့သည် တိုင်းကြီး၊ သမိုင်းထီးတွင်မှ၊

သမီးကညာ၊ ရတနာကို၊ ရှာ၍စေကန်၊ မရသည် မှန်ခဲ့သော်၊ တင်ရန် လက်ယာ၊ တောင်ကျွန်းက ဖောက်ပြီးလျှင်၊ မြောက်ကျွန်းမှာ ရှာသော်လည်း၊ ရရာမမြင်၊ ထက်ဝတ်ပြည်ခွင်သို့ ကျွန်အရှင်တက်ကာသွားရအောင် လှေကားသာ ထောင်ပေရော့. . . ကာဌေးဒါရယ်။ ။

ကျမ်းကိုး။ ။

၁။ စလေဦးပုည ရေး ကောသလဇာတ်။
၂။ မော်လမြိုင် ဆရာရော ရေး သတုံ ရာဇဝင်ပြဇာတ်။
၃။ ဆတိုင်မွတ် ဦးကူး ရေး မဟာဗုဒ္ဓဝင်ပြဇာတ်။

၁၉၉၁၊ အတွေးအမြင်၊ စာစဉ် ၆၆။

❑ ❑ ❑

## ခေတ်ဟောင်းက စာပေဝေဖန်ရေး

**၇၁ နှစ်ဆိုတာ ရှည်လျားတဲ့ စာပေသမိုင်းနဲ့ တိုင်းတာလိုက်ရင် ဘာမှမကြာဘူးဆိုရပေမယ့် လူ့သက်တမ်း တစ်ဆက်လောက် ရှိနေပြီမို့ အဲဒီခေတ်က ရေးဟန်နဲ့ အယူအဆတွေကိုလဲ. . .**

ကနေ့ စာပေလောကမှာ ဝေဖန်ရေး အမျိုးမျိုးအကြောင်း ပြောသံဆိုသံ ကျယ်ကျယ်လောင်လောင်ကြားနေရပါတယ်။ အမျိုးမျိုး ဆိုရတာကတော့ ဝေဖန်ရာမှာ လုံးချင်းစာအုပ်ကစပြီး ဝတ္ထုတိုရှည်၊ ဆောင်းပါးစတဲ့ စကားပြေတွေ၊ နောက် ကာရန်မဲ့၊ ကာရန်ပါ ကဗျာတွေရော အမျိုးအမည်များတဲ့အတွက်ပါပဲ။

သည်လို လက်ာစကားပြေ၊ စာပေအရပ်ရပ်မှာ ဝေဖန်ရေး လိုအပ်တယ်ဆိုတဲ့ ပဓာနအချက်ကိုတော့ အများက လက်ခံထားကြပါတယ်။ ဝေဖန်မှုရှိမှ တိုးတက်မှုရှိတယ်ဆိုတာကလည်း နည်းလမ်းကျတဲ့ စကားပေကိုး။ ဒါပေမယ့် ဒီနေရာမှာ ဘယ်လို ဝေဖန်ရေးမျိုးကမှ အကျိုးရှိစေတယ်ဆိုတာကိုတော့ စိစစ်ကြရဦးမယ် မဟုတ်လား။

ရတနာပုံစာအုပ်တိုက်

ကနေ့ခေတ်မှာက မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်တွေ အထွက်များ သလောက် စာဖတ်ပရိသတ်အင်အားကလည်း များလာပါတယ်။ ကောင်းတဲ့ လက္ခဏာပေါ့။ အဲဒီ စာဖတ်ပရိသတ်ထဲမှာ ငယ်ရွယ်နုနယ်တဲ့ လူငယ်ထုက အများစု ဖြစ်နေပါတယ်။ ဒါကတော့ စာအုပ် အငှားဆိုင်တွေမှာ မြင်ရတဲ့ မြင်ကွင်းအရ အကဲခတ်ပြောရတာပါ။

ဒီလိုဆိုတော့ကာ စာဖတ်သူလူငယ်ထုအတွက် စာကောင်းစာသန့်နဲ့ စာညံ့စာညစ်ကို ခွဲခြမ်း စိတ်ဖြာပြရမယ့်တာဝန် ဝေဖန်သူမှာ ပိုကြီးလာတာပေါ့။ ဘာကြောင့်လဲဆိုရင် ကျွန်မတို့ စာချစ်သူအားလုံးဟာ စာစဖတ်စဉ်ကဆို ဖတ်လို့ကောင်းတဲ့စာအုပ် ဟူသမျှ အမှန် အကောင်းချည်းလိုလို ထင်ခဲ့မိကြတာမှာ အတူတူပဲမဟုတ်လား။ ဒီတော့ကာ လူငယ်စာဖတ်ပရိသတ်များလေလေ၊ စာပေ ဝေဖန်မှု လိုအပ်လေလေပဲပေါ့။

စာတစ်ပုဒ်ကို ဝေဖန်မယ်ဆိုရင် ဝေဖန်သူဟာ စေတနာမှန်ဖို့ လိုပါ တယ်။ အဲဒီစာရဲ့ ဦးတည်ချက်ကို ပထမ ကြည့်ပြီးမှ ကောင်းကွက်နဲ့ အားနည်း ချက် နှစ်ဖက်စလုံးကို ဆစ်ဆစ်ပိုင်းပိုင်း ထောက်ပြပြီး စာဖတ်သူအတွက် အာဟာရစာပေ ဖြစ်စေသလား၊ အဆိပ်အတောက်စာပေ ဖြစ်စေသလားဆိုတာ ခွဲခြားပြဖို့ ဖြစ်ပါတယ်။ နောက်ပြီး ပုဂ္ဂလဓိဋ္ဌာန်အစွဲမပါဘဲ ဓမ္မဓိဋ္ဌာန်ကျကျ တရား သဖြင့် ဝေဖန်ဖို့ကလဲ အရေးကြီးတာပါပဲ။ သမာ သမတ် မရှိဘဲ မိမိလိုရာဆွဲပြီး ကောက်ချက်ချ ပြောမယ်ဆိုရင်တော့ အဲဒီစကားမျိုးဟာ ဝေဖန်ရေးအရာ မမြောက်ဘူး၊ မရောက်ဘူးလို့ ဆိုရပါမယ်။

စကားပမာအဖြစ် ဝတ္ထုတစ်ပုဒ်ကို ဆိုပါစို့။

မူလ ရေးသားထုတ်လုပ်လိုက်တဲ့ ရေးသူဟာ ဖတ်သူအဖို့ သုတပွား စေဖို့၊ စိတ်လက် ပျော်ရွှင် ကြည်နူးစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တကယ်ဖြစ်နိုင် လောက်တဲ့ ဖြစ်ရပ်တစ်ခုခုကို ဖတ်လို့ကောင်းအောင်၊ သဘာဝ ယုတ္တိရှိအောင် စကားတန်ဆာဆင်ပြီး မိမိပေးချင်တဲ့ သုတရသတွေပါ ရောမွှေပြီး ရေးကြစမြဲပါ။ ဒါပေမယ့် သည်ဝတ္ထုကို ဖတ်ရတာနဲ့ သာယာပျော်ရွှင်တယ်ဆိုတဲ့ အချက်တစ်ခု တည်းနဲ့တော့ ဝတ္ထုကောင်းတစ်ပုဒ် မဖြစ်နိုင်သေးပါဘူး။ စာဖတ်သူရတဲ့ ပျော်ရွှင် မှုဟာ ကောင်းတဲ့ ပျော်ရွှင်မှု ဟုတ်ရဲ့လား။ စိတ်နှလုံး လွင့်မျောတက်ကြွစေတဲ့ မလိုလားအပ်တဲ့ ပျော်ရွှင်မှုများလားဆိုတာ သုံးသပ်ဖို့ လိုအပ်လာပါတယ်။

ဒါတွေ ပြောနေတာက ကျွန်မကိုယ်တိုင် စာပေ ဝေဖန်မှု ပြုချင်လို့

မဟုတ်ရပါဘူး။ ဝေဖန်နိုင်တဲ့ အရည်အချင်းရှိတယ်လို့လဲ ကိုယ့်ကိုယ်ကိုယ် မထင်မှတ်ပါဘူး။ ပြောရတဲ့အကြောင်းက ကျွန်မတို့ မမွေးသေးခင် ဟို. . . လွန်ခဲ့တဲ့ နှစ်ပေါင်း အများကြီးက ဝတ္ထု စာပေ ဝေဖန်ရေး ဆောင်းပါးတစ်စောင်ကို တွေ့ထားလို့၊ ကနေ့ခေတ် ဝေဖန်ရေးတွေနဲ့ယှဉ်ပြီး လေ့လာနိုင်ကြရအောင် ဖော်ထုတ်တင်ပြချင်လို့ပါပဲ။ အဲဒီဆောင်းပါးက ၁၉၁၈ ခုနှစ်ကဆိုတော့ မဂ္ဂဇင်းပေါ် ဦးစခေတ်က ဆောင်းပါးလို့ ဆိုရမှာပေ့ါ။ ဘာကြောင့်လဲဆိုရင် ၁၉၁၁ ခုနှစ်ထုတ် မဂ္ဂဇိန် စာစောင်ကလေး တစ်အုပ်အကြောင်း တွေ့ဖူးထားတာကိုး။ သည့်ထက် နောက်ကျတဲ့ မဂ္ဂဇိန် စာစောင်များလဲ ရှိနိုင်ပါသေးတယ်။

ဒီတော့ကာ ၁၉၁၁ ခုနှစ်နဲ့ ၁၉၁၈ ခုနှစ်အကြား ကာလမှာ မဂ္ဂဇိန်မှ မဂ္ဂဇင်းလို့ အခေါ်အဝေါ် ပြောင်းလဲလာတယ်လို့ ယူဆရမှာပေ့ါ။ ဒါကြောင့် မဂ္ဂဇင်း ပေါ်ဦးစခေတ် လွန်ခဲ့တဲ့ (၇၁)နှစ်က ဝေဖန်ရေးဆောင်းပါးဆိုတော့ သူ့ခေတ်က ထုံးစံအတိုင်း ရေးသူရဲ့အမည်ကို ဖော်ပြမထားဘူးလေ။ တစ်ခါတစ်ရံလဲ 'ရေးသူဆုရသည်' ဆိုတာမျိုးသာ ထည့်တတ်ကြတာ ကလား။

ဒီလို မူအရ မိမိအမည် ဖော်ပြမှာမဟုတ်ကြောင်း ရေးတဲ့သူက သိနှင့်နေတာတောင် သူ ဝေဖန်ပုံက ဝတ္ထုရေးတဲ့သူအပေါ် မှာ ဘယ်လောက် သက်ညှာထားသလဲဆိုတာ သူ့အာဘော်က ညွှန်ပြနေပါတယ်။ သည်လောက် ရှေးကျတဲ့ ခေတ်ကာလက ဝတ္ထုဝေဖန်ရေးဆောင်းပါးဆိုတော့ကာ အဲဒီခေတ်မှာ ဘယ်လို ဝတ္ထုတွေ ပေါ်ထွက်နေတယ်ဆိုတာ သိမြင်ထားဖို့လိုတယ်။ ကဲ. . သည်တော့ သူ့ခေတ်က ဝတ္ထုစာပေ နောက်ခံမြင်ကွင်းကျယ်ကို ကြည့်ကြရအောင်။

မြန်မာသက္ကရာဇ် ၁၂၅၁ ခုနှစ်မှာ မောင်ဘိုးခင် (ခ) မဟာမှက်ရှုံရှုံခင်ဆိုသူက အာရဗီဘာသာမှ ဟင်တင်တာယီ ဝတ္ထုကို မြန်မာဘာသာ ပြန်ဆိုရေးသားပါတယ်။ ခေတ်သုံးစကားနဲ့ တန်ဆာဆင်ရေးတဲ့ ကာလပေါ် ဝတ္ထုပေ့ါ။ သည့်နောက် ၁၂၆၆ ခုနှစ် ရောက်လာတော့ ကာလပေါ်ဝတ္ထု ၂ ပုဒ် ထွက်လာတယ်။ တစ်အုပ်နဲ့တစ်အုပ် လပိုင်းသာ ခြားတယ်။ ပထမစာအုပ်က အလက်ဇန္ဒာ-ဒူးမားရဲ့ ကောင့်အော့မွန်တီခရစ်စတို (The Count of Monte Cristo by Alexandre Dumas) ဝတ္ထုကို မှီးရေးတဲ့ ဂျိမ်းလှကျော်ရဲ့ 'မောင်ရင်မောင်မမယ်မ ဝတ္ထု'။ ဒုတိယစာအုပ်က ဝန်စာရေး ဦးကြီး ရေးတဲ့ 'ချဉ်ပေါင်ရွက်သည်မောင်မှိုင်း' ဝတ္ထု ဖြစ်ပါတယ်။ မောင်မှိုင်းကတော့ ဦးကြီးရဲ့ ပင်ကိုရေးဝတ္ထုပါ။ သူက သုံးတွဲခွဲပြီး ပုံနှိပ်ပါတယ်။ သည်ဝတ္ထုနှစ်ပုဒ်စလုံးဟာ ဝတ္ထုသမိုင်းမှာ

မှတ်တိုင်စိုက်နိုင်တဲ့ ဝတ္ထုကြီးတွေပေါ့။

ဝန်စာရေး ဦးကြီးဆိုတာက သီပေါမင်းလက်ထက်တော် တိုင်တားမင်းကြီးရဲ့ စာရေးကြီးပါ။ အခုခေတ်လိုတော့ ဝန်ကြီးရဲ့ ပီအေလိုတာဝန်မျိုး ထမ်းရသူဆိုပါစို့။ သူက အင်္ဂလိပ်လက်ထက်ရောက်လာတော့ ရန်ကုန်ကို ဆင်းလာပြီး ဟံသာဝတီပုံနှိပ်တိုက်မှာ အလုပ်လုပ်နေတယ်။ အဲဒီမှာနေရင်း ရေးတာပါ။

ဦးကြီးရဲ့ လူရေးလူမှု သုတကြွယ်ပုံနဲ့ စာပေ အရည်အသွေး ဘယ်လောက် ပြည့်ဝသလဲဆိုတာ သူ့မောင်မှိုင်းကို ဖတ်ကြည့်မှ သိမှာပါ။ သူ ဖန်ဆင်းလိုက်တဲ့ ဇာတ်လိုက် မောင်မှိုင်းကတော့ ရောက်လေရာရာမှာ သူတစ်ပါး သမီးပျို အညွန့်အဖူးကလေးတွေကို ဖြားယောင်းဆွတ်ခူး ဖျက်ဆီးရာမှာ အလွန်စွမ်းတဲ့ လူရှုပ်တစ်ယောက်ပေါ့။

အဲဒီ မောင်မှိုင်းကို ဦးကြီး သရုပ်ဖော်ပုံ ကောင်းလွန်းလို့ လူယုတ်မာကြာသမာ ဘဝရုပ်လုံး ကြွနေတော့တာကိုး။ သည်လိုဆိုတော့ ဖတ်သမျှ လူတကာ နှလုံးနာ အော့ကြောလန်ခံရတဲ့ ဇာတ်ကောင် ဖြစ်လာပါရော။ ဘယ်လောက်ပုံပေါ် သလဲဆို၊ မောင်မှိုင်းဆိုရင် ကြာသမားလူယုတ်ပဲရယ်လို့ ကြားကြားသမျှက နှာခေါင်းရှုံ့ပြီး ခံယူထားကြတဲ့ အထိပါပဲ။

အဲဒီအခြေအနေမှာ ဗမာစင်စစ်က ဗိုလ်တုတ၊ ဗိုလ်ယောင်ဆောင်နေကြတဲ့ အမည်ရှေ့က မစ္စတာကောင်တွေကို သတ်ပစ်ချင်နေတဲ့ ရွှေတောင် ဆရာလွန်းဟာ သူ့ကလောင်နာမည်ကို မစ္စတာမောင်မှိုင်း လုပ်လိုက်ခြင်းအားဖြင့် မစ္စတာတွေ တဖြုတ်ဖြုတ် ဇီဝိန်ကြွေသေကုန်ကြရော။ ဒါကို ထောက်ရင် အဲဒီ မောင်မှိုင်း ဘယ်လောက် တွင်ကျယ်ခဲ့တယ်ဆိုတာ အကဲဖြတ်နိုင်ပါတယ်။

ရေးရင်း ပြန်ကောက်ရရင် သည်ဝတ္ထု ၂ ပုဒ်ကို ဖတ်ပြီးကြတဲ့ စာဖတ်ပရိသတ်ဟာ အခုလို အရပ်သုံးစကားနဲ့ လွယ်လွယ်ဖတ်နိုင်တဲ့ ကာလပေါ် ဝတ္ထုသွားကို ကြိုက်ကြလွန်းလို့ အာသာမပြေကြဘူး။ နောက်ထပ် ဒါမျိုး ဖတ်ချင်ကြပြီး သိပ်မျှော်လင့်နေကြတာပေါ့။ သည်လို သည်လို ပြည်သူတောင့်တမှန်းသိတဲ့ ထုတ်ဝေသူနဲ့ ရေးသူများဘက်ကလဲ ရေးအားသွက်ပြီး တွင်တွင်ကြီး အလုပ်လုပ်ကြတာပေါ့။

သည်လိုနဲ့ ကာလပေါ် ဝတ္ထုလောကမှာ ဦးကြီးက နောက်ထပ် မြကလေး ဝတ္ထု နှစ်တွဲ။ စိန်ကလေးဝတ္ထု နှစ်တွဲ။ မောင်ဘသန်း မသန်းမေ ဝတ္ထု နှစ်တွဲ၊ ခင်ခင်ညွန့်ဝတ္ထုများ။ မစ္စတာမောင်မှိုင်းက မှာပုံတော်ဝတ္ထု နှစ်တွဲနဲ့ မမွေစေတီ

ဝတ္ထုကြီး။ ရွှေဥဒေါင်းက ရန်ကြီးအောင်ဝတ္ထု၊ ရွှေပစန္နီ ရွှေပကလျာဏီဝတ္ထုများ။ ဦးလတ်က စပယ်ပင်ဝတ္ထုနဲ့ ရွှေပြည်စိုးဝတ္ထုကြီးတွေ ဆက်တိုက်ဆိုသလို ထွက်လာကြတယ်လေ။

နောက်ပြီး သည်ဝတ္ထုတွေနဲ့ ခေတ်ပြိုင်ဖြစ်တဲ့ မန္တလေး မောင်ခင်မောင် ရေးတဲ့ ရွှေပြည်ကြီး၊ တင်တင်မြ၊ ခင်မြင့်ကြီးနဲ့ မန္တလေးမောင်သန်းညွန့်ဝတ္ထုတွေ ကျန်ပါသေးတယ်။ သည်ထဲမှာ တချို့က ၂ တွဲ၊ ၃ တွဲ ထွက်ရတဲ့ ဝတ္ထုကြီး၊ တွေပါ။ ဒီနေရာမှာ ဝိဝါဒ ကွဲပြားနေတဲ့အချက် ရှိပါတယ်။ အဲဒါက ရေးသူ မန္တလေး မောင်ခင်မောင်ဆိုတာ လယ်တီပဏ္ဍိတ ဦးမောင်ကြီးရဲ့ ကလောင်ခွဲ တစ်ခုတဲ့။ တချို့ကတော့ သည်ဝတ္ထုရေးတဲ့ မန္တလေး မောင်ခင်မောင် ဆိုတာ ရှိပါတယ်။ လယ်တီပဏ္ဍိတ ဦးမောင်ကြီး မဟုတ်ပါဘူးတဲ့ ဆိုကြပါတယ်။

ဒီလို ရေးသူကို အမှတ်အသား ခြားနားမှုရှိနေပေမယ့် သည်ဝတ္ထုကြီးတွေဟာ သူ့ခေတ်မှာ သိပ်ထင်ရှား ကျော်ကြားခဲ့တာကတော့ ငြင်းစရာ မရှိပါဘူး။ သည်ဝတ္ထုတွေထဲက တချို့ဟာ မောင်မှိုင်း ဝတ္ထုသွားနဲ့ ခပ်ဆင်ဆင်မို့လို့ မောင်မှိုင်း အနုစားပါပဲလို့ ပုဂ္ဂိုလ်အချို့က အကဲဖြတ်ကြတာကို မှတ်သားရဖူးပါတယ်။

ဒါတွေက ကျွန်မအနေနဲ့ ကာလပေါ်ဝတ္ထု တွင်ကျယ်ခါစခေတ်က ဝတ္ထုကြီးတွေအကြောင်း မှတ်မိသမျှ တင်ပြတာပါ။ သည်အကြောင်းရပ်ကို နက်နက်ရှိုင်းရှိုင်း လေ့လာထားတဲ့ သုတေသီများကတော့ ပိုပြီး ပြည့်စုံအောင် ပြောပြနိုင်ကြပါလိမ့်မယ်။

အခု လွန်ခဲ့တဲ့ နှစ်ပေါင်း (၇၁)နှစ်က ဝေဖန်စာကို ကြည့်ကြစို့။ ၇၁နှစ်ဆိုတာ ရှည်လျားတဲ့ စာပေသမိုင်းနဲ့ တိုင်းတာလိုက်ရင် ဘာမှ မကြာဘူးဆိုရပေမယ့် လူ့သက်တမ်းတစ်ဆက်လောက် ရှိနေပြီမို့ အဲဒီခေတ်က ရေးဟန်နဲ့ အယူအဆတွေကိုလဲ လေ့လာနိုင်ပါတယ်။ သူ့ဝေဖန်ချက်မှာ ဝတ္ထုနာမည်နဲ့ ရေးသူနာမည်ကို အတိအကျ ဖော်ပြမထားပါဘူး။ သိသာ ရိပ်စားမိရုံ ညင်ညင်-သာသာကလေး ရေးထားတာပါ။

ကဲ. . . အဲဒီခေတ်က ဝတ္ထုတချို့ကို အဲဒီခေတ်က ပုဂ္ဂိုလ်တစ်ဦးက ခွဲခြမ်းဝေဖန်ပြလိုက်တဲ့ ဆောင်းပါးတစ်ပုဒ်ကို သည်ခေတ်ကလူတွေ လေ့လာနိုင်ဖို့ တင်ပြပါမယ်။ သူ့ဆောင်းပါးကြီးက ရှည်လွန်းလို့ ထုတ်နုတ်တင်ပြတဲ့ ပုံစံနဲ့ပဲ ရေးပါ့မယ်။ စကားပြေ အာဘော်ကတော့ မူရင်းအတိုင်းပါပဲ။

## "မြန်မာပုံပြင်ဝတ္ထုများနှင့်စပ်လျဉ်း၍ အကျိုးအပြစ်ဘော်ပြချက်"

ဤသတ္တလောကဘုံကြီး၌ လူမျိုးနေထိုင်ကြရသော သူ ခပ်သိမ်းတို့မှာ ဝမ်းစာရှာမှီးရန်အတွက် အလုပ်အကိုင်တို့ကို နေကုန်နေခန်း လုပ်ကိုင်ကြပြီး နောက် အားလပ်သည့်အခါတို့၌ စိတ်နှလုံးပျော်ရွှင်စေခြင်းငှာ အပျော်အပါး အမျိုးမျိုးတို့ကို ကြံစည်စိတ်ကူး ဖော်ဖြေကြသည်ဖြစ်ရာ အပျော်ဘတ်ဇာတ် စာအုပ်များဟူ၍လည်း အသီးသီးသော လူမျိုးတို့၌ ပေါ်ပေါက်ခဲ့လေသည်။

ကျွန်ုပ်တို့ မြန်မာပြည်၌လည်း ယင်းသို့ အပျော်ဘတ် ဇာတ်ဝတ္ထုများ ပေါ်ပေါက်ခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာရှိခဲ့ပြီဖြစ်သော်လည်း ရှေးက ပေါ် ပေါက်ခဲ့သော စာအုပ်တို့မှာ အိန္ဒိယပြည်၊ ယိုးဒယားပြည် စသည်တို့တွင် စတင် ပေါ်ပေါက်ခဲ့သော ဇာတ်သွားများကို မြန်မာဘာသာပြန်ဆို ရေးသားခြင်းသာ လျှင် များလှပေသည်။ ထို့နောက် မင်းတုန်းမင်း လက်ထက်တော်တွင် အိမ်ရှေ့ မိဖုရား လှိုင်ထိပ်ထားသည် ဝိဇယကာရီ ကွန္နာဝံ့သ အစရှိသော ဇာတ်ဝတ္ထုတို့ ကို ရေးသားခဲ့လေရာ ၎င်းဝတ္ထုတို့မှာ နန်းတော်တွင်း၌ အမြောက်အမြား ဘတ်ရှု ကြ၍ ယခုလက်ထက်၌ ပုံစာအုပ်များအဖြစ် စက်တင်ပုံနှိပ်ရောင်းချလျက် လူ အများတို့ အနှံ့အပြား ဘတ်ရှုလျက်ရှိကြလေသည်။

၎င်းနောက် အချို့သော စာရေးဆရာတို့လည်း မြန်မာလူမျိုးတို့သည် ပုံပြင်ဝတ္ထုများဘတ်ရှုရန် အလေ့အထဖြစ်လာကြကြောင်းများ သိရှိကြသည့် အလျောက် မိမိတို့ စိတ်ကူးဉာဏ်စွမ်း၊ အာဝဇ္ဇာန်းဖြင့် ဆန်းသစ်သော ဝတ္ထုများ ကို ရေးသားရောင်းချကြသည်ဖြစ်ရာ ၎င်းစာအုပ်တို့မှာလည်း အမြောက်အမြား တွင်ကျယ်စွာ ရောင်းရပေသည်။ ၎င်းနောက် စာဘတ်သူတို့လည်း တိုးတက် ပေါ်များလာခဲ့၍ စာရေးဆရာတို့လည်း တိုးတက် ပေါ်များလာသည်ဖြစ်ရာ ယခု အခါ အပျော်ဘတ်ဝတ္ထုပုံပြင်စာအုပ်တို့မှာ အမြောက်အမြားပင် ပေါ်ပေါက်ခဲ့ လေကြောင်း။

ဇာတ်ဝတ္ထုများ စီစဉ်ရေးသားခြင်း၌ အရေးအကြီးဆုံးဖြစ်သော အချက် မှာ ဘတ်ရှုသူတို့ ဟဒယနှလုံးရွှင်ပြုံးစေခြင်းပင် ဖြစ်သည်။ သို့ ပျော်ရွှင်ရုံ ဘတ် ၍ကောင်းရုံမျှနှင့် အကောင်းဆုံးစာအုပ်မျိုးဟု မဆိုအပ်ချေ။

လူတို့မည်သည်မှာ ကိလေသာအာရုံ ကာမဂုဏ်ဝတ္ထုစသည်တို့ကို ပြန့်ပွားတိုးတက်စေတတ်သော အခြင်းအရာ အတ္ထုပ္ပတ္တိတို့ကို ဘတ်ရှုရသည့်

အခါ သတ္တဝါခပ်နုနုတို့ ဘတ်ရှုကောင်းကြမြဲ ဓမ္မတာဖြစ်လေရာ တချို့သော စာရေးဆရာတို့မှာ လူတို့၌ အားသန်ရင်းရှိသော အချက်ကြီးများကို ကူညီအားပေးပြီးလျှင် ၎င်းတို့အလိုကို ဖြည့်တင်းပြည့်ဝစေခြင်းအားဖြင့် လူကြိုက်များသည်ကို ရည်ရွယ်လျက် ရေးသားလေ့ ရှိတတ်ကြလေသည်။

ဤသို့သော ရေးသားနည်းမှာ လူကြိုက်များစေသော နည်းတို့တွင် အလွယ်ကူဆုံးသော နည်းဖြစ်သဖြင့် အနောက်တိုင်းသား စာရေးဆရာကြီးအချို့တို့ပင် ဤနည်းဖြင့် လူကြိုက်များအောင် ပြုလုပ်လေ့ရှိကြလေသည်။ သို့ရာတွင် ပညာဉာဏ်အမြော်အမြင်နှင့်ပြည့်စုံသော ပညာရှိကြီးတို့သည် ၎င်းစာအုပ်တို့၏ ညစ်ညမ်းကြောင်း၊ ဘတ်ရှုသူတို့၏ သဘာဝ၊ တဏှာရာဂစိတ်မျိုးကို တိုးတက်ပြန့်ပွားစေကြောင်းများကို သိရှိကြသဖြင့် မိမိတို့ ထင်မြင်ချက်ကို ထင်လင်းစွာ ရေးသားခြင်းဖြင့် ၎င်းစာအုပ်မျိုးကို နှိပ်ကွပ်နိုင်သမျှ နှိပ်ကွပ်ကြသည် ဖြစ်လေရာ အဆိုပါစာအုပ်တို့သည် စာအုပ်ကောင်းများဟူ၍ နာမည်မကျော်ကြားဘဲ ဘတ်သူများမှာလည်း မိမိ ဘတ်ရှုဖူးသည်ကို ထုတ်ဖော်၍ မပြောဝံ့အောင် တွန့်ဆုတ်ကြလေသည်။

အင်္ဂလိပ်ပြည်၌ ဇာတ်ဝတ္ထုစာအုပ်ပေါင်း အများအပြား ပေါ်ထွက်လျက်ရှိရာ စာတစ်အုပ်သည် လူအများကြိုက်နှစ်သက်သည့် အခြေအနေသို့တိုင်ရောက်သည့်အခါ ဝတ္ထုစာအုပ်များနှင့်စပ်လျဉ်း၍ ကျွမ်းကျင်နားလည်သူဆရာကြီးတို့သည် ၎င်းစာအုပ်၌ ကောင်းသောအရာများ ပါရှိလျှင် ပါရှိသည့်အလျောက် မကောင်းသောအရာများပါရှိ၍ ဘတ်ရှုသူတို့၌ ထိခိုက်မည်ကို စိုးရိမ်ဘွယ်ရှိလျှင်လည်း ရှိသည့်အလျောက် မိမိတို့၏ထင်မြင်ချက်ကို ထုတ်ဖော်ရေးသားကြလေသည်။ အကယ်စင်စစ် ၎င်းပညာ၌ ကျွမ်းကျင်နားလည်ကြသောသူများဖြစ်သည့်အကြောင်းကိုလည်း ပြည်သူအများက ယုံကြည်စိတ်ချပြီး ဖြစ်သောကြောင့် အကယ်မကောင်းသော စာအုပ်တို့မှာ ထင်ပေါ်ကျော်စောရန်မရှိဘဲ၊ ဘတ်သူများမှာလည်း မည်သည့်အချက်ကောင်းသည်၊ မည်သည့်အချက်ချွတ်ယွင်းသည် စသည်တို့ကို အမှန်အတိုင်း သိနိုင်ကြလေသည်။

ကျွန်ုပ်တို့ မြန်မာပြည်၌လည်း ယခုခေတ်တွင် ဝတ္ထုစာအုပ် အမြောက်အမြား ပေါ်ထွက်လာပြီဖြစ်ရာ နောင်အခါ၌ ယခုထက်ပင် ပိုမိုများပြားစွာ ထွက်လာလိမ့်မည်ဟု ယုံမှားဘွယ်မရှိချေ။ ရှေးကဆိုခဲ့ပြီးဖြစ်သည့် လှိုင်ထိပ်ထားသည် ၎င်းရေးခဲ့သော ကုက္ကုဝံသ၊ ပိဇယကာရီ စသော ဇာတ်ဝတ္ထုတို့၌ လူပျိုလှည့်ခန်း

များ အများအပြားပင် သွတ်သွင်းရေးသားစေကာမူ ညစ်ညမ်းသော အမူအရာတို့ကို တိုက်ရိုက်အားဖြင့်သော်ငင်း၊ စောင်းရိပ်၍သော်ငင်း ရေးသားခြင်း နည်းပါးလှသည်။

ငင်းမင်းသမီး၏ နည်းနာအရ အတုအပလိုက်၍ ရေးကြသော ယခုစာရေးဆရာတို့မှာမူ လှိုင်ထိပ်ထားကဲ့သို့ ယဉ်ကျေးသော သဘောလက္ခဏာရှိဟန်မတူဘဲ၊ အလွန်တရာ ယုတ်မာ ညစ်ညမ်းသဖြင့် သော့သွမ်း ပျက်ပြယ်ရှက်ဘွယ်ကောင်းလှသော အပြုအမူများကို စကားတန်ဆာဆင်၍ မိမိတို့ စာအုပ်တွင် သွတ်သွင်းရေးသားကြလေသည်။

အကြင်စာရေးဆရာသည် ယုတ်မာညစ်ညမ်းသော အပြုအမူတို့ကို စကားတန်ဆာဆင်လျက် လှည့်ပတ်သွယ်ဝိုက်ခါ ရေးသားစေကာမူ ထိုစာရေးဆရာသည် ဘတ်ရှုသူတို့အား၊ ငင်းအမူအရာတို့ကို တွေးထင်မိစေရန် စောင်းရိပ်၍ ရေးသားသည့်အတိုင်း ဘတ်ရှုသူတို့သည်လည်း ရိပ်မိကြသည်ဖြစ်သောကြောင့် ထိုစာအုပ်မျိုးကို ရောင်းချခြင်းသည် အလျှင်းပင် သင့်လျော်သည် မဟုတ်ပေ။

ဥပမာ - အချို့သော ဝတ္ထုတို့၌ 'ဇာတ်လိုက်' လုပ်သူ သူငယ်တစ်ယောက်သည် စကားအရ လိမ္မာချောင်ခြင်းလည်း ရှိပြန်၊ ဗဟုသုတ အကြားအမြင်၌လည်း များစွာ လုံလောက်သောသူတစ်ယောက် ဖြစ်ပြန်ပါလျက် သူတစ်ပါး၏ သားပျို၊ သမီးပျိုတို့ကို တစ်ယောက်ပြီးလျှင်တစ်ယောက် လိမ်လည် လှည့်ပတ်နှုန်းနှပ်ပြောဆို၍ ထမြောက် အောင်မြင်သည်များကို တွေ့ရှိရသည့်အခါ သဘောနုနုနှင့် ဘတ်ရှုသူတို့မှာ သားပျို သမီးပျိုကို ဖျက်ဆီးခြင်း စသည်၊ စစ်စစ် မကောင်းသော အခြင်းအရာတို့ကိုပင် အကောင်းထင်၍ အတုခိုးနည်းယူတတ်ကြလေသည်။

ငင်းစာအုပ်မျိုးတို့၌ ရေးသားပါရှိသော အနီးနိဒါန်းတို့မှာလည်း ဘတ်ရှုသူတို့၌ 'ဖိန်းကန်' 'ရှိန်းကန်' ဖြစ်စေလောက်သော စာအုပ်ဖြစ်ကြောင်း အာမခံ၍ ရေးသားကြသည်ဖြစ်ရာ ငင်းစာအုပ်တို့မှာလည်း ထိုရည်ရွယ်ချက်အတိုင်း ဘတ်ရှုသူတို့၌ 'ဖိန်းကန်' 'ရှိန်းကန်' အကယ်ပင် ဖြစ်ပါပေသည်ဟု ဝန်ခံကြရပေမည်။ သို့ရာတွင် ထိုသို့သော ရည်ရွယ်ချက်မျိုးမှာ အလွန်တရာ သေးနုပ်ညံ့ဖျင်း အလျှင်းမသင့်လျော်သဖြင့် အောက်တန်းကျသည်ဟု ဆိုအပ်သော ရည်ရွယ်ချက်မျိုးဖြစ်၍ ထိုစာအုပ်မျိုးတို့သည် ဘတ်ရှုသူတို့၏ တဏှာရာဂ လောဘရမ္မက်စိတ်ကို ယိုဖိတ်ပြန့်နှံ့စေခြင်းကြောင့် အလျှင်းမသင့်တော်ပေ။

ကျွန်ုပ်တို့သည် ထိုကဲ့သို့သော စာအုပ်မျိုးကို ဘတ်ရှုသည့်အခါ စကား အသွားအလာ၊ စာစီစာကုံး၊ ရေးထုံးရေးနည်း ကောင်းမွန်ပြေပြစ်စွာရှိသည့်ပြင် ပါဠိုပါဌ်သားများမှာလည်း မြောက်မြားစွာပါရှိသည်ကိုလည်း တွေ့မြင်ရသည် ဖြစ်သောကြောင့် ၎င်းစာရေးဆရာတို့သည် အတော်အတန် ဓမ္မကျွန်ကြောင်း၌ နှံ့စပ်ပေသည်ကို သိရပေကြောင်း။ ယင်းကဲ့သို့ စာပေကျမ်းဂန်၌ နှံ့စပ် ကောင်း မွန်စွာ တတ်မြောက်သူ ပုဂ္ဂိုလ်တို့သည် သေးသိမ်သော ရည်ရွယ်ချက်မျိုးနှင့် ဘတ်ရှုသူတို့၏ စိတ်အနေအထားကို လွှင့်ပြားယုတ်လျော့စေသော အရေးမျိုး ကို ကြံဆောင်ရေးသားကြသည်တို့မှာ စာရေးဆရာအတွက်လည်းကောင်း၊ ဘတ်ရှုသူများအတွက်လည်းကောင်း၊ များစွာ ဝမ်းနည်းဘွယ်ရာ ဖြစ်ပေသည်။

စင်စစ်အားဖြင့် စာအုပ်၏အပြစ်ကို ဘော်ပြခြင်းမှာ စာရေးဆရာကို ထိခိုက်နစ်နာစေလိုသောကြောင့် မဟုတ်။ စာအုပ်ဆိုးနှင့် စာအုပ်ကောင်းများကို ကွဲကွဲပြားပြား လူအများသိစေခြင်းကိုသာ ရည်ရွယ်ရေးသားရပေသည် ဖြစ်လေ ကြောင်း။

စာရေးဆရာတို့မှာလည်း ဝမ်းရေးအတွက် ရေးရှာရခြင်းမျှသာဖြစ်၍ ကျွန်ုပ်တို့သည် စာအုပ်နာမည်များကို မဘော်ပြဘဲ အရိပ်အမြွက်မျှသာ ရေးသား ဖော်ပြကာမျှနှင့် စာရေးဆရာသည် ပညာရှိ ပုဂ္ဂိုလ်တို့တွင် တစိတ်တဒေသ အပါအဝင်ဖြစ်သည့်အားလျော်စွာ ရိပ်မိ နားလည်ကြပြီးလျှင် ဆိုခဲ့ပြီးသော အပြစ် မျိုးမှ ကင်းလွတ်အောင် ရှောင်ရှားနိုင်ကြပေလိမ့်မည်ဟူ၍ မြော်လင့်ဘွယ် ရှိ ပေကြောင်း။ ။

ကျမ်းကိုး

၁။ ၁၉၁၈ ခုနှစ်၊ အောက်တိုဘာလထုတ်၊ သူရိယမဂ္ဂဇင်းမှ -
"မြန်မာပုံပြင်ဝတ္ထုများနှင့်စပ်လျဉ်း၍ အကျိုးအပြစ်ဘော်ပြချက်"
(ရေးသူ အမည်မပါ)

၂။ "ရွှေဒေါင်းတောင် ဆောင်းပါးများ" ရေး-လူထုဒေါ်အမာ။

၁၉၈၉၊ ဒီဇင်ဘာလ၊ အတွေးအမြင်။

❑ ❑ ❑

## နှစ်တစ်ရာက မေတ္တာစာ

"အို. . . သူငယ်ချင်း၊ သူငယ်ချင်း၊ မင်းမာတို့သား ဘယ်ကျောင်းမှာ ထားသလဲ၊ စာမသွား ပေမသွား၊ မှားလေ၏တဝ၊ တို့ကျောင်းမှာ မည်သူသား၊ သင် သွားကြည့်စမ်း၊ အခန်းခန်း အဖုံဖုံ၊ အတတ်မျိုးနည်းနာစုံ လုံလောက်သည့်တို့ဆရာ၊ ဘာမကြောက်နှင့် ငါတို့တာ. . ."

"ငါ. . . စကြိုသူမြတ် နေ့ညမပြတ် မေတ္တာရည်ညွှန်း ပို့သွန်းအပ်သော၊ သာသနာ့ ဒါယကာ မဟာဓမ္မရာဇ်မင်းမြတ်" ဟူသော စာပိုဒ်ဖြင့် အစချီအပ်သော မေတ္တာစာသည် သက္ကရာဇ် ၇၆၆ ခုနှစ်တွင် ပင်းယ စကြိုသူမြတ်ထံမှ မွန်မင်း ရာဇာဓိရာဇ်ထံသို့ အင်းဝကို စစ်မပြုရန် ပေးပို့သော မေတ္တာစာ ဖြစ်ပါသည်။ သို့ဖြစ်လျှင် ဆိုခဲ့သော ၇၆၆ ခုနှစ်ကပင် မြန်မာစာပေနယ်တွင် မေတ္တာစာ ပုံစံမျိုး ရေးဖွဲ့ရင်း ရှိပြီဖြစ်ကြောင်း အထောက်အထားတစ်ရပ် ဖြစ်ပါသည်။ သည့် အရင်ကပင် ရေးခဲ့သော မေတ္တာစာများ ရှိကောင်း ရှိနိုင်ပါ၏။ သို့သော် အထင်အရှား တွေ့ရသော ဤမေတ္တာစာကိုသာ အစောဆုံးအဖြစ် ထားသော် အလွန် မမှားဘူး ထင်ပါသည်။

ရတနာပုံစာအုပ်တိုက်

ယင်း သည့်နောက်တွင် အရှင်မဟာသီလဝံသနှင့် အရှင်မဟာရဋ္ဌသာရ တို့သည် လည်းကောင်း၊ ကုန်းဘောင်ခေတ်ဦးပိုင်းတွင် အရှင်ဥက္ကံသမာလာ၊ မုံရွှေဆရာတော်၊ ကျည်းကန် ကိုရင်ကြီး၊ ဖိုးသူတော် ဦးနု စသူတို့သည် လည်း- ကောင်း အထူးထူးသော မေတ္တာစာတို့ကို ခမ်းနားစွာ ဖွဲ့ဆိုတော်မူခဲ့ကြလေသည်။ ထိုသည့် ကာလအထိ ရေးဖွဲ့သော မေတ္တာစာတို့သည် စာဆို ရဟန်းများသာ ဖြစ်နေပါသေးသည်။ ထို့နောက် ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင်မှ လယ်တီ ဆရာတော်ဘုရားကြီး စသော ရဟန်းတော်များသာမက ဦးပုည၊ ကင်းဝန်မင်းကြီး၊ ဝန်ထောက်တော် ဦးမြိမ့် အစရှိသော လူပုဂ္ဂိုလ်များပါ ပါဝင်ရေးဖွဲ့လာကြသည်။ မေတ္တာစာ ရေးဖွဲ့သူများတွင် အမျိုးသမီး စာဆိုရှင်ဟူ၍ မြို့အုပ်ကတော် မမိ နှင့် အဖျံတော် ခင်ခင်ကြီးတို့ နှစ်ဦးသာလျှင် စာရင်းတင်စရာ ရှိသည်။ သာမန် အရပ်သူထဲမှ ရေးဖွဲ့သူမရှိဟုကား မဆိုသာပေ။ ရှိပင် ရှိငြားလည်း အကြောင်း ကြောင်းကြောင့် တိမ်မြုပ်နေခြင်းလည်း ဖြစ်ဖွယ်ရှိပါ၏။

မေတ္တာစာကို စကားပြေ၊ လင်္ကာ၊ လင်္ကာစကားပြောဟူသော ပုံစံ သုံးမျိုးစလုံးပင် ရေးခဲ့ကြပါသည်။ မိမိတို့ဖြစ်တည်ရာ ခေတ်၏ အလေ့အထ အလျောက် သန်ရာ သန်ရာ ရေးကြစမြဲပင်။ အချို့က စကားပုံ ဥပမာများဖြင့်၊ အချို့က ပုံတိုပတ်စကလေးများဖြင့်၊ အချို့က ကာယကံရှင်၏နေရာမှ ခံစားမှု ဝေဒနာများဖြင့် ဝေဝေဆာဆာ ဖွဲ့ဆိုကြလေသည်။ လယ်တီဆရာတော်ဘုရား ကြီး (၁၂၀၈-၁၂၈၅)၏ လက်ရာဖြစ်သော "မြိန်ရက်ပေ့ သူတို့ကိုယ်၊ မြိုရက်ပေ့ သူ့ခံတွင်း၊ တို့လုပ်သည့်ထမင်းကို၊ တို့ဟင်းလျာအလားနှင့်၊ စားကြသည့် ဖြစ်သနဲ့၊ တို့အသဲ နာလိုက်ကဲ့. . . "ဟူသော ထမင်းရှင် နွားကပြောလေဟန် အဖွဲ့ကလေး မှာ ဖတ်ရသူ စိတ်နှလုံးကို ယူကျုံး ထိခိုက်လှသည်။

ဆိုခဲ့သည့်အတိုင်း၊ ရာဇာဓိရာဇ် လက်ထက်တော်မှစတင်ခဲ့သော မေတ္တာစာပေ ခရီးသည်စာပေဂန္ထဝင်တွင် နှစ်ပေါင်း ၅၀၀ ခန့် ရှည်လျား ခေတ် စားခဲ့လေသည်။ ယခုမူ ဤသည့် အရေးမျိုး အသုံးမရှိတော့ပြီ။ အသုံးမရှိတော့ သည့်အတွက် အချို့သော ခေတ်လူငယ်များက မေတ္တာစာကို ရည်းစားစာဟု အဓိပ္ပာယ် အကောက်လွဲနေကြခြင်းမှာ အပြစ်တင်ဖွယ် မရှိပေ။ စင်စစ် မေတ္တာ စာဟူသည် တစ်စုံတစ်ခုသော အခြင်းအရာကို မေတ္တာရပ် တောင်းခံသော စာ အဖြစ်မှ စတင်ခဲ့ပြီးနောက် ဆွေမျိုး မိတ်သင်္ဂဟ အချင်းချင်း ဆက်သွယ်ပေးပို့ သော သဘောအထိ ကျယ်ပြန့်လာခြင်းဖြစ်သည်ဟု ပညာရှိများ အဆိုအမိန့်

ပြုကြပါသည်။

မေတ္တာစာပုဒ်သည် စာပေပညာရှင် အကျော်အမော်က ရေးသည်ဖြစ်စေ၊ သာမန်ပုဂ္ဂိုလ်က ရေးသည်ဖြစ်စေ၊ ကောင်းသည်၊ ညံ့သည်ကို အပထား၍၊ စာဆိုရှင် မြင်သလို၊ ဖွဲ့ဆိုထားသော စာချည်းဖြစ်သောကြောင့် မေတ္တာစာကစ်ပုဒ် တစ်ပုဒ်တိုင်းသည် သူ့ကာလကို ထင်ဟပ်သော သူ့ခေတ်၏ ကြေးမုံတစ်ချပ်တစ်ချပ်ပင် ဖြစ်ချေသည်။ ထိုအခါ စာပေတန်ဖိုးအနေဖြင့် အကောင်းဆုံး မဆိုသာသည့်တိုင် သူ့ခေတ်၏ အကြောင်းရပ် တစ်စုံတစ်ရာကို အသိပေးထားခြင်းကြောင့် မှတ်သားအပ်သော လက်မလွှတ်အပ်သော စာပေမျိုး ဖြစ်လေသည်။

ထို့ကြောင့် စာဆိုကျော်များ၏ ထင်ရှားပြီး မေတ္တာစာများကိုသာ လေ့လာ ရွတ်ဆိုနေခြင်းဖြင့် ရပ်တန့်မနေမူဘဲ မိမိလက်လှမ်းမီသရွေ့၊ ရနိုင်သရွေ့ မေတ္တာစာများကို ရှာဖွေ ဖော်ထုတ်ပြီး တစ်စုတစ်စည်းတည်းဖြစ်အောင် အားထုတ်သင့်လှသည်။ ထိုခံယူချက်အရ ကျွန်မ တွေ့ရှိထားသော ရေဝန်း ဘုန်း-တော်ကြီး ရေး ရှေးဟောင်းမေတ္တာစာတစ်ပုဒ်ကို ဖော်ပြပါမည်။ ဤစာတွင် သူ၏ခေတ်မှ ထေရ်အရှင် ရဟန်းတော်အချင်းချင်း လောကုတ္တရာ အကျိုးစီးပွားသာမက လောကီ အကျိုးစီးပွားပါ ဂုဏ်တု ဂုဏ်ပြိုင် သဘောဖြစ်စေရန်၊ အချို့သော ဒါယကာများက လုပ်ဆောင်ပေးနေပုံများကို ပေါ်လွင်အောင် ဆိုင်ရာဆိုင်ရာ ဥပမာကလေးများဆောင်ကာ အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ဖွဲ့ဆိုထားသည်ကို အောက်တွင် အစအဆုံး မူရင်းအတိုင်း တင်ပြလိုက်ပါသည်။

(၁၉၂၈ ခု၊ မတ်လထုတ်၊ သူရိယမဂ္ဂဇင်း (၁၂၈၉ ခု၊ တန်ခူးလ)မှ ထုတ်နုတ်ဖော်ပြသည်။)

"ရေဝန်း ဘုန်းတော်ကြီး မေတ္တာစာ"

နှစ်ဆယ့်ငါးပါးသော ဘေး၊ ကင်းဝေးလွင့်ပျော်စေဟု၊ ဩဒိဿမေတ္တာ၊ ပတ္ထနာ ရေချမ်းဖြင့်၊ သွန်းဖျန်းလေ့ရှိသော၊ ရေဝန်း ဘုန်းတော်ကြီးဘုရားက၊ ခရီးလမ်းစ၊ မဂ္ဂကထာ၊ မေတ္တာစကား ကြားမှာလိုက်သည်၊ တကာတို့။ သို့သို့-သည်သည် လူတို့ပြည်မှာ ထူးလည်တွေလာကဲသာတဝ၊ ဒွာရာတသီး၊ ဝိနည်းကိုပြ၊ စူဠာဂဏ္ဍိ၊ မဟာဂဏ္ဍိမည်မည္ဘတ်၊ ညာဏ်ကွန့်တက်၍၊ ငါးရပ်မာရ်အောင်၊

ကြရမည်။

"တစ်ဆင့်ထက်တစ်ဆင့် မြင့်ထက်မြင့်အောင်၊ လူတို့ဘောင်မှာ၊ ရှုတ်ဆောင်စရာ၊ တရားရှာသော်၊ ရတနာသုံးပါး၊ ငါးပါးပဉ္စသီ၊ ရှစ်လီအဋ္ဌ၊ ဒသဆယ်ဖြာ၊ ပုညာကိရိယ၊ ဓူတင်္ဂနှစ်ပါး၊ လူ့တရားကို၊ ဘုရားဘုန်းလူ၊ မိန့်တော်မူသည်။ သို့ကားမဟုတ်၊ သုတ်ဝိနည်းစ၊ တစ်ပိုဒ်ရနှင့်၊ စိတ်ကဖုံးဝါး၊ သိယောင်ကားဟု၊ တရားကိုမှောက် စာကိုဘောက်၍၊ ရောက်မိရောက်ရာ၊ တစ်ထွာလေးသစ် ဖြစ်ဝတ်သမျှ၊ ရှုရှုတွတ်တွတ်၊ အတွင်ရွှတ်၍၊ သပွတ်အူလား၊ အနှောမသတ်၊ ပုဒ်ပါဠိမကျေ၊ ပလေပစာ၊ အဃတီသမင်္ဂလာတွင်၊ လူ့ဘဘုရား၊ ဟောကြား ဓမ္မက္ခန္ဓာ အာဏာတော်ထွက်၊ ဓမ္မစက်ပါဠိ၊ ဝနယောစ၊ သုတ်အရနှင့်၊ သိယဘော၊ ငရဲမှာခံရအောင်မကြံအပ်မစည်ရာ၊ စိတ်ရှိတိုင်းရှုကြသည်၊ သည်စာအရနှင့်၊ နိဗ္ဗာနသစ္စိကိရိယာယ၊ သဒ္ဓါကျမ်းအတွက်ကတော့ အယံပဌမမင်္ဂေါ၊ ပဌမံဒသာနဘာဝေန၊ ဌာနခြားကွာ၊ နိဗ္ဗာန်ကိုရှာသော်၊ ဆိုင်ရာမှာ မြင်ထိုက်သည်၊ လူမိုက်နှင့်ဝေးကွာ၊ ဝိနည်းကိုရှာသော်၊ သံယာမှဆိုင်လိုက်သည်၊ သုံးမည်လူနတ်၊ မိန့်တော်ထပ်၍၊ ကျမ်းမြွတ်မဟာဝါ၊ ဝိနည်းတော်အလာမှာ၊ သိက္ခာမဏ္ဍလ၊ ဤတူမျှလျှင်၊ ဝိနယအရာနှင့်၊ ပြပါသည်။ အရာမဟုတ် ဘရုတ်ဘရက်၊ ကျောင်းကြီးဖျက်ကတို့က၊ သွက်တက်တက်စွာတာတာ၊ ငါတကောလို့ ပြောချင်တိုင်း ပြောသော်လည်း၊ အရာမတူ ပမာမူသော်၊ လူနှင့် ဝိနည်း၊ မီးနှင့်လောင်စာ၊ ရွာငယ်နှင့်ညဥ့်ကြီး၊ ရွှေထီးနှင့် သူတောင်စား၊ လှော်ကားမှာဆားတင်၊ ဆင်တော်မှာ ကျွဲခလောက်၊ မလျှောက်မပတ်၊ မအပ်မရာ၊ ငရဲကိုအတော်ရှာ၊ ရွာကိုလည် ပြည်ကိုလည်၊ ကျောင်းဆီက သွယ်ပြီးလျှင်၊ စာဆောင်ငယ်ကိုထုတ်၍ပေး၊ ရေးကြပါ ကူးကြပါ၊ နောက်ဆုထူးပန်ရွှယ်ဆင်၊ နိဗ္ဗာန်ကို ဝင်မည်ဟု၊ လူရှင်တို့ တကတဲ ကိုယ်ကျိုးနဲ့အောင်၊ ငရဲမင်းယောက်ဘ၊ မောင်ဒွါရတို့က တသွယ်၊ တကယ် ဟုတ်တယ်၊ အကျင့်မြတ်သည်ဟု၊ အရပ်နှင့်ကျောင်း၊ ပူးပေါင်းရောယှက်၊ ဆင်းတက်လူးလာ၊ တကာအကြံ ဆရာညာဏ်နှင့်၊ ကိုဝက်ရွှ၊ မောင်စူဠတို့က၊ ရိုင်းပြသေးနုပ်၊ ဟုတ်ဟုတ်ငြားငြား လာဘ်ပေါ်များအောင်၊ သီလရှိဟန်၊ သဏ္ဌာန်တူစွာ၊ နှုတ်ကျွေးဝါနှင့်၊ အာဏာတွိက၊ ပယောဂကို ဘာမှမကြောက်၊ အထောက်မတန်၊ သူ့အကြံမှာ၊ ရှာန်ပုံ၍ကြံ၊ ပစ္စေကသော်လည်း၊ တို့သိမှ ဖြစ်စေရမည်၊ မကြေမညာ တို့မပါက၊ ရှာန်နှင့်ထ၍ မိုးဝကောင်းကင်၊ အဘိညာဉ်ဖြင့်၊ သခင်ဘုရား၊ ကြွလာငြားသော်လည်း၊ တို့ကတမည် မချစ်ကြည်က၊ ဘယ်သည့်သခင် ဘယ်

ကြရမည်။

"တစ်ဆင့်ထက်တစ်ဆင့် မြင့်ထက်မြင့်အောင်၊ လူတို့ဘောင်မှာ၊ ရွှတ်ဆောင်စရာ၊ တရားရှာသော်၊ ရတနာသုံးပါး၊ ငါးပါးပဥ္စသီ၊ ရှစ်လီအဌ၊ ဒသဆယ်ဖြာ၊ ပုညာကိရိယ၊ မူတင်္ဂနှစ်ပါး၊ လူ့တရားကို၊ ဘုရားဘုန်းလူ၊ မိန့်တော်မူသည်။ သို့ကားမဟုတ်၊ သုတ်ဝိနည်း၊ တစ်ပိုဒ်ရနှင့်၊ စိတ်ကဝိုးဝါး၊ သိယောင်ကားဟု၊ တရားကိုမှောက် စာကိုဘောက်၍၊ ရောက်မိရောက်ရာ၊ တစ်ထွာလေးသစ် ဖြစ်ဝတ်သမျှ၊ ရွှရွှတွတ်တွတ်၊ အတွင်ရွှတ်၍၊ သပွတ်အူလား၊ အနားမသတ်၊ ပုဒ်ပါဌ်မကျေ၊ ပလေပစာ၊ အဃတီသမင်္ဂလာတွင်၊ လူ့ဘဘုရား၊ ဟောကြား ဓမ္မကွန္ဓာ အာဏာတော်ထွက်၊ ဓမ္မစက်ပါဠိ၊ ဝနယောစ၊ သုတ်အရနှင့်၊ သိယဘေဒ၊ ငရဲမှာခံရအောင်မကြံအပ်မစည်ရာ၊ စိတ်ရှိတိုင်းရှုကြသည်၊ သည်စာအရနှင့်၊ နိဗ္ဗာနသစ္ဆိကိရိယာယ၊ သဒ္ဒါကျမ်းအတွက်ကတော့ အယံပဌမမဂ္ဂေါ၊ ပဌမံဒသနဘာဝေန၊ ဌာနခြားကွာ၊ နိဗ္ဗာန်ကိုရှာသော်၊ ဆိုင်ရာမှာ မြင်ထိုက်သည်၊ လူမိုက်နှင့်ဝေးကွာ၊ ဝိနည်းကိုရှာသော်၊ သံဃာမှဆိုင်လိုက်သည်၊ သုံးမည်လူနတ်၊ မိန့်တော်ထပ်၍၊ ကျမ်းမြွတ်မဟာဝါ၊ ဝိနည်းတော်အလာမှာ၊ သိက္ခာမဏ္ဍလ၊ ဤတူမျှလျှင်၊ ဝိနယအရာနှင့်၊ ပြပါသည်။ အရာမဟုတ် ဘရုတ်ဘရက်၊ ကျောင်းကြီးဖျက်ကတို့က၊ သွက်တက်တက်စွာတာတာ၊ ငါတကောလို့ ပြောချင်တိုင်း ပြောသော်လည်း၊ အရာမတူ ပမာမူသော်၊ လူနှင့် ဝိနည်း၊ မီးနှင့်လောင်စာ၊ ရွာငယ်နှင့်ညဥ့်ကြီး၊ ရွှေထီးနှင့် သူတောင်စား၊ လှော်ကားမှာဆားတင်၊ ဆင်တော်မှာကျွဲခလောက်၊ မလျောက်မပတ်၊ မအပ်မရာ၊ ငရဲကိုအတော်ရှာ၊ ရွာကိုလည် ပြည်ကိုလည်၊ ကျောင်းဆီက သွယ်ပြီးလျှင်၊ စာဆောင်ငယ်ကိုထုတ်၍ပေး၊ ရေးကြပါ ကူးကြပါ၊ နောက်ဆုထူးပန်ရွယ်ဆင်၊ နိဗ္ဗာန်ကို ဝင်မည်ဟု၊ လူရှင်တို့ တကတဲ၊ ကိုယ်ကျိုးနဲ့အောင်၊ ငရဲမင်းယောက်ဘ၊ မောင်ဒွါရတို့က တသွယ်၊ တကယ် ဟုတ်တယ်၊ အကျင့်မြတ်သည်ဟု၊ အရပ်နှင့်ကျောင်း၊ ပူးပေါင်းရောယှက်၊ ဆင်းတက်လူးလာ၊ တကာအကြံ ဆရာညာဏ်နှင့်၊ ကိုဝက်ရွှ မောင်စူဠတို့က၊ ရိုင်းပြသေးနုပ်၊ ဟုတ်ဟုတ်ငြားငြား လာဘ်ပေါ်များအောင်၊ သီလရှိဟန်၊ သဏ္ဌာန်တူစွာ၊ နှုတ်ကျွေးဝါနှင့်၊ အာဏာတွင်ကြ၊ ပယောဂကို ဘာမှမကြောက်၊ အထောက်မတန်၊ သူ့အကြံမှာ၊ ဈာန်ပျံ၍ကြွ၊ ပစ္စေကသော်လည်း၊ တို့သိမှ ဖြစ်စေရမည်၊ မကြေမညာ တို့မပါက၊ ဈာန်နှင့်ထ၍ မိုးဝကောင်းကင်၊ အဘိညာဉ်ဖြင့်၊ သခင်ဘုရား၊ ကြွလာငြားသော်လည်း၊ တို့ကတမည် မချစ်ကြည်က၊ ဘယ်သည့်သခင် ဘယ်

အရှင်တို့၊ ပြစ်တင်မောင်းမဲ၊ ငါတို့ဆဲလျှင်၊ ကျိုးနဲရှက်ဘွယ် တိမ်မြုပ်ကွယ်လိမ့်၊ လူ၀ယ်ယုတ်စွာ၊ ဗာလာဗာလော၊ မိုက်သဘောနှင့်၊ တောဒေသခွေး၊ မလေးမစား၊ ဘုရားကိုတောင်၊ မောင်နိဂန္ထ ဂေါပါလတို့၊ ဘ၀ထူးလည်၊ နိုက်မမိသည်၊ အဝီစိကတခြား၊ သွားလာမပြတ် သူ့ပါးစပ်နှင့် အရပ်ထဲမှာ အလျှရှာ၍၊ သံဃာစကား ဘယ်နှစ်ပါးနည်း၊ များပေ၏ မွဲကြော်၊ တော်ပေ၏လက်ဘက်၊ ဘယ်နေ့ရက် အလျှပေး၊ ကုသိုလ်ရေးမို့ ပြောလိုက်ပမည်၊ သီလရှင် ဂုဏ်ရှင်၊ ဘယ်ကျောင်းနှင့် ဘယ်သခင်၊ စာတတ်တွင် တုမရှိ၊ ဝိသုဒ္ဓိ စင်ကြယ်စွာ၊ တရားဟောမှာ လွန်တရာ၊ သူမပါလျှင်မကောင်း၊ သူပါမှ ကောင်းမည်ဟု လမ်းကြောင်းကို ချပြီးလျှင်၊ နောက်ခါမှ ဝေစုရသည့် အလံရှူးကတစ်မျိုး၊ တိုးတိုးသာသာ ဘယ်ဟာလိုလို၊ အဇ္ဇာလိုလိုနှင့်၊ စကားဆို၍။

"အို . . . သူငယ်ချင်း၊ သူငယ်ချင်း၊ မင်းမာတို့သား ဘယ်ကျောင်းမှာ ထားသလဲ၊ စာမသွား-ပေမသွား၊ မှားလေ၏တ၀၊ တို့ကျောင်းမှာ မည်သူ့သား၊ သင်သွားကြည့်စမ်း အခန်းခန်း အဖုံဖုံ၊ အတတ်မျိုးက၊ နည်းနာစုံ၊ လုံလောက်သည့် တို့ဆရာ၊ ဘာမကြောက်နှင့် ငါတို့တာ၊ သွေးဆောင်ကာ ခေါ်ငင်၍၊ လူ့ပြည်တွင် ဘာမရှား၊ ထမင်းစားလော့ ဟင်းစားလော့၊ ငါးကြော်စားလော့၊ မုန့်စားလော့၊ ချော့ချော့မြှောက်မြှောက်၊ ရောက်အောင်ထပ်ကြပ်၊ ပရိသတ်သွေးစုံ၊ လူမှုတွင် စဉ်းလဲ၍၊ ရဲရဲငုံ့ငုံ့ မတွန့်မတို၊ ဘယ်သူပင်ဆိုသော်လည်း၊ လိုရာတွင် အကြောင်း၊ ဆရာကောင်းတကာ၊ တကာကောင်းဆရာ၊ လူလာမှ လာဘ်များမည်၊ ထင်ရှားမှ ကျော်ဇောမည်၊ စိတ်သဘောအနေနှင့်၊ စလေမြို့မြောက်ဘက်က၊ မောင်ရွှေရွက်က သူမွေးသော၊ အမဲခွေး ငနီစပ်၊ မုဆိုးနှင့် ကပ်ပြီးလျှင်၊ ယုန် ပထတ်ရှိရာ၊ ဟစ်ဟောင်ကာ သူပြ၍၊ ဝေစုရ ခွေးပါးစပ်၊ သူ့ကြံပုံ တတ်သကဲ့သို့၊ ကျောင်းကပ်၍ အသက်မွေး၊ ငရဲဘေးကို သူမကြောက်၊ သံသရာမှာ ဈေးကြောင်းပေါက်၊ ရောင်းချင်းတိုင်း ရောက်စေတော့၊ မထောက်မညာ၊ ကိုယ့်ခန္ဓာကို ကိုယ်မသနား၊ တရားကို နားမလည်၊ လကွယ်သန်းခေါင်၊ မိုယ်းမှောင်ဥမင် လူတွင်နောက်ပိတ်၊ ချိပ်တံဆိပ်နှင့်၊ ဗျာဒိတ်ဘွဲ့ခံ၊ ငရဲမှာ ဘုံစဉ်စံမည်၊ မောင်နိယံကဲ့သို့ မပြုကြရာ။

"သာ၀တ္ထိခေါ် ပြည်ကျော်သခင်၊ ဘုရင်ကောသလ အိပ်မက်ခန်းတွင်၊ စာတန်း၍ပြသည်မှာ၊ တစ်ညတွင်အိပ်မက်၊ တဆဲ့ခြောက်ချက်၊ ချင်းအိပ်မက် အလျော်၊ ဗုဒ္ဓတောင်းနှစ်၍-ဇောင်ချမ်းပေါ်၊ အဓိပ္ပာယ်ကို ဖော်လိုက်မည်၊ နှစ်-

ထောင်ကျော် သာသနာ၊ သုံးလူ့ဘ မိန့်အာဏာ၊ တို့သည်ခေတ် ရောက်သော အခါ၊ မတော်ကျင့် လူလိမ္မာ၊ ပညာမဲ့ သူဆရာ၊ မလိမ္မာလျှင် ပညာရှိ ဝတီလွဲလျှင် သူမှန်ကန်၊ ပါဋ္ဌိမှန်လျှင် ကျမ်းဂန်ဝေး၊ မုံ့ပေးလျှင် သူတော်ကောင်း၊ ငွေရ တတ်လျှင် လူလိမ္မာ၊ ဝါနိုင်လျှင် သူတော်ကောင်း၊ စောင်းမြောင်းတတ်လျှင် သုခမိန်၊ လိမ်နိုင်လျှင် သမာဓိ၊ ဘာမသိလျှင် သောတာပန်၊ ခိုက်ရန်လိုလျှင် ပစ္စေကာ၊ ဒေါသကြီးလျှင် သဗ္ဗညု၊ လူတို့ရွာ အလွန်ခက်၊ သိုက်စာဟောင်းအထွက် မှာ၊ နှစ်တက် သာသနာ၊ ၂၀၀၀-သာလျှင်၊ မသမာထွန်းကား တရားမမှန် ကျင့် ဘောက်ပြန်က၊ ကျမ်းဂန်မည်၊ အလင်္ကာနှင့်၊ ဒုသီလ-အလွန်များလတ္တံ့၊ ရဟန်းရှင် လူ၊ အယူဆကွဲ ကျင့်ဘောက်လွဲ၍၊ သုံးကွဲ လေးပုံ ဖြစ်လတ္တံ့၊ ကျောင်းကန် ဘုရား လွန်ပေါများ၊ အိမ်ကြားလမ်းသို့ ရောက်လတ္တံ့၊ ကျောင်းကြီး တဆောင် ရှင်တစ်ကောင်၊ ဘုန်းရောင်ချင်းချင်း ပြလတ္တံ့၊ ရဟန်းကား လူ၊ လူကား ဘီလူး အသွင်ထူး၊ လူရှူး အလွန်များလတ္တံ့၊ ဟူ၍ မိန့်မှာ၊ တရားထူးလည်၊ လူ့ပြည် တလွှား၊ တရားမစောင့်၊ မဖြောင့်နှလုံး၊ ရတနာသုံးကို၊ မုန်းစိတ်မာန်ခံ၊ ရှိကြပြန် ၍ အကြံမပျက်၊ စိတ်မကွက်နှင့်၊ တေဒဂ်ချ သတိရလျှက်၊ မိဘရိုးရာ ဆရာသမား ကျင့်သောလားသို့ မမှားစေရ ခုကာလပေ၊ မသူတော်တို့ထုံးကို နှလုံးမထားကြ နှင့်၊ သင့်တင့် လျောက်ပတ်အောင်၊ အရပ်ရပ်တရား၊ တကာများတို့ကို၊ သနား စုံမက်၊ သံသရာက လျှင်စွာ ထွက်ရအောင်၊ နောင်အမြိုက်ဆေး၊ ဘေးမဲ့ သာစည် နိဗ္ဗာန်ပြည်သို့၊ သာကြည်ထုတ်ချောက် ရောက်စိမ့်မှတ်ရေး၊ စုဝေးစီကုံး၊ ပုထုံး နည်းနာ၊ ဘွေရှာထုတ်နုတ်၊ မယုတ်မလွန် နောင်မွန်မှတ်ရာ၊ သံသရာရေး မရှုပ်ထွေးရအောင်၊ ရေဝန်းတောရ ဘုန်းတော်ကြီးဘုရား၊ စာပေးကြား မှာလိုက် သည်၊ အောက်ပြည်တလွှား လူအများတို့။ ။

၁၉၈၇၊ နိုဝင်ဘာလ၊ ရတနာမွန်။

❑ ❑ ❑

## တောလားအလင်္ကာ ချစ်စရာ

### အပိုင်း (၁)

မြန်မာစာပေ ဂန္ထဝင်၌ လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ ခန့်ကပင်လျှင် တောလားဟူသော စာပေတစ်ရပ်သည် အထင်အရှား နေရာယူထားလေသည်။ ထို့ကြောင့် ကဗျာသမိုင်းတွင် အတော်ရှေးဦးကျသည်ဟု ဆိုဖွယ်ရှိသည်။ ထို တောလားဟူသော ဝေါဟာရမှာ ဖွဲ့ဆိုပုံ နည်းစနစ်ကို ဖော်ညွှန်းခြင်းမဟုတ်ပါ။ တောသို့သွားခြင်း၊ လားခြင်း၊ တွေ့ကြုံခြင်းတို့ကို ဖော်ညွှန်းသော ဝေါဟာရ ဖြစ်ပါသည်။

တောအတွင်းသို့ သွားရောက်ရာ၌ တွေ့မြင်ကြုံကြိုက်ရသော ရေ မြေ တော တောင် လျှို မြောင် ချောင် ချပ်တို့၏ ပသာဒအမြင်ကိုလည်းကောင်း၊ မိမိတို့ဘာသာ မလေ့အလျောက် တစ်ပင်ပျံမြူး တစ်ပင်ကူးကာ တွန်ကျူးနေကြသော ကျေးငှက်တို့၏ လွမ်းမောဖွယ် သဘာဝအသွင်ကိုလည်းကောင်း၊ ပွင့်လန်း ငုံစီ ဖူးတံချိနေသော အသွေးအရောင်စုံ ပန်းတို့၏ ရနံ့နှင့် မြတ်နိုးဖွယ် အလှအယဉ်တို့ကိုလည်းကောင်း စာဆိုသူ စိတ်ကူးပေါက်ရာ ဖွဲ့ဆိုအပ်သော တောလား

ကဗျာ အလင်္ကာပင် ဖြစ်ပါ၏။

သို့ သီကုံးနှုန်းဖွဲ့ရာတွင်လည်း သတ်မှတ်ထားသော ပုံသေစနစ် တစ်စုံတစ်ရာ မရှိပါ။ ရတု ရကန် အဖွဲ့ပုံစံမျိုးဖြစ်စေ၊ ပျို့အဖွဲ့ပုံစံမျိုးဖြစ်စေ၊ အပိုဒ်ရေ မည်မျှပင်ဖြစ်စေ ဆိုဖွဲ့သူ သန်ရာသန်ရာ လွတ်လပ်စွာ ရေးဖွဲ့လေ့ရှိပေသည်။ ဤတွင် ပြောစရာတစ်ခုတော့ ရှိပါ၏။ ယင်းအချက်မှာ အချို့သော ပညာရှင်များက တောလားဆိုသည်မှာ တော၏နယ်နိမိတ် အစပ်ဖြစ်သော 'တောင်သို့ လားသော် မည်သည့်အရပ်' စသည်ဖြင့် အလားလေးရပ်ကို ညွှန်းအပ်သော အဖွဲ့ဖြစ်နိုင်ကြောင်း တွေးကြ ကြံကြခြင်းပေတည်း။

ဤအချက်ကို ဤသို့ စဉ်းစားဖွယ်ရှိပါသည်။ မြန်မာသက္ကရာဇ် ၈၅၀ လောက်က ဖွဲ့ဆိုသည်ဟု စာပေပညာရှင်များ ခန့်မှန်းကြသော အရှင်မဟာရဋ္ဌသာရ၏ ရွှေစက်တော်သွား တောလား လေးပိုဒ်အနက် ပထမအပိုဒ်တွင် အောက်ပါအတိုင်း အစချီထားပါသည်။

"အောင်ဇေယျတု၊ ကျွမ်းဂန်ရှု၍၊ ဂမုဓာတ်ရေ၊ ဓာတွတ္တဖြင့်၊ ဂမနသဒ္ဒါ၊ ကြောင်းခြင်းရာကို လက်ာကုံးသီ၊ လမ်းစဉ်စီအံ့"

ဟု ပါရှိပြီး ဖြစ်သောကြောင့် ဂမနသဒ္ဒါသည် တောသို့ သွားခြင်း အနက်အရ ဤသည်ကိုပင် စာဆိုအရှင်က ပဓာနထားကာ ဖွင့်ဆိုကြောင်း တွေ့နိုင်ပါသည်။ သို့ဖြစ်လျှင် မည်သည့်အဆိုအမိန့်ကိုပင် လက်ခံသည်ဖြစ်စေ အရင်းခံမှာ တောအကြောင်းပေတည်း။

ဤဆောင်းပါးတွင်မူ အရှင် မဟာရဋ္ဌသာရ၏ အာဘော်အတိုင်း တောတောင်အတွင်း လှည့်လည်ရာ မြင်တွေ့ခံစားရသော အတွေ့အကြုံကို ဖွဲ့ဆိုထားသော ကဗျာသည် တောလားကဗျာဖြစ်သည်ဟူသော အမြင်ဖြင့် တင်ပြမည် ဖြစ်ပါသည်။

မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးတွင်ဖြစ်စေ ကဗျာအလင်္ကာမည်သည်မှာ ဖတ်ရှုသူတို့၏စိတ်ကို နူးညံ့ကြည်လင် စိတ်ကောင်းဝင်စေတတ်သောကြောင့် လောက၏ အကောင်းနှင့် အလှလက္ခဏာပင် ဖြစ်ပေသည်။ ကျွန်ုပ်တို့၏ မြန်မာစာပေ ဂန္ထဝင်မှ အထူးထူးသော ကဗျာအဖွဲ့ပေါင်းစုံအနက် တောလားကဗျာသည် တစ်မျိုးတစ်ဘာသာ ချစ်စရာကောင်းပါသည်။

ဥပမာပြရသော် လူတိုင်းအဖို့ မိမိတို့လုပ်ငန်းခွင်မှ ရုံးဖန်ရုံခါ အနားယူသည့် အနေဖြင့် မွန်းကျပ်သော မြို့တွင်းဝန်းကျင်၊ ရုံးရိပ်၊ ကျောင်းရိပ်၊ စက်ရုံ

ရိပ်တို့မှ ကင်းရာလွတ်ရာ စိမ်းစိုသာယာသော တောအုပ်တောရိပ်များသို့ ပျော်ပွဲစားထွက်ခြင်းနှင့် သဘော အတူတူပင် ဖြစ်တော့သည်။ ထို့ပြင် ရှိသေးသည်မှာ မြို့နေလူထု၏ နေအိမ်ဧည့်ခန်းတွင် တောတောင် ရေတံခွန် ရှုခင်းပန်းချီကားများ ချိတ်ဆွဲထားလေ့ရှိသည် မဟုတ်ပါလား။ ယင်းသို့ ချိတ်ထားခြင်းမှာ အလှသက်သက်မျှ မဟုတ်ပါ။ ကျပ်ညပ်သောလူနေပတ်ဝန်းကျင်မှ စိမ်းလန်းသော တောသဘာဝကို မျက်စိဖြင့် အရသာခံစားလိုခြင်း သဘောပင်တည်း။

တစ်နည်းဆိုရသော် မျက်မှောက်လောကတွင် -

"မဝရေစာ၊ ရောဂါ ထန်ပြင်း၊ ဝစ်တလင်း" တို့တွင် ကျက်စား ကြားနာနေရသော အာရုံရိပ်တို့မှာ ဆိတ်ငြိမ်ရာ တောလား အလှအပ စာစုကို ဖတ်ရှုရသူသည် သဲကန္တာရအလယ်မှ အိုအေစစ် စခန်းကလေးသို့ ဝင်မိသော ခရီးသည်ပမာ သာယာချမ်းမြေ့ခြင်း ဖြစ်ပေမည်။ စာပေလောကအလယ်မှ ထိုသဘောကို ဆောင်သော တောလားကဗျာသည် ယနေ့မျက်မှောက်ကာလတွင် ပြောသံဆိုသံတိတ်ကာ အတန်ငယ် တိမ်မြုပ်နေသယောင် ရှိ၏။ ထိုအခါ ဤသို့ဤနှယ်နှစ်လို့ဖွယ်ကောင်းသော စာပေအလှတစ်ရပ်သည် မှေးမှိန်မနေသင့်ဟု ကျွန်မထင်ပါ၏။ ထို့ကြောင့် ကဗျာအလင်္ကာအမှုတွင် ကျွမ်းကျင်သူ မဟုတ်စေကာမိမိ ဆည်းပူးမိသရွေ့ တောလားကဗျာ၏အလှအပတချို့ကို ဖော်ထုတ် တင်ပြချင်သော စိတ်ကူးပေါက်လာပါတော့သည်။

## အပိုင်း (၂)

ပြည်တွင်းသွား တောလား။

တောလားတို့တွင် ပြည်တွင်းသွား တောလားနှင့် ပြည်ပသွား တောလားနှင့် ပြည်ပသွား တောလားဟူ၍ နှစ်ပိုင်း ခွဲခြားနိုင်ပါ၏။ သို့ဆိုလျှင် ပြည်တွင်းသွား တောလားကို အရင် စတင်ရပါမည်။ အဘယ့်ကြောင့်ဆိုသော် တောလားစာပေ ပေါ်ထွန်းမှုမှစ၍ သက္ကရာဇ်အစဉ်အတိုင်း ဖော်ပြခြင်းသည် ပိုမို သင့်လိမ့်မည် ထင်သောကြောင့်ပင်။

တောလား ကဗျာသည် မြန်မာသက္ကရာဇ်သည် ၈၄၅ ခုနှစ်မှ ၈၈၀ ပြည့်နှစ်အတွင်း အင်းဝစာဆို ပုဂ္ဂိုလ်အကျော်များ ဖြစ်ကြသော အချှင်ဥတ္တမ-

ကျော်၊ အသျှင်မဟာရဋ္ဌသာရနှင့် အသျှင် ဒုန်းညိုတို့ ကာလ မရွေ့မနှောင်းပင် အသီးသီး တောလားဖွဲ့ဆိုတော်မူခဲ့ကြလေသည်။ ယင်း အသျှင်မြတ်များ၏ နောက်မှာမှ တောင်ငူခေတ်တွင် လှော်ကားသုံးထောင်မှူးနှင့် ယင်း၏ သား ဖြစ်သူ မင်းဇေယျရန္တမိတ်တို့ သားအဖသည်လည်းကောင်း၊ ကုန်းဘောင်ခေတ် တွင် စိန္တကျော်သူဘွဲ့ (ငယ်မည် ဦးဩ)၊ လက်ဝဲသုန္ဒရဘွဲ့ (ငယ်မည် ဦးမြတ်စံ) ရွှေတိုက်စိုး ဇေယျကျော်သူ (ငယ်မည် ဦးတိုး)၊ စလေ ဆရာဦးပုည (ငယ်မည် မောင်ပုတ်စည်)၊ ကင်းဝန်မင်းကြီး (ငယ်မည် ဦးကောင်း) နှင့် မြောင်လှမြို့စား ဝန်ထောက်တော် မင်းကြီး သီရိမဟာဇေယျသူ (ငယ်မည် ဦးဖြိမ့်) တို့ အပါအဝင် စာဆိုအတော်များများပင် တောလားဖွဲ့ခဲ့ကြပါသည်။ ဖွဲ့ဆိုသမျှတို့သည်လည်း စာကောင်းပေမွန် စာရင်းဝင်ချည်း ဖြစ်ပေသည်။

အမှန်အားဖြင့် ဤအကြောင်းရပ်သည် ကျမ်းတစ်စောင် ဖွဲ့လောက် သော အကြောင်းရပ် ဖြစ်ပါ၏။ သို့သော် ဤနေရာတွင်မူ ဆောင်းပါးနှင့် ဝင်ဆံ့ ရုံမျှသာ ဖော်ပြနိုင်ပေမည်။ ထို့ကြောင့် ယင်းစာဆိုများအနက်မှ စာဆိုရှင်လေးဦး ၏ ပြည်တွင်းသွား တောလားလက်ရာအချို့နှင့် ပြည်ပသွား စာဆိုရှင်နှစ်ဦး၏ လက်ရာအချို့ကိုသာ တင်ပြပါမည်။

ရှေးဦးစွာ အသျှင်ဥတ္တမကျော် ဖွဲ့ဆိုသော ဗုဒ္ဓဘုရားရှင် ကပိလဝတ် ပြည်သို့ ကြွတော်မူခန်း တောလား သုံးပိုဒ်မှ စာပိုဒ်အချို့ကို ထုတ်နုတ်ပြဆိုပါ မည်။

စက်ဆယ့်နှစ်လီ အစချီသော ပထမ အပိုဒ်တွင် -

'သဘင်ဂိမှာန်၊ တာသင်္ကြန်ဟု၊ လေပြန်လွင့်ကူ၊ ဘုံသစ်ထူ၍၊ ဉဏ္ဏဂူ နတ်၊ ဖန်ရဟတ်လည်း၊ သဟဿရောင်၊ ခြည်တစ်ထောင်ဖြင့် ပြောင်-ပြောင်ဝင်းထိန်၊ အာဏာနှိမ်လျက်၊ ပြင်းရှိန်အန္တ၊ ကုန်စွမ်းပြသော်၊ လေခမြေသက်၊ ဈာန် ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သီဂီ တစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သော ပုံသို့'

ဟူ၍လည်းကောင်း၊ 'စကြာဝဠာ' အစချီသော ဒုတိယအပိုဒ်တွင်လည်း -

'တိမ်ညိုမိလ္လာ၊ တိမ်စူကာနှင့်၊ တိမ်ပြာ ရောယှက်၊ မရမ်းဖက်၍၊ တိမ် သက်တံ့ရောင်၊ အဝါဘောင်ဝယ်၊ မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တချို့၊ ညို့ခဲ့ တစ်လီ၊ ရီခဲ့တစ်ဖုံ၊ မှုန်ခဲ့တစ်ချက်၊ ယုဂန်ထက်က၊ လေးဘက်လုံးခြုံ'

ဟူ၍လည်းကောင်း ဆက်လက် ဖွဲ့ဆိုထားပါသည်။ ဤတွင် တောလားတွင်

တိမ်လားကိုပါ ထည့်သွင်းထားသည်သို့ ရှိပါတော့သည်။ ဖွဲ့ဆိုသောကာလသည် ခေတ်အဦး ကျလေသောကြောင့် ယင်း ၁၂ ရာသီ စာပန်းချီအဖွဲ့သည် နှောင်းခေတ်စာဆိုများ၏ စံနမူနာထားစရာ၊ ရှေ့ပြေး ရာသီဖွဲ့ပေဟု ဆိုနိုင်ရာသည်။ လုပခမ်းနားစွာ စာပန်းချီ ခြယ်ထားခြင်းကို ထားဘိဦး၊ နေဝန်းကို 'ဖန်ရဟတ်' ဟူ၍ တင်စား သုံးနှုန်းထားသည်ကို အထူးပြု၍ လေ့လာလျှင် နှစ်ပေါင်း ၅၀၀ ခန့်က ဤစာဆိုအသျှင်သည် ဤစာကို ဝိဇ္ဇာအမြင်ဖြင့် သာမက သိပ္ပံအမြင်အားဖြင့်ပါ ထူးခြားစွာ ဖွဲ့ဆိုလေသည်လားဟု သုတေသီတို့ စောကြောဖွယ် ဖြစ်ပါသည်။

ယခုတစ်ဖန် မြန်မာနှစ် ၈၅၀ ပြည့်ခန့်တွင် အသျှင်မဟာရဋ္ဌသာရ ဖွဲ့ဆိုတော်မူခဲ့သော ရွှေစက်တော်သွား တောလားဟု သင့်နိုးရာရာရွေးပြီး ဖော်ပြပါဦးမည်။

ယင်းတောလားတွင် အားလုံး လေးပိုဒ် ရှိသည့်အနက် 'စူးစူးနိဗ္ဗာန်' အစချီ ဒုတိယပိုဒ်တွင် -

'ကုန်းကျင်း ချောက်မြောင်၊ မြောက်တောင်မှိုင်းဝေ၊ သစ်ပင်တွေနှင့်၊ ပင်ခြေကျင်းကျင်း၊ ပန်းအင်ကြင်းလည်း၊ ခက်ချင်းခိုက်ထိ၊ စောင်းကြိုးညိသို့၊ နှမိနှမြော၊ လွမ်းဖွယ်ပေါစွာ၊ တောင်တောဝန်းကျင်၊ သို့ရာတွင်မူ၊ အကြင်မြောင်းသူ၊ လွမ်းစေဟူသို့၊ လျှံဆူထွေပြား၊ ငှက်အများလည်း၊ ဖျားသို့ချိုအေး၊ ရင့်ရှုကြွေးလျက်၊ မောင်ထွေးတို့လော၊ မယ်တို့လောဟု၊ သဘောနှုတ်ဆက်၊ မေးကြလျက်တည်' ဟူ၍ လည်းကောင်း၊ 'တောကြက် တွန်မြူး' အစချီသော တတိယအပိုဒ်တွင်မူ -

'တောကြက်တွန်မြူး၊ ကျေးငှက်ကျူး၍၊ သံကြူးမြိုင်စည်၊ စက်ရိပ်လည်လျက်၊ နေခြည် ဝင်မြောက်၊ ဆည်းဆာရောက်သော်၊ မျောက်က ကြိုးချွေ၊ ဒေါင်းအိုးဝေနှင့်၊ သံချွေကြွေးကြော်၊ ဖိုမခေါ်လျက်၊ တောက်ကျော်တွန်သွား၊ ငှက်နွေးလည်း၊ တောဖျားမြိုင်ချောက်' စသည်ဖြင့် ဖွဲ့ဆိုထားပါ၏။

ဤစာပိုဒ်များတွင် စာဆိုအသျှင်သည် တောခရီးတစ်လျှောက် ပန်းမန်များ ဖူးပွင့်နေပုံများနှင့် ကျေးငှက်တို့၏ လူနှယ်လူဟန် ခွန်းဆက်သံများကိုပါ ညာဏ်ကွန့်မြူး၍ ဖော်ကျူးထားသေးသည်။ စုံမက်ဖွယ် ဆောင်သော တော၏ အလှကို ကိုယ်တိုင် တွေ့မြင်ရဘိသကဲ့သို့ ပေါ်လွင်လှပါပေ၏။ စင်စစ်မူ စာပေ

အရာ ရသမြောက်ပုံများကို ချီးကျူးနေသည့် အဆင့်တွင်သာ ရပ်တန့်မနေသင့်ပါ။ ဤ အသျှင်ကောင်းစာဆိုများ၏ စွမ်းရည်သတ္တိများကြောင့် မြန်မာစာပေသမိုင်း ဟူ၍ ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ မျက်နှာပွင့်ကြရပေသည်ကို ဆင်ခြင်လျက် ယင်းတို့ ဂုဏ်ကျေးဇူးကို ဖော်ကျူးသင့်ကြပေသည်။

ယခုတစ်ဖန် ဘိုးတော် ဗဒုံမင်း လက်ထက်တော် သက္ကရာဇ် ၁၁၅၁ ခုနှစ်တွင် ရွှေတိုက်စိုး ဦးတိုး (ရွှေဘိုနယ် စိုင်နံ့သာရွာဇာတိ) ၏ လက်ရာ ဖြစ်သော ရာမရကန် အခန်း ၁၅၊ မော်ရုံတောမှာ သီတာကစားခန်းမှ တောလားအဖွဲ့တစ်ရပ်ကို ဖော်ပြပါမည်။

'နွေရာသီလု၊ ဆောင်းရတု၊ သာမျိုးစုံသည့်စပ်ကြားတွင်၊ တောင်နိုးတပြာချိပ်၊ နှင်းရိပ်က ရွှင်ရွှင်၊ မင်းလွင်က မှောင်မှောင်၊ တိမ်တောင်တဆိုင်းဆိုင်း၊ ကြည့်လေတိုင်းကို၊ တစ်ပိုင်းက ကျိုးဥ၊ တစ်ပိုင်းက ချိပ်နု၊ ပြာလုလု နီကြောင်ကြောင်၊ ပိန်ညင်းကောင် မယ်ညိုကောင်၊ တောင်ဖြန့်သည့်ပမာ၊ ပိုးရည်တောင်စာ၊ အကန့်မှာ ခရမ်းပုံ၊ မြင်ဖူးမှ ယုံချင်အောင်၊ ရွှေတိမ်တောင် ချုံထဲက၊ လျှပ်ပုလဲဆင်၍၊ ရဂုံတခွင်၊ တောတပြင်မှာ၊ ရွှက်ကျင်လေသုတ်၊ ကျေးနုတ်ကယ်ဖူးသစ်၊ ပုရစ်ကယ်စီရရီ၊ တွတ်တွတ်ကယ်နီ၊ တောင်ပံချီ ကလန်းသနှင့်။ ။

အောက်ခြေကရှင်းရှင်း၊ အင်ကြင်းနှင့်သစ်ရာ၊ ရင်းမာစွယ်တော်၊ ကံ့ကော် ရင်ခတ်၊ လေဖျပ်ဖျပ်ကယ်နှင့်၊ ဇလပ်ရယ် အတူတူ၊ ဖက်ဆွတ်ကယ် ကြူရာမှာ၊ ပျဉ်းဖြူ ပေါ်ဦးမို့၊ တထူးက ဆန်းသနှင့်'

ရာမရကန်သည် သက္ကရာဘာသာ ရာမဇာတ်မှ ကျော်နိုးဇာတ်လမ်းကို အရင်းခံထားပြီး မြန်မာမှု မြန်မာဟန်ဖြင့် မွမ်းမံထားအပ်သော ရကန် ဖြစ်ပါသည်။ အထက်ပါ တောလားမှ စာတစ်ပိုဒ်ကို မြည်းစမ်းရုံဖြင့်ပင် စာဆိုရှင် ရွှေတိုက်စိုး ဦးတိုး၏ စိတ်ကူးဉာဏ်နှင့် စကားပရိယာယ် ကြွယ်ဝပုံကို ရိပ်စားမိနိုင်ပါ၏။ ဖတ်ရှုရသူမှာ သူဖွဲ့ဆိုရာ မော်ရုံတောတွင်းသို့ ကိုယ်တိုင်ရောက်နေသကဲ့သို့ ဆောင်းအကုန် နွေအကူးကာလ၏ ဆွတ်ပျံ့လွမ်းမောဖွယ်ကို လည်းကောင်း၊ တစ်ဖန် မိုးဦးကာလရာသီတိုင် ရောက်ပြန်လျှင်လည်း စိမ်းပြာညိုမှိုင်းသောတိမ်တိုက်များ၏ နောက်ကွယ်မှ တစ်ချက်တစ်ချက် လျှပ်စီးလက်လိုက်ပုံများကို လည်းကောင်း၊ ကွင်းကွင်းကွက်ကွက် မြင်ယောင်လာအောင် စွမ်းဆောင်နိုင်စွမ်း ရှိပါဘိတော့သည်။

ရတနာပုံစာအုပ်တိုက်

ထို့နောက်မှ ပြည်တွင်းသွား တေးလားတွင် နောက်ဆုံးအဖြစ် ရွှေဘိုမင်းခေါ် သာယာဝတီမင်းလက်ထက်တော်တွင် စလေဆရာကြီး ဦးပုညရေးဖွဲ့သော တေးလားစာပေမှ ထုတ်နုတ်ဖော်ပြရင်း အပြီးသတ်ပါမည်။

ဦးပုည၏ လက်ရာကောင်းများအနက် စကားလုံးပြောင်မြောက်သော တေးထပ်နှင့် မေတ္တာစာအချို့သည်သာလျှင် ပြည်သူလူထုကြားတွင် နားယဉ်ထင်ရှား လူသိများခဲ့လေသည်။ ယခု ဖော်ပြမည့် 'နန်းဆန်တဲ့မြိုင်' အမည်ရှိ တေးလားကိုမူ ကြားဖူးကျက်ဖူးသူ၊ လေ့လာဖူးသူ အတန် နည်းပါးလိမ့်မည်ဟု ထင်ပါသည်။ ကျွန်မအနေဖြင့်မူ စလေဆရာကြီး၏ စာများတွင် ဤတေးလားကို အနှစ်သက်ဆုံးဖြစ်ပါ၏။

ဤတေးလားကို ဦးပုည ဖွဲ့ဆိုစဉ်ကာလမှာ သက္ကရာဇ် ၁၂၀၃ ခုနှစ်တွင် ရန်ကုန်မြို့၌ ရွှေဘိုမင်း ယာယီနန်းစံနေစဉ် နောက်တော်က လိုက်ပါလာရသော ဦးပုညသည် သာမဏေ ကိုရင်ကြီးဘဝဖြင့် ဗဟန်းတောရမှာ သီတင်းသုံးနေခိုက် ဖြစ်သည်။ ထိုစဉ်က ကြားတောရ၊ အလယ်တောရ စသည့်နေရာများတွင် တောအုပ် စိမ့်စမ်းများနှင့် သာတောင့်သာယာ ရှိလှသောကြောင့် အင်္ဂရိတ်ပညာ လိုက်စားကာ ဖိုထိုးသူ များလှသည်။ ထိုပုဂ္ဂိုလ်များကို မြင်တွေ့ရသော ဆရာကြီးသည် ဝိဇ္ဇာဓိုရ် ဇော်ဂျီများအဖြစ် သရုပ်ဖော်ပြီး စိတ်ကူးဉာဏ် ကွန့်မြူးထားခြင်းပေတည်း။ ယင်း 'နန်းဆန်တဲ့မြိုင်' တေးလားမှာ တစ်ပုဒ်တစ်ပုဒ်လျှင် အတန်ရှည်သော သုံးပုဒ်တိုင် ပါဝင်သည်။ ၎င်းတို့အနက်မှ ဤနေရာတွင် ဝင်ဆံ့သမျှကိုသာ ရွေးနုတ် တင်ပြရပါမည်။

အပိုဒ် ၁ တွင် -

'မြလျှံတွေတွေ ကမ်းအခြေအိုင်စခန်းမှာ၊ မြိုင်နန်းသူ ကိန္နရီတို့ စိန်ဒါလီလည်ကပ်ကို၊ ရည်မှတ်သည့်အမွေး၊ မင်ဆေးဖြင့် တင်ရေးလို့ သွင်သွေးကိုမရ၊ မြရောင် ရွှေရောင် လေသာတောင်မှာ၊ ညိုရောင်ရောစပ် ဇောတိရသီသို့ ပြောစမှတ် အထူး၊ သောမနသီ နူးရန်ဖို့ တစ်ဦးသောကိန္နရာမှာ၊ ထိန်ပြာမိလ္လာ စိန်ဇာ ပွင့်ယှက်၊ ဝါရောင်ပြာရောင် ခါတောင်ဖက်လို့၊ သက်တံရေး ထွက်ပျံပြေး သက်တံသေး ပန်းနွဲ့ကို၊ လူငဲ့ဟန်ယူတဲ့ပြန်၊ စမ်းခံတဲ့ရေအိုင် နန်းဆန်တဲ့ ဟေဝန်မြိုင်' ဟူ၍ လည်းကောင်း။

အပိုင် ၂ တွင် -

'မြေတလင်းပြန့်၊ လှခေါင်အဆင်း၊ မြရောင်လင်းတဲ့၊ မြက်ခင်းပြန့်မှာ၊

တသန့်သန့် အခြေကျင်းလို့ လေညင်းခံဝံ့ကြတယ်၊ သဇင်ရေဝပ်၊ မြေကိုညွှတ်တဲ့၊ ပန်းဝတ်လွှာကို နမ်းကာစုပ်၍၊ ဆုတ်ချည် တက်ချည် မခို့တရို တရှိုရှိုနှင့် မောင်မယ်တို့ မြည်ကြတယ်' ဟူ၍လည်းကောင်း။

အပိုင် ၃ တွင် -

'စုံဂနိုင်စမ်းကွေ့မှာ၊ ပန်းမွေ့ရာ ဇာတွန့်နှင့်၊ ညာညွန့်ချင်းပွေ့ယှက်၍၊ မြေမျက်နှာရစ်၊ ခွေ လက်ယာလှစ်ပါလို့၊ စိန်စစ်တဲ့ ထွက်ဂူမှာ၊ သံပန်း သေကျောက်ဖျာခင်းလို့ အဠမုတ်အင်ကြင်းချေ၊ အဆုံးပြန် ယွင်းမသွေ၊ အစမှာ အဠချေ၊ ဂမုဓာတ်သက်ပါစေ၊ ခရှပတ်လက်ယာခွေ၊ ဆေးကြိတ်ရန် အင်းချေလျက်၊ ကျင်းပကာ သူနေသည့်၊ ဇော်ဖေမောင် လျှော်ဝေဆောင် ဘော်ငွေရောင် ဖြူသွားနှင့် ဝိဇ္ဇာပျံ၊ စိတ်ဖြာကြဲ၊ သံသေ-နာသေ ဝါရွှေဝင်းထိန်၊ စိန်ရောင်၊ မြရောင်၊ နေရောင် ပြင်းရှိန်၊ ထိန်လို့ ပျံတက် လျှံလက်၊ သန်လျက်ရောင် လျှံပြက်ပြောင်၊ ပင်သူယောင် ဇွဲအုပ်၊ ယဉ်မူခေါင် ရွှေကုမုဒ်က၊ လေလှုပ်တိုင်း ဟန်ခွဲ့လို့၊ စာဖွဲ့၍ မဖြစ်အောင်၊ မပစ်သာ မခွာသာ၊ ချစ်စရာ ခင်စရာ၊ ထင်စွာ ယဉ်ရာ ပင်မှာ ဖြတ်လှိုး၊ ညာဝင်ကိုသက်သွင်းလို့၊ ချစ်တင်းစုံ မှိုးကြတယ်'

စသည်ဖြင့် ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ တကယ့်ဇော်ဂျီများပမာ စိတ်ဝင်စားစရာ သရုပ်ပေါ်လာအောင် လှပခန့်ညားစွာ စာပန်းချီ ခြယ်ထားခြင်းမှာ လက်ရာမြောက်သည်နှင့်အမျှ နုလှ ယဉ်လှပါပေ၏။

## အပိုင်း (၃)

ပြင်ပသွား တောလား။

ပြည်ပကဗျာဆိုလျှင်ပင် စာရှုသူများသည် ကင်းဝန်မင်းကြီး၏ ပြင်သစ်ပြည်သွား ဆောင်းပါးကဗျာများကို သတိရမိကြပေလိမ့်မည်။ စင်စစ် မြန်မာမင်းများလက်ထက်တော်ကလည်း ပြည်ပ တိုင်းတစ်ပါးသို့ သွားရောက်သူနည်းသောကြောင့် ပြည်ပကဗျာ အဖွဲ့အဆိုလည်း နည်းပါးခဲ့လေသည်။

သက္ကရာဇ် ၁၂၃၅ ခုနှစ်၊ မင်းတုန်းမင်းကြီးလက်ထက်တော်၌ ကင်းဝန်မင်းကြီး ဦးဆောင်သော ချစ်ကြည်ရေး သံတမန်အဖွဲ့တစ်ဖွဲ့သည် ပြင်သစ်ပြည်သို့

သွားခဲ့လေသည်။ ထိုခရီးတွင် ကင်းဝန်မင်းကြီးသည် ယင်းတို့အဖွဲ့ ဆိုက်ရောက်ရာ နိုင်ငံ ခရီးစဉ်များကို စကားပြေဖြင့် လည်းကောင်း၊ လင်္ကာသွားဖြင့်လည်း-ကောင်း မှတ်တမ်းတင်ခဲ့ပါသည်။

ထိုခရီးစဉ်တွင် ရန်ကုန် မော်လမြိုင်မှစ၍ တနင်္သာရီကမ်းခြေတစ်-လျှောက် ပလောပီနံဆိပ်ကမ်း၊ ထိုမှတစ်ဆင့် အစည်ကျွန်း၊ ထို့နောက် ဂီတာကျေးဟုလည်း မြန်မာတို့ကခေါ်သော မလက္ကာကျွန်းများသို့ ဆိုက်ရောက်သောအခါ တွေ့မြင်ရသော တောတောင်ရေမြေ ရှုခင်းများအား အောက်ပါအတိုင်း -

'ကမ်းယံတကြော၊ တောနှင့်တောင်ခြေ၊ ရေဘက်ကြည်းဘက် တက်သက်တပြေး၊ ပန်းချီ ဆေးရေးဘိ၏သို့ လွန်တင့်သော်၊ ဝဲက ဂီတာ၊ ယာကပီနံ၊ မြလျှံတွေသွန်၊ ရေတံခွန်ကလဲ၊ အဝှန်းတီးတီး၊ သုန်သုန်စီးလျက်'

ဟူ၍ ဖွဲ့ဆိုထားပြီးနောက် ရှေ့စခန်း တစ်နေရာဖြစ်သော စင်္ကာပူမြို့ မြင်ကွင်းကိုလည်း -

'တောင်နှင့်တော ရှုမောဖွယ်ဖြစ်အင်၊ ရေအရေး မြသွေးရောင်ကြည်-လင်လို့၊ စက်ယာဉ်ညင် ထွက်ဝင်ဆိုက် ကမ်းခိုက်တင်တင်။ ။ မြေအစွန်း ရေဝန်းလို့ ယှက်လုချင်၊ ပင်နင်စူလ (Peninsula) ခရိုင်ကျေး၊ မြို့စင်ကာ လက်ယာ ရှေ့စွန်းပေပ၊ ထက်ဝန်း ပင်လယ်ခြံ့တယ်၊ ကမ်း-ယံ့ထောက်ကွေး။ ။' ဟု ရေးဖွဲ့ခဲ့လေသည်။

ဤစာစု ရေးဖွဲ့ပုံစနစ်မှာ လေးဆစ်ချိုးဖြစ်သော်ငြား တောလားရေလားသဘော သက်ဝင်သောကြောင့် ထည့်သွင်းဖော်ပြလိုက်ပါ၏။ တောရိပ်တောင်ရိပ်နှင့်တကွ ပင်လယ်ကမ်းခြေ၏အလှအပကို ခံစားနိုင်သည့်အပြင် ဒေသန္တရ သုတပွားစေဖွယ်လည်းဖြစ်၍ နှစ်လို့ဖွယ်ကောင်းသော အဖွဲ့ပေတည်း။

ဤတွင် ကင်းဝန်မင်းကြီး၏ ပြင်သစ်ပြည်သွား ဆောင်းပါးကဗျာများမှ တောလားသဘော အဖွဲ့အဆိုများကို တင်ပြပြီးပါပြီ။ ယခု ဤဆောင်းပါး၏ နောက်ဆုံးပိုင်းအဖြစ် မြောင်လှမြို့စား 'သီရိမဟာဇေယျသူ' ဘွဲ့မည်ခံ ဝယ်မည် ဦးဖြိုမ့် (ရွှေဘိုမြို့နယ်-ခွန်တောင်းကြီးရွာဇာတိ) ၏ ပြည်ပတောလားကဗျာကို ဖော်ပြလိုက်ပါသည်။

ဆိုခဲ့သည့်အတိုင်း ကင်းဝန်မင်းကြီးသည် ပြင်သစ်ပြည်သွားအဖွဲ့ကို သံကြီးအဖြစ် ဦးဆောင် သွားရောက်သည့်နည်းတူ ၁၂၃၇-၃၈ ခုနှစ်တွင်

မြောင်လှမြို့စား ဝန်ထောက်တော်မင်း 'သီရိမဟာ ဇေယျသူ'သည် အီတာလျံ (အီတလီ)၊ စပိန်နှင့်ပူတကေ (ပေါ်တူဂီ)နိုင်ငံများသို့သွားသော မြန်မာဘုရင်၏ ချစ်ကြည်ရေး သံတမန်အဖွဲ့ကို သံကြီးအဖြစ် ဦးဆောင်သွားရသည်။ ဤ ဝန်ထောက်တော်မင်းသည်လည်း ကင်းဝန်မင်းကြီးကဲ့သို့ပင် ကဗျာအလင်္ကာ အဖွဲ့အဆိုအရာတွင် နိုင်နင်းသူဖြစ်လေရာ ယင်းခရီးစဉ်တစ်လျှောက်ရှိ နိုင်ငံများမှ မြို့ပြစက်ရုံကြီးများ၊ သမုဒ္ဒရာ ပင်လယ်တောတောင်၊ လျှိုမြောင် ဆိပ်ကမ်းများကို စကားပြေမပါ၊ ကဗျာသွားသက်သက်ဖြင့် ရေးဖွဲ့ခဲ့လေသည်။

သို့ဖွဲ့ဆိုရာတွင် အအုပ်အခံ ပြန်ကဟပ် စပ်နည်းဖြင့် လည်းကောင်း၊ ရကန်အသွားဖြင့် လည်းကောင်း၊ ရသမြောက်စွာ ရေးဖွဲ့ထားပုံမှာ မည်မျှလောက် ပေါ်လွင်ထိမိသည်၊ ညို့ယူနိုင်စွမ်းရှိသည်ကို အထူး မဆိုပြီ။ စာရှုသူအကဲဖြတ်ကြပါရန် အောက်တွင် ဖော်ပြလိုက်ပါသည်။ အီတလီနိုင်ငံ ရောမမြို့မှ ဂျင်နဝါ (Genoa)မြို့သို့ အသွားလမ်းခရီး တောအုပ်အတွင်း၌ မျက်စိပသာဒ မြင်ကွင်းလှပပုံကို အောက်ပါအတိုင်း ဖွဲ့ဆိုထားပါသည်။

'စိမ်းတလဲ့လဲ့ ယိမ်းနွဲ့နွဲ့များငယ်၊ လေသွဲ့ရာရာညွတ်၍၊ နုထွတ်ချောမော မြက်ခင်းလယ်၊ မှောက်လှန်လှန် မူးချင်မူး၊ ခေါက်ပြန်ပြန်လိှမ့်၍ လူးချင်ဖွယ်၊ မြသင်ဖြူးခင်းသောနှယ်၊ တောင်ကမ်းစွယ်လည်း ဆန်းကြယ်နိုင်သမျှ ယော်ကို၊ ပင်လယ်တစ်ဖက် တောင်တစ်ဖက်နှင့်၊ ချပ်လျက်ကယ် မြောင်နိုးလျှိုနှင့်၊ လေချိုသုတ်လှာ တညင်းညင်း၊ စမ်းရေစက်စက် ကမ်းခြေသို့ သက်ပြီးလျှောင်၊ သွက်လက်ကယ် ထွေထွေဆင်း၍၊ မြခင်းလဲ့လဲ့ရှမ်းစိုစို၊ မြရည်ပိတ်ဖုံး ရှုမဆုံးနိုင်ဘူ၊ တောင်လုံးမှိုင်း၍ ညိုရှင့်၊ တောကိုဆိုလည်း တောမို့လို့ပင်၊ မျှော်မဆုံး ရှယ်ညီ ပင်လှ၊ ဘဝင်ကိုဆွသည့်နှယ်၊ မြင်ရသူတို့နှလုံးမှာ၊ ယူကျုံးမဆိုနိုင်ဘဲကို'

ဤအဖွဲ့ တစ်ပိုဒ်တည်းဖြင့်ပင် ဝန်ထောက်တော်ကြီး ဦးဖြိမ့်၏ ရွှင်မြူးသောဉာဏ်အမြင်နှင့်တကွ စိတ်ကူးကောင်းပုံ၊ စကားကြွယ်ပုံ၊ ကာရန် နိုင်နင်းပုံများကို သိသာစေပါသည်။ တစ်ဖန် အီတလီနိုင်ငံ နေပယ်လ်မြို့ ပင်လယ်ကမ်းခြေနှင့် ကုန်းမြေအစပ်ရှိ ရေမြေတောတောင်တို့ကိုလည်း အောက်ပါအတိုင်း ခေတ်လားရကန် ဖွဲ့ဆိုပါသေးသည်။

'ကုန်းဆင်းချောင် လျှိုမြောင် ငုချပ်၊ စိမ်းရေစိမ့်စိမ့် ကမ်းခြေကို လိှမ့်ပြီးလျှောင်၊ မြေနိမ့်ရာအရပ်သို့ ထပ်ကာထပ်ကာ စီးလှာဘိ၊ မြိုင်ခြေညို့

ဆိုင်း မို့မို့မှိုင်းမှိုင်းငယ်၊ ညွှတ်ကိုင်းကွေ့ကထိနှင့်၊ ဖိကာ ရိကာ ကူးကာ ဟပ် ရန့်ထုံလှိုင် စုံဂနိုင်ဝယ်၊ ပွင့်ခိုင်အထပ်ထပ်နှင့်၊ ချပ်၍ ချပ်၍ အဖြာဖြာ၊ တောင်ရံနှင့် တော၊ သာဟန်ကို ပြောရလျှင် အတောမသတ်ပါဘူး'

အထက်ပါ အဖွဲ့မှ နေပယ်လ်ကမ်းခြေမှာ ယခု ပေလီဆိပ်ကမ်းသာ ဖြစ်လာသည်ဆို၏။ လွန်ခဲ့သော ပထမကမ္ဘာစစ်ကြီးအတွင်းက အီတလီနိုင်ငံမှ စစ်သားများ ဤဒေသသို့ ရောက်ရှိ စခန်းချ ရပ်ကြစဉ် ယင်းတို့ နိုင်ငံမှ နေပယ်လ်မြို့ ဆိပ်ကမ်းနှင့် တူလှသည် ဆိုပြီးနောက် နေပယ်လ်ကမ်းခြေဟု အမည်ပေးကြလေသည်။ ထိုမှ အသံရွေ့လျားကာ ပေလီကမ်းခြေဟူ၏။ ဤသို့လျှင် သံတော်ကြီး ဦးဖြိုးသည် စာကောင်းပေမွန် ဖွဲ့ဆိုခဲ့သူ မှန်ပါလျက် ကင်းဝန်မင်းကြီး ပြည်ပသွား စာများကဲ့သို့ အဘယ့်ကြောင့် ပြည်သူကြားတွင် ထင်ရှားခြင်း မရှိလေသနည်း။ ဖြစ်နိုင်သောအချက်မှာ ကင်းဝန်မင်းကြီး မှတ်တမ်းစာစုကို အင်္ဂလိပ် အစိုးရလက်ထက်တွင် ကောင်းစွာ ထုတ်ဝေဖြန့်ချိခွင့် ရခဲ့သည်။ ဦးဖြိုး၏ မှတ်-တမ်းစာမူမှာကား အင်္ဂလိပ် အစိုးရခေတ်တစ်လျှောက်လုံး အကြောင်းကြောင်းကြောင့် ပုံနှိပ်ထုတ်ဝေခွင့် မရခဲ့ပါချေ။ ထိုသို့ စာအုပ် ဖြစ်မလာသောကြောင့် ပြည်သူ့ရင်ခွင်သို့ မရောက်နိုင်ဘဲ ပေထုပ်ထဲတွင်သာ တိမ်မြုပ်နေခဲ့ရသည်။ မန္တလေးမြို့ ရာပြည့်ပွဲကျင်းပသော ၁၃၂၁ ခုနှစ်တိုင် ရောက်မှသာ 'အီတာလျံသွား မှတ်တမ်း' ဟူ၍ လူထုလက်သို့ ရောက်လာသောအခါမှသာ လေ့လာခွင့် ရကြပေတော့သည်။

ဤတွင် ပြည်တွင်းပြည်ပ နှစ်ဌာန တောလားစာပေအချို့ ကောင်းနိုးရာရာတို့ကို တင်ပြပြီးပါပြီ။ ယနေ့မျက်မှောက်ကာလတွင်မူ တောလားစာပေကိုင်းမကြီးမှာ ဖွံ့ဖြိုးမှုနည်းပါးကာ အတန်ငယ် ညှိုးသယောင်ရှိနေပါ၏။ ဤအခြေအနေတွင် သည်အတိုင်း ကြည့်နေပါမူ ညှိုးရာမှ ခြောက်သွေ့သွားမည်ကို စိုးရိမ်ရန် ရှိပါသည်။

လူ၏ကိုယ်ခန္ဓာရှိ လက်နှစ်ဖက်မှ လက်ချောင်းများသည် သူ့နည်းနှင့်သူ အသီးသီး လိုအပ်သည်ချည်းဖြစ်သကဲ့သို့ ဤတောလားစာပေကိုင်းမကြီးသည်လည်း စာပေပင်စည်ကြီးတွင် လိုအပ်သော အင်္ဂါအကိုင်းအခက်ပင်ဖြစ်သည်။ ထို့ကြောင့် လွန်ခဲ့သော နှစ်ပေါင်း ၅၀၀ ခန့်ကပင် စတင် အခြေချပြီးဖြစ်သော စာပေသမိုင်းတွင် အတော်ရှေးဦးကျသော တောလားစာပေတစ်ရပ်ကို စာပေ

နယ်၌ အစွန့်ရှည်ရှည် တည်တံ့နိုင်မြဲစေခြင်းအကျိုးငှာ လူတိုင်း တတ်အားသမျှ ဖော်ထုတ်လေ့လာတိုးပွားအောင် အားထုတ်သင့်သည်ဟူသော အမြင်ဖြင့် တင်ပြ ရေးသားအပ်ပါကြောင်း။ ။

**ကိုးကားသောစာအုပ်များ**

(၁) ရှင်မဟာရဋ္ဌသာရ၏ တောလား - ဦးချမ်းမြ တည်းဖြတ်သည်။
(၂) ဦးပုည၏ နန်းဆန်တဲ့မြိုင် တောလား - ဦးလူဖေဝင်း တည်းဖြတ်သည်။
(၃) သံတော်ကြီးဦးမြိမ့်၏ အီတာလျံသွား မှတ်တမ်း - ဆရာတော်ရွှေကိုင်းသား တည်းဖြတ်သည်။
(၄) ရွှေတိုက်စိုး ဦးတိုး၏ ရာမရကာန် - ဦးအုန်းရွှေ တည်းဖြတ်သည်။
(၅) ကင်းဝန်မင်းကြီး၏ ပြင်သစ်ပြည်သွား မှတ်တမ်း - ဦးဘေမောင်တင် တည်းဖြတ်သည်။
(၆) မြန်မာစာညွန့်ပေါင်းကျမ်း ပထမတွဲ - ဦးကျော်ဒွန်း တည်းဖြတ်သည်။

၁၉၈၆၊ ဩဂုတ်လ၊ မြဝတီမဂ္ဂဇင်း။

## ပျိုလေးတို့ ဖြန့်ထဘိ ဘယ်ဆီကစ

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ ပမာဏ ငယ်၍ သမိုင်းစဉ်မရင့်သေးသော်လည်း မြန်မာ အမျိုးသမီးတို့၏ လူနေမှုအဆင့်အတန်းမှာမူ မနိမ့်ကျ သည့်အပြင် အခြားသော နိုင်ငံများထက် သာသော အချက်များရှိကြောင်း။

ကျွန်မတို့ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းဖြစ်တဲ့နိုင်ငံတွေထဲမှာ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့ဟာ အကျယ်အဝန်းမှစလို့ ယဉ်ကျေးမှုအစဉ်အလာပါ ကြီးမားခဲ့တာ၊ သမ္မာရင့်ခဲ့တာ အားလုံးသိကြပြီးသားပါ။ မြန်မာနိုင်ငံကတော့ ပမာဏလည်းငယ်၊ သမိုင်းစဉ်ကလည်း သူတို့လို မရင့်သေးပါဘူး။ ပထဝီအနေအထားအရ သေးငယ်တယ်၊ သမိုင်းနုတယ်လို့ ဆိုရပေမယ့် အမျိုးသမီးထုရဲ့ လူနေမှုအဆင့်အတန်းမှာတော့ မနိမ့်ကျတဲ့အပြင် သာတဲ့အချက်တွေ ရှိနေပါတယ်။

အသိသာအထင်ရှားဆုံး အချက်တစ်ချက်ကိုပြောရရင် ရှေးအတီတေ

ရတနာပုံစာအုပ်တိုက်

ကာလကတည်းက မြန်မာမတွေဟာ မွေးရာပါခြေချောင်းကလေးတွေကို သေးသိမ် ကွေးလိမ်အောင် ကျိုးဖွဲ့ပစ်ခြင်းကို မခံခဲ့ကြရပါ။ နောက်ပြီး အရွယ်မရွေး မျက်နှာ ကိုလည်း ခေါင်းမြီးမခြုံခဲ့ကြရပါ။ ဒီစကားဟာ အလွယ်ဆုံး တင်ပြရတာပါ။ တခြားလူနေမှု အိမ်ထောင်မှု စတာတွေမှာလည်း သူတို့တွေနဲ့ယှဉ်ရင် လွတ်လပ်မှု နဲ့ အခွင့်အရေးတွေ အများကြီး ပိုရကြပါတယ်။ အဝတ်အထည် ဝတ်ဆင်မှုမှာ တော့ သည်လိုရှိပါတယ်။

ခေတ်အဆက်ဆက်ပြောင်းပြီး၊ အထူးသဖြင့် ဒုတိယကမ္ဘာစစ်ကြီး အပြီးမှာတော့ အနောက်တိုင်းယဉ်ကျေးမှုတွေ အဖက်ဖက်က အရှိန်အဟုန်နဲ့ ထိုးဖောက်ဝင်ရောက်လာတာကိုတော့ အရှေ့နိုင်ငံတွေ အတူတူခံခဲ့ကြရတာပါပဲ။ မိမိတို့ရိုးရာဝတ်စုံကို ပစ်ပယ်ပြီး၊ အထူးထူးအဆန်းဆန်း ကမ္ဘာနဲ့ ရင်ဘောင်တန်း တယ်ရယ်လို့ နှစ်သက်သလို ပြောင်းလဲ ဝတ်ဆင်လာကြတာ တစ်စထက်တစ်စ နိုးရာဝတ်စုံဆိုတာ တောပိုင်းနဲ့ လူကြီးပိုင်းလောက်သာ ဝတ်ဆင်မြဲ ဝတ်ဆင်တာ မျက်မြင်ပါပဲ။ မြို့ကြီးသူတွေကတော့ ခေတ်နဲ့အမီ လှတယ်ထင်သလို ဝတ်ဆင် နေကြပါပြီ။

သည်လို အဆင့်ဆင့် ထဘီဝတ်ဆင်ပုံ ပြောင်းလဲလာတာကို သိပြီးသား ပုဂ္ဂိုလ်တွေအပထား၊ မသိသေးတဲ့ လူငယ်တွေအတွက် အကျဉ်းချုပ်ပြောချင်ပါ တယ်။ ကျွန်မတို့ မြန်မာမတွေ ဟိုရှေးရှေးက ဘယ်လိုဝတ်ဆင်ကြသလဲ၊ နောက် ဘယ်ခေတ်လောက်က ပြောင်းလဲလာသလဲဆိုတာ တွေးကြည့်ကြရအောင်။ သည်လိုဆိုရင် ရာဇဝင်ကို နောက်လှည့်ကြည့်ပြီး ဂယနအာ စာတင် ရေးသားလာ တဲ့ ပုဂံခေတ်ကပဲ စချီပါရစေ။

ကနေ့ မြန်မာ့ရုပ်သံလွှင့်မှာ ကြည့်ရ မြင်ရတဲ့ အစိုးရ ယဉ်ကျေးမှု အနုပညာဌာနက တင်ပြတဲ့ ပုဂံသူတွေရဲ့ ဝတ်ဆင်ပုံဟာ အိန္ဒိယ ဆန်နေတာ တွေ့ရပါတယ်။ ဒါဟာလည်း ပုဂံမြို့ဟောင်း အာနန္ဒာဘုရား စတဲ့ ရှေးဟောင်း ဂူဘုရားများမှာတွေ့ရတဲ့ ပန်းချီပန်းပု ရုပ်ပုံတွေကို အခြေခံပြီး ပုံဖော်ထားတာပါ။ သည်မှာ ပုဂံပြည်သူများရဲ့ ထဘီဟာ ကွင်းစွပ်အိတ်ရှည်တစ်မျိုးကို ခါးစည်းပြီး ဝတ်ဆင်တာ တွေ့ရပါတယ်။ လှုပ်ရှားသွားလာရာမှာ လွယ်ကူပြီး လုံခြုံမှု ရှိပါ လိမ့်မယ်။ သည်လို ကွင်းစွပ်အိတ်ရှည်ထဘီပုံကနေပြီး၊ ရင်ကွဲထဘီ ပြန့်ထဘီကို ဘာ့ကြောင့် ပြောင်းလဲဝတ်ဆင်လာကြသလဲဆိုရင် ပုဂံခေတ် နရသူမင်းက ထုတ် ပြန်တဲ့ မင်းမိန့်ပညတ်ချက်ကြောင့်လို့ ဖြေရပါမယ်။ နရသူက သည်လို တစ်ချက်

လွှတ် အမိန့်ထုတ်တာကလည်း သူ့အကြောင်းနဲ့သူ ရှိလို့ပါ။

နရသူဆိုတာက "ချိုကတည်းက ယဉ်သကို"ဆိုတာလို ဘခမည်းတော် အလောင်းစည်သူမင်းကြီးကို ခပ်ပြောင်ပြောင်သတ်၊ နောက်ပြီး နောင်တော် မင်းရှင်စောကို ပရိယာယ်ဆင်သတ်ပြီး မင်းလုပ်လာသူဟာကိုး။ အလောင်းစည်သူ မင်း (သက္ကရာဇ် ၄၇၄-၅၂၉)ဟာ မြန်မာရာဇဝင်မှာ (၇၅)နှစ်တောင် နိုင်ငံကို အုပ်ချုပ်မင်းလုပ်သွားသူမို့ နန်းသက်အရှည်ဆုံးမင်းလို့ သိမှတ်ထားကြသူ ဖြစ်ပါ တယ်။ (တချို့ရာဇဝင်မှာ နန်းသက် ၇၀ လို့ ဖော်ပြပါတယ်)

မင်းကြီးမှာ သားတော်နှစ်ပါး အထင်အရှားရှိပါရက်ကနဲ့ (တခြား သားတော် ရှိကောင်းရှိဦးမယ်ဖြစ်ပေမယ့် ရာဇဝင်မှာ မထင်ရှားပါ) ထီးနန်း သူ့ အရိုက်အရာကို ဆက်ခံဖို့ နန်းညွှန့်လျှာ အိမ်ရှေ့စံ မထားခဲ့ပါဘူး။ မင်းကြီးရဲ့ မိဖုရား ရတနာပုံမှ ဖွားမြင်တဲ့သားတော်ကြီး မင်းရှင်စောကို စိတ်လိုက်မာန်ပါ လုပ်တတ်သူ၊ ဆက်ဆံမှုမပြေပြစ်သူရယ်လို့ မင်းကြီးက အမျက်တော်ရှပြီး နယ် နှင်ဒဏ်ပေးထားပါတယ်။ မင်းရှင်စောဟာ အခြွေအရံတွေနဲ့အတူ ထွန်းတုံးပူတက် အရပ် (ယခု မန္တလေး-ပြင်ဦးလွင်ကားလမ်း)မှာ စခန်းချ စံနေပါတယ်။ တာဝန်း (၃၀၀၀)ရှိတဲ့ အောင်ပင်လယ်ကန်ကိုလည်း ဆည်တယ်။ အင်းခရုဘုရားကြီးကို လည်း တည်ထားပါတယ်။ သူ့ဒေသနဲ့-သူ့ထိန်း အုပ်စုနောက်လိုက်တွေနဲ့တကွ အတော်ဖွံ့ဖြိုးစည်ကားတယ်လို့ မှတ်သားရပါတယ်။

သားတော်အငယ် နရသူ (ကျန်စစ်သားမင်းရဲ့အမတ် မမွှကျင်ဆိုသူရဲ့ သမီး ဘွဲ့မည် မထင်ရှား မိဖုရားငယ်ကဖွား)ကို မင်းကြီးက တိုင်းရေးပြည်မှု စီရင်လုပ်ဆောင်ဖို့ လွှဲအပ်ထားပါတယ်။ နရသူမင်းသားအတွက်တော့ နောင်- တော်မင်းရှင်စော အဝေးဒေသရောက်နေခြင်းဟာ သူ ထီးနန်းစံရဖို့ အခွင့်ကောင်း အနေနဲ့ ကြံသာဖန်သာ ဖြစ်လာတယ်။ အလောင်းစည်သူမင်းကြီး တစ်နေ့ထက် တစ်နေ့ အိုရုံမက နာတဲ့အရွယ်ကို ရောက်လာတော့ နရသူက နာမကျန်းဖြစ်နေ တဲ့ ဘခမည်းတော်ကြီးကို ရွှေဂူကြီးဘုရားအတွင်းကို ပို့ထားပြီး လုပ်ကြံ သတ် ဖြတ်လိုက်ပါတယ်။

သည်အကြောင်းကို ကြားသိတဲ့ သားတော်ကြီး မင်းရှင်စောက ရဲမက် အလုံးအရင်းနဲ့ နေပြည်တော် ပုဂံကို ချီလာပါတယ်။ တကယ်ကတော့ မိဖုရားကြီး ကဖွားတဲ့ နောင်တော်မင်းရှင်စောကို မိဖုရားငယ်ကဖွားတဲ့ နရသူဟာ ရင်ဆိုင် တွေ့ဖို့ မဝံ့ပါဘူး။ သည်တော့ သူက ပြည်သူတွေက ကြည်ညိုရိုသေတဲ့ ပံ့သကူ

မထေရ်ကြီးကို ပြေးကပ်ပါတယ်။

"နိုင်ငံငြိမ်ဝပ်အောင်သာ ခေတ္တမျှ ထိန်းသိမ်းထားခြင်း ဖြစ်ပါတယ်။ နောင်တော်ကြွလာရင် တကာတော် ကိုယ်တိုင် နန်းတင်ပေးပါ့မယ်"ရယ်လို့ အတန်တန် သစ္စာပြုပြီး လျှောက်ကြားပါတယ်။ ပုံသကူမဟာထေရ်ကြီးက သူ့သစ္စာကို အဟုတ်မှတ်ပြီး လှေလျှင်နဲ့ မင်းရှင်စောကို ခရီးဦးကြိုလုပ်ပြီး အကြောင်းအကျိုး မိန့်တော်မူပါတယ်။ သည်လို မဟာထေရ်ကြီးရဲ့ မိန့်မြွက်ချက် ဆိုတော့ကာ မင်းရှင်စောကလည်း ယုံကြည်ပြီး နေပြည်တော်ကို ဆက်လက်ကြွချီလာပါတယ်။ ပုဂံဆိပ်ကမ်း လက်ပံဆိပ်အရောက်မှာ ညီတော် နရသူက အန္ထုံးအညွှတ်စကားလျှောက်ကြားပြီး နောင်တော်ကို အသာတကြည် နန်းတင်ပေးလိုက်ပါတယ်။

သည်နန်းတင်ပေးလိုက်တဲ့ ညမှာပဲ ပွဲတော်စာမှာ အဆိပ်ခတ်ပြီး ဆက်တော့ မင်းရှင်စော နတ်ရွာစံပါလေရော။ သည်တော့မှ ပုံသကူမဟာထေရ်လည်း နရသူရဲ့ ကလိမ်ဉာဏ်ဇာတ်မှာ တစ်နေရာက အသုံးချခံလိုက်ရတဲ့အဖြစ်ကို ယူကျုံးမရ နောက်ကျမှ သိတော်မူရတော့ နရသူရဲ့နန်းတွင်း အရောက်ကြွလာပြီး နရသူဘုရင်ကို. . .

"သင့်ထက် ဆိုးသွမ်းသူ လူ့ပြည်မရှိ သင်လို မင်းဆိုးမင်းညစ်ပြည်မှာ ငါ မနေလို" လို့ နှစ်နှစ်နာနာဆိုပြီး သိန်းယိုကျွန်း (ယခု သီရိလင်္ကာ)ကို ကြွသွားပါတယ်

သက္ကရာဇ် (၅၂၉)ခုနှစ်မှာ နရသူမင်းဖြစ်လာပြီးနောက် ဘခမည်းတော် စုလျားဆင် ထိမ်းမြားပေးခဲ့တဲ့ မြောက်သားတော်ကို ကွပ်မျက်ပစ်လိုက်ပါတယ်၊ ဒါတွင်မက ခမည်းတော်ကို ဆက်သထားတဲ့ ကုလားမင်းသမီးကို နှစ်သက်လို့ မိဖုရားမြှောက်လိုက်ပါသေးတယ်။

နရသူမင်း ရက်စက်ကြမ်းကြုတ်ခက်ထန်လွန်းလို့ နန်းတွင်းသား မှူးမတ်များတင်မက ပြည်သူလူထုကလည်း မကြည်ဖြူကြပါဘူး။ ကြောက်လို့ ခေါင်းငုံ့ခံနေကြရပေမယ့်၊ မကောင်းတဲ့ဆိုကို တောင်းယူကြတယ်လို့ ရာဇဝင်ဆရာများက ဆိုပါတယ်။ သည်လို တစ်နိုင်ငံလုံးရှိ ရဟန်းရှင်လူအများ ကြည်ညိုကိုးကွယ်ခဲ့ကြတဲ့ ပုံသကူမဟာထေရ်ကြီး သည်လိုသည်အကြောင်းနဲ့ သိန်းယိုကျွန်း ကြွသွားရပြီးနောက် ရဟန်းများက ပိုမို စက်ဆုပ်ရွံရှာလာကြပါတယ်။

ဘုရင် နရသူကလည်း သံဃာတော်များကို အလေးအမြတ် မရှိလှပါဘူး။ အခုလို မင်းနဲ့ ရဟန်းထု သဟဇာတမဖြစ်ကြောင်း ကောင်းကောင်းသိကြ

တဲ့ မင်းမြှောင်စိုးကပ်တစ်စုကလည်း ဘုရင့်စိတ်အထာကိုလိုက်ပြီး ကုန်းချော စကား လျှောက်ကြားကြပြန်ပါတယ်။ သူတို့ အကြောင်းပြပုံက. . .

"သံယာအစုအအုပ်ဟာ ထုနဲ့ ထည်နဲ့ အင်အားကြီးမားလှပါတယ်။ ယင်းတို့ ခြားနားပုန်ကန်ကြရင် နှိမ်နင်းဖို့ လွယ်လှမည် မဟုတ်ပါကြောင်း" နဲ့ ဘုရင့်အကျိုးလိုလားသယောင် နှောက်ကြတာပါပဲ။ နရသူမင်းဆိုတာကလည်း သူ့လူတွေရဲ့ အတွေးအထင်ကို မျက်မြင်လောက်နီးပါး ယုံစားလေတော့ကာ ရဟန်းထု အင်အား လျော့ပါးစေဖို့ အမိန့်တော်တစ်ရပ် ပြဋ္ဌာန်းထုတ်ပြန်လိုက်ပါသည်။

"မိန်းမဟူသမျှ ပျိုအိုမရွေး၊ ဝတ်ဆင်မြဲဝတ်စုံကို မဝတ်စေရ။ ရင်ကွဲထဘီကိုသာ ဝတ်ဆင်ကြစေ"

ဒါဟာ စာဒကတက်ဖို့ မရှိတဲ့ တစ်ချက်လွှတ်အမိန့်တော်ပါပဲ။ ရက်ကန်းစင်ထွက် အနံတစ်တောင့်တစ်ထွာ (၂၇)လက်မသာရှိတဲ့ အစကို ထဘီချုပ်လိုက်တော့ အနံတိုလွန်းပြီး ဝတ်ဆင်လို့ မဖြစ်ဘူး။ ဒါကြောင့် အထက်ပိုင်းက အနက်ရောင်အစနဲ့ ဆင့်ရပါတယ်။ (ဒါအထက်ဆင့် ဖြစ်ပေါ်လာတဲ့အကြောင်း) အောက်နားမှာလည်း အစတစ်စထပ်ပြီး တပ်ရပါသေးတယ်။ ထဘီနားပေ့ါ။ သည်လို ရက်ကန်းအနံ တစ်တောင့်တစ်ထွာစကို အလျားသုံးတောင်ဖြတ်ပြီး ခါးကိုပတ် ဝတ်ရပါတယ်။ ရှေ့ပိုင်းနှစ်ထပ်ဖုံး ထဘီပေ့ါ။ အပေါ်ပိုင်းကတော့ တဘက်ခြုံလွှာ တင်ထားတယ်လို့ သိရပါတယ်။ ထဘီဆိုတာ အောက်ပိုင်းက လုံခြုံမှုအတွက် ဝတ်တဲ့ အဝတ်အထည်ပါ။ တဘက်ဆိုတာ အပေါ်ပိုင်းက ခြုံထည်ကို ခေါ်တာပါ။

(အဲဒါနဲ့ သုံးတောင်ဝတ် မိန်းမသားဆိုတဲ့စကား ပေါ်လာဟန်တူပါတယ်)

သည်ရင်ကွဲထဘီ (ခေါ်) ပြန့်ထဘီက ခြေလှမ်းသွက်သွက် လှမ်းလို့ မရပါဘူး။ ဒီတော့ ဒူးနားမှာ အပ်နဲ့ တွဲချိတ်ထားရပါတယ်။ အပ်ဆိုတာကတော့ နိုင်ငံခြားလုပ်အပ် သုံးနေကြပြီလေ။ ကျန်စစ်သားမင်းကြီးရဲ့ သမီးတော် တစ်ပင်တိုင် နန်းရှင် ရွှေအိမ်စည် မင်းသမီး ရှေ့တော်အထိ၊ ကုလားပဋိကွဲရာမင်းရဲ့ သားတော် အထည်လာရောင်းနေပြီမဟုတ်လား။

စာအဆက်ပြန်ကောက်ရင် ပုဂံသူတွေဟာ သည်လို ရင်ကွဲထဘီပုံစံကို ကြိုက်ကြိုက် မကြိုက်ကြိုက် ဘုရင့်အာဏာစက်ကြောင့် ဝတ်ဆင်ကြရပါ

တယ်။ ဘုရင် နရသူအထင်ကတော့ မိန်းမတွေ လမ်းသွားတိုင်း သလုံးသား ပေါ်နေပြီ။ ဒါဆိုရင် ရဟန်းသံဃာတွေ သိက္ခာထိန်းနိုင်မှာမဟုတ်။ လူမထွက်ဘဲ နေနိုင်ကြမယ်မဟုတ်ရယ်လို့ တွက်ကိန်းချထားပါတယ်။ ဒါပေမဲ့ နရသူမင်းမှာ မှန်းချက်နဲ့ နှမ်းတွက်မကိုက်ပါဘူး။ သံဃာအနည်းအပါးသာ လူပြုတာ ရှိပါတယ်။ သူထင်ထားသလို သံဃာအင်အား လျော့မသွားဘူးလေ။ ဒါ့ကြောင့် နောက်တစ်နည်းထွင်ပြီး သန်သန်မာမာရဟန်းတွေကို မင်းအာဏာနဲ့ လူဝတ်လဲခိုင်းပြန်ပါတယ်။

သူ့ရဲ့ သည်အကြံလည်း မအောင်ပါဘူး။ အကြောင်းကတော့ ဖျို့ရွယ်သန်မာတဲ့ သံဃာတွေဟာ တိတ်တဆိတ် သိန်းယိုကျွန်းကိုချည်း ကြွပြေးကြပါတယ်။ မြန်မာ့ကမ်းရိုးတန်း ရေလမ်းခရီးမှာ ပင်လယ်ကူးရွက်လှေတွေ ရှိနေကြပြီကိုး။ ရဟန်းသံဃာထုမှာ သည်လိုဖြစ်ရပ်မျိုးနဲ့ တစ်ကျွန်းတစ်နိုင်ငံ ကြွသွားကြရတယ်ဆိုတော့ နိုင်ငံအနှံ့ ပြည်သူတွေဟာ နရသူမင်းကို ရွံကြောက်ကြီး ဖြစ်လာကြပါလေရော။

တစ်နေ့တော့ နရသူမင်း နှစ်သက်လို့ အပါးမှာ အမြဲခစားရတဲ့ ကုလားမင်းသမီးက ဘုရင် အပေါ့်အလေးစွန့်တဲ့အခါ သန့်သက်ရေမသုံးတဲ့အတွက် ရွံတယ်ဆိုပြီး သူ့အနား ချဉ်းကပ်ခွင့်မပြုဘူး။ အလွန်ရက်စက်ခက်ထန်တဲ့ နရသူကလည်း ငါသို့သော မင်းကိုကား ဆိုပြီး သူကိုယ်တိုင် ဓားနဲ့ မိဖုရားကို ပိုင်းသတ်လိုက်တာပါပဲ။ သည်အကြောင်းကို ကုလားမင်းသမီးရဲ့ ခမည်းတော် ကုလားမင်းကြီး ကြားသိတဲ့အခါ အသေခံ ကုလားရဲမက်ရှစ်ဦး ရွေးချယ်ပြီး ကျကျနန သွန်သင်စေလွှတ်လိုက်တယ်လေ။

ကုလားရှစ်ဦးသားဟာ ပုဏ္ဏားအဆောင်အယောင်နဲ့ ခရုသင်း ကိုယ်စီကိုင်ပြီး၊ ပုဂံနန်းတွင်း ရောက်လာကြပါတယ်။ နောက် မင်းကြီးဘုန်းတန်ခိုးတိုးတက်စေကြောင်း ဆုတောင်းဘိသိက်သွန်းလောင်း ပေးပါရစေလို့ လျှောက်တင်ကြပါတယ်။ နောက် ဘုရင် ခွင့်ပြုချက်နဲ့ ကုလားရှစ်ယောက်သား ဘုရင်ကို အလယ်ကထားပြီး ရွတ်ဖတ်ဟန်၊ နေစာမြွက်ကမ်းဟန်ပြုကြပြီး နရသူကို အသေခုတ်သတ်လိုက်ကြပါတယ်။ နောက်ပြီး သူတို့အချင်းချင်းလည်း ထိုးခုတ်ကြပြီး အသေခံသွားကြပါတယ်။ ဒါဟာ နရသူမင်းရဲ့ ဇာတ်သိမ်းခန်းပါပဲ။ နရသူဟာ မင်းစည်းစိမ်မှာ လေးနှစ်သာ စံတော်မူရပါတယ်။ သူ့သမိုင်းကတော့ ခေတ်အဆက်ဆက် ကနေ့အထိ "ကုလားကျမင်း" လို့ နာမည်ဆိုး တွင်ကျန်ရစ်ပါတယ်။

အဲသည် ကုလားကျမင်း လက်ထက်ကတည်းက မြန်မာမတွေဟာ ရှေ့ပိုင်း နှစ်ထပ်ဖုံး ရင်ကွဲထဘီကို အထက်ဆင့်အနက်တပ်ပြီး ဝတ်ဆင်ခဲ့ကြပါတယ်။ နှစ်ပေါင်း (၈၀၀)ကျော်လာပါပြီ။ နောက်သက္ကရာဇ် (၁၂၄၇) (ခရစ် ၁၈၈၅)ခုနှစ်၊ အင်္ဂလိပ်လက်အောက်ရောက်ပြီးတော့ မြန်မာ့ထဘီနေရာမှာ ရှေ့ပိုင်းသုံးထပ်ဖုံး၊ ကွင်းချုပ်ထားတဲ့ လုံကွင်းထဘီကို ဝတ်ဆင်လာလိုက်တာ ကနေ့ထက်တိုင်ပါပဲ။ သည်လို ရိုးရာအတိုင်း ဝတ်ဆင်မြဲ ဝတ်ဆင်နေကြတာကတော့ လူကြီးပိုင်းနဲ့ တောနယ်ပိုင်းက အမျိုးသမီးတွေပါ။ မြို့ကြီးတွေမှာတော့ စကပ်ထဘီခေါ်တဲ့ ရှေ့ပိုင်းနှစ်ထပ်ဖုံးထဘီကို ပြောင်းလဲဝတ်ဆင်နေကြပါပြီ။

အရှေ့တိုင်းက တခြားနိုင်ငံက အမျိုးသမီးငယ်တွေလည်း ကမ္ဘာနဲ့ အမီရယ်လို့ သူတို့နည်းနဲ့ သူတို့ အဝတ်အဆင် ပြောင်းလဲနေကြပြီလို့ သိရပါတယ်။ ရှေ့လာမည့်ခေတ်မှာ မြန်မာအမျိုးသမီးတွေ ဘယ်ပုံဘယ်နည်း ဝတ်ဆင်ကြမလဲ မမှန်းတတ်ပါ။ နှစ်သက်သလို ခေတ်နဲ့အမီ ပြောင်းလဲဝတ်ဆင်ကြတယ်ဆိုတာ ကတော့ ဟုတ်ပါပြီ။ ဒါပေမဲ့ ကမ္ဘာ့လူမျိုးအသီးသီးရဲ့ အမြင်မှာ ဒါဟာ မြန်မာနိုင်ငံသူ၊ မြန်မာမပဲ ဆိုတာ သိသာစေဖို့ မြန်မာ့အသွင် မကွယ်မပျောက်စေဖို့တော့ သတိနဲ့ ထိန်းထိန်းသိမ်းသိမ်း လုပ်သင့်တယ်လို့ ပြောချင်ပါတယ်။

ရည်ညွှန်း။

(၁) မှန်နန်းမဟာရာဇဝင်တော်ကြီး ပထမတွဲ။

(၂) ကျောင်းသုံး မြန်မာရာဇဝင်၊ ရေးသူ ဦးဘသန်း။

၂၀၀၀ ခု၊ ဇန်နဝါရီလ၊ ရန်ကုန်သစ်မဂ္ဂဇင်း။

❑ ❑ ❑

## အင်္ဂလိပ်လက်ရောက် မြန်မာဘုရင်၏ ဆင်ဆွဲရထားတော်

ရောင်ဝါညီးတွေ မင်းစီးလှေနှင့်၊ ရွှေရည်ညက်ညက် ရထားထက်လည်း တက်သက်ကွန့်မြူး၊ ဖုံ့ထူးရောင်ရှိန်၊ စိန်ရောင်မြရိပ်၊ ဖိတ်ဖိတ်လက်လက်၊ နဂ္ဂတန်ဖိုး။

(ရှေးချောင်းတစ်ပုဒ်မှ)

စာရေးသူ ကျွန်မတွင် နိုင်ငံခြားသား စာပေမိတ်ဆွေ အနည်းအပါး ရှိပါသည်။ စာရေးဆရာ၊ ပန်းချီဆရာ ဦးနေမျိုး အမည်ခံ (Mr. Noel F.Singer U.K) လည်း ပါသည်။ သူက ကျွန်မအတွက် လက်ဆောင်ဟူ၍ စာအုပ်တစ်အုပ်မှ ဖြတ်ယူထားပုံရသော စာခုနစ်ရွက်ရှိ စာတွဲကလေးတစ်ခု ပေးပို့ဖူးသည်။ ရှေ့ဆုံးစာမျက်နှာမှာ တန်ဆာပလာ လှလှပပ တပ်ဆင်ထားသော ဆင်ကြီး နှစ်ကောင်ကထားသည့် ရထားတစ်စီးပုံ တွေ့ရှိရပါသည်။ ဆင်ကြီးများမှာ လူလုပ်သော အရုပ်ဖြစ်သော်လည်း ရထားကြီးကား ဆင်နှစ်ကောင်ဆွဲသည်နှင့် လိုက်ဖက်

ညီအောင်ပင် ကြီးမားခန့်ထည်လှသည်။ ထို့ပြင် ရထားအမိုးတွင် ထီးပြဿဒ် အထွတ်တင်ထားသောကြောင့် မြင်ရုံနှင့်ပင် ထူးခြားသော အကြောင်းဖြစ်မှန်း သိသာပါ၏။

## အသိမ်းလွန်ပြီး ရှာမတွေ့

မျက်နှာဖုံးထိပ်စီးတွင် (The Mirror) ကြေးမုံစာစောင်၊ (၁၈၂၅)ခု၊ ဒီဇင်ဘာလ (၁၀)ရက်၊ စနေနေ့၊ တန်ဖိုး (၂) ပဲနီဟု တွေ့ရသည်။ ထိုရက်စွဲအရ ယခုနှစ်ဆိုလျှင် နှစ်ပေါင်း (၁၇၅)နှစ်က စာစောင်ပါပေ။ စာစောင်ဟုသာ အလွယ် သုံးလိုက်ရသည်။ စာနယ်ဇင်း ဘယ်ဟာဖြစ်မှန်း မသိပါ။ ဘာ့ကြောင့်ဆိုသော် စာမျက်နှာနံပါတ်မှာ (၃၈၆)မှ (၄၀၀)အထိ အစဉ်လိုက်ပါရှိနေ၍ ဖြစ်ပါသည်။ ထိုစာတွဲ ကျွန်မလက်သို့ ရောက်လာသည်မှာ (၁၀)နှစ်လောက် ရှိလေပြီ။ ကြုံ တောင့်ကြုံခဲ တွေ့ရတတ်သော အကြောင်းရပ်မှန်းသိ၍ ဝမ်းမြောက်လှ၏။ သို့သော် ထိုစဉ်က ကျွန်မမှာ စာမူတစ်ခု ရေးလက်စဖြစ်နေ၍ အကြမ်းမျဉ်းမျှသာ ဖတ်ကြည့်လိုက်ပြီး သိမ်းထားလိုက်သည်။ နောက် သတိရ၍ ပြန်ရှာသောအခါ အသိမ်းလွန်ပြီး မတွေ့တော့ပါ။

လွန်ခဲ့သော လထဲကမှ စာအုပ်ဗီဒိုထဲမှ စာအုပ်ထူထူကြီးအတွင်း ထို စာတွဲပါးပါးကလေး ညှပ်လျက်သား ထွက်လာသည်။ ယခုမှပင် ထိုစာကို ဂယနဂဏ ဖတ်ဖြစ်ပါတော့သည်။ "မြန်မာ့အမျိုးသားရထား"ဟု စာခေါင်းစဉ် တပ် ထားသော ထိုဆောင်းပါးမှာ ကျွန်မတို့ မြန်မာလူမျိုးတိုင်း သိသင့်သိထိုက်သော အကြောင်းမျိုးဖြစ်သောကြောင့် မြန်မာဘာသာသို့ ပြန်ဆိုဖော်ပြရန် အားထုတ် ပါမည်။ သို့ ဖော်ပြရာ၌ စာမြည်းအဖြစ် အရေးပါသော အကြောင်းကလေးများ အား ပထမ ပြောလိုပါသည်။

## ပြပွဲတွင် ပြသထား

ထိုစာစောင်မှာ (၁၈၂၅)ခုနှစ်ထုတ် စာစောင်ဖြစ်သည်။ (၁၈၂၄)ခုနှစ် တွင် အင်္ဂလိပ် မြန်မာ ပထမစစ်ပွဲ ဖြစ်ပွားဆဲကာလဖြစ်သည်။ နောက် မြန်မာ တို့ စစ်ရှုံး၍ (၁၈၂၆)ခုနှစ်၊ ဖေဖော်ဝါရီလတွင်မှ စစ်ငြိမ်းစာချုပ်ကို ရန္တပိုအရပ် မှာ တရားဝင် ချုပ်ဆိုကြခြင်း ဖြစ်လေသည်။ သို့သော် အင်္ဂလိပ်တို့သည် (၁၈၂၅) ခုနှစ်တွင်ပင် ပစ်ကာဒလီပြပွဲ အီဂျစ်ခန်းဆောင်တွင် "မြန်မာဘုရင်၏ အမျိုးသား

ရထား"ဟူ၍ တခမ်းတနား ပြသနေလေပြီ။ သို့ဆိုလျှင် စစ်မပြီးသေးမီ အင်းဝမြို့တော်တွင် ဘကြီးတော်ဘုရားနှင့် အမယ်နုတို့ နန်းစံလျက်ပင် ရှိသေးသည်။ စစ်ပွဲအရှုံးအနိုင် မသိသေးမီ အဘယ်သို့ အင်္ဂလိပ်တို့၏လက်သို့ ရောက်ရှိသွားသနည်း။ အဘယ်မြန်မာမင်း၏ ရထားတော် ဖြစ်လေမည်နည်း။ တွက်ဆကြည့်ကြရပါလိမ့်မည်။ (ကျွန်မအနေဖြင့် ဘကြီးတော်ဘုရားအတွက် ဆောက်လုပ်သော ရထားတော်ဟု ထင်မိပါသည်။) ထို့အပြင် ဆောင်းပါးတစ်နေရာ၌ ရထားနှင့်အတူ ရထားဆောက်လုပ်သူ ဗိသုကာများနှင့်တကွ ဆောက်ရာတွင် ကုန်ဝင်သည့် ငွေစာရင်းပုရပိုက်များကိုပါ တစ်ပါတည်း ပင်လယ်ကမ်းမှ ကာလကတ္တားမြို့သို့ ဆောင်ယူလာကြောင်း တွေ့ရသည်။ ထို့ကြောင့် ရထားဆောက်လုပ်ချိန်မှာ နှစ်များစွာ မကြာသေးကြောင်း ခန့်မှန်းနိုင်ပါသည်။ သမိုင်းပညာရှင်များသာ တွက်ဆနိုင်ကြပါလိမ့်မည်။

## ရည်ရွယ်ချက်ရှိဟန်တူ

ပစ်ကာဒလီပြပွဲ အီဂျစ်ခန်းမဆောင်တွင် ဤမြန်မာ့ရထားကြီးကို ဘယ်လ်ဂျီယံနိုင်ငံ (BELGIUM) ဘရပ်ဆဲလ်မြို့ (BRUXELLES) အနီးတွင် ဖြစ်ပွားသော ဝါတာလူးစစ်ပွဲတုန်းက စစ်ရှုံးသူ နပိုလီယံ ဘိုနာပတ် (Napolean Bonaparte)၏ ရထားနှင့်အတူ ပြထားသည်ဟု ဖော်ပြထားရာ ထိုအီဂျစ်နိုင်ငံမှာ ရှေးဟောင်းလက်ရာ အဆောက်အအုံကြီးများ တည်ရှိရာဒေသဖြစ်သည်ကတစ်ကြောင်း၊ ပြင်သစ်ဘုရင် နပိုလီယံ၏ ရထားနှင့်အတူ ပြသထားသည်ကတစ်ကြောင်း၊ ထိုအကြောင်းများကြောင့် ပြသသူများသည် ပစ္စည်းကောင်းတစ်ခုအနေဖြင့်သာမက အခြားသော ရည်ရွယ်ချက်များပါ နက်နက်ရှိုင်းရှိုင်း ရှိကောင်းရှိတန်ရာသည်။

ပြသူများက ဤရထားကြီးအား လေ့လာနိုင်ကြစေရန် မဂ္ဂဇင်း၊ သတင်းစာတိုက်များမှ အယ်ဒီတာများကို ဖိတ်ခေါ်ပြသေးသည်။ ဆောင်းပါးမူရင်းစာမှာ အတော်ရှည်သောကြောင့် အရေးမကြီးလှဟု ကျွန်မထင်မိသော အချက်အလက်အချို့ကို ချန်လှပ်ထားခဲ့ပါရစေ။ ဆောင်းပါးနှင့် ဝင်ဆန့်ရုံမျှသာ ဖော်ပြပါမည်။

## မြန်မာနိုင်ငံတော်ရထား

ဒိန္နိယစစ်ပွဲသည် ထူးခြားခြင်းမရှိပါ။ စစ်ပွဲများ ဖြစ်ရိုးဖြစ်စဉ်အတိုင်းပင် အများအပြားပျက်စီးကြရသည်၊ အင်္ဂလန်တွင် စစ်သိမ်းပစ္စည်းများကို အရောင်းအဝယ်လုပ်ခြင်းဖြင့် စီးပွားဖြစ်ထွန်းသော အိမ်ထောင်စုပေါင်းများစွာ ရှိသည်။ မြန်မာပြည်စစ်ပွဲမှာ အခြားသော စစ်ပွဲများမှာကဲ့သို့ အမြတ်အစွန်း မရှိလှချေ။ ရရှိသော ပစ္စည်းများမှာလည်း မတန်တဆ အကုန်အကျခံပြီး သွေးဖြင့် ရင်းခဲ့သော ပစ္စည်းများဖြစ်လေသည်။ မြန်မာလူမျိုးများသည် စစ်ပွဲတွင် ရဲရင့်လှ၏။ စစ်ဆုတ်ရသောအခါ၌လည်း တတ်နိုင်သလောက် သယ်ယူသွားသည့်အပြင် မသယ်ယူနိုင်သော ပစ္စည်းများကိုလည်း ဖျက်ဆီးသွားကြသည်၊ ကျွန်ုပ်တို့၏ စစ်အောင်ပွဲရ ပစ္စည်းများတွင် မြန်မာဘုရင်၏ နိုင်ငံတော်ရထား (Rath) သည် ပစ်ကာဒလီပြပွဲ အီဂျစ်ခန်းမဆောင်၌ ယခုရောက်ရှိနေသည်။ ဤသို့ပင် ဝါတာလူးစစ်ပွဲမှ ရရှိထားသော ဘိုနာပတ်၏ ရထားကိုလည်း ပြသထားလေရာ ပရိသတ်အများပင် စိတ်ဝင်တစား လေ့လာကြည့်ရှုကြသည်။

## ရထားအတွင်းပိုင်း

အတွင်းတွင် ထိုင်ရန် ရာဇပလ္လင်ပါသော ဗမာ့တော်ဝင်ရထားမှာ (၁၈၂၄)ခုနှစ် ဩဂုတ်လအတွင်းက ကာနယ်မိုင်းလ်စ်၏လက်သို့ (Colonel Miles) ရောက်ရှိလာခြင်း ဖြစ်သည်။ ဒေသမှာ တနင်္သာရီကမ်းရိုးတန်း၌ အရေးပါသော ထားဝယ်မြို့မှ ဖြစ်သည်။ ထိုယာဉ်ရထားတွင် အဖိုးတန် ကျောက်မျက်ရတနာအလုံးပေါင်း (၂၀၀၀၀)ခန့်မျှ တပ်ဆင်ထားသည်။ ယင်းအား ဆောက်လုပ်သူ အလုပ်သမားများနှင့် ဆောက်လုပ်ရာ ကုန်ကျသော စားရိတ်ငွေ စာရင်းများပါ တစ်ပါတည်း သိမ်းယူလာခြင်း ဖြစ်၏။ ထိုကျောက်မျက်ရတနာများကား ဘုရင့်ဘဏ္ဍာတိုက်မှသော်လည်းကောင်း၊ အနယ်နယ် အရပ်ရပ်မှ ဆက်သသော ဘဏ္ဍာများသော်လည်းကောင်း ဖြစ်ဖွယ်ရှိသည်။ အလုပ်သမားများအား အစိုးရက ဆုတော်ငွေ ချီးမြှင့်ခဲ့လေသည်။

အရေးကြီးသော အချက်နှစ်ရပ်ကို သီးခြားခွဲပြီး ဖော်ပြရသော် ရထားဆောက်လုပ်ရာတွင် ရွှေငွေ (၂၅၀၀၀)၊ ပေါင်ငွေ (၃၁၂၅) ကုန်ကျသည်။ ထို့ပြင် တပ်ဆင်ထားသော ကျောက်မျက်ရတနာများမှာလည်း ယင်းသည့်ခေတ်က

ထားဝယ်မြို့၏ သတ်မှတ်ထားသည့် တန်ဖိုးအရ ရှပ်ငွေတစ်သိန်း၊ ပေါင်ငွေ (၁၂၅၀၀)ဖြစ်လေရာ ဤရှဲဤမျှ တန်ဖိုးသင့်ထားခြင်းများမှာ များသည် မဟုတ်ချေ။

## ဦးရွှေတုပ်ထံမှ

ရထားကို ထားဝယ်မြို့ နောက်ဆုံးမြို့ဝန် ဦးရွှေတုပ်ထံမှ သိမ်းယူခဲ့ခြင်း ဖြစ်သည်။ သူသည် အလွန်သန်မာထွားကျိုင်းပြီး ကြမ်းကြုတ်ခက်ထန်သူ ဖြစ်သည်။ သူသည် တစ်ခါတုန်းက ထိုင်းနိုင်ငံကို တိုက်ခိုက်ပြီး ထိုင်းမင်းသားတစ်ပါးအား ဖမ်းယူခဲ့၍ သေသည့်တိုင်အောင် သံလှောင်အိမ်အတွင်း၌ ထည့်သွင်းထားဖူးလေသည်။ ယခုအခါ သူပြုခဲ့သည့် လုပ်ရပ်အတိုင်းတူသော အကျိုးကို ခံနေရလေပြီ။ သူ့လှောင်အိမ်အတွင်း သူ့ကိုယ်တိုင်အားထည့်သွင်းခြင်းခံရသည်။ ထို့အပြင် သူ၏ မျက်မှောက်တွင်ပင် သူ၏ အဘိုးတန်ပစ္စည်းများနှင့်တကွ ဘုရင့်ရထားတော်ကိုပါ သိမ်းယူခြင်းခံရသည်။

ဤရထားကို ပြသထားခြင်းမှာ အရှေ့တိုင်း၏ ခမ်းခမ်းနားနား လက်ရာမြောက်ပုံကို လေ့လာရန် နမူနာပြထားခြင်းဖြစ်သည်။ ယင်းတို့၏ ဗိသုကာပညာမှာ အံ့ဩချီးကျူးဖွယ်ဖြစ်သည်။ ရထားကြီး၏ အတိုင်းအတာ ပမာဏမှာ ရထားကိုယ်ထည်ကိုတိုင်းလျှင် (၁၃)ပေနှင့် (၇)လက်မသာရှိသော်လည်း နောက်ဘက်မှ ရှေ့လက်တံ အစွန်းထိမှ (၂၈)ပေနှင့် (၅)လက်မ ရှိပါသည်။ ကိုယ်ထည် အမိုးပေါ်တွင်ကား အဆင့်အဆင့် (၇)ထပ် ဆောက်ထားသည့်နည်းတူ ထို့အပေါ်တွင် တင်ထားသည့် ထီးမှာလည်း (၇)ဆင့်ပင်ရှိသည်။ (ဘုံခုနစ်ဆင့်ဆိုလိုသည်၊ စာရေးသူ) ထို့ကြောင့် ရထားကြီး၏အမြင့်မှာ ထီးအထွတ်အထိ (၁၉)ပေနှင့် (၂)လက်မ ရှိလေသည်။ အတွင်းကိုယ်ထည်မှာ အလျား(၅)ပေနှင့် (၆)လက်မ၊ အနံ (၄)ပေနှင့် (၆)လက်မ၊ အမြင့်မှာ (၅)ပေနှင့် (၈)လက်မ ရှိသည်။ ဘီး(၄)ဘီးစလုံး အရွယ်တညီတည်းဖြစ်၍ ဘီး၏ ထောက်များမှာ (၄)ပေနှင့် (၇)လက်မ ရှိပြီး အလွန်မာကျောလှလေသည်။ လက်တံရှည်ကြီးများကလည်း ဘီးထောက်များကဲ့သို့ပင် အလွန်မာသော သစ်သားများဖြင့် ပြုလုပ်ထားသဖြင့် လေးလံလှသည်။ အရှေ့တိုင်းတွင် သံသစ်သားဟု ခေါ်စမှတ်ပြုကြသော သစ်သားတစ်မျိုးဖြစ်၏။ ထိုလက်တံ၏ ရှေ့ပိုင်း၌ အရှေ့တိုင်းတွင် နှစ်သက်လေ့ရှိကြသော နဂါးရုပ်(၄)ရုပ်ရှိသည်။ ယင်းတို့မှာ အလွန်လှပပြီး နဂါး၏အကြေးကွက်တိုင်း ဘော်

ငွေရောင် တပြောင်ပြောင် တောက်ပနေလေသည်။

## ရထားကိုယ်ထည်

ရထားကိုယ်ထည်၏ အခြားအစိတ်အပိုင်းများမှာ ဆာဖရပ် (Sassafras) ပင်မှ အသားဖြင့် ပြုလုပ်ထားသည်။ ဘေးတစ်ဖက်နှာတွင် လေးထောင့်စပ်စပ် နီးပါးဖြစ်သော အကွက်သုံးကွက်စီ ပြုလုပ်ထားသောကြောင့် ပေါင်း (၁၂)ကွက်ရှိသည်။ ထိုအကွက်တိုင်းတွင် ဖောက်ထွင်းမြင်နိုင်သော ကွဲချို စသည့် ပစ္စည်းများဖြင့် လှပစွာ အနားကွပ်ခြယ်သထားသည်။ ငွေရောင်တောက်သော မှန်ကူကွက်ကလေးများ တပ်ဆင်ထားသည့် အထက်ပိုင်း၌ စေတီကဲ့သို့သော် အဆင့်ဆင့်များတွင် ကြည့်မှန်ငယ်ကလေး အများအပြား တပ်ဆင်ထား၍ တလက်လက် တောက်ပနေသည်။ အောက်ခံအခင်းနှင့် လေ့ခါးရှင်မှာမူ ကြိမ်ဖြင့် ရက်လုပ်ထား၍ အပေါ်တွင် ဖျာခင်းပြီးမှ ရွှေဇာသတ်အထည်ဖြင့် ဖုံးထားသည်။

ဘေးနှစ်ဖက်တွင်မူ မှန်ချပ်ကို အနားကွပ်ဘောင်ဖြင့် တင်နိုင်ချနိုင်အောင် တပ်ဆင်ထားသည်မှာ အနောက်တိုင်းမှ ဖက်ရှင်မျိုးဖြစ်လေသည်။ ထိုမှန်ဘောင်များပေါ်တွင် ဗမာအက္ခရာစာလုံးများ ရေးတင်ထားလေရာ ထိုစာမှာ ဤနိုင်ငံတွင် အဓိပ္ပာယ်ဖော်နိုင်ရန် ခက်သည်။ အရှေ့အိန္ဒိယဆိုင်ရာ ကောလိပ်တွင်ကား ဤစာကို ဖတ်နိုင်သူ မုချရှိပေလိမ့်မည်။ ဘယ်လိုပင်ဖြစ်စေ ထိုစာလုံးများသည်ကား "ရွှေဘုန်းတော်ကြီးမြတ်လှသော အရှင်မင်းကြီး" စသဖြင့် တင်စားဖွဲ့ဆိုထားသည့် စာလုံးများ ဖြစ်ပေလိမ့်မည်။

ရထားကိုယ်ထည်တွင်မူ ခိုင်ခံ့လှသော သားရေကြိုးများဖြင့် အကျအနတုပ်နှောင်ထားသည်။ အောက်ခြေတွင် သံစပရိန်များဖြင့်လည်းကောင်း၊ အင်္ဂလိပ်အက္ခရာ (C) ပုံသဏ္ဌာန် သံလေးဖြင့်သော်လည်းကောင်း သေသပ်ကျနစွာ ပြုလုပ်ထားပြီးမှ ရွှေချထားသည်ကို တွေ့ရသည်။ ရထား၏နောက်ဘက်တွင် ရထား၏အတွင်းသို့ ဦးညွှတ်ဟန် ထုလုပ်ထားသော ဂျပန်ဒေါင်းနှစ်ကောင် ပါသေးသည်။ ဒေါင်းငှက်မှာ အရှေ့တိုင်းတွင် အယူသီး စွဲလမ်းတတ်သူများအတွက် အမြတ်တနိုးထားသည့် ငှက်ဖြစ်သည်။

## လှပသားနားလှ

ရထားအတွင်း လေးနေရာတွင်မူ ငွေရောင်ခုံကလေးများပေါ်၌ ဒူး-ထောက်နေဟန် ထီးတော်မိုးရုပ်များရှိသည်။ ယင်းအရုပ်မှာ လှပသော ကတ္တီပါဝတ်စုံ ဝတ်ဆင်ထားပြီး သူ၏လက်တွင် အရိုးရှည်ထီးတစ်လက်စီ ကိုင်ထားသည်။ သူတို့၏ ခါးပတ်မှာ အဆင့်သုံးဆင့်ရှိပြီးလျှင် ပတ္တမြား၊ မြ၊ နီလာအပြင်၊ ဥဿ-ဖရား၊ ကျောက်များဖြင့် စီခြယ်ထားသည်။ ဖောင်းထုပ်များတွင်မူ (ခေါင်းပေါင်းဖြစ်ဖွယ်ရှိသည်) ကြီးပါသော ပတ္တမြား၊ နီလာများ စီခြယ်ထားသောကြောင့် လှပသားနားလှပေသည်။

နောက်ဘက် မျက်နှာတွင်လည်း အရုပ်နှစ်ရုပ်ရှိသေးသည်။ ယင်းတို့မှာ မြန်မာတို့ဓလေ့အတိုင်း အောက်ပိုင်းတွင် ထိုးကွင်းမင်ကြောင်များ ထိုးထားသည်ကို တွေ့ရသည်။ သက်တော်စောင့်များဖြစ်ဟန်တူသည့် ဤအရုပ်များမှာ အဆောင်အယောင် ခမ်းနားလှပါ၏။ သို့တစေ အကောင်းဆုံး တန်ဆာဆင်ထားသည့် နေရာမှာကား ရထားကြီး၏ အမိုးပြဿဒ်နှင့် ထီးတွင်ဖြစ်သည်။ အဆင့်ခုနစ်ဆင့်ရှိသော ထီးတွင် သာယာသောအသံမြည်သည့် အသည်းပုံဆွဲလည်းကလေးများ တပ်ဆင်ထားသည်။ (ညောင်ရွက်ဆည်းလည်း ဖြစ်ဖွယ်ရှိသည်။)

ထူးထူးခြားခြား ခမ်းနားလှပသော ဤမြန်မာနိုင်ငံ အမျိုးသား ရထားကြီးကို မူလ ရေးဆွဲဆောက်လုပ်သော မျက်မြင်ပသာဒရှိဖွယ်လည်းဖြစ်သော ဗိသုကာပညာရပ်ကို ကျွန်ုပ်တို့၏ ပန်းပုဆရာနှင့် ဗိသုကာများက အတုယူထိုက်ပေသည်။

. . . . . . . . .

## နောက်ဆက်တွဲ

ထို့နောက် နှစ်အနည်းငယ်ကြာသောအခါ ကျွန်ုပ်တို့၏ ဘုရင်ခံက မြန်မာဘုရင်ထံသို့ ရထားတစ်စီး ပေးပို့လိုက်သည်။ မြန်မာဘုရင်သည် ရထားကို နှစ်သက်ပုံရသောကြောင့် ပေးပို့ခြင်း ဖြစ်သည်။ မြန်မာဘုရင်သည် ထိုရထား၌ တပ်ဆင်ထားသည့် မီးအိမ်ကလေးများကို ကြိုက်ဟန်တူသော်လည်း သူ၏ ရထားတော်လောက် မလှပေဟူ၍ ပြောလေသည်။

ရတနာပုံစာအုပ်တိုက်

ကျွန်မ လက်ဆောင်ရရှိထားသော ကြေးမုံစာစောင်မှ မြန်မာဘုရင်၏ ရထားတော်အကြောင်း ဆောင်းပါး ဘာသာပြန်မှာ ဤတွင် ပြီးပါပြီ။ ကျွန်မ စိတ်တွင်းမှာကား "မြန်မာနိုင်ငံတော် ရထားကြီး" သည် ယနေ့ထက်တိုင် အင်္ဂလိပ်တို့ လက်ဝယ် ရှိနေသည်ဖြစ်ပါမူ ကျွန်မတို့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ တွေ့မြင်လိုလှပါသည်။ စင်စစ် မြန်မာနိုင်ငံသည်သာလျှင် ရထားကြီး၏ ဇာတိမှန်၊ နေရာမှန် အမိနိုင်ငံဖြစ်သည် မဟုတ်လား။

၂၀၀၀ ခု၊ ဒီဇင်ဘာလ၊ ရန်ကုန်သစ်။

❑ ❑ ❑

## မင်းတုန်းမင်း၏ ပထမနှင့် ဒုတိယ အလှူတော်

မင်းတုန်းမင်းကြီးဟု ကြားလိုက်သူတိုင်းသည် ရတနာပုံ မန္တလေးခေတ်ကို တည်ထောင်သော မြို့တည်နန်းတည်မင်းဖြစ်ကြောင်း ချက်ချင်း သိကြပါလိမ့်မည်။ မင်းတုန်းမင်းသည် မြတ်ဗုဒ္ဓသာသနာတော် သုံးရပ်ကို စည်ကား ဖွံ့ဖြိုးလေအောင် အထူးထူး ဆောင်ရွက်စီမံသော မင်းကောင်းတစ်ပါး ဖြစ်သည်။ ဤအဆိုကို ကြားလိုက်ရလျှင်လည်း သူသည် ပဥ္စမသင်္ဂါယနာတင်ခဲ့သော မင်း၊ ပိဋကတ်သုံးပုံကို နှစ်ပေါင်းကြာရှည် တည်တံ့အောင် ကျောက်ထက်အက္ခရာတင်ပြီး ဓမ္မစေတီပေါင်း ၇၂၉ ဆူကို မန္တလေးတောင်ခြေမှာ စနစ်တကျ တည်ထားကိုးကွယ်ခဲ့သည့်မင်းပေဟုလည်း နားလည်ကြပြီး ဖြစ်ပါမည်။

ထိုထိုသော ကောင်းမှုတော်များသည် မင်းတုန်းမင်းကြီး နန်းသက်အတန်ရပြီး ငြိမ်သက်အေးချမ်းသော အချိန်ရောက်ခါမှ ပြုလုပ်ခြင်းဖြစ်သည်။ ၁၂၁၄ ခု (ခရစ်နှစ် ၁၈၃၅)နှစ် မင်းအဖြစ်ကို ယူတော်မူစ ရွှေဘိုမြို့တွင် မင်း-နေပြည်တော်အဖြစ် (၈)လကျော် စံနေစဉ် အချိန်ပိုင်းကား စည်၊ ထီး၊ ခရိုင်၊ နိုင်ငံတော်အလုံးသည် ကောင်းစွာ မအေးချမ်းသေးချေ။ ထိုလပိုင်းအတွင်း ရွှေဘို

မြို့နှင့် ကျောက်မြောင်းမြို့တို့တွင် အလှူတော်ဦးအဖြစ် ပထမနှင့် ဒုတိယ အလှူတော်တို့ကို ခြိမ့်ခြိမ့်သဲသဲ ပြုတော်မူခြင်းကိုကား သိသူရှားပြီး မသိသူများမည် ထင်ပါ၏။

ဤအလှူတော်ဦးနှစ်ရပ်မှာ ကျွန်မ ဖော်ပြလိုသော ပဓာနအကြောင်းရင်း ဖြစ်ပါသည်။ ထိုအကြောင်းရပ်ကို ရေးသားရာ၌ အချက်အလက်များသာမက လေ့လာရန် ရှားပါးပန်းချီကားများပါ ကျွန်မ စုဆောင်းထားပါသည်။ ရာဇဝင်လိုက်စားသူ ကျောင်းသားလူငယ်ထုနှင့် အထူးသဖြင့် ကျောက်မြောင်းမြို့နယ်ရှိ ပြည်သူများအား ရည်ညွှန်းဦးတည် သိကြားစေချင်လှပါ၏။ ကျောက်မြောင်းမြို့၏ ရှေးအတိတ်က ဂုဏ်ယူဖွယ်ဖြစ်သော သမိုင်းအလှ တစ်ကွက်ကို ဖော်ထုတ်တင်ပြလိုပါသည်။ သမိုင်းကြောင်းဟူသည် ရွှေ၊ ငွေ၊ ရတနာ ပုံပေးစေကာမူ မရနိုင်ဟု ဆိုပါရစေ။

မင်းတုန်းမင်း ရတနာသိယ်ပြည် ရွှေဘို၌ ရာဇဘိသေက ခံယူတော်မူစဉ် တောင်နန်းမတော် မိဖုရားခေါင်ကြီး တင်မြှောက်ခြင်းခံရသူမှာ ရွှေဘိုမင်း၏ သမီးတော်ကြီး (နောင်စကြာဒေဝီအဖြစ် ကျော်ကြားသူ)ဖြစ်၍ ခမည်းတူမယ်တော်ကွဲ မောင်နှမ တော်စပ်ပါသည်။ ယင်းတို့နှစ်ပါးကို အသိပညာ စာရိတ္တမှစပြီး လိုက်ဖက်ညီစွာ တင့်တယ်ထိုက်တန်သော မင်းမိဖုရားဟူ၍ ရဟန်း၊ ရှင်၊ လူ၊ ပြည်သူများက ကျေနပ်လက်ခံ ဝမ်းမြောက်ကြလေသည်။ မင်းမိဖုရားတို့သည် ၁၂၁၄ ခုနှစ်တွင် နန်းတက်ပြီး ၁၂၁၅ ခုနှစ်ရောက်သော် ထိုနှစ် ဝါဆိုဦးတွင် တစ်ကြိမ်၊ သီတင်းကျွတ်လတွင် တစ်ကြိမ် အလှူတော်နှစ်ရပ် ပြုတော်မူကြသည်။ ယင်းအလှူတော်များကို ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ရသော မင်းသုံးပန်းချီတော်များက ပုရပိုက်ဖြူပေါ်၌ ဆေးရောင်စုံဖြင့် မှတ်တမ်းတင် ရေးဆွဲထားခြင်း ဖြစ်သည်။ ထိုပုရပိုက်သည် ယခုအခါ ဗြိတိသျှစာကြည့်တိုက် (British Library)တွင် ရှိနေပါသည်။ ထိုပန်းချီပုံများအား ယခုဖော်ပြထားပါသည်။

ပုံများမှာ အတန်သေးသော်ငြား သဏ္ဍာန်အမျိုးမျိုး ပါရှိသော တော၊ တောင်၊ ရေ၊ မြေ၊ အဆောက်အဦနှင့် လူပုံကလေးများကား စုံလင်သလောက် ထင်ရှားပီသသည်။ အလှူအခမ်းအနားကို သူ့အုပ်စုနှင့်သူ တစ်ထောင့်တစ်နေရာမှ မလွတ်စေဘဲ ပါဝင်ပါသည်။ ပထမအလှူတော်ဦးမှာ ရွှေဘိုမြို့ ရွှေတန်ဆာဘုရား (အလောင်းစည်သူမင်း တည်ထားသည်။) ပရဝုဏ်အတွင်း၌ ဆောက်လုပ်လှူဒါန်းသော ဇရပ်ကြီးမှစ၍ ရဟန်းတော်များကို လှူရန် ပစ္စည်းမျိုးစုံ သီးထား

သော ပဒေသာပင် အစီအရီ မင်းမိဖုရားတို့ စံမြန်းကြည်ညိုရာ အဆောက်အဦ ခံစားလျက်ရှိကြသော ရုံရွှေတော်မှူးမတ်များကိုသာမက အလှူခံသံဃာတော်များ၊ မောင်ရင်ဆိုင်းထမ်းများ၊ သက်ကြီးရွယ်အိုများပါမကျန် အသေးစိတ် ရေးထားသော လက်ရာကောင်း ပန်းချီပုံများ ဖြစ်ပါသည်။ ရေးဆွဲသူ ပန်းချီဆရာ၏ အမည်ကိုကား မတွေ့ရချေ။

ပုရပိုက်ဖြူကို ဖြန့်ကျက် ထောင်လိုက်ထားပြီးမှ ရေးဆွဲထားခြင်း ဖြစ်သည်။ ပုံ၏ အောက်ခြေတွင် ပိုင်းစက်လှပသော လက်ရေးစာလုံးဖြင့် ရေးထားသော ပုံစာကို မူလ သတ်ပုံသတ်ညွှန်းအတိုင်း အောက်တွင် ဖော်ပြထားပါသည်။

> ခရစ်နှစ် ၁၂၁၅ ခု ရတနာသိယ်မြို့ နှိုက်စံတော်မူရာ ပထမအလှူတော် အသပြာ ၇၀၀ ကုန် ဝါဆိုကျောင်း ဆောက်၍ လှူတော်မူသည်။ ရွှေတန်ဆာဘုရားတွင် ၃၀၀ ကုန် ဇရပ်ဆောက်၍ ရေစက်ချတော်မူသည်။ သီးမျိုးစုံ ပဒေသာပင် ၅၀ မှာ အသပြာ ၂၅၀၀ ကုန် လှူတော်မူသည်။ ၃ ရပ် အသပြာပေါင်း ၃၅၀၀။

ထိုခေတ်က အသပြာငွေကျပ်ချိန် ၃၅၀၀ ဆိုသည်မှာ ဘုရင်တစ်ပါး၏ အလှူတော်တစ်ရပ်အတွက် လုံလောက်တင့်တယ်ရုံမျှတော့ ရှိပေလိမ့်မည်ဟု ထင်မိပါသည်။ ထိုခေတ်ကာလက စားစရာ ဆန်တစ်တင်းလျှင် ငွေစတစ်ကျပ်သာ တန်ဖိုးရှိကြောင်း မှတ်သားရပါ၏။

ဒုတိယအလှူတော်ပြုရာ ကျောက်မြောင်းမြို့ကား ရွှေဘိုမြို့နှင့် (၁၇)မိုင်ကွာဝေးသည်။ ရောဝတီမြစ်ကမ်းတွင် တည်နေသောကြောင့် စိမ်းစိုသာယာ နေချင်စရာကောင်းသော မြို့ဖြစ်ပါသည်။ ထိုဒေသတွင် မင်းတုန်းမင်း၏ စိတ်တော်၌ အထူးအမှတ်တရဖြစ်နေသော အကြောင်းတစ်ရပ်ကလည်း ကာလမကြာသေးချေ။ ထိုဖြစ်ရပ်ကား နောင်တော် ပုဂံမင်းအား ပုန်ကန်ရန် ညီတော်ရင်း ကနောင်မင်းသားနှင့်အတူ အမရပူရမြို့မှ ထွက်တော်မူလာကြစဉ် ရောဝတီမြစ်ကို ဖြတ်ပြီးနောက် ကျောက်မြောင်းတွင် စခန်းချ ရပ်နားခဲ့ကြသည်။ ရွှေဘိုမြို့ကို အလိုတော်ပြည့်အောင် ဤကျောက်မြောင်းမြို့မှ အခြေခံအင်အားဖြည့်ခဲ့ရခြင်း ဖြစ်လေရာ ဤမြို့၏ အကျိုးပြုချက်သည် မင်းတုန်းမင်း၏ စိတ်တွင်

မမေ့ချေ။ ထို့ကြောင့်ပင် ဒုတိယ အလှူတော်ပြုရာတွင် ဤမြို့ကို ရွေးချယ်ခဲ့ခြင်း ဖြစ်တန်ရာပါသည်။

ဤဒုတိယ အလှူတော် ပန်းချီကားမှာ ဝါကျွတ်ကာလဖြစ်သောကြောင့် ဆီမီးထွန်းညှိခြင်း၊ မီးဖောင်မျှောခြင်း စသဖြင့် ကာလဒေသနှင့် လျော်ညီသော အလှူတော်မြင်ကွင်းကို ရေးဆွဲခြင်း ဖြစ်သည်။ ဤရာသီမှာ မြတ်ဘုရားရှင်သည် နတ်ပြည်ရှိ မယ်တော်အမိနတ်သားကို တရားဟောပြီး လူ့ပြည်သို့ ပြန်အဆင်းတွင် ဘုရားရှင်အား ပူဇော်ခြင်းအားဖြင့် ဆီမီးတန်ဆောင် ထွန်းညှိကာ ကြိုဆိုကန်တော့ကြစမြဲ ဓလေ့အတိုင်း မင်းမိဖုရားတို့က အခမ်းအနားကြီးစွာ ပူဇော်ပွဲ ကျင်းပခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဤကားမှာလည်း ပထမ အလှူတော်ပန်းချီကားကဲ့သို့ပင် လိုလေသေးမရှိ ထောင့်စေ့အောင် ရေးဆွဲထားသော ကားကောင်းတစ်ချပ်ပင် ဖြစ်သည်။ ကျွန်မစိတ်ထဲတွင် ဤဒုတိယပန်းချီကားသည် ပထမပန်းချီကားထက် ပိုမိုပြီး ရှုချင်စဖွယ်ကောင်းသည်ဟု ထင်မြင်မိပါ၏။ ပန်းချီပညာကို နားလည်၍ တော့မဟုတ်ပါ။ ပထမပန်းချီမှာ ကုန်းပေါ်ရှုခင်း ဖြစ်သည်။ ဤဒုတိယပန်းချီမှာမူ ကမ်းနဖူးနှင့် မြစ်တွင်း၊ မြင်ကွင်းနှစ်မျိုး ပါဝင်သည်။

သီတင်းကျွတ်လအတွင်း ဖြစ်သောကြောင့် မြစ်ပြင်တွင် လှိုင်းအိကလေးများ လူးလွန့်လှုပ်ရှားနေသည့်အပေါ်တွင် မျှောချထားသော ဆီမီးဖောင်ကလေးများ၊ ယင်းတို့အား လိုက်လံစောင့်ရှောက်ရသော အကအခုန်များပါသော ခတ်လှေများကိုပါ ဆွတ်ပျံ့ကြည်နူးဖွယ် တွေ့ရသည်။ ထို့အပြင် ကမ်းနဖူး လေသာဆောင်စံနန်းပေါ်မှ ရှုစားကြည်ညိုနေသော မင်းမိဖုရားများနှင့် ဝဲဘက်၊ ယာဘက်တို့မှ ခစားနေကြသော မှူးမတ်စစ်သူကြီးများ၊ အောက်ခြေထောင့်တစ်နေရာတွင် စည်တော်ကြီးအဖွဲ့နှင့် ဆိုင်းဝိုင်းပါမကျန် တီးမှုတ်လျက်ရှိကြပုံများပါ သဲသဲကွဲကွဲ ထင်ရှားစွာ တွေ့မြင်နိုင်သေးသည်။ အောက်ခြေမှ ပုံစာမှာ. . .

> ၁၂၁၅ ခု ကျောက်မြောင်းမြို့၌ ဒုတိယ အလှူတော်၊ အသပြာ ၁၀၀၀ ကုန် ဆီမီးတိုင် ၁၀၀၀၀၀ ကျော်ကို ရောဝတီမြစ်တွင် မျှောချ လှူတော်မူသည်၊ ဆွမ်းကွမ်း ပရိက္ခရာစုံ အသပြာ ၄၀၀၀ ကျော်ဖိုးကိုလည်း သံဃာတော်တို့အား လှူတော်မူသည်။

ရတနာပုံစာအုပ်တိုက်

ဤသို့သော မင်းအလျှုတော်ကြီးများအား တွေ့ကြုံကြရသော ရွှေဘိုမြို့နှင့် ကျောက်မြောင်းမြို့မှ ပြည်သူလူထုသည် တစ်သက်မှာ တစ်ခါကြုံ ဆိုဘိသကဲ့သို့ မိမိတို့သခင် မင်းတုန်းမင်းကြီး၏ အလှူတော်ကို မြိမ့်မြိမ့်သဲသဲ အုံကြွဝမ်းသာစွာ သာဓုခေါ် ဆိုကြပေလိမ့်မည်။ သူ့ခေတ်နှင့်သူ ကြည်ဖြူရွှင်လန်းဝမ်းမြောက်ဖွယ် မင်းပွဲသဘင် ဆင်ယင်ပုံတစ်ရပ်ကို ကျွန်မနှင့်အတူတူ စာဖတ်သူများပါ ခံစားနိုင်ကြပါစေ။

ရည်ညွှန်း။

ပန်းချီဆရာ၊ စာရေးဆရာ ဦးနေမျိုး (Noel F. Singer) ဗြိတိသျှစာကြည့်တိုက်၊ အင်္ဂလန်မှ ပန်းချီပုံများကို ဓာတ်ပုံရိုက်ကူးပေးသူသို့ ကျေးဇူးတင်ပါသည်။

၂၀၀၁ ခု၊ ဇွန်လ၊ ရန်ကုန်သင်း။

❑ ❑ ❑

## ရှေးဦးတီထွင် မြန်မာအမျိုးသမီးစာရေးဆရာမများ

ကျွန်မတို့ စာပေလောကမှာ ပထမဆုံး ပေါ်ထွက်လာသူများလို့ ဆိုလောက်တဲ့ စာရေးဆရာမနှစ်ယောက်အကြောင်းကို ဖော်ထုတ်တင်ပြချင်ပါတယ်။

စာပေမွေ့သူတို့ သုတေသီလူငယ်များအတွက်ပါ။ ခေတ်ကတော့ ဗြိတိသျှကိုလိုနီခေတ်ဦးပိုင်းသာသာခန့်က ဖြစ်မယ်ထင်ပါရဲ့။ ရှေးဦး အမျိုးသမီးစာရေးဆရာမများကို မပြောခင် စာပေသမိုင်းဦးကာလအကြောင်း အကျဉ်းချုပ်မျှ စကားပလ္လင်ခံတဲ့အနေနှင့် ပြောပါရစေဦး။ ရှေးရှေးကတော့ သိယ်ပြည်၊ သီဟဠ၊ သီဟိုဠ် ခေါ်ခဲ့ပြီး အခု သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓဘာသာစာပေ ပိဋကတ်တော်အစုံများကို ပင်လယ်ပြင်ဖြတ်သန်းပြီး မြန်မာနိုင်ငံအောက်ပိုင်း မွန်တို့ဌာနီ ရာမညတိုင်းသို့ သျှင်သောဏထေရ်၊ သျှင်ဥတ္တရထေရ်တို့ အမှူးပြုတဲ့ ဗုဒ္ဓသာသနာပြု ရဟန်းတော်များ ဆောင်ကြဉ်းလာကြပါတယ်။ သည့်နောက် ဟံသာဝတီ ပဲခူးမှ အထက်မြန်မာနိုင်ငံ၊ ပုဂံပြည် အနော်ရထာမင်းကြီးထံ အသျှင်အရဟံ ကျေးဇူးတော်ကြောင့် ဗုဒ္ဓပိဋကတ်တော်များ ရောက်ရှိလာပုံကိုတော့ အများသူငါ သိကြပြီးသားမို့ အထူးပြောဖို့မလိုပါ။

ရတနာပုံစာအုပ်တိုက်

ဆိုခဲ့တဲ့ ပိဋကတ်တော်စာပေများဟာ ပေစာထုပ်တွေနဲ့ ရောက်လာကြတာ ဖြစ်ပါတယ်။ ရေးတင်ထားတဲ့ အက္ခရာစာလုံးများက မာဂဓတိုင်းမှာ အသုံးပြုတဲ့ ပါဠိဘာသာနဲ့ ဖြစ်ပါတယ်။ ဆောင်ကြဉ်းလာကြတဲ့ ရဟန်းတော်များက ပါဠိဘာသာကျွမ်းကျင်တော်မူကြပြီးမှ ပါဠိဘာသာမှ မွန်ဘာသာဖြစ်လာအောင် တီထွင်ကြံဆရေးသားကြတယ်လို့ ယူဆရပါတယ်။ နောက် ပုဂံပြည်ရောက်လာပြန်တော့လည်း ရှင်အရဟံ အမှူးပြုတဲ့ ရဟန်းတော်များကပဲ ပါဠိဘာသာ၊ မွန်ဘာသာတို့မှ မြန်မာအက္ခရာဖြစ်လာအောင် စာလုံးတီထွင်ပေးတော်မူကြရပြန်ပါတယ်။ အဲသည်ကာလဟာ မြန်မာစာပေရဲ့ သမိုင်းဦးလို့ဆိုရင် အများကြီး မမှားနိုင်ဘူးလို့ ထင်မိပါတယ်။

သည်နေရာမှာ တီထွင်ဦးစ မြန်မာအက္ခရာစာကို ပထမဆုံး တတ်မြောက် ရေးတတ်ဖတ်တတ်သူများကတော့ ရဟန်းများ၊ မင်းညီမင်းသား၊ မှူးကြီးမတ်ကြီး စတဲ့ နန်းတွင်းနေများပဲ ဖြစ်နိုင်ပါလိမ့်မယ်။ စာရေးပစ္စည်းဆိုတာကလည်း သီဟိုဠ်မှလာတဲ့ ပေရွက်ပေါ်မှာရေးသလို နည်းအတိုင်း ကျွန်မတို့မြန်မာနိုင်ငံမှာလည်း ပေါပေါများများရနိုင်တဲ့ ထန်းရွက် ပေရွက်တွေပေါ်မှာပဲ အက္ခရာစာလုံးတင်ပြီး ရေးကြရတာကိုး။ ပေစာထုပ်တစ်ထုပ်ဖြစ်အောင် လုပ်ရတာမှာလည်း လုပ်ငန်းအဆင့်ဆင့် လက်ဝင်လှပါတယ်။ ပေစာထုပ်ကို မူပွားလို့ရနိုင်ပေမယ့် အများအပြားရဖို့ မလွယ်ပါဘူး။ မြန်မာစာပေသမိုင်းဦးအကြောင်းပြောနေတာ နည်းနည်းများသွားပြီထင်ပါရဲ့။

မူလ ရေးလက်စစာ ဆက်ပြန်ကောက်ရရင် မြန်မာအမျိုးသား စာတတ်သူများ၊ နောက် အမျိုးသမီးစာတတ်သူများ တစ်စထက်တစ်စ၊ စာတတ်လာကြပြီဆိုတာ သဘာဝကျပါတယ်။ ပေစာထုပ်တွေကလည်း ပိုမိုများများထုတ်လုပ်နိုင်လာပြီကိုး။ အမျိုးသားစာတတ်သူများရဲ့ ဘယ်နှစ်ရာခိုင်နှုန်းလောက် အမျိုးသမီးစာဖတ်သူများက လိုက်နိုင်တယ်ဆိုတာတော့ ပြောဖို့မဖြစ်နိုင်ပါဘူး။ နည်းတော့ နည်းမှာ သေချာပါတယ် ဆိုပါစို့။

နောက် ခေတ်အဆက်ဆက်ပြောင်းလို့ နှစ်ကြာညောင်းလာတဲ့အခါ ဗြိတိသျှကိုလိုနီခေတ်ရောက်လာတော့ စာပုံနှိပ်စက်များလည်း ဖောဖောသီသီ သုံးနိုင်လာပြီလေ။ သည်တော့ သတင်းစာ၊ စာစောင်၊ ပြဇာတ်၊ မဂ္ဂဇင်း ဆိုတာတွေ အများကြီးတွင်ကျယ်လာပါပြီ။ ကျွန်မတို့ငယ်ငယ်က မိန်းကလေးများ ၅၅၀ နိပါတ်တော် စတဲ့ ဘာသာရေးစာပေတွေကလွဲရင် မဂ္ဂဇင်း၊ ဝတ္ထု စတာတွေ

ဖတ်ခွင့်မရကြပါဘူး။ စိတ်ကစားမှာစိုးလို့ မိဘတွေက ပညတ်တဲ့ခေတ် ဆိုပါတော့။ ဒါပေမဲ့ ကျွန်မမိဘများကတော့ အဲသည်လို ကန့်သတ်မထားလို့ ကံကောင်းတယ်ထင်မိပါတယ်။

သည်ထဲမှာ ကျွန်မ အဖတ်ချင်ဆုံးကတော့ ဒဂုံရုပ်စုံမဂ္ဂဇင်းကြီးပါပဲ။ ဒဂုံမဂ္ဂဇင်းက တစ်အုပ်ရောင်းဈေး တစ်ကျပ် ဖြစ်ပေမယ့် ကျွန်မနေတဲ့ တောမြို့ကလေးမှာတော့ တစ်ကျပ်တစ်မူး ပေးရပါတယ်။ (တစ်ကျပ်မှာ ရှစ်မူး ရှိပါတယ်) အယ်ဒီတာမှစလို့ ပါဝင်ရေးကြသူများက ယောက်ျားတွေချည်းလိုလိုပါပဲ။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးက ခေါင်းကြီးပိုင်း ရေးတာများတယ်လို့ မှတ်မိနေပါတယ်။ တခြားအခန်းတွေမှာလည်း သူ ရေးသေးတယ်လို့ သိရပါတယ်။

'ဆန်းတွေထူး' ဆိုတဲ့ ဝတ္ထုတွေမှာ အစက ရေးသူဆုရသည်လို့ ဖော်ပြရာမှ နောက်တော့မှ ဆရာကြီး ရွှေဥဒေါင်း ရေးတယ်ဆိုတာ သိရပါတယ်။ သည်နေရာမှာ စကားစပ်မိလို့ ဆရာကြီး ဦးသုခ ပြောဖူးတဲ့စကားတစ်ခွန်း ပြောပါရစေ။ 'ဆရာငယ်ငယ်က သုခ နာမည်နဲ့ စတင်ရေးတုန်းက ဝတ္ထု၊ ဆောင်းပါးတစ်ပုဒ်ကို ငါးကျပ် ရတယ်တဲ့။ အဲသည် ငါးကျပ်ဆိုတာက ဆန်နှစ်တင်း ဝယ်လောက်တယ်' ဆိုပဲ။

ရှေ့ကဆိုခဲ့သလို ဆရာကြီး လယ်တီဦးမောင်ကြီးမှစလို့ တခြား ဆရာကြီးများက မိန်းကလေးတွေကို စာဖတ်ရုံနဲ့ ကျေနပ်မနေကြဘဲ ကိုယ်တိုင် ဝင်ရေးကြဖို့ ဖိတ်ခေါ်ရုံတင်မက သူတို့တွေ လိုက်ရေးလာကြအောင် မိန်းမအမည်နဲ့ ဝတ္ထုဆောင်းပါး စတာတွေ ရေးပြကြပါတယ်။ မန္တလေးခင်တုတ်၊ သလ္လာဝတီတင့်အုံ တို့ ဆိုတာ အမျိုးသားဆရာကြီးတွေပါ။ ရေးလာကြ၊ လမ်းညွှန်အားပေးကြတာပါ။ တကယ်ကတော့ စာပေစိတ်ရှိသူမှန်ရင် မိန်းမယောက်ျားမဟူ အထူးစူးစူးစိုက်စိုက် ကြိုးစားရင် ဖြစ်နိုင်တာမျိုးလို့ ကျွန်မ ထင်မိပါတယ်။

"ဇွဲသန်လျှင် ကံ မြောက်တယ်" လို့ ဆိုစကားရှိတယ်မဟုတ်လား။

အဲသည်အချိန် ဗမာ စာဖတ်သူအမျိုးသမီးတွေထဲက ဇွဲသန်တဲ့အကြောင်းကြောင့် ကံမြောက်ပြီး ထွန်းပေါက်လာတာကို စာပေသမားတွေ သိကြပြီးသားလို့ ထင်ပါတယ်။ အဦးဆုံး ဒဂုံမဂ္ဂဇင်းကြီးမှာ ဆရာမ ဒဂုံခင်ခင်လေး၊ ဆရာမ ဒဂုံခင်လေးဆွေတို့ ဖြစ်ကြတယ်လို့ မှတ်မိနေပါတယ်။ ဒေါ်ခင်ခင်လေးက စာဆိုတော်ဝတ္ထုကြီးကို လဆက်ရေးတယ်။ နောက် သူကပဲ ကိုကိုလေး နာမည်သုံးပြီး မှော်ဆရာမှတ်တမ်း ဆိုတဲ့ စုန်း ကဝေ ဝတ္ထုတွေ ရေးပါသေးတယ်။

နောက်တစ်သုတ် တက်လာသူများမှာ ဂန္ထလောကမဂ္ဂဇင်းမှာ ဒေါ်ခင်စောမူ (ကဗျာ)၊ ဒေါ်မမကြီး (ဆောင်းပါး)၊ ဒေါ်နုယဉ် (ကဗျာ)၊ မအေးမာ (ယခု လူထုဒေါ်အမာ)၊ ဒေါ်ခင်မျိုးချစ်၊ ဒေါ်မာလာတို့ ခေတ်ပြိုင်ရေးကြတယ်လို့ ထင်မိပါတယ်။ ကျွန်မ လတ်တလော သတိရသမျှပါ မမှတ်မိလိုက်တဲ့ ဆရာမတွေ မုချကျန်ရှိပါဦးမယ်။ ဒေါ်စောမုံညင်းတစ်ယောက်လည်း မရှေးမနှောင်း ဆိုသလို ရေးလာပါတယ်။

အထက်က ဆိုခဲ့တဲ့ ဆရာမများ စာမရေးခင်က သူတို့ထက် ရှေးဦးကျသေးတဲ့ စာရေးဆရာမ (၂)ဦး ရှိခဲ့တယ်ဆိုတာ ကျွန်မ မကြာခင်ကမှ တွေ့သိ ဖတ်မိပါတယ်။ တစ်ဦးက မယ်မျိုးကြည်၊ တစ်ဦးက မသိန်းတင့် (အမိန့်တော်ရ ရှေ့နေ) ဖြစ်ပါတယ်။ မသိန်းတင့်က သူရိယမဂ္ဂဇင်းမှာရေးခဲ့တာ နှစ်ပေါင်း ၇၄ နှစ်တောင် ကြာပြီမို့ စာလုံးက မသဲကွဲတော့ပါ။ မသိန်းဆင့်လည်း ဖြစ်နိုင်ပါတယ်။ မယ်မျိုးကြည်ကတော့ မော်လမြိုင်မြို့က ဦးတုတ်ကြီး တစ်ပတ်တစ်ကြိမ်ထုတ်ဝေတဲ့ ကေသရသတင်းစာမှာ အမျိုးသမီးကဏ္ဍအတွက် ပင်တိုင်ရေးဟန် ရှိပါတယ်။ အဲသည်ခေတ်က ရှေ့ကဆိုခဲ့တဲ့အတိုင်း ယောကျ်ား ဆရာကြီးတွေက မိန်းမနာမည်နဲ့ ရေးတာတွေနဲ့ ကွဲပြားအောင် ကေသရသတင်းစာ အယ်ဒီတာ ဦးစိန်က မယ်မျိုးကြည် အမျိုးသမီးကလောင်ရှင်အစစ်ဖြစ်ကြောင်း ထည့်ရေးထားတာ ဖတ်လိုက်မိပါတယ်။ မသိန်းတင့်ကတော့ သူ့အမည်ရင်းပဲ ဖြစ်လိမ့်မယ်ထင်ပါရဲ့။ သူတို့ (၂)ဦးစလုံး (၁၉၂၉) ခုမှာ ရေးတာချည်း ဖတ်မိပါတယ်။

မယ်မျိုးကြည် ကေသရသတင်းစာမှာ အမျိုးသမီးကဏ္ဍကိုရေးတာ ဘယ်လောက်များများ ရေးခဲ့တယ်ဆိုတာ မပြောနိုင်ပါဘူး။ ကျွန်မ ဖတ်ရတာက (၅)ပုဒ် ဖြစ်ပါတယ်။ အမျိုးသမီးများအတွက် အနေအထိုင်၊ အပြုအမူ၊ အဝတ်-အဆင်ကစလို့ မှန်ရင် မှန်ကြောင်း၊ မှားရင် မှားကြောင်း စေတနာအပြည့်နဲ့ အရှိကိုအရှိအတိုင်း ရေးပါတယ်။ 'ကောင်းတာကို တုပါ' ဆိုတဲ့ ဆောင်းပါးမှာ မိန်းကလေးများ ဗိုလ်ဆန်ဆန်နေထိုင်တာကိုပဲ မတုပဘဲ အရည်အသွေးပိုင်းမှာလည်း ဗဟုသုတပြည့်ဝဖို့ အမူအကျင့်ကောင်းရှိကြတာကိုလည်း ကောင်းတဲ့အချက်မို့ အဲသည် အကောင်းတွေကိုလည်း အတုယူကြဖို့ တိုက်တွန်းထားပါတယ်။ အမျိုးသမီးများ ကျန်းမာရေးအတွက် ဆောင်ရန် ရှောင်ရန် ဆောင်ရန်လိုတဲ့အချက်များလည်း ပါဝင်ပါတယ်။ နောက်ပြီး လောလောဆယ် ဖြစ်နေတဲ့ မြန်မာဆင်းရဲသားများရဲ့ ပြဿနာအမျိုးမျိုးကိုလည်း မလွှတ်စေရပါဘူး။ နိုင်ငံတွင်း

မှာ (၃၆) ကောင် ထီကို ကျား မ မဟူ လိုက်စားကြလို့ ဆင်းရဲတွင်းနက်သထက် နက်နေကြတဲ့အတွက် အစိုးရများက သည် (၃၆)ကောင် ထီလုပ်ငန်းကို ပိတ်သင့်ကြောင်း။ နောက် အခွန်တော်အထွေထွေကို ပြေလည်အောင် မပေးနိုင်ကြတဲ့ တောင်သူလယ်သမားများကိုလည်း ကျွဲ နွား အိမ်ရာပါမကျန် အစိုးရဝန်ထမ်းအချို့က သိမ်းယူတဲ့အတွက်လည်း တရားမျှတစွာ သက်သက်သာသာ လျှော့ပေါ့သင့်ကြောင်းတွေကိုပါ သက်သေခံ အကြောင်းဖြစ်ရပ်များနဲ့တကွ သတင်းဆောင်းပါးများလည်း ရေးခဲ့ပါတယ်။ သူ ရေးသလို (၁၉၂၉) ခု တစ်ပိုက်မှာက အဲဒီဖြစ်ရပ်တွေဟာ အမှန်တကယ်ဖြစ်ခဲ့တယ်ဆိုတာ ဆင်ခြင်ကြည့်ရင် သိနိုင်ပါတယ်။ သူ ဘယ်လောက်များများ ရေးခဲ့တယ်ဆိုတာ မသိပါဘူး။ ကျွန်မက (၅)ပုဒ်ထဲသာ ဖတ်ခွင့်ရတာပါ။ သူ့ဆောင်းပါးတွေအကြောင်းကို အတွေးအမြင်စာစောင်မှာ (၁၉၉၃) ခုနှစ်လောက်က ထင်ပါရဲ့။ ကျွန်မ ဖော်ထုတ်ရေးဖူးပါတယ်။

မသိန်းတင့် (အမိန့်တော်ရရှေ့နေ) ဆိုသူကလည်း (၁၉၂၉) ခုလောက်က သူရိယမဂ္ဂဇင်းမှာ 'အမျိုးသမီးများ သတိပြုရန်' ဆိုတဲ့ ဆောင်းပါး ရေးပါတယ်။ သူ့ကလောင်နာမည်ဟာ နာမည်ရင်းအတိုင်းပဲလို့ ထင်မိပါတယ်။ မိန်းကလေးဖြစ်လာရင် (၃/၄)နှစ်အရွယ်ကတည်းက သမီးကလေးကို မိဘများအချစ်ကြီးသလောက် အလိုမလိုက်သင့်ကြောင်းက စလို့ အပျိုကလေး ဖြစ်လာတဲ့အခါ နောက် အိမ်ထောင်ရှင်ဘဝ၊ နောက် အကြောင်းမလှလို့ ခင်ပွန်း သေဆုံးသွားတဲ့အခါအထိ နေထိုင်ကျင့်သုံးစရာ အချက်ကောင်းများကို (အထူးသဖြင့် လူမျိုးကွဲနဲ့ အိမ်ထောင်ပြုမိသူများအဖို့) နစ်နာမှုမရှိအောင် အမိန့်တော်ရရှေ့နေပီပီ စေ့စေ့စပ်စပ် တရားဥပဒေဆိုင်ရာ အချက်အလက်များပါ လမ်းညွှန်ဖော်ပြထားပါသေးတယ်။ နောက်ပြီး အပျိုဘဝဖြစ်ဖြစ်၊ အိမ်ထောင်သည်ဘဝမှာပဲဖြစ်ဖြစ် အိန္ဒြေသိက္ခာထိန်းသိမ်းဖို့ အမျိုးသားမိတ်ဆွေများနဲ့ ဆက်ဆံရာမှာ ကြီးသူရော ငယ်သူပါ ဘယ်အခါမှ အကျွမ်းမဝင်သင့်။ အစဉ်ခပ်သိမ်း အမေတာ်နဲ့ အဖိုးတော်မို့ နီးစပ်လွန်းရင် ဖောက်ပြန်လေ့ရှိကြောင်းလည်း သတိပေးထားပါတယ်။ လွန်ခဲ့တဲ့ (၇၄)နှစ်လောက်က သူ့အမြင်မို့ သည်လို သတိပေးတာကို နားလည်သဘောပေါက်ကြရပါမယ်။ မျိုးဆက် (၃)ဆက်လောက် ခေတ်ပြောင်းခဲ့ပြီ မဟုတ်လား။ သူ့ဆောင်းပါးက သူရိယမဂ္ဂဇင်းမှာ စာ (၁၀)မျက်နှာတောင်ရှိပါတယ်။

မသိန်းတင့် (အမိန့်တော်ရရှေ့နေ)ရော၊ မယ်မျိုးကြည်ပါ (၂)ဦးစလုံး

နိုင်ငံနဲ့လူမျိုးအပေါ်မှာ စေတနာအတိထားသူချည်းဆိုတာ သိသာပါတယ်။ 'လူကြည့်ရင် မူသိ' ဆိုစကားလိုပဲ 'သူ့စာကြည့်ရင် သူ့အထာကို သိ' နိုင်၊ အကဲခတ်နိုင်ပါတယ်။ ကျွန်မသိသလောက် သူတို့(၂)ယောက်ဟာ အမျိုးသမီးလောကမှာ ရှေ့ဦးတီထွင်သူများမို့ ကျွန်မတို့ စာပေသမားအားလုံးက ကျေးဇူးတင်ထိုက်ကြောင်း တင်ပြအပ်ပါတယ်။

ရည်ညွှန်း။ ။

၁။ ၁၉၂၉ ခုနှစ်၊ ဧပြီလထုတ် သူရိယမဂ္ဂဇင်းမှ 'အမျိုးသမီးများ သတိပြုရန်' ဆောင်းပါး၊

၂။ ၁၉၂၉ ခုနှစ် မော်လမြိုင်မြို့ထုတ် တေသရသတင်းစာများ၊

❑ ❑ ❑

## တရုတ်နိုင်ငံမှ ခေတ်မီစီးပွားရေးလုပ်ငန်းတစ်မျိုး

*တရုတ်နိုင်ငံမှာ ဒီလိုလုပ်ငန်းမျိုးဟာ မင်္ဂလာမရှိဘူးလို့ ယူဆကြတာကြောင့် အများက အထူးသဖြင့် (အထူးသဖြင့် ဘွဲ့ရပညာတတ်များက) ရှောင်ရှားတတ်ကြပါတယ်။*

ကျွန်မတို့ ကမ္ဘာ့အရှေ့ခြမ်းနိုင်ငံများက လူများဟာ အသုဘဖြစ်တယ်ဆိုရင် မကြည့်ဝံ့။ တဆွေကြောက်တတ်တယ်၊ မသတီဘူးဆိုတဲ့ အယူအဆဟာ ရှေးအဆက်ဆက်ကတည်းက တစ်လျှောက်လုံး စွဲတတ်တဲ့လူမျိုးတွေပါ။ သည်လိုမျိုး နိုင်ငံတွေထဲမှာ ကျွန်မတို့နဲ့အတူတူ အိမ်နီးချင်း တရုတ်နိုင်ငံမှာလည်း သည်လို အယူအစွဲရှိကြတယ်လို့ သိရပါတယ်။ အခုတော့ အကြောင်းကြောင်းကြောင့် ခေတ်မီလာကြပြီး သည်အစွဲကျွတ်တန်သမျှ ကျွတ်ကုန်ကြပါပြီ။

ကျွန်မ ကိုယ်တွေ့မျက်မြင်ကိုပြောရရင် မန္တလေးမြို့ လူထုမှာ ဈာပန တစ်ခုဖြစ်ဖို့၊ သည်ဈာပနကို မြေကျဖို့ အခက်အခဲကြုံကြရပါတယ်။ သည်လို

ကိစ္စမျိုး ဆောင်ရွက်ပေးမယ့် ဗုဒ္ဓဘာသာ နာရေးအသင်းအဖွဲ့ကလည်း မရှိသေး၊ မြူနီစီပယ်က ကားကလည်း မလုံလောက်သေးတဲ့အခြေအနေဆိုတော့ အိန္ဒိယ တိုင်းသားများရဲ့ နိဗ္ဗာန်ဆော်ကားများ၊ တရုတ်ကား စသည်တို့ကို အငှားအခပေး ပြီး အကူအညီတောင်းရပါတယ်။ သည်လိုကိစ္စကြုံလာလို့တော့ သာမန် လက်-လုပ်လက်စားများအဖို့ အခက်ကြီးခက်ကြပါလေရော။ ဈာပန ပြုကျဖို့အရေးမှာ စရိတ်စက မတတ်နိုင်ကြပါဘူး။

သည်အခြေအနေဖြစ်လာတာတွေ ကြားရဖန်များလာတော့ မန္တလေးမြို့ တောင်စလင်းတိုက်သစ်ဆရာတော် ဦးတိက္ခ၊ နဒီမြန်မာဟော်တယ်ပိုင်ရှင် ဦးအောင်ခိုင်နဲ့ လူထုဒေါ်အမာတို့ ဦးဆောင်ပြီး လိုအပ်နေတဲ့ နာရေးကူညီမှု အသင်းရယ်လို့ ပထမဆုံး တည်ထောင် ဖွဲ့စည်းကြပါတယ်။ အသင်းကို - ဗြဟ္မစိုရ် နာမူ ကူညီရေးအသင်းလို့ အမည်ပေးပါတယ်။ အဲသည်မှာ ဈာပန ပို့ဆောင်မယ့် ကား၊ ယာဉ်မောင်း၊ ယာဉ်လိုက် စသဖြင့် လိုအပ်တဲ့ပစ္စည်းများကို နေရာချထားဖို့ ခြံမြေနေရာက အတော့်ကို အခက်တွေ့စေပါတယ်။ သည်ပစ္စည်း သည်လုပ်ငန်းကို ဘယ်သူ ဘယ်အရပ်ကမှ လက်မခံချင်ကြပါဘူး။ သည်ပြဿနာ ကြီးကို ဆရာတော် ဦးတိက္ခကပဲ ဖြေရှင်းပေးတော်မူပါတယ်။ သူ့ တောင်စလင်း တိုက်သစ်ကျောင်းဝိုင်းအကျယ်ကြီးထဲက ထောင့်စွန်းတစ်နေရာမှာ ပေ (၂၀၀) ပတ်လည် မြေအကျယ်ကို သီးခြားလှူဒါန်းပါတယ်။ အင်တင်တင်လုပ်နေကြတဲ့ ရပ်ကွက်လူထုကို ဆရာတော်ဘုရားက အတော်တရားပြ သိမ်းသွင်းစည်းရုံးပေး မှသာ သဘောတူမှုပြီး နေရာအတွက် ပြေလည်သွားရပါတယ်။

စတင် အလုပ်လုပ်တော့မယ်ဆိုတော့ကာ ဗုဒ္ဓဘာသာဝင်များ ထုံးစံ အစဉ်အလာအရ ဆရာတော် ဦးတိက္ခအပါအဝင် ဩဝါဒစရိယဆရာတော် (၇)ပါး ဦးထိပ်ထားပြီး နာယကအဖြစ် အမျိုးသား (၇)ဦး၊ အမျိုးသမီး (၄)ဦး ပေါင်း (၁၁)ဦး တင်ကြပါတယ်။ ကနေ့ဆိုရင် ပါမောက္ခဆရာဝန် ဒေါ်သန်းယဉ်မာ ပါလာတော့ကာ နာယကပေါင်း (၁၂)ဦး ဖြစ်လာပါပြီ။ ဥက္ကဋ္ဌ၊ စာရင်းစစ် စတဲ့ ပုဂ္ဂိုလ်များအပါအဝင် အဖွဲ့ဝင် (၂၁)ဦး ပါဝင်အလုပ်လုပ်ကြရာမှာ စလျှင်စခြင်း ဦးအောင်ခိုင်လှူတဲ့ ကားကြီး တစ်စီးနဲ့ ငွေ (၁၀)သိန်း၊ နာယကချုပ် လူထု ဒေါ်အမာလှူတဲ့ (၃)သိန်း၊ အဖွဲ့ဝင်များအသီးသီး ဝိုင်းဝန်းလှူကြတဲ့ ငွေများနဲ့ ဝါးကပ်ကာ ဝါးကပ်မိုးတဲကလေးနဲ့ ဖြစ်တတ်သလို လုပ်ငန်းစကြပါတယ်၊ (၁၉၉၈)ခု၊ မေလ (၇)ရက်နေ့က ဖြစ်ပါတယ်။

ရတနာပုံစာအုပ်တိုက်

အသင်းရဲ့ ပဓါနရည်ရွယ်က ဈာပနကိစ္စ ဆောင်ရွက်ပေးဖို့ အကူအညီ တောင်းလာရင် လူမျိုးမရွေး ဘာသာမရွေး အခမဲ့လုပ်ဆောင်ပေးဖို့ပါပဲ။ ငွေကြေး လုံ့ဝမတတ်နိုင်သူများဆိုရင် မီးသဂြိုဟ်စရိတ်တောင် အသင်းကစိုက်ထုတ်ပေးပါ တယ်။ အသုဘ ဈာပနကိစ္စဆိုရင် မလုပ်ကောင်းဘူးဆိုတဲ့ ရှေးအဆက်ဆက်က အစွဲကို ပြောင်းလဲလာအောင် မန္တလေးပြဟ္မာစိုရ်အသင်းက စွန့်ဦးတီထွင် ကျေးဇူး ပြု လုပ်ဆောင်ပေးတယ်လို့ ဆိုကြပါစို့။

ကျွန်မတို့ မြန်မာနိုင်ငံသားများနည်းတူ ဒါမျိုးဆိုရင် မသတီဘူး၊ မကိုင် ကောင်းဘူးရယ်လို့ ရှေးရိုးစွဲ တရုတ်နိုင်ငံမှာလည်း သည်လုပ်ငန်း သည်ကိစ္စ အရေးပါပုံကို ကျွန်မတို့နဲ့ မရွေးမနှောင်းဆိုသလို သဘောပေါက်လာကြတယ်လို့ ထင်ပါတယ်။ သည်စကားကို ကျွန်မ အတွေးအထင်နဲ့ဆိုတာ မဟုတ်ပါ။ စီးပွားရေးနှင့်စီမံခန့်ခွဲရေးမဂ္ဂဇင်း (၂၀၀၂) ခုနှစ်၊ နိုဝင်ဘာလထုတ်၊ နိုင်ငံတကာ သတင်းကဏ္ဍအခန်းမှာ သည်လို ဖတ်လိုက်ရပါတယ်။

## 'ဘွဲ့ရသူများနှင့် သုဘရာဇာလုပ်ငန်း'

လူတိုင်းဟာ သေမျိုးချည်းပဲဖြစ်လို့ သုဘရာဇာလုပ်ငန်းဟာ ဘယ်တော့မှ တိမ်ကောမှာမဟုတ်ဘူးလို့ ဆိုပါတယ်။ တရုတ်နိုင်ငံမှာ တော့ ဒီလုပ်ငန်းမျိုးဟာ မင်္ဂလာမရှိဘူးလို့ ယူဆကြတာကြောင့် အများ က (အထူးသဖြင့် ဘွဲ့ရပညာတတ်များက) ရှောင်ရှားတတ်ကြပါတယ်။ ဒါပေမဲ့ ဒီနေ့ခေတ်မှာတော့ ဒီလုပ်ငန်းနယ်ပယ်ကို ပညာတတ်ဘွဲ့ရ လူငယ်များ ဝင်ရောက်လာပြီလို့ သိရပါတယ်။ (၁၉၉၈) မတိုင်ခင်က အလုပ်လျှောက်ထားသူ တစ်ယောက်မှမရှိခဲ့တဲ့၊ ဒီလုပ်ငန်းဟာ အခုခါ မတော့ တရုတ်နိုင်ငံအလယ်ပိုင်းများမှာတောင် သုဘရာဇာလုပ်ငန်း ဆိုင်ရာ သင်တန်းများကို ဖွင့်ချလာပါတယ်။ ပီကင်းတက္ကသိုလ်လို ဂုဏ် သတင်းကြီးတဲ့ကျောင်းမျိုးက ဘွဲ့ရလူငယ်များကလည်း အလားအလာ အလွန်ကောင်းတဲ့ ဒီလုပ်ငန်းကို စိတ်ဝင်စားလာကြပါပြီ။ အရင်ကတော့ ဒီအလုပ်မှာ စိတ်ဝင်စားသူမရှိလို့ မိဘရဲ့လက်ငုတ်လက်ရင်းအဖြစ် သားသမီးများကသာ လွှဲပြောင်းလက်ခံလုပ်ကြပါတယ်။ အခုတော့ ဒီကိစ္စကို အထူးပြု တတ်ကျွမ်းထားတဲ့ ဘွဲ့ရသူ လူငယ်များက ခေတ်မီမီ

> စီမံခန့်ခွဲမှုပုံစံများနှင့် ဒီနယ်ပယ်မှာ ရဲရဲတင်းတင်း ရပ်တည်နေကြပါပြီလို့ သိရပါတယ်။ ဝန်ဆောင်မှုများကလည်း အကြီးအကျယ် တိုးတက်လာပါတယ်။ မီးသင်္ဂြိုဟ်ခြင်း၊ မြေမြှုပ်ခြင်း၊ အရိုးပြာကို (သဘာဝ ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူပြုတဲ့အနေနှင့်) ပင်လယ်ရေအောက်သို့ မြှုပ်နှံစွန့်ပစ်ခြင်း၊ ၂၄ နာရီ ဖုန်းလိုင်းရှိခြင်း၊ ဖုန်းတစ်ကြိမ်ဆက်ရုံနှင့် ကိစ္စအားလုံး ပြီးမြောက်စေနိုင်ခြင်း၊ နိဗ္ဗာန်ဆော်ယာဉ်ကို ဇိမ်ခံကားများဖြင့် စီမံပေးခြင်း။ ( )ကဲ့သို့ကားများမှာ တစ်ကြိမ်သုံးလျှင် အမေရိကန်ဒေါ်လာ (၂၀၀) ကုန်ကျပါတယ်။) စတဲ့ ဝန်ဆောင်မှုတွေ ပါပါတယ်။ ပီကင်းတစ်မြို့ထဲမှာပင် ယင်းလုပ်ငန်းနယ်ပယ်တစ်ခုလုံးအနေနှင့် တစ်နှစ်ကို (၇၀,၀၀၀) ဝန်းကျင်ရှိနေတာကြောင့် နှစ်စဉ် အမြတ်ငွေ အမေရိကန်ဒေါ်လာသန်း (၁၂၀) ကျော် ရရှိကြောင်း သိရပါတယ်။

အခုဆိုတဲ့ခွဲသတင်းအာဘော်အရဆိုရင် မန္တလေးဖြူဟွာစိုရ်အသင်း စတင် အလုပ်လုပ်တဲ့အချိန်နဲ့ တစ်ချိန်တည်းလို ဖြစ်နေပါတယ်။ ဖြူဟွာစိုရ်က လုပ်ငန်းအကောင်အထည်ပေါ်လာချိန်မှာ တရုတ်နိုင်ငံက သင်တန်းတက်ဖို့ ခေါ်တော့ တစ်ယောက်မှ လျှောက်ထားသူ မရှိသေးဘူးဆိုပဲ။ တရုတ်နိုင်ငံမှ သည်အလုပ်အကြောင်း ပြောပြီးတဲ့နောက် မြန်မာနိုင်ငံ ဖြူဟွာစိုရ်အသင်းရဲ့ လုပ်ငန်းအရပ်ရပ် စီမံခန့်ခွဲပုံကို သိသာရုံမျှ ဖော်ပြပါရစေဦး။

မန္တလေးမြို့မှာ စတင်ဆောင်ရွက်ချိန်တုန်းကတော့ မြို့လူထုက ရုတ်တရက် သဘောမပေါက်ကြသေးဘဲ ဇဝေဇဝါ ဖြစ်နေကြပါသေးတယ်။ လုပ်ရပ်ကို အကဲခတ်စောင့်ကြည့်ကြတုန်း ဆိုပါစို့။ တဖြည်းဖြည်းမှ လူမျိုးမရွေး ဘာသာမရွေး ငွေကြေးချို့တဲ့သူတွေအတွက် အဟုတ်တကယ် အခမဲ့ကူညီပို့ဆောင်ပေးနေတာပါကလားဆိုတာ အမှန် သိမြင်လာကြပါတယ်။ တစ်လတစ်လမှာ ဈာပနဦးရေ ၁၀ ဦး၊ ၁၅ ဦးလောက်တာ ဆောင်ရွက်ပေးနေနိုင်ရာကမြို့က ယုံကြည်အားထားလာလေတော့ မနအင်အားရှိကြတဲ့ စေတနာရှင်တချို့ အလှူငွေလာရောက်ထည့်ဝင် လှူကြပါတယ်။ အခု ဖြူဟွာစိုရ်အသင်းမှာ စေတနာရှင်တွေရဲ့ ကုသိုလ် အလှူငွေရော၊ ဈာပနရှင်များ တတ်အားသမျှ ဓာတ်ဆီဘိုးလှူကြတာရောဆိုတော့ ရန်ပုံငွေ မလျော့ပါဘူး။ ကပ်ကာ အဆောက်-

အဦကလေးမှ စခဲ့ရပေမယ့် အခု အုတ်တိုက်အဆောက်အဦရုံးခန်း၊ ယာဉ်များထားတဲ့ ကားရုံယာဉ်အကြီး (၇)စီး၊ ယာဉ်မောင်းနဲ့ ယာဉ်လိုက် (၁၄)ယောက်အထိ တိုးချဲ့ဆောင်ရွက်ပေးနိုင်နေပါပြီ။

အသင်းမှာ ပါဝင်ဆောင်ရွက်နေသူတွေကလည်း ကောလိပ်ကျောင်း-အုပ်ကြီး အငြိမ်းစားများ၊ ပါမောက္ခအငြိမ်းစားများ၊ ဆရာဝန်များ၊ ရှေ့နေများ၊ စာရေးဆရာ ဆရာမများ၊ ကုန်သည်ကြီးများ စသဖြင့် အလွှာစုံမှ ပါဝင်လေတော့ အကြံဉာဏ်လုပ်နည်းလုပ်ဟန် စနစ်တကျ ကိုင်တွယ်နိုင်ပါတယ်။ နောက်ပြီး အခုပြောခဲ့တဲ့ ခေါင်းဆောင်ဦးစီးပုဂ္ဂိုလ်များကလည်း တစ်လတစ်ကြိမ် လပတ်အစည်းအဝေးများမှာလည်း အကြောင်းထူးရှိသူ တစ်ဦးတလေမှအပ လစဉ်မှန်မှန် တက်ကြပါတယ်။ အခက်အခဲကလေးတွေ နည်းနည်းပါးပါးရှိလာရင်လည်း အားလုံး ညှိနှိုင်းဆောင်ရွက်ပေးကြလေတော့ ပြေလည်သွားတာပါပဲ။ လခစား ယာဉ်မောင်း ယာဉ်လိုက် စတဲ့ ကာယကံမြောက် ကိုင်တွယ်ကြသူထဲက အရက်သေစာသောက်စားတာတွေ့ရင် ပထမ သတိပေး၊ ဒုတိယ အလုပ်ထုတ်ပစ်ဆိုတာမျိုးတွေပါ။

လုပ်ငန်းအရှိန်ရလာတော့ မရှိဆင်းရဲသားများသာမက ခနအင်အားရှိသူတွေကလည်း အရေးကြုံရင် ဖြပ္ပစိုရ်ကားကိုပဲ အားထားစေခိုင်းလာကြပါတယ်။ ယင်းတို့ကတော့ နည်းများမဆို အလှူငွေထည့်တာတွေ လက်ခံစာရင်းတင်ထားရပါတယ်။ အစိုးရစာရင်းစစ်ရော၊ အသင်းသားစာရင်းစစ်တွေပါ လစဉ်စစ်ဆေးလေ့ရှိပါတယ်။ ဈာပနဦးရေကလည်း တစ်လတစ်လမှာ ပျမ်းမျှ (၃၀၀)လောက် ရှိပါတယ်။ အထူးသတိထားစိစစ်ရတာက ရာဇဝတ်မှုမကင်းတဲ့ ဈာပနမျိုးကိုတော့ သက်ဆိုင်ရာ ဒေသယာဉ်ထိန်း၊ ရဲဘက်ဆိုင်ရာပုဂ္ဂိုလ်များက လာရောက်မေတ္တာရပ်ခံ တာဝန်ပေးမှသာ ဆောင်ရွက်ပေးပါတယ်။

သည်လို လူကြီးပိုင်းကရော၊ လူငယ်ပိုင်းကပါ တက်ညီလက်ညီ ကြိုးစားလုပ်ကြတာရယ်၊ စေတနာရှင်များက လှူဒါန်းကြတာရယ်၊ သည်အကြောင်း ၂ရပ်ကြောင့် ရလာတဲ့ အကျိုးကျေးဇူးက အဆက်ဆက်ကစွဲလာတဲ့ အမြင်ကို ပြောင်းလဲစေခြင်း၊ ရေရှည်တည်တံ့နိုင်မြဲခြင်း ဖြစ်ပါတယ်။ ဖြပ္ပစိုရ်ပေါ်ပေါက်တာ ကြည့်ပြီး တခြားမြို့တွေကလည်း လိုက်လုပ်ကြပါပြီ။

ဒီနေရာမှာ ကာယကံမြောက် ကိုင်တွယ်လုပ်ဆောင်ကြရတဲ့ လခစားဝန်ထမ်းများရဲ့ ဖွဲ့ရှိမှုကိုလည်း မပြောရင် မပြီးသေးဘူးထင်ပါရဲ့၊ အကြောင်းမျိုးစုံ

နဲ့ ထွက်သူထွက်၊ ဝင်လာသူဝင်လာ၊ တချို့ ရှိတန်သမျှ ရှိပေမယ့် အသင်း စတင်တည်ထောင်ကတည်းက အခုအထိ (၆)နှစ်ကျော် (၇) နှစ်ထဲ ရောက်လာပြီဆိုတာတောင် (၂၀၀၄) ခုနှစ်အထိ ရှိနေပါသေးတယ်။ သူတို့ လူငယ်စုတွေက 'ဆန်ပေးလို့ ဆေးရတာ' ရယ်လို့ သဘောမထားကြပါဘူး။ အများအကျိုး သယ်ပိုးရတာ ကုသိုလ်ပဲလို့ သဘောပိုက်ကြတယ် ဆိုပါစို့။ ဘယ်အလုပ်မျိုးဖြစ်ဖြစ် 'ဇွဲသန်ရင် ကံမြောက်' တာပါပဲ။ အဲဒီလုပ်သားတွေထဲမှာ ဘွဲ့ရပညာတတ်တချို့တောင် ပါပါသေးတယ်။

ခုပြောခဲ့သလို ဈာပန ပို့ဆောင်ရေးဘက်က နိုင်နိုင်နင်းနင်း ဖြစ်လာပြီဆိုတော့ တကယ်ဆေးဘိုးဝါးခ မတတ်နိုင်ကြလို့ ဆေးရုံပေါ် ရောက်နေတာတောင် ဆေးဈေးတွေကလည်း တက်ပြီးရင်း တက်နေတာမို့ ဆေးရုံကလည်း လိုတဲ့ဆေး ရနိုင်ဖို့ သိပ်ခက်ခဲနေတာ ကြားကြရပါတယ်။

သည်လိုဆိုရင် အသင်းရန်ပုံငွေထဲမှ တချို့တစ်ဝက်ဖဲ့ပြီး ဆေးဘိုး လှူကြရရင် ကောင်းမယ်လို့ တစ်ဆင့်တက်ပြီး စေတနာပေါက်လာကြပါတယ်။ သည်တော့ မြို့အစွန်ကျပြီး ခနအင်အား သိပ်မရှိကြတဲ့အရပ်မှာ အစိုးရက တည်-ဆောက်ပေးပြီးသားရှိနေတဲ့ ကုတင် (၃၀၀)ဆန့် ဆေးရုံကြီးကို ဆေးဘိုးလှူဖို့ ဆုံးဖြတ်ကြပါတယ်။ အဲသည်မှာ အသင်းမှူးပြီးသား ဆရာဝန်ဦးစိုးတင့်၊ ဆရာဝန်ဦးကိုကိုလေးနဲ့ ဆရာဝန် ဦးမျိုးမြင့်၊ ဆရာဝန်ဦးဝင်းမြင့်၊ ဆရာဝန် ဦးသိန်းဟန်တို့နှင့် ဆေးရုံကြီးက ဆရာဝန်ကြီးများ၊ ဆရာမကြီးများ ညှိနှိုင်းတိုင်ပင်ဆွေးနွေးကြတဲ့အခါ ဆေးရုံကြီးက ဆရာဝန်များကလဲ ဝမ်းသာကြိုဆိုကြပါတယ်။ သည်လူနာဟာဖြင့် သည်ဆေးရရင် သက်သာမယ်၊ လူနာက မရှိနွမ်းပါးမို့ ဆေးမဝယ်နိုင်တာလည်း အမှန်ဆိုရင် လိုအပ်တဲ့ဆေးဘိုး လှူကြတာပါ။ အစကတော့ ဆေးဘိုးအလှူငွေက နည်းနည်းပါး၊ နောက် တဖြည်းဖြည်း တတ်နိုင်သလို တိုးတိုးပေးလှူနိုင်ပါတယ်။ ဆေးဈေးနှုန်းတွေကလည်း တက်တက်လာတာမဟုတ်လား။

အခုတော့ အသင်း (၆)နှစ် ပြည့်မြောက်တဲ့ ၂၀၀၄ ခုနှစ်၊ မေလ (၇) ရက်နေ့ကပဲ ဩဝါဒစရိယဆရာတော်ဘုရားများရဲ့ သဘောတူခွင့်ပြုချက်အရ ဆေးပေးခန်းကလေးဆောက်လုပ်ဖို့ စီမံကြပါတယ်။ ဒါနဲ့ပဲ (၆. ၅. ၂၀၀၄) ခု၊ (၁၃၆၆) ခု ကဆုန်လပြည့်ကျော် (၃)ရက်နေ့ကပဲ ဆေးပေးခန်းအဆောက်အဦအတွက် ပန္နက်ချပွဲ ပြုလုပ်ပြီးပါပြီ။ ဒါဟာလည်း စေတနာရှင်များရဲ့ ဝိုင်းဝန်းကူညီကြမှု ကုသိုလ်ယူကြမှုကြောင့် ဖြစ်ပါတယ်။

တရုတ်နိုင်ငံမှ သတင်းဖော်ပြချက်ကို ဖတ်မိတာနဲ့ပဲ တစ်ဆက်တည်း ကျွန်မကိုယ်တိုင်ပါဝင်ခဲ့တဲ့ မန္တလေးမြို့ ဗြဟ္မစိုရ်နာမူကူညီရေးအသင်းအကြောင်း သိကောင်းစရာများကို ရေးသားမိတာ အတော်တောင်ရှည်သွားပြီထင်ပါရဲ့။ နိဂုံးချုပ်ပါတော့မယ်။ တရုတ်ပြည်က ဈာပနကိစ္စနဲ့ပတ်သက်လို့ စီမံခန့်ခွဲပုံများနဲ့ မြန်မာဗြဟ္မစိုရ်အသင်းဆောင်ရွက်ပုံ(၂)မျိုးကို စာဖတ်သူများအနေနဲ့ ခြားနားမှုကို သတိပြုမိကြမယ်ထင်ပါတယ်။ တရုတ်ပြည်က ဈာပနကိစ္စ စီမံဆောင်ရွက်ပုံများဟာ စီးပွားရေးသက်သက် လုပ်ငန်းတစ်ရပ်သာဖြစ်ပါတယ်။ မြန်မာ့နာမူကူညီရေးအသင်းအဖွဲ့များကတော့ မိမိကိုယ်ကျိုး ကိုယ့်စီးပွား လုံးဝမဖက်၊ စေတနာသက်သက်ဖြင့် အများကောင်းကျိုးဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ ကြားကြားသမျှ ဗုဒ္ဓဘာသာဝင်များ ပီတိပွားပြီး သာဓုခေါ်ယူကြစေချင်တဲ့ စေတနာရိုးရိုးနှင့် ရေးခြင်းဖြစ်ပါတယ်။

□ □ □

## အရေးပိုင် စိမ်းဘားနဲ့ ကျားဗိုလ်

*၁၈၈၆ ခုနှစ်လောက်က ပုသိမ်မြို့ မျက်နှာဖြူအရေးပိုင် စိမ်းဘားနဲ့ လူစွမ်းကောင်း ကျားဗိုလ်တို့ရဲ့ တကယ်ဖြစ်ခဲ့တဲ့ ဖြစ်ရပ်မှန်၊ သဲထိတ်ရင်ဖိုအကြောင်း ပြောပါရစေ။*

သက္ကရာဇ် ၁၂၄၇ ခုနှစ် (ခရစ်နှစ် ၁၈၈၆ နှစ်ဦးပိုင်းမှာ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ပိုင်နက်ဖြစ်ပြီလို့ ဆိုင်ရာ အင်္ဂလိပ်အရာရှိအကြီးအကဲများက တရားဝင် ကြေညာချက် ကမ္ဘာသိ ထုတ်ပြန်လိုက်ပါတယ်။ အဲသည်နှစ် လ တွေကို အတိအကျ မသိကြသေးတဲ့ မြန်မာပြည်သူများကတော့ ကုလားကြီးတက်တဲ့နှစ်ရယ်လို့ပဲ အလွယ်တကူ မှတ်သားပြောဆိုလေ့ရှိကြပါတယ်။ တို့မြန်မာနိုင်ငံဟာ အဟုတ်တကယ့်ကို လူမျိုးခြားလက်အောက်ရောက်ကြပြီဆိုတာ ရုတ်တရက် သဘောမပေါက်ကြပါဘူး။ ဘယ်ထင်မိကြပါ့မလဲ။ ကိုယ့်မင်း ကိုယ့်နန်း ကိုယ့်အချုပ်အချာအာဏာနဲ့ ခေတ်အဆက်ဆက်နေကြရတာကိုး။ ဘိုးစဉ်ဘောင်ဆက်

ဘယ်သူ့ကျွန်မှ မဖြစ်ခဲ့ဖူးဘူး မဟုတ်လား။

ဒါပေမဲ့ သည်အဖြစ်ဆိုးကြီးဟာ မယုံချင်လို့မဖြစ်။ တကယ်ပဲဖြစ်ပြီးပြီလို့ ယုံကြည်လက်ခံလိုက်ရတာနဲ့တစ်ပြိုင်နက် ထက်အောက်နံလျား ရှိရှိသမျှပြည်သူအပေါင်းဟာ ဒေါသမီးတထောင်းထောင်းထပြီး လှည်းနေလှေအောင်းမြင်းဇောင်းမကျန် ဆူပူထကြွလာကြတော့တာကို အင်္ဂလိပ်တို့ မထင်မှတ်မိဘဲရင်ဆိုင်ကြရပါတော့တယ်။ ပြည်သူအများကလည်း မားသွေးသူသွေး၊ ဒူးလေးပြင်သူပြင်၊ ဘာကစလုပ်ရမယ်မှန်း မသိ၊ မရပ်မတည်နိုင်အောင် အပူမီးတောက်လောင်ကြရလေတယ်။ သည်လိုသာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်လာနေကြရဘယ်သူ့အားကိုးရပါ့ ဆိုတဲ့ အခက်အခဲကြီးက ဖြစ်လာပါတယ်။ တကယ်တော့နောက်လိုက်ကောင်းတွေဖြစ်ပေမယ့် တစ်ယောက်တည်း ထလုပ်လို့ မဖြစ်ဘူးမဟုတ်လား။ သည်တော့ ခေါင်းဆောင်ကောင်းရှာကြရပါတယ်။ ဖြစ်ချင် လိုချင်တာကတော့ မင်းညီမင်းသား၊ ထီးရိပ်နန်းရိပ်မကင်းသူများ ခေါင်းဆောင်တဲ့အဖွဲ့ထဲ ပါချင်ကြတာပေါ့။ သို့ပေမယ့် သည်လိုပုဂ္ဂိုလ်မျိုးကို လက်လှမ်းမမီကြတဲ့အများစုကြီးမတော့ မိမိနဲ့ နီးစပ်ယုံကြည်အားထားရာ သူကြီး၊ ကလန်၊ သံပျဉ်စတဲ့ ခေါင်းဆောင်သူအဖွဲ့တွေထဲ ပါကြရပါတယ်။

ဒါဟာ ကိုယ်ကျိုးရှာချင်လို့ ရွှေငွေပစ္စည်းရချင်လို့ကြောင့် လုံးဝ မဟုတ်ကြပါဘူး။ သင်းရိုလက်အောက်တော့ မနေဘူး၊ ကုလားဖြူ ကုလားမည်းတွေကိုခုတ်ရင်း ထစ်ရင်း တို့အသက် စတေးရပစေတော့၊ နောက်မဆုတ်ဘူး ဆိုတဲ့အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် တစ်ခုတည်းကြောင့် အဲဒါတွေ လှုံ့ဆော်လို့ပါ။ သည်လို သောင်းကျန်းဆူပူတဲ့အဖွဲ့တွေက ဒေသအနှံ့ မှိုလိုပေါက်လာတော့ကာအင်္ဂလိပ်အစိုးရ မျက်လုံးပြူးရပြီလေ။ နိုင်ငံကို သိမ်းရုံတင်မက မင်း မိဖုရားကိုပါဖမ်းဆီးခေါ်သွားတုန်းက အလွန့်အလွန် လွယ်ကူခဲ့သမျှ အခုလို အလုံးအရင်းနဲ့ ဆူကြပူကြတာတွေ လုံးဝ မျှော်လင့်မထားတာ ကြုံကြရတော့ အိန္ဒိယကလက်နက်တပ်ဆင်ပြီး စစ်ဗိုလ်အင်အား (၃၀၀၀၀) လောက်ကို အပူတပြင်းသင်္ဘောကြီးတွေနဲ့ ခေါ်ယူရပါတယ်။ မျက်နှာဖြူတွေက စစ်ဗိုလ်လုပ်၊ မျက်နှာမည်းတွေက စစ်သားကြေးစား စစ်သားတွေပါ။ ကျွန်မတို့ မျိုးချစ် သူပုန်တွေကတစ်နယ်မှာ တစ်ဖွဲ့ဆိုရမလောက်ကို ပေါ်ပေါက်လာကြတာပါ။ ခေါင်းဆောင်ကြတဲ့ မင်းညီမင်းသားတွေထဲမှာ မြင်စိုင်းမင်းသားအဖွဲ့၊ လင်းပင်မင်းသားအဖွဲ့၊ထိပ်တင်မှတ်-ထိပ်တင်သိမ့်တို့အဖွဲ့တွေဟာ နာမည်ကြီး အင်အားကောင်းတဲ့

အဖွဲ့တွေပါ။

မှူးမတ် စစ်သူကြီးများထဲကလည်း ရွှေလှန်ဗိုလ်၊ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ်တို့မှ စလို့ အတိအလင်း နာမည်ဖော်ထိုက်သူ၊ နောက်တွယ်ထ အကြံညာဏ်နဲ့တကွ စစ်စားရိတ်အလုံးအရင်း ငွေအားထောက်ပံ့သူ၊ ဥပမာ - လှေသင်းအတွင်းဝန် ဦးရွှေမောင်၊ သူရမဟာမင်းခေါင်ဘွဲ့ရ မင်းလက်ဝဲကြီး တို့လို ပုဂ္ဂိုလ်မျိုးတွေကလည်း သည်ပွဲမှာ တတ်နိုင်သလို ဝင်နွှဲကြပါတယ်။ မြေလတ်ပိုင်းမှာ ဘုန်းတော်ကြီး ဦးဥတ္တမလို တင်းကြပ်တဲ့ ဝိနည်းတော်တွေ ဘေးချိတ်ပြီး နိုင်ငံအတွက် မခံချင်စိတ်နဲ့ ဗိုလ်လုပ်ပြီး ဝင်တိုက်ကြတဲ့ ရဟန်းများ လည်းရှိပါသေးတယ်။ နောက်ပြီး ဘုန်းတော်ကြီးများရဲ့ တပည့်ရင်း ဗိုလ်ချွဲ ဗိုလ် ရှမ်းလေး၊ ဗိုလ်ရာညွန့် တို့လို အဖွဲ့တွေကလည်း အင်္ဂလိပ်တွေကို ချောက်ချား လောက်အောင် တတ်နိုင်သလို ခံစွမ်းပြနိုင်ကြတာ မနည်းပါဘူး။ ဒါဟာ စိတ်ထဲ ကောက်ကာငင်ကာ ပေါ်လာသမျှ ဖော်ပြရတာတွေပါ။ တကယ်က သည်မျှမက မရေမတွက်နိုင်အောင် ကျန်ရစ်ဦးမှာ မုချပါ။ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး (၁၈၂၅) ခုနှစ်လောက်ကတည်းက အင်္ဂလိပ်လက်အောက်မှာ အလုပ်ဝင်လုပ်နေ ခဲ့ကြတဲ့ ပုလိပ်သားတချို့တောင် မြန်မာသူပုန်တပ်ထဲ သေနတ်ဆွဲပြီး ကူးလာကြ သူတွေ ရှိသေးလို့ သိရပါတယ်။ အရေးကြီး သွေးနီးရာပါတို့စကားလို ဆိုပါစို့။

သည်လို ခုခံတိုက်ခိုက်နေကြသူတွေထဲမှာ ပုန်ကန်သူအမည်ခံပြီး လူဆိုးသူဆိုး ကိုယ်ကျိုးရှာသူ အနည်းအကျဉ်းလည်း ပါစမြဲပါပဲ။ အင်္ဂလိပ်အစိုးရ က သူတို့ကို လက်ညှိုးထိုးပြီး မျိုးချစ်သူရဲကောင်းတွေအားလုံးကိုပါ သိမ်းကြုံးပြီး ဆိုးသွမ်းဓားပြများရယ်လို့ နှိမ်နှိမ် သုံးစွဲကြပါတယ်။ အဲသည် ဆိုးသွမ်းဓားပြခေါ်တဲ့ လူတွေကိုတောင် သူတို့ စစ်ဗာရီ (၃၀၀၀၀) ကျော်ပါတဲ့ တပ်ဖွဲ့တွေဟာ (၃)နှစ် (၃)မိုးနဲ့ မနှိမ်နင်းနိုင်ပါဘူး။ အပြတ်အသတ် အနိုင်မရသေးပါဘူး။ ရှေ့ကဆိုခဲ့ သလို အင်္ဂလိပ်လက်အောက် ကျရောက်ခဲ့ပြီးသား အထာကျနေတဲ့ ပုသိမ်ခရိုင် မှာလည်း တော်လှန်ရေးအင်အားစုတွေ ပေါ်ပေါက်လာပါတယ်။ သူတို့ သူတို့ အစုတွေထဲမှာ ကျားဗိုလ်၊ ဘဗိုလ်၊ ဖျင်းဗိုလ်နဲ့ စိန်ဘယက်ဗိုလ်တို့ ဦးစီးတဲ့ အဖွဲ့ ဟာ အင်အားအတောင့်ဆုံးနဲ့ နာမည်အကြီးဆုံး အဖွဲ့ကြီးတစ်ဖွဲ့ ဖြစ်ပါတယ်။

သူတို့တတွေက အစက အောက်မြန်မာပြည်သားတွေ မဟုတ်ကြပါဘူး။ မင်းတုန်းမင်းကြီးလက်ထက်တော်တုန်းက ရတနာပုံ မန္တလေးနေပြည်တော်မှာ နေခဲ့တဲ့သူများ ဖြစ်ပါတယ်။ သီပေါမင်းလက်ထက်ရောက်တော့မှ အကြောင်း

ကြောင်းကြောင့် ပုသိမ်ခရိုင်ဘက် ရောက်လာကြသူတွေချည်းပဲ။

အဲသည် (၄)ယောက်အနက် ဘဝိုလ်ဆိုသူက အသက်(၄၅)နှစ်လောက် ရှိပြီး ကိုယ်တိုင် ဘယ်တော့မှ ဝင်မတိုက်ပါဘူး။ သူက အင်း အိုင်၊ ခလှည့်၊ လက်ဖွဲ့ စတာတွေ စီမံပေးပြီး ဆေးတွေထိုးနှံပေးခြင်းတွေကို လာလုပ်ပါတယ်။ ခေတ်ကာလကလည်း သည်လိုအဆောင်တွေကို အလွန်ယုံကြည်ကြတဲ့ ကာလ ပေကိုး။ သူ့စကား သူ့ဩဝါဒကို ကျန် (၃)ယောက်စလုံးက မပယ်မလှန်၊ တသွေးတသံ တမိန့်ဆိုသလို လိုက်နာကြရပါတယ်။ တိုက်ပွဲရင်ဆိုင်ကြရပြီ ဆိုရင်တော့ ကျားဗိုလ်က ခေါင်းဆောင်ရပါတယ်။ အသက် (၃၅)နှစ် ရွယ်ရှိပြီဖြစ်တဲ့ ကျားဗိုလ်ဟာ အလုံးအဖန်၊ လက်ရုံးလက်ဖျံ သန်မာတောင့်တင်းသလို ဥပမိရုပ်ကလည်း ခန့်ခန့်ညားညား ယောကျ်ားပီပီ ဖြစ်ပါတယ်။

သည်လူစွမ်းကောင်း (၄)ဦးအဖွဲ့ကို ခဏရပ်ထားခဲ့ပြီး အဲသည်နှစ်ကာလပိုင်းက မန္တလေးမြို့က အုပ်ချုပ်ရေးလွှတ်တော်အဖွဲ့အကြောင်းနဲ့ မြို့လူထုကြုံနေကြရတဲ့ ဒုက္ခတွေကို တစ်စွန်းတစ်စကို သိသာရုံဖော်ပြဖို့ ရှိနေပါသေးတယ်။ အင်္ဂလိပ်အစိုးရက သူတို့တက်လာတော့ မြန်မာမင်းလက်ထက်ကရှိနေခဲ့တဲ့ မြန်မာ့လွှတ်တော်ကြီးကို မဖျက်သိမ်းသေးဘဲ မြန်မာဝန်ကြီးအချို့နဲ့ အင်္ဂလိပ်အရာရှိများပါ ပူးတွဲအုပ်ချုပ်စီရင်တဲ့စနစ်နဲ့ လွှတ်တော်ကြီးကို ဖွင့်လှစ်ထားပါသေးတယ်။ သည်လို လွှတ်တော်ကို မဖျက်သိမ်းသေးဘဲ ထားရာမှာ ပြည်သူလူထုကို ယုံထင် ကြောင်ထင်ဖြစ်စေအောင် လှည့်စားခြင်းက တစ်ပိုင်း၊ မြန်မာတို့အသားကျပြီးသား လုပ်နည်းလုပ်ထုံး ဥပဒေကို သူတို့ဥပဒေနဲ့ ချက်ချင်း ပြောင်းလဲလိုက်ရင် မသင့်သေးဘူး။ အမှားအယွင်းဖြစ်နိုင်တယ်ဆိုတာ ဆင်ခြင်သိမြင်လို့တစ်ပိုင်း ဖြစ်ပါတယ်။ အင်္ဂလိပ်-မြန်မာ ပူးတွဲအုပ်ချုပ်နေတဲ့ လွှတ်တော်ရယ်လို့ နာမည်ခံယူထားတာပါ။

မြန်မာဝန်ကြီးတချို့ ပါဝင်ရာမှာ မင်းနဲ့ စိုးနဲ့ ကောင်းကောင်းဆက်ဆံတတ်တဲ့ ကင်းဝန်မင်းကြီး ဦးကောင်းက ဦးဆောင်သူဖြစ်ပါတယ်။ ကင်းဝန်မင်းကြီးသဘောရင်းအမှန်ကတော့ မြန်မာမင်းဆက်ကို မပျက်စီးစေလိုတဲ့စိတ် ရှိပါတယ်။ သို့ပေမယ့် အကြောင်းကြောင်းကြောင့် ပျက်စီးသွားရလေပြီဆိုတော့လည်း နိုင်ငံအုပ်ချုပ်ရေးမှာ ဖရိုဖရဲမဖြစ်စေချင်လို့ ကူညီတာလည်း အကြောင်းတစ်ရပ်အနေနဲ့ ပါပါလိမ့်မယ်။ အုပ်ချုပ်ရေးစနစ်ချင်း ကူးပြောင်းရာမှာ တဖြည်းဖြည်း လိုက်လျောညီထွေ ပြေပြေပြစ်ပြစ် လွဲပြောင်းယူနိုင်မှလည်း ဖြစ်မှာပါ။ အဲသည်လို အင်္ဂလိပ်

မြန်မာ အရာရှိအကြီးအကဲများ၊ ပူးတွဲရုံးထိုင်တဲ့ လွှတ်တော်မှာ စိမ်းဘား (မူရင်းစာလုံးပေါင်းအတိုင်း) လို့ သိကြတဲ့ အင်္ဂလိပ်အရေးပိုင်တစ်ယောက် ပါဝင်ပါတယ်။ သူက အတော်ထူးခြားတဲ့စိတ်ရှိသူတစ်ယောက်ပါ။ မြန်မာစကားနဲ့ မြန်မာစာကို အတော် ပြောတတ်ဆိုတတ် ဖတ်တတ်ရေးတတ် ရှိပါတယ်။ နောက်ပြီး သူ့အပါးမှာရှိနေကြတဲ့ မှန်ပုံဘုရား သမားများက မြန်မာတို့ ထုံးစံဓလေ့များကို သွန်သင်ပေးနေတတ်ကြပါတယ်။ ဥပမာ - အများယုံကြည်ကြတဲ့ သူတစ်ပါးလက်ချက်နဲ့ မသေနိုင်ဘူးဆိုတဲ့ ပြီးဆေး ထိုးဆေးများနဲ့ အဆောင်လက်ဖွဲ့တွေကိုပါ ရှာဖွေ ဆက်သထားကြပါတယ်။ အဲသည် နည်းနာနိဿရတွေကိုလည်း အရေးပိုင် စိမ်းဘားက အဟုတ်တကယ်ယုံကြည်လိုက်စားတတ်သွားပါတယ်။ နောက်ပြီး သူ့ကိုယ်ကိုသူ မြန်မာစာရေးနည်း၊ ရေးထုံးကိုတောင် ညက်နေအောင် တတ်လှပြီလို့ အထင်ရောက်နေတယ်ဆိုကိုး။ ဒါကြောင့် သူ့ရုံးရောက်လာတဲ့ အမှုတွဲ လျှောက်လွှာ စတာတွေမှာ စာတစ်လုံးမှ အမှားမရှိခဲ့ပါဘူး။ သူကိုင်ရတဲ့ အမှုတစ်ခုမှာ မပြောပလောက်တဲ့ ချို့ယွင်းချက်ကလေးတစ်ခုတလေကိုတောင် သည်းမခံတတ်ဘူးတဲ့လေ။ ပြောရရင်ဖြင့် သူ့လက်ရောက်လာတဲ့ လျှောက်လွှာတစ်ခုကို သူက -

"နီး ဝီစိပေါက်၊ အပလီကေးရှင်း ရီဂျက်တက်" ဆိုပြီး ပယ်ချလိုက်ပါတယ်။ (မဂ္ဂဇင်းဆောင်းပါးမှ စာလုံးပေါင်းအတိုင်း) နောက်ပြီး မြို့သစ်ကုန်းအိုးဘိုတန်းရပ်မှာ ဖြစ်ပွားတဲ့ (၁)တန် ကြက်တစ်ကောင်ခိုးမှုကို ထောင်ဒဏ်(၇)နှစ် အပြစ်ပေးလိုက်ပါတယ်။ သည့်နောက် ခိုးမှုတစ်မှုမှ မဖြစ်တော့ဘူးတဲ့၊ ဒါ သူလုပ်တာမှတ်လို့လို့ ထင်နေပါတယ်။ သူ့ကိုတော့ လူအများက ရွံ့ကြောက်ကြီး ကြောက်နေကြပါတယ်။ မျက်နှာဖြူအရေးပိုင်လည်းဖြစ်၊ စားပြီး သေနတ်ပြီးသူလည်းဖြစ်တယ်လို့ သတင်းထွက်နေလေတော့ သူ့ဆိုရင် စကားတောင် ဟဟ မပြောဝံ့ကြပါ။

နောက်ပြီး သူ့လက်အောက်ငယ်သားများက မြှောက်ပင့်ထားလေတော့ သည်အရေးပိုင် မြို့ထဲထွက်တဲ့အခါ ရှေ့ လမ်းရှင်းဖို့ ကြိမ်လုံးကိုင် တစ်ယောက်၊ နောက်က မြန်မာဝတ်စုံပြည့် ဝတ်ဆင်ထားရတဲ့ ငွေဓားဆွဲ (၂)ယောက်နဲ့ ကြာပွတ်ကိုင်တစ်ယောက် ပါမြဲဖြစ်ပါတယ်။ မြန်မာမြို့တော်ဝန်များ သွားလာတဲ့အခါ ပြုလုပ်မြဲ အခမ်းအနားအတိုင်း သွန်သင်နည်းပေးထားကြတယ် ထင်ပါရဲ့။ သည်တော့ မြို့လူထုမှာ တောကြောင်တွေကိုလည်း ကြောက်ရ၊ စားရေး

ရိက္ခာကလည်း မလုံလောက်၊ သည်အရေးပိုင်လုပ်ပုံကလည်း တစ်မှောင့် ဆိုတော့ နည်းတဲ့ဒုက္ခ မဟုတ်ပါဘူး။

စာအဆက်ပြန်ကောက်ရရင် ရှေ့ကဆိုခဲ့တဲ့ သူပုန်ဗိုလ် (၄)ဦးအဖွဲ့ဟာ မအူပင်နယ်ထဲမှစပြီး ပုသိမ် ဒီစတြိတ်မှာရှိတဲ့ အစိုးရကင်းဝတ်တွေကိုတောင် ဝင်စီးပြီး ရသလောက် ခဲယမ်းမီးကျောက် သေနတ်တွေကိုတောင် ယူသွားနိုင်ကြတယ်အထိ အစွမ်းထက်လာပြီဆိုတဲ့သတင်း ရကြတဲ့အခါ အရေးပိုင်စိမ်းဘားကို ပုသိမ်အရေးပိုင်အဖြစ် ပြောင်းရွှေ့အမှုထမ်းဖို့ အမိန့်ရပါတယ်။ သူကတော့ မဖြုံပါဘူး။ ဗိုလ်ကျားတို့အဖွဲ့ကလည်း ပြည်သူလူထုကို ဒုက္ခမပေးဘဲ စာရေး ရိက္ခာအဖြစ် တစ်အိမ်ကို ဆန်တစ်ပြည် ငွေတစ်မတ်ကိုသာ တောင်းယူတာမို့လို့ သာမန်အရပ်သားတွေက မမုန်းကြပါဘူး။ ကြည်ကြည်ဖြူဖြူ ကူညီထောက်ပံ့ကြပါသေးတယ်။ သည်တော့ တဖြည်းဖြည်း အင်အားတောင့်တင်းလာပြီး လူပေါင်း (၂၀၀)လောက်ရှိတဲ့ အဖွဲ့ကြီး ဖြစ်လာပါတယ်။

ကျားဗိုလ်တို့အဖွဲ့ဟာ သူတို့ကို အသာတကြည် ရိက္ခာမထောက်ပံ့တဲ့ ငပုတောမြို့မှ ရုံးစာရေးကြီး ကိုသော့နဲ့ ရှေ့နေ ဦးရွှေဖော့တို့ (၂)ဦးကို ဖမ်းသွားကြပြီး အင်္ဂလိပ်ဘက်သား ငါတို့ ရန်သူများဖြစ်တယ်ရယ်လို့ သူတို့ကို ဆုံးမထားမှ နောက် အင်္ဂလိပ်အလိုတော်ရိ မလုပ်ဝံ့ကြမယ်လို့ ဆုံးဖြတ်ပြီး ရေဘောရွာ တံတားနားမှာ သတ်လိုက်ကြပါတယ်။ နီးရာ ကင်းဂတ်က လူတွေရောက်လာကြပြီး သေနတ် တွေနဲ့ ခပ်လှမ်းလှမ်းမှ ပစ်ခတ်ကြပေမယ့် ကျားဗိုလ်တို့လူစုကို တစ်ယောက်မှ မထိမှန်ဘူး ဆိုပါတယ်။ သည်တွင် ကျားဗိုလ် သေနတ်ပြီးတယ် လို့ဆိုပြီး ဖိန့်ဖိန့်တုန်အောင် ကြောက်ကြ၊ သတင်းကြီးသွားကြပြန်ပါတယ်။ အဲသည် ရွာ ငပုတောမြို့ပိုင် ဦးရဲပြားဆိုတာကတော့ မိမိအိမ်မှာတောင် မအိပ်ဝံ့ဘဲ တောထဲပြေးပြီး ပုန်းနေရသတဲ့။

ကျားဗိုလ်အဖွဲ့ သည်လောက် လက်သံပြောင်နေတဲ့အခါ သက်ဆိုင်ရာ အစိုးရများက လက်နက်ကိုင်တွေစုပြီး မိအောင် လိုက်ဖမ်းကြဖို့ ထပ်လွှတ်ပြန်ပါ တယ်။ အမိန့်ကို လိုက်နာကြရမယ့်သူတွေက ကျားဗိုလ်ကို ရင်ဆိုင်တွေ့ဖို့လည်း တယ် မရဲ။ သတင်းနားထောင်ကြပြီး ကျားဗိုလ်အဖွဲ့ တောင်ဘက်တောကို ပြောင်းသွားကြတယ်ကြားရင် သူတို့က မြောက်ဘက်တောသို့ လိုက်ကြပါသတဲ့။ ဒါဟာ ယုန် တောင်ပြေး ခွေး မြောက်လိုက် ဆိုသလို တမင်တကာ လုပ်တာပါ လို့ သိရပါတယ်။ သည်လို ကျားဗိုလ်တို့ သတင်းကြီးလာတော့ မန္တလေးမြို့က

ပုသိမ်ခရိုင်ကို ပြောင်းလာတဲ့ စိမ်းဘားတို့ကလည်း အမိအရဖမ်းဖို့ မောင်းတင်လာကြပါတယ်။

စိမ်းဘားဟာ သင်္ဘောတစ်စင်း၊ လက်နက်ကိုင်စစ်သား (၇၀)ကျော် တင်ဆောင်လာပြီး သူ့လက်စွဲတော် ကိုအုန်းဖူး ရုံးအမှုလိုက် ဦးဘိုးတေ တို့ကိုလည်း ခေါ်လာပါတယ်။ ရေကြောင်းပြဖြစ်သူက မာဖီ တဲ့။ သင်္ဘောမော်တင်စွန်းမရောက်ခင် ရေဘောရွာတံတားနားမှာ ကျားဗိုလ်တို့ သတ်ထားခဲ့တဲ့ဟာတွေကို ပက်ပင်းပါ တွေ့ကြရတာကိုး။ အဲသည်အချိန် မော်တင်စွန်းရဲ့တစ်ဖက်ကမ်းမှာ လူသုံးယောက် လျှောက်သွားနေတာ တွေ့လို့ အရေးပိုင် စိမ်းဘားက 'ဟေ့. . ဟေ့. . လူကလေးတွေ၊ နေဦး နေဦး၊ သည်ကိုလာကြဦး၊ ကျွန်ုပ် ပုသိမ်အရေးပိုင်ပဲ' လို့ လှမ်းခေါ်တယ်။ ထိုလူသုံးယောက်က အရေးပိုင် လှမ်းခေါ်တာ လှည့်ကြည့်ပြီး ဂရုမစိုက်သလို သွားမြဲသွားနေကြတယ်လေ။

သည်တွင် စိမ်းဘား စိတ်ဆိုးပြီး သင်္ဘောကို ရေမီရာမှာ အရပ်ခိုင်းတယ်။ သမ္ဘာန်နဲ့ သူတို့ (၄)ယောက် ကုန်းပေါ်တက်ကြပြီး ထိုလူတွေနောက်မီအောင် လိုက်ကြပါတယ်။ စိမ်းဘားအရေးပိုင်က ရှေ့ဆုံးက ကိုအုန်းဖူး၊ ဦးဘိုးတေနဲ့ မာဖီတို့က နောက်ကလိုက်ကြတယ်။ စိမ်းဘားက အရပ်သားတွေ ရယ်လို့ သတင်းမေးရအောင်ရယ်လို့ ခေါ်လိုက်တာပါ။ စိမ်းဘား လက်မှာ ကြိမ်လုံးတစ်ချောင်း၊ ကိုအုန်းဖူးလက်မှာ (၅)လုံးပူး သေနတ်တစ်လက်၊ ဦးဘိုးတေမှာ ဓားတစ်ချောင်းပဲ ပါပါတယ်။ တကယ်တော့ ကျားဗိုလ်တို့ လူယောင်ပြ မျှားခေါ်လာတာပါ။ ကမ်းစပ်မှ အတောင်(၂၀)လောက်လျှောက်မိတော့ ဒိုင်းကနဲ သေနတ်သံတစ်ချက် ကြားလိုက်ရတော့ ရှေ့ ကဲကြည့်လိုက်တော့ ကျားဗိုလ်ကို ကင်းစောင့်က ချိန်ပစ်နေတာ တွေ့ရတယ်။ ရှေ့ဆုံးက လျှောက်နေတဲ့ စိမ်းဘားက လက်ကာပြီး 'ဟေ့. . မပစ်နဲ့၊ မပစ်နဲ့' ပြောလိုက်ရင်း ရန်သူပဲဆိုတာ သိပြီး နောက်ဆုတ်ပြေးလာကြတယ်။ ကမ်းပေါ်ကတော့ တဒိုင်းဒိုင်း ပစ်တုန်းပဲ။ သူတို့ သမ္ဘာန် မရောက်ခင် ဒူတိုမောင်းသံနဲ့အတူ လိုက်ကြဟေ့ လိုက်ကြဟေ့ အော်သံတွေနဲ့အတူ လူတွေအများကြီး ပြေးထွက်လိုက်လာတာ မြင်ကြရပြီ။ စိမ်းဘားတို့လူစု သမ္ဘာန်ပေါ်ကို အမောတကော ရောက်ကြပါပြီ။ သင်္ဘောဆီကို အပြင်းလှော်ခတ်လာကြတုန်း နောက်ထပ် ဒိုင်းကနဲ သေနတ်သံတစ်ချက်နဲ့အတူ ကိုအုန်းဖူးရဲ့နားထင်ကို ကျည်ဆန်ထိသွားတယ်။ ကိုအုန်းဖူးဟာ သွေးရူးသွေးတန်း သူ့သခင်ဆီ လူးလှိမ့်သွားပြီး အဖက် စိမ်းဘားကိုယ်မှာ သွေးတွေ ပေကုန်ပါ

တယ်။ အဲသည်လို ကြံရာမရဖြစ်နေတုန်း ကျားဗိုလ်ကိုယ်တိုင် ရှေ့တက်ပြီး ပစ်လိုက်တဲ့ကျည်ဆန်တစ်တောင့်ဟာ အရေးပိုင်စိမ်းဘားရဲ့ ရင်ဝတည့်တည့်ကို ထိသွားပါလေရော။ သည်တော့ စိမ်းဘားဟာ ကိုအုန်းဖူးအပေါ်မှာ ထပ်လျက်ကျသွားပါတယ်။ ကျန်သေးတဲ့ ဦးဘိုးတေက သတိရှိပြီး သမ္ဘာန် ရေထဲခုန်ချ သမ္ဘာန်ကိုကွယ်ပြီး ကွယ်လိုက်သွားပါတယ်။ ရေကြောင်းပြ မာဖီလည်း အသက်မရှုတန်း လှော်ခတ်နေတုန်း သူ့ပေါင်ကို သေနတ်တစ်ချက် ထိပြန်ပါလေရော။ သို့ပေမယ့် မာဖီ မသေပါဘူး။ သတိကောင်းကောင်းနဲ့ သမ္ဘာန်ကို လက်နဲ့ယက်ပြီး သင်္ဘောရှိရာ အရောက်ကူးသွားပါတယ်။ သင်္ဘောပေါ်က စစ်ဗာရီတွေက သေနတ်နဲ့ လှမ်းပစ်ပေမယ့် သေနတ်တစ်ကမ်း မမီပါဘူး။

ကျားဗိုလ်လက်ချက်နဲ့ အသက်ပျောက်ရတဲ့ အရေးပိုင်စိမ်းဘားနဲ့ ကိုအုန်းဖူးတို့အလောင်းတွေကို သင်္ဘောနဲ့ တင်ယူလာလို့ ပုသိမ်မြို့ ဆိပ်ကမ်းကို ရောက်လာကြတဲ့အခါ တစ်မြို့လုံး ကြောက်လန့်ချောက်ချားပြီး လာကြည့်သူက ကြည့်ကြ၊ နှံနဲ့ဈေးများ ချက်ချင်းပိတ်၊ ကျောင်းတွေလည်းပိတ်၊ ဆောက်တည်ရာမရဆိုသလို ဖြစ်ကုန်ကြပါတယ်။ သူတို့စိတ်ထဲမတော့ သည်လိုဖြစ်တာ ဝမ်းနည်းသူ နည်းပါသတဲ့၊ ကျားဗိုလ်တို့အဖွဲ့ဟာ ဘယ်တော့များ ပုသိမ်ကို ဝင်စီးမလဲ ဆိုတဲ့စိတ်နဲ့ ရင်တထိတ်ထိတ် ဖြစ်နေကြတယ်။ ကျားဗိုလ်တို့ရဲ့ လူ(၂၀၀)ကျော်ရှိတဲ့ အဖွဲ့ကလည်း စိမ်းဘား သေပြီဆိုတာ အမှန်သိတော့ တောပြောင်းဖို့ စီမံပြီးသားပါ။

ပုသိမ်အရေးပိုင် စိမ်းဘား ကျပြီဆိုတော့ကာ အင်္ဂလိပ်အစိုးရဟာ ငယ်ထိပ်မြွေခဲသလို ချောက်ချားပြီး ဟင်္သာတက အရေးပိုင်၊ မြည်မြို့က အရေးပိုင်နဲ့ သံတွဲက အရေးပိုင်ပါမကျန် ပြေးပေါက်ဟူသမျှ ထောင့်စေ့အောင် တပ်တောင်တာ ဗိုလ်ထုနဲ့ လူစုပြီး ကျားဗိုလ်တို့ သူပုန်တွေကို လက်မလွတ်စေနဲ့၊ အကြပ်အတည်း အမိန့်ထုတ်ပြီး စစ်တပ်ပေါင်း အများအပြားနဲ့ လိုက်လံဖမ်းဆီးဖို့ ကြိုးစားကြတယ်။ ကျားဗိုလ်ကိုလည်း အရေးပိုင်ခေါင်းဆောင်ကို ထိသွားမှဖြင့် ထွက်ပေါက်ပိတ်အောင် ဝိုင်းဝန်းကြတော့မယ်ဆိုတာ သိနှင့်ပြီးသားကပဲ။ ဘယ်လိုလမ်းက အလွတ်ရုန်းရမယ်ဆိုတာ အစီအစဉ်ရှိပြီးသားပါ။ အရပ်သားတွေ ထင်သလို ပုသိမ်ကို မဝင်ပါဘူး။ အနောက်ရိုးမတောင်ကို ခိုပြီး တောင်ခြေတစ်လျှောက်နဲ့နီးတဲ့ ရွာကြီးတွေမှာ ဝင်ပြီး စားနပ်ရိက္ခာ တောင်းကြပါတယ်။ လုယက်တိုက်ခိုက်ခြင်း မပြုပါဘူး။ ရွာတွေကလည်း တတ်နိုင်သမျှ ထောက်ပံ့ကြတာချည်း

ပါ။ သူတို့အဖွဲ့မှာ အင်အားနည်းပါးမသွားရုံမက လောင်းလှေတွေ၊ လှည်းနွား တွေတောင် အတော်တိုးလာတယ်ဆိုပဲ။

ကျားဗိုလ်တို့ဟာ ပုသိမ် သာပေါင်းမြို့အပိုင် လှေကြီးပျက်ရွာကို ဝင်စီး ကြပါတယ်။ အဲသည်ရွာက အစိုးရအလိုတော်ရိရွာ ဆိုပဲ။ အဲသည်ရွာမှာ နေသူ ပုသိမ်မြို့ ရှေ့နေကြီး ဦးလူရဲ့ယောက်ဖ သစ်တောအုပ် ဦးဖိုးစံကို သူတို့ ဖမ်းထား တဲ့လူစုထဲမှာ ပါသွားတယ်။ နောက် ဦးဖိုးစံ လွတ်လာတဲ့အခါ သူ တွေ့ကြုံရတာ တွေကို အခုလို ပြန်ပြောပြပါတယ်။ ကျားဗိုလ်တို့ တစ်နေရာကို တိုက်မယ်ဆိုရင် ခေါင်းဆောင်လုပ်တဲ့ ဘဗိုလ်က လူအားလုံး လိုက်ခွင့်မပေးဘူး။ ရွာအင်အားကို ကြည့်ပြီး ငယ်သား (၃၀) တတ်တယ်၊ (၂၀)တန်တယ် အဲလို လူခွဲပြီး ဝင်ရပါ တယ်။ တိုက်လို့ရလာသမျှ ပစ္စည်းများကိုလည်း ခေါင်းဆောင် ဗိုလ်(၄)ယောက် ကို အပ်ရပါတယ်။ တစ်ပြားတစ်ချပ်မှ ထိန်ချန်မထားရပါဘူး။ ဗိုလ် (၄)ယောက် မှ ငယ်သားတွေကို အညီအမျှ ခွဲဝေပေးဖို့ပါ။ ဒါကလည်း ဆန်တစ်ပြည်လောက် တောင် မသဒ္ဓါတဲ့ ရွာမျိုးအတွက်သာ လုပ်တာဖြစ်ပါတယ်။ ပေးပေး မပေးပေး ဘယ်လိုရွာမျိုးကိုမှ ညှင်းဆဲနှိပ်စက်သတ်ဖြတ်ခြင်းဆိုတာတော့ လုံးဝ မလုပ်ကြပါ။ လှေကြီးပျက်ရွာကို ဝင်စီးပြီး ရွာသားတွေကို စုဝေးစေပြီးမှ ကျားဗိုလ်က မင်းတို့ ငါတို့ကို ကူညီပါ။ ငါတို့ဟာ ရွှေမြို့တော်ကြီးက အဖွဲ့များနဲ့ ဆက်သွယ်မိတဲ့အခါ အခွင့်သာအောင် ကြံစည်ဆဲဖြစ်တယ်။ မဆက်မိခင် တတ်နိုင်သရွေ့ ထောက်ပံ့ ကြပါ။ ငါတို့အကြံအောင်ရင် မင်းတို့ထောက်ပံ့သမျှ ထက်ဆယ်တံပိုးမက ပိုရပါ စေ့မယ်" လို့ ဟောပြောသိမ်းသွင်းပါတယ်။

သည့်နောက် ကျားဗိုလ်တို့က ပထမ ဖမ်းဆီးထားတဲ့လူစုကို ဘယ်လိုမှ မနှိပ်စက်ခြင်းအတွက် ဝံသာနုဓါးပြတွေပဲလို့ ကြည်ညိုကြတဲ့အတိုင်း ဆန်တင်မက အဝတ်အထည်၊ စောင် စတာတွေကိုတောင် ဝေမျှပေးကမ်းကြပါသေးတယ်ဆိုပဲ။ အဲသည်ညမှာပဲ တစ်ဖက်နဲ့တစ်ဖက် စိတ်ချယုံကြည်ကြလေတော့ အဲသည်ရွာက ဇရပ်ကြီးတစ်ဆောင်မှာ မီးထိန်လောက်အောင်ထွန်းပြီး ပျော်ပွဲစားပွဲ လုပ်ကြရာ မှာ ရွာသားတွေကပါ ဝိုင်းဝန်း ချက်ကြ ပြုတ်ကြ ကူညီကြပါသေးတယ်။

သည်နေရာမှာ အတိုက်အခိုက် အထိုးအပစ်တွေနဲ့ စိတ်နှလုံး ချောက်- ချားစရာတွေချည်း ကြားသိ တွေ့မြင်ခံစားနေကြရတဲ့အတွင်း ငိုအားထက် ရယ် အားသန် ရစေတဲ့ ဖြစ်ရပ်ကလေး ကြုံရပုံကိုလည်း ချန်မထားသင့်ဘူးထင်မိလို့ ပြောပြပါရစေဦး။

စပါးတင်း (၁၄၀၀)ပါတဲ့ စပါးလှေကြီးတစ်စင်းဟာ ပုသိမ်မြို့က ဆန်စက်ကြီးတစ်စက်ကို ရေမီ ဆိုက်နိုင်ဖို့ စုန်လာပါတယ်။ လှေကြီးပျက်ရွာကို မြင်သာတဲ့နေရာရောက်တော့ လှေထိုးသားတစ်ယောက်က- လှေသူကြီး၊ ကျုပ်တို့လဲ လမ်းလမ်းကို ခေါက်တုံ့ခေါက်ပြန် လိုက်ဖူးတယ်။ ဟောသည် လှေကြီးပျက်ဆိုတဲ့ရွာဟာ ခုလို ရာသီမျိုးမှာ ထမနဲ ထိုးတတ်တဲ့ရွာပါ။ ဟော-ဟိုမှာ လှေသူကြီးမြင်လား၊ ဇရပ်ပေါ်မှာ ထမနဲထိုးနေလိုက်ကြတာ ဖြစ်မယ်။ ကျုပ်တို့လှေ ခဏကပ်ပါရစေ။ ပုသိမ်ကို ရေမီရောက်ရင် ပြီးရောပ။ သည်စကားကို သဘောတူတဲ့လှေသူကြီးက လှေဦးတည်ကြီး ကမ်းကပ်ပေးလိုက်ပါလေရော။

ကျားဗိုလ်တို့တပ်က ကင်းစောင့်တွေဟာ သေနတ်ထောင်ကိုင်ပြီး ဆင်းလာကြ၊ လှေသမားတွေ အကုန်ဆင်းခဲ့ ဆိုပြီး မှာ၊ လှေပေါ်ပါလာတဲ့ ငပိ၊ ငါးခြောက်၊ ဧရာတ်ကြက်သွန်တွေကို သိမ်းကြုံးချယူပြီးမှ အားလုံးကိုဖမ်းပြီး ကျားဗိုလ်ရှေ့ရောက် ခေါ်သွားပါတယ်။ ကျားဗိုလ်က မင်းတို့ ဆန်တစ်ပြည်ငွေ တစ်မတ်ကျစီ ပေးနိုင်သလား မေးတော့ မပေးနိုင်ကြောင်း ပြန်ပြောကြပါတယ်။

ကျားဗိုလ်က 'ဒါဖြင့် ကောင်းပြီ။ မင်းတို့ကိုတော့ ခရီးသယ်တွေမို့လို့ ချမ်းသာပေးမယ်။ ဒါပေမဲ့ မင်းတို့လူမိုက်တွေပဲ။ ပုသိမ်ကို အချိန်မီရောက်ဖို့အရေးတော့ မတွေးမထောက်။ အစားကလေးတစ်လုပ်နဲ့ မိုးချုပ်ကြီးမှာ အချိန်ဖြုန်းဝင်လာကြလို့ အခု ငါတို့နဲ့တွေ့ပြီ။ ဟေ့ - လှေသူကြီးဘယ်သူလဲ' မေးပြီး 'လှေသူကြီးကို ကျောသုံးချက်ထောင်း၊ လှေထိုးသားတွေကို နှစ်ချက်စီထောင်းလွှတ်လိုက်ကြ'လို့ အမိန့်ပေးတော့မှ ကျားဗိုလ်တပ်မှန်း သိကြရပြီး ကြောက်ဒူးတုန်ကုန်ကြပြီး ကျုပ်အရင် ထောင်းပါ၊ သူ့အရင်ထောင်းပါနဲ့ ဒေါ်ကြ အထောင်းခံရပြီး သူတို့လည်း လှေရှိရာကို အူယားဖားယားပြေးကြနဲ့၊ ကြောက်စရာရှိတော့လည်း သူတို့မြင် မရှိဆိုစရာပါပဲ။ အားလုံး လှေပေါ်ရောက်ကြတော့လည်း ဘာမှသတိမရ၊ မွန်ထူပြီး လှေကြီးကိုသာ အတင်းနင်းကန် လှော်ခတ်နေကြတယ်။

လှေကတော့ လှော်ကားလှော်၏၊ လှေမပြေး ဆိုတာ သည်နေရာမှာ တကယ်ဖြစ်နေပါပြီ။ တစ်တောင်တစ်မိုက်မှ နေရာမ မရွေ့ပါဘူး။ သည်အဖြစ်ကို ကျားဗိုလ်ရဲ့ကင်းစောင့်က တွေ့ပြီး မြင်ပြင်းကပ်လာတာနဲ့ ကြိုးကို ဓားနဲ့ခုတ်ဖြတ်ပေးလိုက်တယ်လေ။ လှေသမားတွေ ဖိန့်ဖိန့်တုန်ပြီး ကြိုးမဖြုတ် ကျောက်မနှုတ်မိကြတာကိုး။ လှေကြီး မြစ်လယ်ရောက်တော့ လှေသူကြီးလုပ်သူက 'တန်

ပါကွာ၊ မင်းတို့နဲ့များဖြင့် တစ်ခေါက်ထဲနဲ့ ဆယ်တံပိုး ဖြတ်မယ်ဆိုတောင် ငါ မခေါ်တော့ဘူး' လို့ ကြိမ်းပါလေရော။ 'အခု ကြည့်စမ်း. . . ထမနဲစားချင်တဲ့ ဟိုအကောင် လိမ္မာလိုက်ပုံ ကံကောင်းလို့ အသက်မသေတယ်' လို့ပြောတော့ ဟိုအကောင်ကလည်း ခေါင်းငုံ့မခံသေးဘူး။ 'တော်စမ်းပါ လေ့သူကြီးရယ်။ ခင်ဗျားလဲ စားချင်လို့ပဲ ကမ်းကပ်ပေးတာပဲဟာ။ ကျုပ်တို့ချည်း လွှဲမချပါနဲ့' လို့ ပြန်ပြောနဲ့ ငိုချင် ရယ်ချင် ဖြစ်သွားကြ ဆိုပဲ။

စိမ်းဘားကို အသေသတ်နိုင်တဲ့ ကျားဗိုလ်လို့ သတင်းကြီးလာလို့ ထင်ပါရဲ့။ ငယ်သားတွေ တိုးလာလိုက်တာ လူ(၄၀၀)လောက်နဲ့ မြင်း၊ လှည်းနွားတွေပါ ပေါလာပါတယ်။ သို့ပေမယ့် ဘဗိုလ်၊ ကျားဗိုလ်တို့က ပါးတယ်။ လူတိုးတိုင်း လက်မခံဘူး။ နောက်ရန်က မအေးဘူးဆိုတာ သိနေတာကိုး။ နောက် အဲသည် နယ်အစွန်ဆုံးမှာ တပ်ချနေတဲ့ ပန်ချာဘီတပ်ကို ဓားစွမ်းပြ ဝင်မွှေအပြီးမှ မိမိ အလိုရှိရာ တိမ်းကြလို့ တပ်ဖျောက် လူစုခွဲလိုက်ကြပါတယ်။

အဲဒါ နှစ်ပေါင်း (၄၀)ကျော်လောက်ရှိပါပြီ။ ဒါတောင် အခုထက်ထိ ဘဗိုလ်၊ ကျားဗိုလ်၊ ဗျိုင်းဗိုလ်၊ စိန်ဘယက်ဗိုလ်တို့ လေးဦးစလုံး ဖမ်းဆီးရမိတယ်လို့ သတင်းမကြား မသိရပါဘူးလို့ သေကံမရောက် သက်မပျောက်ခဲ့ရတဲ့ အမှုလိုက် ဦးဘိုးတေက ပြောပြပါတယ်။ အဲသည် ဦးဘိုးတေပုံနဲ့ စိမ်းဘားရဲ့ သချိုင်းကို ဓာတ်ပုံများပါ ဖော်ပြလိုက်ပါတယ်။

ရည်ညွှန်း။ ။

၁၂၉၉ ခု၊ တပို့တွဲလ (ခရစ်နှစ် ၁၉၃၈ ခုနှစ်၊ မတ်လထုတ်) သူရိယမဂ္ဂဇင်း။ ဗိုလ်ကြီး ရေး၊ ကုလားကြီးတက်စဉ်က ဆောင်းပါး။

## ရွှေဘိုနယ်ဘွား စာပေသူရဲကောင်း ဦးဖြိုးမို

အောင်မြေဗဟိုရ် ပြည်ရွှေဘိုဒေသသည် အလောင်းမင်းတရားကြီး (ငယ်မည် ဦးအောင်ဇေယျ)၏ ဘုန်းလက်ရုံးစွမ်းပကားကြောင့် ကုန်းဘောင်နေမိုး ထိန်ထိန်ညီးသော ခေတ်တစ်ခေတ်ကို ထူထောင်နိုင်ပြီးလျှင် သားတော်အစဉ်၊ မြေးတော်အဆက်၊ တစ်နည်းဆိုရသော် မြန်မာ့ပဒေသရာဇ်မင်းဆက်ကို နှစ်ပေါင်း (၁၃၂)နှစ်တိုင် ပိုမို၍ အခွန့်ကြာရှည် တည်မြဲစေခဲ့ကြောင်း အများသူငါ သိပြီးဖြစ်ပါ၏။

ရွှေဘိုမြို့သည် ကုန်းဘောင်မင်းရိုး အမှတ် (၁) အလောင်းမင်းတရားကြီးလက်ထက်တော်တွင် (၈)နှစ်။ မင်းဆက်အမှတ် (၁၀) မင်းတုန်းမင်းနန်းတက်စတွင် (၈)လမျှ ထီးစိုက် နန်းစိုက် မင်းနေပြည်မြို့တော်အဖြစ် လျှမ်းလျှမ်းတောက်ခဲ့သည့် ဒေသဖြစ်လေသည်။ ထို့ကြောင့် ရာဇဝင်တွင် ထင်ရှားသော၊ အစဉ်အလာကြီးသော၊ ဝယ်ယူ၍မရနိုင်သော သမိုင်းဂုဏ်အတိရှိသည့် ဒေသအမှန်ပင်တည်း။ သို့လျှင် ရှေးအတိတ်က တဖိတ်ဖိတ်ထွန်းတောက်ခဲ့လေသော တံခွန်စိုက်ပြည်ရွှေဘိုတွင် သူရဲကောင်းအမျိုးမျိုး ပေါ်ထွန်းခဲ့ပါသည်။

ရတနာပုံစာအုပ်တိုက်

သူရဲကောင်း ဆိုသည်မှာ -

"မိမိဆိုင်ရာ ကာယ ဉာဏ လုပ်ငန်းတွင် သူတစ်ပါး မစွမ်းဆောင်နိုင်သည့် အရာမျိုးကို ထူးချွန်စွာ စွမ်းဆောင်နိုင်သူဖြစ်သည်" ဟူ၍ အနက်ဖွင့်သော် သင့်လိမ့်မည်ထင်ပါသည်။ သို့ဖြစ်လျှင် စစ်မှုထမ်းသူတိုင်း စစ်သူရဲကောင်း မဖြစ်နိုင်သကဲ့သို့ စာရေးသူတိုင်းလည်း စာပေသူရဲကောင်း မဖြစ်နိုင်ချေ။ ထိုပညတ်ဖြင့် ထိုက်တန်သူမှသာလျှင် ထိုစာရင်း ဝင်နိုင်ပါလိမ့်မည်။

ပြည်ရွှေဘိုဒေသကား စစ်သူရဲကောင်း၊ စာပေသူရဲကောင်း အခေါ်ခံထိုက်သူများ ပေါ်ထွန်းရာ ဘူမိနက်သန်အောင်မြေ မှန်လှသည်။ ဤဆောင်းပါးတွင် စစ်သူရဲကောင်းကိုချန်လှပ်ပြီး ဤခေါင်းစဉ်ဖြင့် ဆိုင်ရာ စာပေသူရဲကောင်း အကြောင်းများကိုသာ ဆိုပါမည်။ စင်စစ် မည်သည့်အကြောင်းရပ်ကို လေ့လာသည်ဖြစ်စေ အထက်ထက်က သမိုင်းကြောင်းကို အခြေခံ၍ လေ့လာမှသာ စနစ်တကျရှိ၍ ပြီးပြည့်စုံတန်သရွေ့ ပြည့်စုံပါလိမ့်မည်။ ထို့ကြောင့် မြန်မာမင်းများလက်ထက်တော်မှ ယနေ့ခေတ်အထိ တံခွန်စိုက်ထင်ရှားသူ ရွှေဘိုနယ်ဘွား စာပေသူရဲကောင်းများအကြောင်းကို ကျွန်မ ဆည်းပူးမှတ်သားမိသမျှ ဖော်ပြပါမည်။ သို့ ဖော်ပြရာ၌ မြန်မာ့ရိုးရာဂါရဝမူအတိုင်း ရှေးဦးစွာ ရဟန်းပုဂ္ဂိုလ်များက စတင်ရေးသားရပါမည်။

နိုင်ငံ၏ ထက်အောက်နံလျား ထင်ရှားကျော်ကြားသော ရွှေဘိုနယ်ဘွား ဆရာတော်ကြီးများအနက် ကျွန်မ လေ့လာတွေ့ရှိသမျှမှာ -

(၁) မဟာဗိုလ်ဆရာတော် - မဟာဗိုလ်ရွာ ဇာတိ။

(၂) ကြေးသီးကုန်းဆရာတော်၊ ပထမမင်းပေးဘွဲ့ -

'အသျှင်ဉာဏာဘိလင်္ကာရ ကဝိဓဇ မဟာဓမ္မ ရာဇဂုရု'

ဒုတိယမင်းပေးဘွဲ့ -

'အသျှင်ဉာဏာဘိဓဇ သီရိပဝရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု'

မဟာဗိုလ်ဂိုဏ်း၏ ဥက္ကဋ္ဌ၊ ကြေးသီးကုန်းရွာဇာတိ။

(၃) သီလုံးဆရာတော် 'အသျှင် စန္ဒာဘိသီရိကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု'

(၄) လှထွေဆရာတော် 'အသျှင်ဝိရိယာရ မ္မာဇဒသာသနာပါလမဟာဓမ္မရာဇာဓိရာဇဂုရု'

(၅) ရွှေကျင်နိကာရသာသနာပိုင် ပထမဆရာတော် အသျှင် ဇာဂရ၊ ရွှေကျင်ရွာဇာတိ။

(၆) ရွှေကျင်နိကာယသာသနာပိုင် တတိယဆရာတော်၊ ဒီပဲရင်းမြို့ဇာတိ။
(၇) လယ်တီဆရာတော် အသျှင်ဉာဏ၊ စိုင်ပြင်ကြီးရွာဇာတိ။
(၈) အောင်မြေဆရာတော် အသျှင်ကုမာရ၊ အင်ကြင်းပင်ရွာဇာတိ။
(အင်ကြင်းပင်ဆရာတော်၊ ဝေဘူတောင်ဆရာတော်ဟုလည်း ကျော်ကြား ပါသည်။)
(၉) မဟာစည်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အသျှင်သောဘဏ၊ ဆိပ်ခွန်ရွာဇာတိ။
(၁၀) မဟာဂန္ဓာရုံဆရာတော် အသျှင်ဇနကာဘိဝံသ၊ သပိုင်ရွာဇာတိ။
(၁၁) ပထမမုန့်တိုင်ပင်ဆရာတော် အသျှင် ဝံသပါလ၊ ရေဦးမြို့နယ်၊ မုန့်တိုင်ပင်ရွာ။

အထက်ပါဆရာတော်ကြီးများအနက် ဓမ္မကျမ်းစာအုပ်အများအပြား ရေးသားခဲ့ကြသော ဆရာတော်က အများစုဖြစ်ပါသည်။ ဆရာတော်အချို့တို့၏ မင်းပေးဘွဲ့များရှိဦးမည်ဖြစ်သော်လည်း ကွန်မ မသိရသေး၍ မဖော်ပြနိုင်ပါ။ ထို့အပြင် ဤစာရင်းပါ ဆရာတော်ကြီးများအပြင် အခြားဆရာတော် စာပေ သူရဲကောင်း ရှိဦးမည် အမှန်ဖြစ်သည်။ အချိန်မီ မသိ၍ မဖော်ပြနိုင်ပါ။ ဖော်ပြ ပြီး ဆရာတော်ကြီးများ စာရင်းတွင်လည်း ပေါ်ထွန်းမှု သက္ကရာဇ်အစဉ်အတိုင်း မဟုတ်ပါ။ ဆည်းပူးမိသရွေ့ တင်ပြရခြင်းဖြစ်ပါ၏။

သို့ဖြစ်လေရာ မြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓဘာသာသမိုင်း ရေးသား ပြုစုမည်ဆိုပါက အထက်စာရင်းပါ ရွှေဘိုနယ်ဘွား ဆရာတော်ကြီးများမှ ကင်း ၍ မဖြစ်နိုင်ပါ။ လောကုတ္တရာ စာပေသူရဲကောင်း ရဟန်းတော်များကို ဖော်ပြ ပြီးနောက် လူပုဂ္ဂိုလ် လောကီ လူမှုရေးစာပေသူရဲကောင်းများအကြောင်းကို ဆက်လက်ဖော်ပြပါမည်။ ရွှေဘိုနယ်ဘွား စာပေသူရဲကောင်းကြီးများမှာ
(၁) အမတ်ကြီး ဦးပေါ်ဦး - တန့်ဆည်ရွာဇာတိ။
(၂) ရွှေတိုက်စိုး ဇေယျကျော်သူဘွဲ့ရ ရကန်ဆရာ ဦးတိုး - စိုင်နံ့ရွာဇာတိ။
(ဆောင်းပါး မောင်တိုး ဟုလည်း ကျော်ကြားသည်)
(၃) မြောင်လှမြို့စား သိရိမဟာဇေယျသူဘွဲ့ရ သံတော်ကြီး ဦးဖြိမ့်။ ခွန်တောင်းကြီးရွာဇာတိ။
(၄) လက်ဝဲသုန္ဒရအမတ်ကြီး ဦးမြတ်စံ - ရွှေဘိုတောင်လက် မန်ကျည်းတုံရွာ။
(၅) ဆရာကြီး ရွှေဥဒေါင်း ဦးဖေသိန်း - ရွှေဘိုတောင်လက် မန်ကျည်းတုံရွာ။

ကျွန်မ မှတ်သားမိသရွေ့သာဖြစ်ပါသည်။ အခြား စာပေသူရဲကောင်းများ ကျန်ရှိနိုင်ပါသည်။

အထက်စာရင်းပါ စာပေသူရဲကောင်း ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် (၁၆)ဦး လုံး၏ စာပေနှင့်သက်ဆိုင်သမျှအားလုံး တင်ပြရန် မဖြစ်နိုင်ပါ။ ဤအကြောင်းရပ်မှာ စာအုပ်တစ်အုပ်ရေးမှသာ ပြည့်စုံကောင်း ပြည့်စုံပါမည်။ ထို့ကြောင့် ဆိုခဲ့သော စာပေသူရဲကောင်းများအနက် ခွန်တောင်းကြီးရွာသား မြောင်လှမြို့စားသံတော်ကြီး ဦးဖြိုးမှ် တစ်ဦးတည်း၏ ဘဝနှင့် စာပေဆိုင်ရာအကြောင်းရပ်များကိုသာ ဆောင်းပါးနှင့်တန်ရုံမျှ ရွေးထုတ်တင်ပြပါမည်။

ရွှေဘိုနယ်ဘွား သံအမတ်ကြီး ဦးဖြိုးမှ်။

ဦးဖြိုးမှ်ကား ခွန်တောင်းကြီးရွာသားတည်း။ ခွန်တောင်းကြီးရွာသည် ရွှေဘိုမြို့၏ မြောက်ဘက်(၇)မိုင်ခန့် ကွာဝေးပါသည်။ ဦးဖြိုးမှ်၏မိဘမည်ရင်းနှင့် ဘွားသက္ကရာဇ်ကို ကျွန်မ ရှာဖွေ၍မရသေးပါ။ သို့သော် ဖြစ်တန်ရာအနေဖြင့် ခန့်မှန်းရန် အချက်အလက်များကား ရှိတန်သရွေ့ ရှိပါ၏။

ရွှေဘိုနယ်ဘွား ပီသစွာ ထွားကျိုင်းခန့်ညားသော ကိုယ်ခန္ဓာနှင့်တကွ ကျက်သရေရှိသော အင်္ဂါရုပ်ပိုင်ရှင် ဖြစ်ပါသည်။ (ဦးဖြိုးမှ်၏ အီတာလျံသွား မှတ်တမ်းစာအုပ်မှ ဓာတ်ပုံအရ သိရခြင်းဖြစ်သည်။) မင်းတုန်းမင်းနှင့် သီပေါမင်းတို့၏ ရတနာပုံခေတ်တွင် နှစ်ပေါင်း(၃၀)ခန့် မင်းမှုထမ်းခဲ့သူဖြစ်သည်။ မင်းတုန်း-မင်းလက်ထက်တော်၌ ပထမဆုံး သူ၏ မင်းမှုထမ်းဘဝ စတင်ထမ်းဆောင်ရာ လဘက်ရည်တော်သားအရာ ဖြစ်ပါသည်။ ထိုအချက်ကိုထောက်၍ သူ၏ မျိုးရိုးဇာတိကို အကဲခတ်နိုင်ဖွယ်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ဘုရင့်အပါးတွင် အနီးကပ်ခစား ထမ်းဆောင်ခွင့်ရသော လဘက်ရည်တော်သား မည်သည်မှာ အဆင့်မနိမ့်လှသော မင်းမှုထမ်းမျိုးရိုးမှ လာသူမှသာလျှင် ရနိုင်သော အရာဖြစ်ခြင်းကြောင့်ပင်။ ထို့အပြင် ပကတိ ကျန်းမာသန့်ရှင်းပြီး စင်ကြယ်သော ဥပမိရုပ်ရှိဖို့လည်း လိုအပ်ပါသေးသည်။ ထို့ကြောင့် ဦးဖြိုးမှ်ကား မျိုးရိုးကောင်းပြီး အင်္ဂါရုပ်သန့်သူဟု မှတ်ယူရပါမည်။

ဦးဖြိုးမှ် ရယူပိုင်ဆိုင်ခဲ့သော မင်းပေးဘွဲ့များမှာ -

(၁) နေမျိုးဇေယျသူ။ လက်ဦးဆုံးရသည့် ငယ်မည်ပျောက်ဘွဲ့။

(၂) မင်းလှဇေယျသူ။ အင်္ဂလန်သွားသံအဖွဲ့တွင် စာရေးတော်ကြီးအဖြစ် လိုက်ပါရစဉ်က ခံယူရသောဘွဲ့။

(၃) မြောင်လှမြို့စား ဝန်ထောက်တော်မင်းကြီး သီရိမဟာဇေယျသူ။ သံလတ်အဖြစ် ပြင်သစ်ပြည်သွားခရီးမှအပြန်။ ၁၂၃၆ ခုနှစ်တွင် ချီးမြှင့်ခြင်းခံရသောဘွဲ့။

ယင်းဘွဲ့မည်များကို ခံယူရရှိပြီးနောက် ဦးမြိမ့်သည် ထိုနှစ်တွင်ပင် အိန္ဒိယပြည်သွား သံအဖွဲ့တွင်လည်းကောင်း၊ ထို့နောက် ၁၂၃၇ ခုနှစ်တွင် အီတလီ၊ ပေါ်တူဂီ၊ စပိန်နိုင်ငံများသို့ သွားရောက်ရသော သံအဖွဲ့တွင်လည်းကောင်း အဖွဲ့ခေါင်းဆောင်သံတော်ကြီးအဖြစ် တာဝန်ယူ၍ သွားခဲ့လေသည်။

ထိုခေတ်ကာလက ကင်းဝန်မင်းကြီး (ငယ်မည် ဦးကောင်း) သည် သံတော်ကြီးအဖြစ် သွားရောက်ခဲ့လေသော ဥရောပခရီးတွင် အင်္ဂလန်သွားမှတ်တမ်း၊ ပြင်သစ်ပြည်သွားမှတ်တမ်းများကို ရေးဖွဲ့ပြုစုသကဲ့သို့ ဦးမြိမ့်သည်လည်း မှတ်တမ်းစာများ ရေးဖွဲ့ခဲ့သူဖြစ်ပါ၏။ ယင်းသံတော်ကြီးနှစ်ဦးတို့သည် သွားရောက်ခဲ့ရသော အနောက်ဥရောပနိုင်ငံအတွေ့အကြုံများအား သူ့နည်းဖြင့်သူ မှတ်တမ်းတင်ခဲ့ကြရာတွင် စာအဖွဲ့အားဖြင့်မူ မတူကြပါ။ ကင်းဝန်မင်းကြီးက စကားပြေသက်သက်၊ ကာရန်စကားပြေနှစ်ထွေရော၊ လေးချိုးသံဖြန့် စသဖြင့် မှတ်တမ်းပြုခဲ့သည်။

ဦးမြိမ့်ကမူကား စကားပြေသက်သက်ဖြင့် ရေးသည်ကို မတွေ့ရပါ။ ရကန်အသွားဆန်ဆန်တွင် ကာရန်မိမိ၊ အာဝဇ္ဇန်းရွှင်ရွှင်၊ ဝေါဟာရကြွယ်ကြွယ် စကားတန်ဆာဆင်ပြီး ရေးဖွဲ့ခဲ့ပေသည်။

ဤနှိုင်းယှဉ်ချက်အဆိုကို သဘောပေါက်စေရန် ယင်းတို့နှစ်ဦးစလုံး၏ စာများကို ယှဉ်တွဲလေ့လာရန် ဖော်ပြဖို့လိုပါသည်။ ယင်းတို့၏ စာပေလက်ရာနှစ်မျိုးကို စာမြည်းအဖြစ် ကြည့်ကြပါ။ အနောက်နိုင်ငံသွား ပင်လယ်ကူးသင်္ဘောစီးခရီး၌ ဆောက်တည်ရာမရအောင် ပင်လယ်လှိုင်းမူးကြပုံ အတွေ့အကြုံ တစ်မျိုးတည်းကိုပင် အသီးသီး စာဖွဲ့ဆိုကြရာ စာဟန်မတူပုံကို တင်ပြပါမည်။

ကင်းဝန်မင်းကြီး၏ ပင်လယ်လှိုင်းမူးပုံ။

"ပင်လယ်အလုံး ရှိုက်ရှိုက်တုန်လျက်၊ တောင်ရှိဘနန်း မောက်လျှမ်းဝှန်တက်၊ လှိုင်းရောဂယက်တို့ တိုင်းထက်အလွန် ထသတည်း။ ထိုအခါ အလွန်ခိုင်ခန့်လှသော 'စင်း' ခေါ်သည့် မီးသင်္ဘောကြီးသည် သက်တုံ့တက်တုံ့ခုန်၍ ရှေ့နောက် ဦးဆောက်ကျွမ်းပြန် လှုပ်သည်။ လူးတုံ့လဲတုံ့ မကြုံစေတောင်းစွာ၊ သွက်သွက်ခါလျက် ဝဲယာနံတောင်း၊ စောင်း

၍လှုပ်သည်။ ကြောက်ပါးလိခမန်း၊ ပင်လယ်ကြမ်းတုန်းတွင် ရှောင်ရန်ထူးထွေ၊ မူးဝေကျွမ်းပြန် ဖြစ်ကြဟန်များကို . . . . . . ."

ဦးဖြိုး၏ ပင်လယ်လှိုင်းမူးပုံ။
"လေကြမ်း ရေကြမ်း၊ ပြင်ပြည့်လျှမ်းငယ်တွင်၊ ကမ်းလမ်းမြင် မသိဘူး။ ကသီကရီလှိုင်းကာငုပ်၊ မီးသင်္ဘောစက်၊ ပြန့်ဘောင်ဘင်သွက်ထဲတွင်၊ ရောက်ရက်ခတ်ကြီးလှုပ်သော်၊ စက်ဆုပ်ရွံရှာဖွယ်စတောင်း။ မူးဝေပြောင်းပြန်၊ ကျွမ်းဆောက်ပြန်ကြီးငယ်၊ နေထိုင်ရန်ခက်ခနေခင်းမို့၊ လျောင်းလျက်စောင်းလျက် မထနိုင်၊ သုံးရက် လေးရက် လှိုင်းဂယက်ကယ်က၊ ဝုတ်ဆက်ကို နှိမ်၍ကိုင်သို့၊ အနိုင်ပ အနိုင်ထ၍ဆို၊ ဆန့်လက်ရှန်းတန်း၊ နှင် သောင်းကျန်းသလား၊ ငါမှန်းမသိသေးလို့ကိုဟု၊ ကြိမ်း၍များဆိုသော်လည်း နဂိုတလဲလဲ၊ အိရှိုင်း အိရှိုင်း သွက်ကျယ်လှိုင်းကြီးငယ်၊ တိုင်းထက်အလွန်သဲခဲ့၊ ထိုကလွဲ၍ တကွဲချင့် စိတ်ကြိုက်၊ တိုးတိုးသာသာ၊ တဆိတ်ကယ် ငြိမ်စမ်းပါဟု၊ ချော့ရာသို့လည်း သူမလိုက်ဘူး။ ပင်လယ်မိုက်ကြီး ထုံပေပေ. . . . . . . ."

ကြည့်ကြ၊ ရှုကြပါတော့။ ဖြစ်ရပ်တစ်ခုတည်းကိုပင် မူမတူ ခြားနားစွာ ရေးဖွဲ့ထားသည်များကို ဖော်ပြပြီးပါပြီ။ တစ်ဦးစီ၏စာဟန်ကို အကဲခတ်နိုင်ကြပါပြီ။

အဖွဲ့အဆိုအားဖြင့် စာကောင်းချည်းဖြစ်သော်လည်း ကောင်းပုံကောင်းနည်း တစ်မျိုးစီဖြစ်သည်။ ကင်းဝန်မင်းကြီး၏စာဟန်မှာ အရှိအတိုင်း၊ ဓာတ်ပုံရိုက်ကူးသကဲ့သို့ ရေးဖွဲ့ထားခြင်းကို တွေ့နိုင်ပါသည်။ ဦးဖြိုး၏ စာဟန်မှာမူ မျက်မြင်ကိုယ်တွေ့အား အခြေခံကာ ပန်းချီစုတ်ချက်ဆွဲပြဘိသကဲ့သို့ ဝေဝေဆာဆာ စကားတန်ဆာဆင်ပြီး ရေးဖွဲ့ထားခြင်းကြောင့် ဖတ်ရှုရာတွင် ပိုမိုပြီး သရုပ်ပေါ်သည်၊ အသက်ဝင်သည်ဟု ထင်မိပါသည်။

ဤနေရာတွင် ကျွန်မအဖို့ တွေးလုံးတစ်ခု ဝင်လာပါသည်။ ယင်းအတွေးမှာ ပြည်ပခရီးသွားမှတ်တမ်းကောင်းချည်းနှင့်နှင့် ဖြစ်ပါလျက် ကင်းဝန်မင်းကြီး၏ လန်ဒန်သွားမှတ်တမ်းကဲ့သို့ ဦးဖြိုး၏ အီတာလျံသွားမှတ်တမ်းသည် နာမည်ထင်ရှားခြင်းမရှိ၊ သို့ဖြစ်ရသည်မှာ အဘယ်ကြောင့်ပါနည်း။ ဤအကြောင်း ဤတွေးလုံးအတွက် အဖြေရှာကြည့်သော်၊ ဖြစ်နိုင်သည့် အဖြေမှာ -

ကင်းဝန်မင်းကြီး၏ မှတ်တမ်းစာမူသည် အင်္ဂလိပ်အစိုးရလက်ထက်တွင် ပုံနှိပ်ခွင့်ရပြီး စာအုပ်ဖြစ်လာကာ ပြည်သူ့လက်သို့ ရောက်လာသည်။ ဦးဖြိုး၏ မှတ်တမ်းစာမူမှာကား အင်္ဂလိပ်အစိုးရလက်ထက်တွင် ပုံနှိပ်ခွင့် မကြုံရပေ။ တိမ်မြုပ်နေခဲ့ရသည်။ ဦးဖြိုးကိုယ်တိုင်လည်း အင်္ဂလိပ်အစိုးရထံတွင် ရာထူးယူပြီး အမှုထမ်းခဲ့ဟန် မရှိချေ။ မကြားရချေ။ မြန်မာ့လွတ်လပ်ရေးခေတ်တိုင် ရောက်ခါမှသာ 'အီတာလျံသွားမှတ်တမ်း' အဖြစ် ပုံနှိပ်စာအုပ်ဘဝသို့ ရောက်လာတော့သည်။ ဤအကြောင်းသည်ပင်လျှင် စာပေဂုဏ်မြောက်သော်လည်း လူထုလက်သို့ အရောက်နောက်ကျခြင်း၊ လူသိနည်းခြင်း ဖြစ်တန်ရာသည်။

ယခု ယင်း သံတော်ကြီးနှစ်ဦး၏ လက်ရာအသီးသီးကို ယှဉ်တွဲ တင်ပြပြီးနောက် တစ်ဖန် ဦးဖြိုး၏ လက်ရာသက်သက်ဖြစ်သော မေတ္တာစာတစ်ပုဒ်ကို ဖော်ပြပါဦးမည်။

"နှိုင်းမတုထိုက်အောင်၊ သိုင်းကရှုလိုက်ပါကြောင်း" ဆိုသော စကားလုံးကလေးကို စာဖတ်သူများ သိပြီးသားဟု ထင်ပါ၏။ ကျွန်မတို့ ငယ်စဉ်ကမူ ဤစကားလုံးကို ကင်းဝန်မင်းကြီး၏ အာဝဇ္ဇန်းတစ်ခုအဖြစ် ရယ်ကာ မောကာ သုံးစွဲပြောဆို မှားခဲ့မိဖူးသည်။ စင်စစ် ထိုစကားသည် ကင်းဝန်မင်းကြီး၏ လက်ရာမဟုတ်ချေ။ "နှိုင်းမတုထိုက်အောင် သိုင်းကရှုလိုက်ပါကြောင်း" စကားလုံး၏ ဖန်တီးရှင်ကား ဦးဖြိုး ဖြစ်ပါသည်။

ကင်းဝန်မင်းကြီး၏ လန်ဒန်မြို့သွား နေ့စဉ်မှတ်တမ်းစာအုပ် ဒုတိယတွဲ စာမျက်နှာနံပါတ် (၅၄၇) တွင် ဖော်ပြထားသော မေတ္တာစာရေးသူမှာ စာရေးတော်ကြီး မင်းလှဇေယျသူ ဟူ၍ အထင်အရှား ပါရှိသည်။ မင်းလှဇေယျသူဘွဲ့ရ ဦးဖြိုးသည် အနောက်ဥရောပ ရောက်နေစဉ် မြန်မာနိုင်ငံ မန္တလေး နေပြည်တော်ရှိ မိတ်ဆွေများထံရေးပို့သော စာထဲတွင် ပါရှိခြင်းဖြစ်ပါ၏။ ကင်းဝန်မင်းကြီး၏စာအုပ် နောက်ဆုံးပိုင်းတွင် ပါရှိခြင်းကြောင့် ကင်းဝန်မင်းကြီး ရေးသည့်စာဟု သာမန်ကာ လျှံကာ အမှတ်လွဲမှားနေကြခြင်းသာ ဖြစ်တန်ရာသည်။ ထိုနေရာတွင်ပါရှိသော မေတ္တာစာလေးစောင်အနက်မှ တစ်စောင်ကို အစအဆုံး ဖော်ပြပါမည်။

သက္ကရာဇ် ၁၂၃၄ ခု၊ နတ်တော်လဆန်း ၅ ရက်နေ့၊ မြင်သစ်နိုင်ငံ ပါရီမြို့ ဒလူးဟိုတယ်တိုက်တွင် ရေးသည့် မေတ္တာစာ။

ခုရှစ်ဆယ်ခ၊ ရာယာမဟု၊ ညြဒိသအပြား၊ ရောပိသအများ၊ နော ကြိတ်ရအပွားတွင်၊ ပိုင်းခြားမွေနှောက်၊ ဆွေနှစ်ယောက်ကိုသာ၊ ရွေးကောက်၍ မြင်ကျယ်၊ ပင်လယ်အဏ္ဏဝ၊ မကသော ရေဝှန်၊ ရေတမ်းခွန်ကဲ့သို့၊ ထွေထွေ သွန်ယှက်စပ်၊ စက်မရပ်ဘဲ၊ ထက်ကြပ်သွန်းလောင်းလေ့ရှိပါသော၊ စာရေးတော် ကြီး မင်းလှဇေယျသူ ကြားရောက်ပါသည်။ ။ မိုးသီးမိုးပေါက်၊ မီးတောက်မီးလျှံ၊ ဉာဏ်ရောက်ရော အကြံပါနှောပြီးလျှင်၊ လောကဓာတ်တစ်ခု လုံး၊ ပြောစမှတ်ပြုမဆုံးအောင်၊ ခုတုန်း ခုဌာန ခုကာလ ခုရွှေမန်းမှာ၊ တရကြမ်း ထွန်းတောက်၍၊ ပြောင်မြောက်အောင် ထင်ပေါ်၊ အကျော်ဓေဝဖြစ်သူ၊ အဆွေ သံတော်ဆင့်မင်း ၂ ဦးတို့။ ။ စိတ်ကူးအရင်း၊ အလျှင်းမရှိ၊ ကင်းသတိနှင့်၊ ယွင်းမိသမျှအနေ၊ ပြေကြောင်း ပျောက်ကြောင်း၊ ကင်းလွတ်ကြောင်း ဉာဏ်ရှာ၊ ပြန်စာ၏သဘောမှာ၊ ချောသည် ပြေသည်၊ စာနေပုံလှသည်၊ ကြားရသူ နာပျော် သည်။ မွေ့လျော်ရွှင်ပြုံး နှလုံးကိုပွားစေသည်။ မရှည်မတို ကြည်ညိုစရာစာ၊ သာလီကာတစ်သောင်း၊ ပေါင်း၍ဝင်စား၊ တစ်ကောင်တည်းသွားပြီးမှ၊ စကား တွတ်တွတ်၊ ရွတ်လေသည့်ပုံ၊ စာအသံမတော့၊ အင်္ဂလန်ကြော၊ ဥရောပတိုက်ပါ၊ တိုက်များစွာနှင့် ကမ္ဘာလုံးအကျွတ်၊ စာသံကိုညွှတ်ပြီးလျှင်၊ သိုးချွတ်လက်မြောက်၊ သေသောက်ဟာစ်ကြွေး ဟူးရေး ဟူးရေး ကောင်းခြီးပေးလျက်၊ မြတ်လေးဟန်ပန် ကြွက်ကြွက်ညံမျှ၊ နာခံသူမငြီး၊ နတ်ပဥ္စသိန်၊စောင်းသံနှင့်ချိန်လောက်အောင်၊ ဂုဏ်အရှိန်ကြီးပေသည်။ ။ ပြီးလျှင်ထိုနှင့်၊ ဆင့်လျက် ထပ်လျက်၊ စာရွက် တစ်ချပ်၊ တစ်အိတ်တည်းတွင်၊ လိပ်ကမွှည်းတပ်ချက်နှင့်၊ ကပ်လျက်ပါစကား၊ စာအသွားမတော့၊ မှတ်သားစေရန်၊ စိတ်ကောင်းကောင်းကြံပြီးမှ၊ ရေးဟန်မရှိ ဝက်ကြေဝတ်ကုန်၊ စာဖြစ်ရုံမျှ ရေးပုံကိုသိပါ၏။ ။ ဟိဝိတ္တာရ အကျယ်ထွက် အောင်၊ အမြွက်ကို ပြလိုက်မည်။ ။ - - - - - - - - - -

- - - - - - - - - - - - - - - - - - - - - - - - - -

- - - - - - - - - - - - - - - - - - - - - - - - - -

စာအမြွက်များလည်း၊ မထွက်ချင့်ထွက်ချင်၊ သက်ခင်ပြတ်မျှ ထွက်ရသည့်စကား ဟု၊ စာသွားကိုချင့်ထောက်လျှင်၊ ယူကောက်မှတ်ထင်ရန်ရှိချေသည်။ ။ သို့

ဖြစ်ကတဲ၊ ဝမ်းမနဲသည့်ပြင်၊ ရွှေတဆွဲမျှ ကောက်၍ရသကဲ့သို့ မရစတောင်း၊ စာအကြောင်းများကို၊ မိတ်ကောင်း ၂ ဦးတို့ ကျေးဇူးကြောင့်၊ အထူးအထွေ၊ မှတ်ရပေသည်ဟု၊ မကျေဥဒါန်း၊ ရွှင်လန်းသမျှ နှလုံးပြုပြီးလျှင်၊ နှိုင်းမတုထိုက်အောင် သိုင်းကရှလိုက်ပါကြောင်း ကိုကြားရောက်ပါသည်။ အဆွေ သံတော်ဆင့်မင်း ၂ ဦးတို့။ ။

အထက်ပါ မေတ္တာစာအဖွဲ့ကို လေ့လာပါလျှင် မြောင်လှမြို့စား ဝန်-ထောက်တော်မင်းကြီး သီရိမဟာဇေယျသူ (ဦးဖြိုး)၊ ရွှေဘိုနယ်သား သံအမတ်ကြီး၏ ဝေါဟာရကြွယ်ခြင်း၊ အကွက်စေ့ခြင်း၊ အာဝဇ္ဇန်းရွှင်ခြင်းများကို ထင်ရှားတွေ့နိုင်ပါသည်။ စင်စစ်မူ ဦးဖြိုး ဖန်တီးဖွဲ့နွဲ့လိုက်သော စာဟူသမျှ သုတ၊ ရသ ပြည့်ဝခြင်းကြောင့် စာပေဂန္ထဝင်တွင် အစဉ်တည်မြဲရစ်မည့် စာချည်း ဖြစ်ပါသည်။ ရွှေဘိုဒေသ၏ ထွန်းတောက်သော စာပေမီးရှူးတိုင်တစ်တိုင်ပင် ဖြစ်ပါပေ၏။

ဤတွင် ဦးဖြိုး၏ ကြောင်းရာထုပ္ပတ်ကို ကျွန်မ မှတ်သားမိသရွေ့ တင်ပြပြီးပါပြီ။ ကျန်ရှိသော ရွှေဘိုဒေသ၏ စာပေသူရဲကောင်းများသည်လည်း အသီးအသီး သူ့နည်းဖြင့်သူ ထူးချွန်ကြသည်ချည်း ဖြစ်ပါသည်။ အားလုံးခြုံ၍ ဆိုရသော် ပြည်ရွှေဘိုဒေသသည် လောကီ လောကုတ္တရာ နှစ်ဖြာသော စာပေသမိုင်းတွင် စာပေသူရဲကောင်း ပုဂ္ဂိုလ်ထူးများ ပေါ်ထွန်းရာ ဒေသအမှန်ဖြစ်သည်။ ထို့ကြောင့် လာမည့်အနာဂတ်ကာလ စာပေဆိုင်ရာတွင်လည်း အစဉ်အလာကြီးခဲ့သော ပြည်ရွှေဘို၏ ဇာတိမပျက်ရန် တစ်နည်းဆိုသော် စာပေဂန္ထဝင်တွင် အမြဲ အစဉ် နေရာမပျောက်ပျက်ရန်မှာ ပြည်ရွှေဘိုဘွား ကျောင်းသူကျောင်း-သားအားလုံးတွင် တာဝန်ကိုယ်စီရှိနေကြောင်း အလေးအနက် သိထားကြဖို့ လိုပါ၏။ နိဂုံးချုပ်အားဖြင့် -

(က) ပြည်ရွှေဘို၏ ဘူမိနက်သန် အမွေခံ လူငယ်ထုအနေဖြင့် စာပေနိုးရာလာခြင်းကောင်းသော လမ်းဟောင်းကိုလည်း လျှောက်ကြပါ။

(ခ) မိမိတို့ခေတ် မျိုးဆက်သစ်တွင် လမ်းသစ်ကိုလည်း ဖောက်ကြပါ။

ဟူ၍ စေတနာရင်းဖြင့် တိုက်တွန်းအပ်ပါသည်။

❑ ❑ ❑

## ရွှေမောင်းထောင်သာတဲ့ ရပ်ဆီက

မောင်းထောင်ရွာဟာ သက်တမ်းရှည်လှပြီဖြစ်တဲ့ ရှေးခေတ်ရွာကြီးပါ။ သူတည်ရာဒေသက မုံရွာမြို့အနောက်ဘက် မိုင်(၃၀)လောက် ဝေးပါသည်။ ကုန်းခေါင်ခေါင်အရပ် ဆိုပါစို့။ အသက်မွေးအလုပ်က ယာလုပ်ငန်း၊ လယ်လုပ်ငန်း၊ ပန်းပု၊ ပန်းရန်၊ ပန်းပဲ စသဖြင့် လုပ်ကြပါတယ်။ အထူးလုပ်ငန်းက ယွန်းလုပ်ငန်းဖြစ်ပြီး အတော်ကျယ်ကျယ်ပြန့်ပြန့် ရှိပါတယ်။ အရင်ကတော့ ယွန်းမောင်းထောင်ခွက်ဆိုတာ ဒေသအနှံ့ သုံးစွဲကြလို့ နာမည်ကြီးပါတယ်။

ဟို ရှေးကတည်းက မောင်းထောင်ရွာလို့ ရှိသေးတယ်။ အခုရွာနေရာကို အဲသည်ရှေးဟောင်းရွာကတစ်ဆင့် ပြောင်းလာပြီး စနစ်တကျတည်ထားတဲ့ ရွာကြီးပါ။ အရင်ကရွာနေရာကိုတော့ ရွာဟောင်းကုန်းလို့ ခေါ်ကြတယ်ဆိုပဲ။ အခုလက်ရှိနေရာကို 'ငါးရာ့ငါးဆယ်၊ ကိုးခုကယ်၊ ရွာငယ်တည်ဦးစ' ဆိုတဲ့ နှုတ်ခေါ် ဆိုရိုးစကားအရ သက္ကရာဇ် (၅၅၉) ခုနှစ်မှာ တည်ခဲ့တာမို့ အခုနှစ်ဆိုရင် ရွာသက် (၈၀၄) နှစ်တောင် ရှိပါပြီ။ ဘာကြောင့် အခုလို နေရာသစ်မှာ ရွာသစ်တည်ကြတယ်ဆိုတာ အမှတ်အသားမတွေ့ရသေးပါဘူး။ ဒါပေမဲ့ ရှေးခေတ်

မြန်မာကြီးများ အတွေးအမြင် အယူအဆကလေးတွေက မှတ်သားဖွယ်ကောင်းတဲ့ အတွက် ဖော်ပြပါရစေ။

ရွာသစ်နေရာ ရှာကြတော့ခါ ဘယ်ဒေသပြောင်းရင် သင့်တော်မလဲ ဆိုပြီး သူတို့ခေတ်က ဓလေ့အတိုင်း စနည်းနာကြပါသတဲ့။ စနည်းရဖို့ အစီအမံ လုပ်ပုံက ရွာမှာရှိကြတဲ့ ကလေးတွေအားလုံးစု၊ သူတို့ပျော်ကြအောင် မုန့်ပဲ- သရေစာတွေ ဝေပေးပြီး၊ သုံးစုခွဲ၊ မင်းတို့ကြိုက်ရာနေရာကို သွားကစားကြပေ တော့လို့ ပြောလွှတ်လိုက်ကြပါတယ်။ ကလေးတွေက ကိုယ့်အစုနဲ့ကိုယ် အရပ်ခွဲ သွားကြတာကို လူကြီးတွေက တိတ်တိတ် နောက်ယောင်ခံလိုက်ပြီး ချောင်းကြည့် တယ်။ သူတို့မသိအောင်ပေါ့။ ပထမ ကလေးအုပ်စုက ဘယဇီးတောဆိုတဲ့ ကွင်း ကို သွားကြပြီး တောင်သူလယ်ယာလုပ်တမ်း ကစားကြပါသတဲ့။ ဒုတိယအုပ်စု ကလည်း ဈေးချောင်းအရပ်မှာသွားပြီး ဈေးရောင်းဈေးဝယ်ကုန်သည်လုပ်တမ်း ကစားကြပါတယ်။ တတိယအုပ်စု ကလေးတွေက အခု မောင်းထောင်ရွာကြီး ဖြစ်လာမယ့်နေရာမှာ ရသေ့ရဟန်းပြုတမ်း၊ မှူးကြီးမတ်ကြီးလုပ်တမ်း ကစားကြ တယ်ဆိုကိုး။

ကလေးတွေ ကစားကြပုံကို လူကြီးများ နိမိတ်ယူပုံကတော့ ပထမ ဘယဇီးတောကွင်းမှာ ရွာသစ်တည်ရင် တောင်သူလယ်လုပ်ပဲ ဖြစ်ကြရမယ်၊ ဒုတိယ ဈေးချောင်းနေရာမှာဆိုလည်း ပွဲစား ကုန်သည်တွေသာ ပေါ်ပေါက်မှာ ပဲ။ အဲ. . တတိယအုပ်စု ကစားကြပုံ အကဲခတ်ပြီး အဲသည်နေရာမှာ ရွာတည် ရင်ဖြင့် မင်းပေါက်စိုးကြား ရဟန်းပညာရှိ လူပညာရှိများ ထွန်းကားလိမ့်မယ် ဆိုပြီး သည်နေရာဟာ အကောင်းဆုံးရယ်လို့ ဆုံးဖြတ်ကြပါတယ်။ တညီတည်း သဘောတူကြလို့ သည်နေရာမှာ အခုရွာကို တည်ကြတာပါပဲ။ ရွာသစ်တည်တဲ့ နေ့မှာ ငွေရောင်မောင်း အလုံးတစ်ထောင်ကို တစ်ပြိုင်နက် တီးခတ်ပြီး ပန္နက် ချတယ်လို့ ဆိုပါတယ်။ နောင်အခါမှာ တွင်းသင်းတိုက်ဝန် မဟာစည်သူ ဖြစ်လာ သူ (မောင်းထောင်ရွာသား)က ရွာတည်ပုံကို -

'ဂါမအင်္ဂါ လက္ခဏာနှင့်၊ လေးဖြာစက်မြတ်၊ စုံညီညွတ်၍၊ ဝန်းပတ် ညာကြော၊ သာပစေဟု၊ ငွေအရည်ရောင် မောင်းတစ်ထောင်ဖြင့်၊ မင်းခေါင်စည်သူ သမိုက်ယူလျက်၊ ဇမ္ဗူမြန်ဘောင် ညို့တန်ဆောင်သို့၊ မောင်းထောင်ဟူသည်၊ ခေါ်မည် သာယာ. . .' ရယ်လို့ သူ့စာပုဒ်မှာ

ရေးဖွဲ့ပါတယ်။ ရှေးကဆိုခဲ့တဲ့အတိုင်း လူကြီးများ နိမိတ်ယူသလိုပါပဲ။ မောင်း-

ထောင်ရွာမှ ရဟန်းပညာရှိ လူပညာရှိ ပုဂ္ဂိုလ်ကျော်တွေ တသီကြီး ထွန်းထား ခဲ့ပါတယ်။ ထူးခြားတဲ့ရွာပါပဲ။ ပညာရှိတွေ အများအပြားထွက်ပေါ်တဲ့အထဲက ကျွန်မ ဆည်းပူးမှတ်သားမိသမျှကို အကျဉ်းရုံး ဖော်ပြပါရစေ။ ပေါ်ထွန်းတဲ့ သက္ကရာဇ် ရှေ့ကျသူ၊ နောက်ကျသူ စတာ အပထားပြီး ကျွန်မတို့ ဘာသာရေး ယဉ်ကျေးမှုစလေ့အရ ရဟန်းပညာရှိများက စတင် ဖော်ပြပါရစေ။

**ပထမမောင်းထောင်သာသနာပိုင်**

ဘိုးတော်ဘုရား (ခေါ်) ဗဒုံမင်းကြီးလက်ထက်တော်မှာ သာသနာပိုင် ပုဂ္ဂိုလ်အဖြစ် ချီးမြှောက်ပူဇော်ခြင်းခံရသူ၊ ရဟန်းဘွဲ့ ဦးဉာဏ၊ ငယ်မည် ဦးမြတ်နေ ဖြစ်ပါတယ်။ သက္ကရာဇ် (၁၁၁၅) ခုနှစ်မှာ ဖွားသူ၊ မောင်းထောင် ရွာသားတစ်ဦးပါ။ ဘုရင်က အလွန်ကြည်ညိုတော်မူလို့ တိုင်းရေးပြည်ရာ သိအပ် စရာများကို မေးလျှောက်ပါတယ်။ အခုလို ဘုရင်နဲ့ မင်းဆရာတို့ လောကုတ် လောကီအရေး ဆွေးနွေးကြတဲ့ 'အမေးတော်ဖြေကျမ်း' ဆိုတာ ပြည်သူများ ဖတ်မှတ်လေ့လာရတဲ့ ကျမ်းတစ်ဆူပါ။ သက္ကရာဇ် (၁၁၉၄) ခုနှစ်မှာ ပြန်လွန် ပါတယ်။

**ဒုတိယမောင်းထောင်သာသနာပိုင်**

သက္ကရာဇ် (၁၁၆၁) ခုနှစ်မှာ ဖွားမြင်သူဖြစ်ပါတယ်။ သူ့တစ်သက်တာ မှာ သာသနာပိုင်ဆရာတော် (၂)ကြိမ်တောင်ဖြစ်ရလို့ အလွန်ထူးခြားတဲ့ ဆရာ-တော်ကြီးလို့ ဆိုရပါမယ်။ တစ်မင်းလက်ထက်မှာ သာသနာပိုင်တစ်ပါးသာ တင်-မြှောက်လေ့ရှိတာကိုး။ ရွှေဘိုမင်း (သာယာဝတီမင်း)လက်ထက်တော်မှာ တစ်ကြိမ်၊ မင်းတုန်းမင်းလက်ထက်တော်မှာတစ်ကြိမ်၊ နှစ်ခါပြန် သာသနာပိုင်ဖြစ်လာသူပါပဲ။ နှစ်ကြိမ်စလုံးကလည်း ရွှေဘိုမင်းရဲ့သမီးတော်၊ နောက် မင်းတုန်းမင်းရဲ့ တောင်-နန်းမတော်မိဖုရားခေါင်ကြီး စကြာဒေဝီလို့ ကျော်ကြားထင်ရှားသူကချည်း သာသနာပိုင်ဆရာတော်အဖြစ် ရွေးချယ်တင်မြှောက်တာဖြစ်ပါတယ်။ ငယ်နာမည် ဦးရွှေမို့ ဖြစ်ပြီး ရှုပနိကာယ ဥပတိတော်ကလည်း အလွန်ကောင်းတယ်လို့ သိရပါ တယ်။

တွင်းသင်းတိုက်ဝန် မဟာစည်သူ

မောင်းထောင်ရွာက လူပညာရှိ အတော်များများ ပေါ်ထွန်းခဲ့တဲ့အထဲမှာ လူသိအများဆုံး၊ အထင်ရှားဆုံး စာဆို (၃)ဦး ရှိပါတယ်။ ရှေ့နောက် အစဉ်အတိုင်းဆိုရရင် သူက ဒုတိယ ရှေ့ဦးကျတယ်လို့ ယူဆပါတယ်။ ရှေ့နားမှာ သူ့စာကလေး တစ်ပိုင်းတစ်စကို ဖော်ပြခဲ့ပါပြီ။ မောင်းထောင်ရွာမှာ သက္ကရာဇ် (၁၀၇၈) ခုနှစ် မွေးဖွားသူပါ။ ရဟန်းဘွဲ့ ရှင်လက်ဘာသာ၊ ငယ်မည် မောင်ထွန်းညို ဖြစ်ပါတယ်။

ရဟန်းဘဝမှာရှိနေတုန်းက မနုဓမ္မသတ်ရွှေမျဉ်းလင်္ကာ၊ မနုဝဏ္ဏနာဓမ္မသတ်လင်္ကာ၊ မုဒုလက္ခဏာပျို့၊ ငရဲမင်းပျို့ စတာတွေရှိပါတယ်။ တခြား ကျွန်ုပ်မသိတာတွေ ကျန်ရှိနေဦးမှာ မုချပါပဲ။

နောက် အလောင်းမင်းတရားကြီး၊ ရတနာသိင်္ခကုန်းဘောင်မြို့မှာ မင်းဖြစ်လာပြီး ဘုန်းလက်ရုန်း အာဏာကျော်ကြားလာတဲ့အခါ ရဟန်းဘောင်ကို စွန့်ပြီး လူထွက်ပါတယ်။ အလောင်းမင်းတရားထံ ခစားမိတော့ မင်းတရားကြီးက သားတော် အိမ်ရှေ့စံ ဗဒုံမြို့စားမင်းသားထံမှာ အကြီးတော်အဖြစ် ထမ်းရွက်စေပါတယ်။ အကြီးတော် ဖြစ်လာပါပြီ။ နောက် ဗဒုံမြို့စားမင်းသား မင်းဖြစ်တော်မူတဲ့အခါ ဦးထွန်းညိုကို မဟာသမ္မတဘွဲ့နဲ့ ကျီဝန် ခန့်ထားပါတယ်။ သည်လို ငယ်မည်ပျောက်ဘွဲ့ရပြီး ဘုရင်အလိုတော်ရှိသလို ပျို့၊ မော်ကွန်း၊ လူးတား စတာတွေကို ရေးဖွဲ့ဆက်သွင်းရပါတယ်။ သည့်နောက်တစ်ခါ မဟာစည်သူဘွဲ့နဲ့ တွင်းသင်းတိုက်ဝန်အဖြစ် သူကောင်းပြု ချီးမြှောက်ခြင်းခံရပါတယ်။

တွင်းသင်းတိုက်ဝန် မဟာစည်သူကို ဗဒုံမင်းက ယုံကြည်ကိုးစားတဲ့အတွက် ဒေသအနှံ့အပြားမှာရှိနေတဲ့ ရှေးဟောင်းကျောက်စာတွေကို ရှာဖွေစုဆောင်းပြီး အသစ်ပြင်ဆင် တည်းဖြတ်ထုလုပ်စေဖို့ တာဝန်ပေးပါတယ်။ အဲသည် တာဝန်ကို ထမ်းဆောင်ရင်းနဲ့ပဲ ရာဇဝင်အချက်အလက် အများကြီးကို သဘောပေါက်လာတော့ကာ သည်အကြောင်းရပ်တွေကို ရှင်းလင်းသုတ်သင်ပြီး ရာဇဝင်တစ်စောင် ရေးသားဖို့ အကြံပေါက်လာပါတယ်။ ဘုရင်ကို တင်ကြားတဲ့အခါမှာလည်း သဘောတူခွင့်ပြုချက်ရရှိလို့ 'မဟာရာဇဝင်သစ် (ညောင်ရမ်းဆက်)' ကို ရေးသားရပါတယ်။ သည်ရာဇဝင်သစ်ဟာ အံ့မှာယ်ရှင်းလင်းပြတ်သားတယ်လို့ ဆိုကြပါတယ်။ သူ ရေးဖွဲ့တဲ့စာတွေထဲမှာ 'ဘဒ္ဒာတိယပျို့' ဟာ အထင်ရှားဆုံး ပျို့လို့ ပညာရှင်များ ခံယူကြပါတယ်။

ဘဒ္ဒာတိယပျို့ကို ဗဒုံမင်းကိုယ်တော်တိုင်က နှစ်သက်အားရတော်မူ

လို့ ရွှေနဲ့ ကျောက်သံပတ္တမြားတွေ တလက်ဆွမ်းဆုတော် ပေးနှင့်ပါတယ်။ ခံယူ ရရှိလာတဲ့ ကျောက်သံပတ္တမြားတွေကို အသုံးပြုပြီး မိမိမွေးရပ်မြေဇာတိ မောင်း-ထောင်ရွာကြီးမှာ (၂)ပယ်ကျော်ရှိတဲ့ (၅ ကေခန့်) ရေကန်ကြီး တူးဖော်ပါတယ်။ ကုန်းခေါင်ခေါင်ဒေသ ရေရှားရာမှာ ရေကုသိုလ်ပြုတာပါ။ သည်ကန်ကို ဘလ္လာတိယကန်လို့ သမုတ်ပေမယ့် အရပ်နှုတ်ခေါ်က ကန်ကြီးလို့ပဲ သုံးနှုန်းပါ တယ်။

**စိန္တကျော်သူ ဦးဩ**

တွင်းသင်းတိုက်ဝန်မင်းရဲ့ အစ်မရင်း ဒေါ်ပုက ဖွားတဲ့သား၊ ငယ်မည် မောင်ဩ ဖြစ်ပါတယ်။ ဘမျိုး ဘိုးတူ ဆိုတာလိုပဲ ဦးလေးရဲ့တူအရင်းပီပီ မောင်ဩ ဟာ စာပေအလင်္ကာရေးဖွဲ့ရာမှာ ကိုရင်ဘဝကတည်းက အစွမ်းအစ ပြလာသူ ဖြစ်ပါတယ်။ သူ့နည်းနဲ့သူ စာပေအရာမှာ ပြောင်မြောက်သူမို့လို့ ဦးလေးခြေရာ ကို ဘဝါးခြေထပ်နင်းနိုင်သူလို့ ယူဆကြပါတယ်။ စာပေအမျိုးမျိုးရှိကြတာမှာ တစ်မျိုးနဲ့တစ်မျိုး ပုံစံမတူတဲ့ ရတု၊ ပျို့၊ ချော်း၊ လူးတား ဆိုတာတွေ စုံအောင် ရေးဖွဲ့နိုင်စွမ်းတယ်လို့ ပညာရှိတွေ လက်ခံထားကြပါတယ်။ သူ့ဦးလေး တွင်း-သင်းမင်းကြီး ထင်ရှားတဲ့ စာဆိုတော်ဖြစ်လာတော့ကာ အစွမ်းအစရှိတဲ့ တူကလေး ကိုလည်း မင်းပေါက်စိုးကြား ဖြစ်လာအောင် မ,စနိုင်၊ တင်ပေးနိုင်တာကိုး။ အလောင်းမင်းတရားကြီးလက်ထက်တော်မှာကတည်းက မောင်ဩဟာ စိန္တကျော်သူ ဘွဲ့နဲ့ စာဆိုအရာ ခိုးမြောက်တာခံရပါတယ်။ (သည့်အရင်က ဘွဲ့တစ်ခု ရှိပါသေး တယ်။ ဘွဲ့မည် မသေချာလို့ မဖော်ပြလိုက်နိုင်ပါ)

စိန္တကျော်သူ ရေးသမျှထဲမှာ စစ်ရေးနဲ့ပတ်သက်တဲ့ ‘ခနဖြူတွင်’ ဆိုတဲ့ အစချီတဲ့ ပိုဒ်စုံရတုကို လူကြီးတွေ အလွန်နှစ်သက်ကြပါတယ်။ စစ်မက်ဆိုင်ရာ မှာ သည်ရတုဟာ လူသိများသလို နိုင်ငံ့ကောင်းကျိုးဆောင်ရာမှာ ဖွဲ့ဆိုတဲ့ ‘ချစ် ၍ခေါ် သည် ချစ်၍ခေါ် ရာ’ ရတုများကိုတော့ လူငယ်ပိုင်းကို အကြိုက်တွေ့စေ ပါတယ်။ သူ့ရဲ့ ရေးဖွဲ့ပုံ စာပေအလှတစ်ကွက်ကတော့ သဘင်သမားတွေ ကောင်းမှုကြောင့် ပြည်သူကြားမှာ ပိုမိုထင်ရှားလာပါတယ်။ သူ့လက်ရာ ‘ဘိုး-တော်ရှင် ချော်း’ စာအုပ်ကလေးကလည်း သူ့ခေတ်က သူ ကျော်ကြားခဲ့ပေမယ့် ကနေ့တော့ တွေ့နိုင်ဖို့ ခက်နေပါပြီ။

စိန္တကျော်သူဘွဲ့ခံ ဦးဩကို မောင်းထောင်ရွာမှာ သက္ကရာဇ် (၁၀၉၈)

ခုနှစ်မှာ ဖွားပြီး (၁၁၅၃) ခုနှစ်မှာ ကွယ်လွန်ပါတယ်။

**သံချိုဆရာကြီး မောင်းထောင်ဦးကျော်လှ**

သံချိုဆရာဆိုတာကို ကနေ့ခေတ်လူငယ်တွေ သိနားလည်အောင် ဖော်ပြပါဦးမယ်။ သူ့ခေတ်က ရုပ်သေးသဘင်မှာ သံချိုရုပ်တစ်ရုပ် အပိုထည့်ထားပါတယ်။ ရုပ်သေးသဘင် စည်ပင်တဲ့ခေတ်ပေကိုး။ သံချိုကိုင်သူဟာ ကဗျာလင်္ကာအဖွဲ့မှာ ကောင်းရမယ်။ အသံသြဇာလည်း ရှိမှ လုပ်နိုင်တဲ့ နေရာကောင်းကိုင်သူဖြစ်ပါတယ်။ ကဗျာရဲ့အသံနေ အသံထားကို တစ်မျိုးတိုးပြီး ချိုချိုသာသာ နားထောင်ချင့်သဖွယ် ရွတ်ဆိုနိုင်သူမှ သံချိုကိုင် ဖြစ်နိုင်ပါတယ်။ သူတို့ခေတ်ကတော့ ဦးသံချိုဆရာတွေ အများကြီးရှိတဲ့အထဲမှာ မောင်းထောင်ဦးကျော်လှကတော့ သူတစ်ပါး မယှဉ်နိုင်တဲ့ သံချိုဝိဇ္ဇာဆရာလို့ ဆိုပါစို့။ မောင်းထောင်ရွာက ပညာရှိတွေထဲမှာ ဦးကျော်လှ မပါရင် မပြီးပါဘူး။ သူက မင်းတုန်းမင်း၊ သီပေါမင်းနဲ့ အင်္ဂလိပ်အထိ မင်းသုံးဆက်တိုင် မီခဲ့တဲ့သူပါ။ အရေးအဖွဲ့ကောင်း၊ တမုဟုတ်ချင်း စာဆိုရာမှာလည်း မယှဉ်နိုင်အောင် တော်တယ်လို့ သိရပါတယ်။ ဇဝနဉာဏ်ထူးချွန်လှတယ်ဆိုပဲ။

သူ ဖွဲ့ဆိုတဲ့ သံချိုများမှာ ထီးသုံးနန်းသုံးအဖွဲ့များသာမက လူသာမန်တို့ အဖြစ်အပျက်အကြောင်းအရာတွေလည်း အများကြီး ပါပါတယ်။ နောက်တစ်ခုကတော့ သူ့ခေတ်က လူကြီးတွေ လိုက်စားတတ်ကြတဲ့ တဘောင်သံ၊ နိမိတ်သံတွေလည်း ဖုံးလွှမ်းနေပါသေးတယ်။ ကျွန်မတို့ငယ်ငယ်က လူကြီးတွေ တဖွဖွရွတ်နေကြတဲ့၊ ကိုးကားပြောနေကြတဲ့ သူ့စာ တဘောင်သံ တစ်ပိုင်းတစ်စကလေး မှတ်မိသမျှ ပြောချင်ပါတယ်။ ကမ္ဘာစစ်ကြီးဖြစ်ခါနီးတော့ သူ့သံချိုတစ်ပုဒ်မှာ . . .

"ပန်-ဏီ-က္က ရာသီချိန်မှာ၊ သာကီရှိန် ထွန်းတောက်မည်မို့ တကောင်းက ဒေါင်းကြွလာပြီ၊ ခေါင်းခါခါ မျှော်လို့ . . . . . . . . . . ' အစချီပြီး ဆိုတဲ့စကားလုံးတွေ သီကုံးခဲ့ပြီး နောက်ဆုံးအပိုဒ်မှာတော့ -

'. . . နှိုးဆော်ကာ. . . မိုးပေါ် ကကြွပါလိမ့်. . . ပဲ့ နောက်ပိတ်ဆုံး' လို့ အဆုံးသတ်ထားပါတယ်။ အင်္ဂလိပ်လက်အောက် လွတ်မြောက်ချင်ကြတဲ့ မြန်မာလူကြီးတွေဟာ သည်စာကို 'ဂျပန်-က္ကတလီ-ဂျာမဏီ' တို့ ပူးပေါင်းရေပန်းစားနေတဲ့ ကာလအချိန်မှာ သာကီဝင်မြန်မာတို့ အရှိန်အဝါထွန်းတောက်

တော့မယ်။ မြန်မာ့ခေတ်ဦး တကောင်းဒေသမှ မြန်မာ့အထိမ်းအမှတ် ဥဒေါင်း ကြွချီလာတော့မယ် လို့ အနက်ဖွင့်ပြီး အားတက်နေကြပါတယ်။ နောက် ရှမ်း ခေတ်မှာ မြန်မာတို့ လွတ်လပ်ရေးရောင်ခြည်သမ်းလာပါတယ်။ နောက် အမေရိကန်က ဂျပန်ပြည်မှာ အနုမြူဗုံးချလို့ စစ်ကြီးပြီးသွားတဲ့အခါ -

'ကဲ. . . စစ်ကြီးပြီးပြီ။ ဒါ နောက်ဆုံးပွဲပဲလို့ သူ ရေးခဲ့တာ မမှန်လား' ဆိုတဲ့ စကားတွေကို အဟုတ်တကယ် ယုံယုံကြည်ကြည် ပြောနေကြတာ ကြား ရဖူးပါတယ်။ သူ့ခေတ်သူ့ကာလကတော့ သူ့စာတွေဟာ နိုင်ငံ ထက်အောက် နံလျား ပျံ့နှံ့နေခဲ့တာအမှန်ပါ။

သူ ရေးတဲ့ကဗျာတွေ ပမာဏက အလွန်များလှပါတယ်။ သူ့အသက် (၂၀)လောက် မင်းတုန်းမင်းလက်ထက်တော်ကတည်းက ရေးလာလိုက်တာ သက်ရှယ် (၇၀)ကျော်အထိ ရေးတုန်း ဖွဲ့တုန်းပါ။ သူ့စာတွေကို ရှာဖွေစုစည်းပြီး ရွှေဟောင်းစာပေသုတေသီတစ်ဦးက စာအုပ်ထုတ်ဝေဖူးတာမှာ အပုဒ်ရေ (၃၀၀) ကျော်လောက် ပါဝင်တယ်လို့ သိရပါတယ်။ ဒါဟာ ရှာဖွေလို့ တွေ့သမျှသာ ဖြစ်ပါတယ်။ မတွေ့ရသေးတာတွေ ကျန်နေဦးမှာ သေချာပါတယ်။ တွေ့ရသမျှ အမြွက်လို့ ဆိုပါရစေ။

အခု ခေါင်းစီးပါ စကားအတိုင်း 'ရွှေမောင်းထောင်သာတဲ့ရပ်' က ပေါ်ထွက်ခဲ့တဲ့ စာဆိုပညာရှင်များကို ဆရာကြီးဦးကျော်လှ စုပေါင်းဖွဲ့သီထား တဲ့ သံချိုတစ်ပုဒ်ကို ဖော်ပြပါဦးမယ်။

*တောင်သမြေ အောင်မြေချက်တွင်မှ၊ နေစကြာဥဏ္ဍုကဲ့သို့၊ ဇမ္ဗူ*
*တစ်ဆူပေါ်တဲ့၊ ပညာတော် သဘောထူးပါတဲ့ဘိ၊ (ဦးမြတ်နေ-သခ်ယာ)*
*နဲ့၊ သာသနာနှစ်ခါပိုင်၍၊ ပညာကိုင် အခြေမြင့်ပါဘိ၊ အကျင့်စာမရှိ*
*ကဲ့သို့၊ ပါရမီစုံစွာနဲ့၊ ပုည၀ါ ဂုဏ်ဇာနည်မို့၊ လူ့ရာပြီ ပဏ္ဍာဆက်ရှ*
*နေထွက်ပိုင် ဖူးမျှော်သနေကြ၊ ဦးဥဗ္ဗယျ၊ ဦးပညာ။ ။*
*ကဗျာဉာဏ် ကာရန်မှန်တဲ့၊ (တွင်းသင်းဝန်) ရှင်မဟာနဲ့၊ အလင်္ကာ*
*ပညာချောပါဘိ၊ (မောင်ဩ စိန္တကျော်) ဟု၊ စာဆိုတော် ကြာရှည်မြင့်*
*လှပေ့၊ ဆရာပွင့်၊ ဆရာအေးတဲ့ပြင်၊ စာရေးပလီပဇာနှင့်၊ ကလီကမာ*
*ပညာရှိပါတဲ့၊ ကဝိ ကိုရွှေဖန်နှင့်။ ဆရာစံ သည်တွင်ရှုံးခဲ့မယ်၊ သဘင်*
*ဘုရင်သုံးဟာမို့ ယှဉ်နှုန်းသူ မပေါ်ပေါက်တဲ့အပြင်၊ ဟိုနောက် ကမ္ဘာ*

*ကျမ်းတော်မှ၊ သည့်လူညာဏ် သည်လက်တန်းကိုဖြင့်၊ လာလမ်း ခါ မမြင်ဘူး၊ ရာဇဝင် စာတင်လို့ပြလောက်တဲ့၊ မင်းကျော်လှပါ။* ။

ဆရာကြီးက (၁၂၀၃) ခုနှစ်၊ မောင်းထောင်မှာဖွားပြီး အင်္ဂလိပ်လက်အောက် ရောက် အသက် (၇၀)ကျော်အရွယ် ဆင်းရဲသားဘဝနဲ့ ကွယ်လွန်ပါတယ်။ တွေ့ဖို့ ရှားလှတဲ့ ပညာရှင်ပါ။

ရည်ညွှန်း။ ။

ဆရာကြီး ဦးမောင်မောင်တင်၊ ငယ်ရွယ်စဉ် ၁၉၅၃ ခုနှစ်က မန္တလေး မောင်မောင်တင်လို့ လက်မှတ်တင်ထားတဲ့ ရွှာ မောင်းထောင်ဆောင်းပါး။

❑ ❑ ❑

## မာန်လည်ဆရာတော်ဘုရားနှင့် မိုးတားဝန်

မြန်မာနိုင်ငံ အထက်ပိုင်းသည် အင်္ဂလိပ်တို့လက်အောက်သို့ သက္ကရာဇ် ၁၂၄၇ (ခရစ်နှစ် ၁၈၈၅) တွင် ကျရောက်ခဲ့သည်။ အင်္ဂလိပ်လက်အောက် ကျရောက်ပြီး (၁၇)နှစ်အကြာ သက္ကရာဇ် (၁၂၆၄) ခုနှစ်တွင် မာန်လည်ဆရာတော်ဘုရားသည် မာယဒေဝ ပျို့ကြီးကို ပြုစုရေးသားတော်မူသည်။ အလွန်ရှည်လျားသော ရှည်လျားသည်နှင့်အမျှ အလွန်လည်း ခက်ခဲနက်နဲသော၊ လူသာမန်တို့ နားလည်သဘောပေါက်ရန်မလွယ်သော ကျမ်းစာကြီးဟူ၍ ပညာရှင်များ အဆိုအမိန့်ရှိကြောင်း မှတ်သားရပါသည်။

သို့ ခက်ခဲနက်နဲသော စာတော်ဝန်တရားအဆီအနှစ် အနက်အဓိပ္ပာယ် စကားလုံးများ၏အဓိပ္ပာယ်များအား နားလည်သဘောပေါက်သူ ရှားပါးသည်ဟု ဆိုစေကာ ယင်းပျို့ထဲ တစ်နေရာတွင် ပါဝင်သော စာပိုဒ်တစ်ခုမှ မိမိတို့ နားလည်သမျှ ထုတ်နုတ်အသုံးချကာ အချို့သော သပွုရိသ ယောက်ျားများက မိန်းမသားများကို ချိုးနှိမ်ခဲ့ကြသည်။ ထိုစာပိုဒ်ကား -

မိန်းမဟူဘိ ထိုကြတ္တိတို့ မရှိမကောင်း၊ ရှိမကောင်းတည့်၊ မပေါင်းလည်း

ရတနာပုံစာအုပ်တိုက်

ခက်၊ ပေါင်းလည်းခက်၏။

ထိုစကားပိုဒ်ကို အလွတ်ကျက် အာဂုံဆောင်ကာ စကားစပ်မိလာလျှင် တွင်တွင်ကြီး ပြောလေ့ရှိကြကြောင်း ကျွန်မ ကလေးဘဝကပင် နားကျအောင် ကြားဖူးပါ၏၊ နာဖူးပါ၏။

ကျွန်မ အသက်အရွယ်ကြီးလာသောအခါ မာဃဒေဝပျို့ကြီးကို ကိုယ်ပိုင်ဝယ်ပြီး ဖတ်ပါသည်။ နားမလည်ပါ။ သဘောမပေါက်ပါ။ သို့သော်ငြား သပ္ပုရိသများအား ဆိုဆုံးမခန်းတွင် ပါသည်ဟု မှတ်မိနေသော -

ယောကျ်ားတို့စိတ်၊ မြင်တိုင်းညိတ်၍ စိတ်၏သဘော၊ အာဂုံ

ပြောတိုင်း၊ လိုက်လျောမေ့ကျန်၊ ယွင်းဖောက်ပြန်၏။

ဆိုသော စာကလေးတစ်ကြောင်းကိုသာ နားလည်ပါသည်။ စင်စစ်အားဖြင့် ပျို့၏ အပုံတစ်ထောင်တွင် တစ်ပုံစာမျှပင် သဘောပေါက်ရဲ့လား မမှန်းဆတတ်ပါ။

သို့ဖြင့် မိမိအသိဉာဏ်ကလေး လက်နှစ်သစ်လောက်ဖြင့် မာဃဒေဝပျို့ကြီးကို ဖတ်ချင်သော အမှားစိတ်ကို မြင်မိပါပြီ။ ယခု မာဃဒေဝပျို့ ရေးဖွဲ့ခြင်း နှစ် ၁၀၀ မြောက် အထိမ်းအမှတ်အဖြစ် ဆောင်းပါးရေးပေးပါ ဆိုလာသောအခါ ပျို့အကြောင်းကိုကား မထိဝံ့ မဆိုဝံ့တော့ချေ။ ဆရာတော်ဘုရားနှင့် စပ်ဆိုင်သော မိုးတားအတွင်းဝန် ဖြစ်ရပ်ကိုသာ ရေးသားပါရစေတော့။ မှတ်လောက်သားလောက် အကြောင်းရပ် ဖြစ်ပါ၏။ မင်းတုန်းမင်းကြီးလက်ထက်တော်က မိုးတားအတွင်းဝန်တစ်ဦး၏ အမှားတော်ပုံတစ်ရပ် သိမှတ်ထားသည်ကို တင်ပြပါမည်။ ငယ်ရွယ်သူ ကျောင်းသားလူငယ်များအတွက် သုတဝေငှလိုခြင်း ဖြစ်ပါ၏။

## မာန်လည်ဆရာတော်ဘုရားနှင့် မိုးတားဝန်

မင်းတုန်းမင်းကြီးလက်ထက်တော်က မဟာမင်းခေါင်ဇေယျသူဘွဲ့ရ မိုးတားအတွင်းဝန်သည် သက္ကရာဇ် (၁၂၃၉) ခုနှစ်တွင် တာဝန်အရ မင်းကိစ္စဖြင့် ဧရာဝတီမြစ်ရိုးတစ်လျှောက် ခရီးသွားလှည့်လည်လေသည်။

မိုးတားဝန်သည် ဧရာဝတီမြစ်အထက်ပိုင်း တကောင်းမြို့သို့ ရောက်လာသောအခါ မင်းရေးမင်းကိစ္စဖြင့် မာန်လည်မြို့သူကြီး ဦးအောင်ကွတ်နှင့် ဆုံတွေ့မိကြသည်။ (ဤနေရာတွင် မြန်မာအစ တကောင်းက ဟူသော စကား

ကို သတိရမိပါ၏)

မိုးတားဝန်သည် မာန်လည်မြို့သူကြီးကို တွေ့ရသောအခါ မာန်လည် ဆရာတော်ဘုရားအကြောင်းကို သိလိုစိတ် ပေါ်ပေါက်လာသည်။ စင်စစ် မိုးတား ဝန်သည် ဆရာတော်ဘုရား ဉာဏ်ပညာကြီးပုံကို သံသယရှိနေသည်။ ထို့အပြင် မာန်လည်ဒေသကို နည်းနည်းမျှ အထင်မကြီးသော စိတ်ဓာတ်ခံရှိသူဖြစ်သည်။ အထင်မကြီးရုံမျှမက ရှေးကမူကား မဲဇာမြစ်ဝှမ်းဒေသသည် မင်းမှုသင့်သူ ရာဇဝတ်သားတို့ကို နယ်နှင်ဒဏ်ပေးရာ ဒေသဖြစ်သည်။ မာန်လည်ရွာမှာ ဤ ဒေသတွင် ပါရှိသည်။ (ကုန်းဘောင်မင်းဆက် အမှတ်(၃) ဆင်ဖြူရှင်မင်း လက်ထက်က လက်ဝဲသုန္ဒရအမတ်အား နယ်နှင်ဒဏ်အရ ပို့ထားသည့် မဲဇာ မြစ်ဝှမ်းဖြစ်သည်) မန်းမနီးမြို့ဝေးဒေသတွင် ပေါ်လာသော မာန်လည်ဆရာတော် ဆိုသည်မှာ အနှစ်မရှိသော တောမွဲ ကြက်ဆူပင် မင်းမူခြင်းသာ ဖြစ်လိမ့်မည် ဟု တွေးထင်ထားလေသည်။ ထိုအချိန်တွင် မာန်လည်ဆရာတော်သည် သက်- ရှယ် ပျို့မြစ်စဉ်သာ ရှိသေးသည်။ ထို့ကြောင့် မာန်လည်ဘုန်းကြီးကို အကဲစမ်း လိုက်ဦးမည်ဟူသော အကြံဖြင့် -

"အောင်ကွတ်ရဲ့ မောင်မင်းတို့ဆီက ဦးဇဝနဆိုတာ အတော်နာမည်ကြီး ပါကလား။ ဘယ်နှစ်ဝါလောက်ရပြီတုန်း"

"ဆယ်ဝါလောက်တော့ ရှိရော့မယ် ထင်ပါဘုရား"

"အလို. . . အတော်ငယ်ပါသေးသကိုး။ ဘယ်နှယ် ကျော်ဇောသံနဲ့ များကော ကိုက်ရဲ့လား"

"ကျွန်တော်မျိုးများ ပညာခံနည်းလို့ အကဲမဖြတ်တတ်ပါဘုရား။ ကိုယ်- တော်ကြီးများက အကဲခတ်စမ်းသပ်ကြည့်ရင်ဖြင့် အတိမ်အနက် သိနိုင်မယ် ထင်ပါ ဘုရား"

ဒါက သည်လိုရှိသကွဲ့။ တို့ လူဝတ်ကြောင်ဖြစ်သူက ဘုန်းကြီးကို မေး လား မြန်းလား လုပ်မှဖြင့် ဖြေနိုင်ရင်တော်သေးရဲ့။ မဖြေနိုင်ရင် ရဟန်းရင့်မာ ကြီး ရှက်စရာဖြစ်နေမှာ မဟုတ်လား။ ဒီတော့ ငါ မှာလိုက်မကွယ်။ သည်လို ဟော့. . . ရွာကျရင် မင့်ဘုန်းကြီး ဦးဇဝနကို လျှောက်ချည်။ မိုးတားဝန်မင်းက အရှင်ဘုရားကို မေးနေပါတယ်။ အရှင့်ဉာဏ် အတိမ်အနက်ကို သိချင်တာကြောင့် ပုစ္ဆာတစ်ပုဒ်လောက် ထုတ်လိုက်စမ်းပါတဲ့။ အဲဒီတိုင်း လျှောက်လိုက်"

ဤသို့ဖြင့် ဦးအောင်ကွတ် မာန်လည်သို့ ပြန်ရောက်သောအခါ

ဆရာတော်ကို ထိုအကြောင်း လျှောက်ထားလေ၏။

ထိုအခါ ဆရာတော်က 'ဥတ္တရသို့ မဟာရာဇ' အစချီသော (၄)ဂါထာနှင့်တကွ ဂါထာအဖွင့် သံဝဏ္ဏနာကို ပါဠိသက်သက် ရေးဖွဲ့ပြီးနောက် ၁၂၃၉ ခု၊ ပထမဝါဆိုလပြည့်ကျော် (၁၀)ရက်နေ့တွင် မိုးတားဝန်မင်း လက်ရောက် အပ်နှံခိုင်းလိုက်လေသည်။ ထိုဂါထာ ဝဏ္ဏနာတို့တွင် အမေးပုစ္ဆာတစ်ပုဒ်မျှသာ ပါလေသည်။ အဓိပ္ပာယ်ကား -

"ဩဠာရိကရုပ်သည် ရုန့်ရင်း ထင်ရှားသော ရုပ်ဖြစ်လျက် ထိုရုပ်ကို ဩဠာရိကဓာတ်၊ ဩဠာရိကယတနအဖြစ်ကို ဘုရားရှင် မဟော၊ ထိုဩဠာရိက ဓာတ် အာယတန၏အဖြစ်သည်၊ ရှိသလော-မရှိဘူးလော။ အကြောင်းပြ၍ ဖြေပါ" ဟု ဆိုလိုသည်။

ထိုအမေးပုစ္ဆာရောက်လာသောအခါ မိုးတားဝန်မှာ ချွေးဒီးဒီးကျရလေတော့သည်။ တိကျမှန်ကန်သောအဖြေကိုလည်း မကြံတတ်။ ခက်ချေပြီ။ ထို့နောက် 'ယခုအခါ စာပေနှင့်ဝေးကွာနေသော ခရီးသွားရက်ဖြစ်နေပါ၍ နောင်အခါမှ ကျမ်းစာပေကြည့်ရှုဖြေပါရစေ' ဟု ဝါခေါင်လဆန်း ၂ ရက်နေ့စွဲဖြင့် စာပြန်ကြား လျှောက်ထားလေသည်။ မာန်လည်ဆရာတော်ကလည်း -

'စားချင်သည်ထက်၊ ကြားချင်ရေးက၊ ဆယ်လေးတက်၊ မိန့်ချက်ပဝေဏီ၊ ရှေးသူဟောင်းများဆိုစကားနှင့်အလားညီ၊ ခုသည် ကိုယ်တွေ့ ဖြစ်ချေသည်။ ကြေကြေညာညာ၊ တကယ့်ကျောက်မြတ်၊ ဝေသူဇာတ်ဟု ထင်မှတ်ရာ၊ နီလာညိုပုပ် မွဲပြာစုတ်မို့ မိုးကုတ်ဈေးသို့ ကျောက်စဖြုန်းလောက်မျှ အနှုန်းမရှိ မဖြစ်ဘိပဲ၊ မဏိစစ်ကေန်၊ ဝေသာဝဏ်သား၊ ဝေပူဖျားက၊ ပတ္တမြားဆိုတန်အောင်၊ အကြံတိုး၍၊ အားကြိုးလုံ့လ ပြုပါလေ။ ယခုပြဿနာသည် ပုစ္ဆာမှာ မနာ-စလောက်၊ ဗူးတောင်းငယ်ဖြင့်၊ ကျိုစယ်၍ ပေါက်လိုက်သည်၊ အမြောက်ဆံ မမှတ်လိုက်ပါနှင့်၊ တကာတော် ဝန်မင်း' ဟု ပုစ္ဆာကို ဖြေဆိုအောင် တိုက်တွန်းတောင်းဆိုတော်မူလိုက်သည်။

သို့ တိုက်တွန်းချက်အရ မိုးတားဝန်သည် အားသစ်အင်သစ် ရှာကြံပြီး 'ရာဇာဘိ ရာဇဟောသူရော' အစချီသော ဂါထာ (၄)ပုဒ်ဖြင့် အဖွင့် သံဝဏ္ဏနာ အဖြေလွှာကို ရေးသားပို့သပါ၏။ ထိုအဖြေမှာ အဖြေမှန်နှင့် နီးစပ်ရုံသာရှိသည်။ ထို့ပြင် မိမိကိုယ်ကို ချီးကျူးရေးထားသော ဂါထာတို့မှာ ကတ္တား၊ ကံ၊ ဝါစက အတပ်မှားနေသည်။ ဆရာတော်ဘုရားက အဓိပ္ပာယ်ဖော်လိုက်သောအခါ

ရာဇဝတ်မှုရောက်လုနီးနီး အနက်ပေါ်၍ နေလေသည်။ ပေါ်ပုံမှာ -

'ရာဇာဘိ ရာဇာယောသူရော၊ ဇဂိန္ဒော ဇဂတိသာရော၊ သုပဉော ပထမဗျာစာလေ၊ သုသဒ္ဓေါဠှပ္ပိတော မယာ' ဟူသော မိုးတားဝန်ရေး ကိုယ်ရည်သွေးဂါထာ၌ 'ဠှပ္ပိတော' သည် ကံဟောပုဒ် ဖြစ်သည်။ အဘယ်ကံကို ဟောသနည်းဆိုသော် - ရာဇာဘိ ရာဇာယော၊ သုပဉော ဟူသော ဝိသေသနပုဒ်တို့ဖြင့် တန်ဆာဆင်အပ်သော မင်းတုန်းမင်းကြီးကို ညွှန်ဟောနေသည်။ မယာ ဟူသော အဝုတ္တ ကတ္တားကလည်း အထင်အရှားရှိနေသည်။ ထို့ကြောင့် အတိအကျ အဓိပ္ပာယ်ဖော်လိုက်သောအခါ

'မြေအပြင်၌ မင်းထက်မင်း ဖြစ်တော်မူသော၊ ရဲရင့်သော လူတို့ကို အစိုးရသော၊ မြေအပြင်၏ အရှင်သခင်ဖြစ်တော်မူသော၊ ဘုန်းကံရှိသော၊ မင်းတုန်းမင်းကြီးကို၊ ငါကဲ ယုံကြည်သဖြင့်၊ မင်းအဖြစ် တင်ထားအပ်၏' ဟူ၍ အနက်ထွက်နေလေ၏။

အမှန်ဆိုလိုရင်းကား မင်းတုန်းမင်းက သူ့အား ယုံကြည်တော်မူ၍ အတွင်းဝန် ခန့်အပ်တော်မူသည်ဟု ဂုဏ်ပြဆိုလိုပေသည်။ သို့သော် ဆရာတော်က အနက်အမှန် ပြန်ဆိုလိုက်သောအခါ ပြောင်းပြန်ဖြစ်သွားလေ၏။

မိုးတားဝန်မှာ ထိပ်ထက်မိုးကြိုးကျဘိသကဲ့သို့ တုန်လှုပ်ပြီးနောက် ဆရာတော်ရှေ့မှောက် ဝင်ရောက်လာကာ 'သည်းခံတော်မူပါဘုရား၊ တပည့်တော်သည် နဂါးမင်းကို မြက်ရှောမြွေအမှတ်ဖြင့်၊ အလမ္ပာယ်ကစားမိသော သူမိုက်ကဲ့သို့၊ အရှင်ဘုရားအပေါ် အထင်မှား အမြင်မှား ဖြစ်မိခြင်းကား မှားခြင်းကြီး မကာ မှားပါပြီ။ တပည့်တော်အား အသက်ထက်ဆုံး စတုပစ္စကဒါယကာ အမှတ်ပြု၍ ဆိုဆုံးမတော်မူပါ ဘုရား' ဟူ၍ ပြားပြားဝပ် ဝန်ချလေသတည်း။

အကိုးအကား။ ။

ထီးကျိုင်းမြို့ တည်တော်ဆရာတော်၏ မာန်လည်စကားပုံများ။

## စာထုပ်ကြိုးကပြောပြသော သုတပဒေသာ

စာစည်းကြိုး၊ စာထုပ်ကြိုးများဆိုသည်မှာ မျက်မှောက်ကာလခေတ်ကနေ မြန်မာများအနက် ရှေးဟောင်းပေစာကို ပညာရပ်အနေဖြင့် သင်ကြားနေသူ၊ ဝါသနာအလျောက် လေ့လာဖူးသူများမှအပ ကျန်တဲ့လူငယ်၊ လူလတ်ပိုင်းက ဘယ်လိုဟာ၊ ဘယ်လိုပစ္စည်းဆိုတာ မသိကြတော့ပါ။ အကြောင်းကတော့ ကနေ့ခေတ်မှာ စာစည်းကြိုးကို တွေ့နိုင်ဖို့ အခွင့်အလမ်းမရှိတော့လို့ပဲ ဖြစ်ပါတယ်။ စာစည်းကြိုးကို ရှေးဟောင်းယဉ်ကျေးမှုပြတိုက်များနှင့် ရှေးခေတ် ဘုန်းကြီးကျောင်းများမှာ ရှိတတ်သော စာတိုက်ဘီရို (ခေါ်) သစ်တလား (ခေါ်) ပေစာထုပ်ထည့်ထားတဲ့ လေးဘီးတပ် မှန်စီရွှေချသေတ္တာကြီးများမှာ တွေ့နိုင်ပါသည်။

စာထုပ်ကြိုးဆိုသည်မှာ သိသင့်သိထိုက်သော စာပေဆိုင်ရာ ပစ္စည်းတစ်ခုဖြစ်ပါသည်။ ပေစာထုပ်ကို စည်းနှောင်ထားသော လက်ရက်ချည်ကြိုးပြားကလေး ဖြစ်ပါသည်။ အရွယ်ပမာဏမှာ သေးငယ်သည်ဟု သဘောမထားသင့်ပါ။ သေးငယ်သည်ဟူ၍ အလေးမမူထိုက်သော ကျမ်းစာပေ၊ ပေစာထုပ်ဟူသမျှ မပါမပြီးသော အရေးပါသောပစ္စည်းဖြစ်ပါသည်။

**ရတနာပုံစာအုပ်တိုက်**

"အတိတ်သည် ကျွန်ုပ်တို့၏ အုပ်မြစ်" ဆိုသော စကားကဲ့သို့ ပေစာသည် မြန်မာစာပေ၏ အရင်းခံဘုတ်မြစ်အမှန် ဖြစ်သည်။

ပေဆိုသည်မှာ ပေပင်ရဲ့အရွက်ဖြစ်ပြီး စာဆိုသည်ကား အက္ခရာစာလုံးဖြင့် ရေးဖွဲ့ထားသည့် စကားသင်္ကေတဖြစ်ပါသည်။ ပေရွက်ပေါ် ရေးထားသည့်အတွက် ပေစာခေါ်ပါသည်။ ပေရွက်ကို ထန်းရွက်ပေါ် ရေးရင်လည်း ပေစာလို့ခေါ်ကြပါသည်။ စကားစပ်လျှင်းလို့ ပြောစရာဖြစ်လာသည်ကတော့ ယနေ့ခေတ်မှာ စက္ကူပေါ်မှာ ရိုက်နှိပ်ထားတဲ့ စာအုပ်တွေ၊ ကျန်းဂန်တွေကိုလည်း စက္ကူစာလို့ မခေါ်သကဲ့သို့ ဖြစ်ပါသည်။ ပေစာနှင့် စာပေဆိုသည် ဘယ်တော့မှ မတိမ်ကောနိုင်သော နှစ်လုံးတွဲ ခွဲမရ ဝေါဟာရဖြစ်ပါသည်။

ကောင်းစွာ ပြုပြင်စီမံထားသော ပေရွက်ပေါ်မှာ ကညစ်ဖြင့်ခြစ်ရေးထားသော စာဖြစ်ပါသည်။ ယင်းစာပေကို မည်သည့်ခေတ်၊ မည်သည့်ကာလမှ စတင်သုံးစွဲလာကြကြောင်းကို စူးစမ်းကြည့်ရန် လိုအပ်ပါသည်။

ဤအခန်းကို ယုံကြည်လက်ခံရန် အချက်တစ်ခုတင်ပြရသော် မုံရွေးဆရာတော်ဘုရားကြီး ရေးသားပြုစုတော်မူသည့် ဥတ္တိနူပဓိမှာပါသည့် စာတစ်ပိုဒ်ကို ကိုးကားပြောလိုပါသည်။

"ဘုရားသာသနာ လေးရာမက၊ ငါးဆယ်မျှ၌ ဝဋ္ဋဂါမဏိ မင်းကြီးလက်ထက်၊ ထွန်းတက်ဘုန်းရောင် ရွှေတောင်အပ်ချ။ စက်နှယ်ရှသား။ သောဏမည်ထူး၊ အမှူးပြုဆောင်၊ သောင်သီဟိုဠ်ပေါ်၊ ထေရ်ကျော်ငါးရာ ရဟန္တာဝသီသမ္ဘိဒါဉာဏ်ရ သံဃိနှတို့ ဘုရားမိန့်ရွက်၊ ပိဋကတ်ကို၊ မွတ်မွတ်ဖြူဖွေး၊ ပေထက်ရေး၍၊ လေးဆေးကြပ်မတ် . . .၊ အထပ်တရာ တည်းဖြတ်ပါလည်း . . ." ဟု ပါရှိပါသည်။

သို့ဖြစ်လျှင် သီဟိုဠ် (ယခု သီရိလင်္ကာ)နိုင်ငံ ကျင်းပခဲ့သော စတုတ္ထသင်္ဂါယနာပွဲတော်တွင် ပိဋကတ်တော်များကို ပေရွက်ပေါ်မှာ ရေးသားခြင်းသည် နှစ်ပေါင်း (၂၀၀၀)ကျော် ရှိပြီဟု ဆိုရပါမည်။

နောက် 'ဗုဒ္ဓဝင်စာပေ ပိဋကတ်တော်ပေစာထုပ်များ၊ သီဟိုဠ်မှ မြန်မာနိုင်ငံအောက်ပိုင်း သုဝဏ္ဏဘုမ္မိခေါ်သော ဟံသာဝတီဒေသ ရာမညတိုင်းကို ဗုဒ္ဓဘာသာထေရ်ရဟန်းများက ပင်လယ်ပြင်ဖြတ်သန်း ဆောင်ကြဉ်းလာတဲ့အတွက် ဟံသာဝတီသို့ ရောက်ရှိလာပါသည်။ ထို့နောက်မှ ဟံသာဝတီမှ ပိဋကတ်တော်များသည် ပုဂံပြည် အနော်ရထာမင်းကြီးလက်ထက်တော်တွင် တခမ်းတနား

ပင့်ဆောင်ပြီး ရောက်ရှိလာသည်မှာ အများသူငါ သိကြပြီးဖြစ်ပါ၏။

"သီဟိုဠ်သားတို့ထံမှ မြန်မာများက နည်းစနစ်ယူပြီး ပေစာရေးခဲ့ကြောင်း" မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားပါသည်။ သီဟိုဠ်က ပေစာ ရေးသားနည်းစနစ်ကို နည်းခံအတုယူရေးဖွဲ့ခြင်းကား ဟုတ်ပါပြီ။ သို့သော် ဘယ်လိုအက္ခရာစာလုံး အသုံးပြုသလဲဆိုတာ စူးစမ်းမှုဖြစ်ပါလိမ့်မည်။ ပေပင်၊ ထန်းပင်တွေကတော့ ကျွန်ုပ်တို့နိုင်ငံမှာ ပေါများပြီးသား အသင့်ပါပဲ။

ပိဋကတ်တော်တွေ ပုဂံရောက်လာတော့ ပါဠိဘာသာ၊ သက္ကတဘာသာ အက္ခရာတွေနဲ့ ရေးထားခြင်းဖြစ်ပါတယ်။ ပါဠိဘာသာဆိုသည်ကလည်း အိန္ဒိယနိုင်ငံ တောင်ပိုင်း နာဂရီအက္ခရာမှ ဆင်းသက်လာသည်ဟူ၍ ပညာရှင်များအဆိုကို ဖတ်မှတ်ဖူးပါသည်။ သည် ပိဋကတ်တော်တွေက မွန်တို့ဌာနီ ရာမညတိုင်းမှ တစ်ဆင့် ရောက်လာတာဖြစ်ခြင်းကြောင့် မွန်ဘာသာအက္ခရာနဲ့လည်း ရေးသားသည်များလည်း ပါပေလိမ့်မည်။

ဤကဲ့သို့ သီဟိုဠ်ရဟန်းများမှတစ်ဆင့် ရှင်အရဟံ စသော ထေရ်ရဟန်းများရဲ့ လမ်းညွှန်ကူညီမှုဖြင့် မြန်မာအက္ခရာစာလုံးတီထွင်ကြသည်ဟု သိရပါသည်။ ပုဂံခေတ်ထိုး ကျောက်စာကြီးများအရ ခန့်မှန်းကြည့်ကြရပါသည်။ ယနေ့ခေတ်စာလုံးနဲ့မတူခြင်းကိုကား အများသိကြပြီးအတိုင်းပါ။ အက္ခရာက လေးထောင့်ပုံစံလိုလို ရှိပါသည်။ ယင်းအက္ခရာပုံစံကို ပေပေါ်မှာ ခြစ်ရေးမယ်ဆိုတော့ကာ လေးထောင့်ပုံစံနှင့် မဖြစ်နိုင်တော့ပါ။ ထို့ကြောင့် လုံးလုံး ခုံးခုံး ဝိုင်းဝိုင်း ပုံစံကို ပြောင်းလွဲရေးခြစ်ကြရပါသည်။ သည်အတိုင်းဆိုလျှင် အဝိုင်းပုံသင်္ကေတ ဝ လုံးကို အခြေခံပြီး ထပ်ကဖွဲ့လိုက်ခြင်း၊ ဘေးကဖွဲ့လိုက်ခြင်း၊ အောက်ကဖွဲ့လိုက်ခြင်းအားဖြင့် ဝိုင်းဝန်းသောအက္ခရာပုံစံ ဖြစ်လာသည်ဟု ယူဆပါသည်။

ထို့ကြောင့် ကျွန်မတို့ ဘိုးဘွား လူကြီးတချို့က တို့မြန်မာအက္ခရာဆိုတာ နေဝန်း၊ လဝန်း ပုံစံကိုကြည့်ပြီး ထွင်လာတာရယ်လို့ ပြောဖူးတာ မှတ်မိနေပါသည်။ ဘိုးဘွားများက သူတို့ထင်မြင်သလို ပြောကြခြင်းဖြစ်စေ၊ စာလုံးပုံကလည်း ပြောချင်စရာဖြစ်နေသည်ကို တွေ့နိုင်ပါ၏။ မည်သို့ဖြစ်စေ လုံးဝန်းသော မြန်မာအက္ခရာကား အမြင်ရှင်းသည်၊ ရေးနည်းစနစ်တကျရှိသည်။ ထို့ကြောင့် ကလေးသူငယ်များ စာသင်ရာ၌ တတ်လွယ်ပါသည်။

မြန်မာစာ ပေါ်ထွန်းလာသောအခါ ပထမအဦးဆုံး မည်သူတွေများ စတင်တတ်ကျွမ်းကြလေမည်နည်း။ ဖြစ်နိုင်သည်မှာ ရဟန်းသံဃာတော်များ

အမှုပြုပြီး မင်းညီမင်းသား၊ နန်းတွင်းစံများ၊ မှူးကြီးများ သင်ယူခွင့်ရမည်ဟု ယူဆရပါသည်။ ထို့နောက် စာပေထုပ်များကို ပြည်သူအများဖတ်နိုင်ရန် မွှားပြီး ဖြန့်ချိရပါမည်။ သို့သော် စာပေတစ်ထုပ်ဖြစ်လာအောင် အဆင့်ဆင့်လုပ်ငန်းက လက်ဝင်လှသောကြောင့် အချိန်အတော်စောင့်ရပါသည်။ ရှေးရှေး သင်အပ်သောကျမ်းစာသည် နောက်နောင်သင်အပ်သော ကျမ်းစာအား လေ့ကျက်ခြင်းငှာ အားရှိ၍ အဖန်တလဲလဲ မှိဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော (ပဋ္ဌာန်းပါဠိတော်) အတိုချုံ့ပြောရသော် နိုင်ငံတွင်း၌ စာတတ်သူဦးရေ များလာသောအခါ မြန်မာစကားပြေကိုလည်းကောင်း၊ ကာရန်ပါသော ကဗျာအလင်္ကာကိုလည်းကောင်း နှစ်မျိုးရေဖွဲ့လာကြသည်ဟု ယူဆရပါသည်။

"မြကန်သာ၊ တောင်ကျချောင်းတေး ရေဝင်ပြေးလှည့် ရေအေးကြည်စွာ ကန်ပိုင်မာလျက်

ရန့်ထုံထုံ ပန်းပေါင်းစုံသည်၊ ဘုံဝတီသာ၊ နန္ဒာလော၊ တူစွဟုတ္တာ"
(စာလုံးတချို့ မှားနိုင်ပါသည်)

ဟူသော ကဗျာနှင့် မြစေတီကျောက်စာပါ စကားပြေ စသည်တို့ကို ထောက်၍ ကောက်ချက်ဆွဲကြည့်ရခြင်း ဖြစ်ပါသည်။

သို့လျှင် ပေပင်၊ ထန်းပင်များအား အရင်းခံပြီး ပေလုပ်မျဉ်းတိုင်၊ အလုပ်သမားကြီးများ၏ လုံ့လဖြင့်၊ ပေစာထုပ်များ အတော်ပင် ပျံ့နှံ့လာလေပြီ။ စနစ်တကျ ကောင်းစွာ စီတပ်ထားသော ပေစာချပ်များအား ကျမ်းဟု ခေါ်သော သစ်သားပြား (သို့မဟုတ်) ယွန်းပြားနှစ်ချပ်ဖြင့် အထက်အောက်ညှပ်ရသည်။ ယင်းပေစာထုပ်ကို ပဝါကောင်းဖြင့်ထုပ်ပြီးမှ စာစည်းကြိုးဖြင့် စည်းနှောင်ရသည်။ ပေရွက်ထပ်၏ ဘေးအနှောင့်ကို ပိုင်ရှင်၏အဆင့်အလိုက် ရွှေပိန်းချထားသည်လည်း ရှိသလို၊ ရွှေတစ်ဆစ်၊ ဟင်္သပြဒါးအနီရောင်တစ်ဆစ် ခြယ်သုတ်ထားသော ကြံဆစ်ပေဟူ၍လည်း ရှိသေးသည်။ အများအားဖြင့် သာမန်အရပ်သားသုံး ပေစာထုပ်မှာကား ဘေးအနှောင့်မှ ဆေးအနက်ရောင်သာ ဖြစ်ပါသည်။ ထိုကဲ့သို့ ကျမ်းပြားညှပ်ပြီး ဘေးအနှောင့်မှ ဆေးအနက်သုတ်ခြယ်ပြီး ပဝါပတ်၍ စာစည်းကြိုး စည်းနှောင်ပြီးသော အရာရာပြီးပြည့်စုံသော ပေစာတစ်ထုပ် ဖြစ်ပါပြီ။ ရွှေစာလုံးနှင့် သားရည်ဖုံးစာအုပ်ကဲ့သို့ နှစ်ပေါင်းများစွာ ခိုင်ခန့်နိုင်သော ကျမ်းစာပေဖြစ်လေပြီ။ ပေစာထုပ်ကို အထားအသို စနစ်တကျ ရှိလျှင် စက္ကူသားစာအုပ်ထက်ပို၍ နှစ်ရှည်ခိုင်ခန့်ပါသည်။ အိန္ဒိယနိုင်ငံ မိုက်စိုး

ပြည်နယ်ရှိ ရှေးဟောင်းစာကြည့်တိုက်ကြီးတွင် နှစ်ပေါင်း (၅၀၀)ကျော် သက်တမ်းရှိသော ပေစာတစ်ထုပ်ကို ပြသထားပါသည်။ ကျွန်မတို့ မြန်မာနိုင်ငံမှာမူ သက္ကရာဇ် ၁၀၀၀ ပြည့်နှစ် (ခရစ်နှစ် - ၁၆၃၈)က ထုတ်လုပ်သော ပေစာထုပ်တစ်ဆူကို တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်ကြီးမှာ တွေ့ရှိလေ့လာဖူးပါ၏။ နှစ်ပေါင်း (၃၆၆)နှစ် သက်တမ်းရှိပြီဖြစ်သော်ငြားလည်း များစွာ ဆွေးမြေ့ခြင်းမရှိသေးချေ။

ပေစာထုပ်၏ ပထမပေရွက် (၃)ရွက်ခန့်တွင် စာလုံးမျက်နှာအပြည့်ရေးလေ့မရှိပါ။ ပေရွက်၏ သုံးပုံတစ်ပုံခန့် အလယ်ပိုင်းတွင်သာ စာလုံးရေးထည့်ထားပြီး ယင်းကို ပလ္လင်ခံသည်ဟု သုံးနှုန်းလာကြပါသည်။ ထို့အပြင် ပေစာရေးရာ၌ တစ်လုံးတစ်လေ မှားရေးမိသော ယင်းအက္ခရာစာများ၏ အလယ်ခေါင်တွင် ဝတ်ဆံအစက်ကလေး ထည့်ပေးထားခြင်းဖြင့် ဖျက်ပစ်ရသည်။ ဥပမာ - စာကူးသူသည် 'က'အက္ခရာကို ဖျက်ရမည့်အစား 'ယ' အက္ခရာကို ဖျက်မိလေသော် စာတစ်ကြောင်းလုံး ပျက်စီးတတ်သည်။ ဤတွင်လည်း 'က ဖျက်၊ ယ ဖျက်' လုပ်သည်ဟူသော တင်စားပြောသည့်စကားလုံး၏ မူလအဓိပ္ပာယ်ဖြစ်သည်။ ယနေ့တိုင် ပျက်စီးစေတတ်သော အလုပ်တစ်ခုပြုမိသော် 'ကဖျက်၊ ယဖျက် လုပ်သည်' ဟု သုံးနှုန်းဆဲဖြစ်ပါသည်။ ထိုကဲ့သို့ ရှေးဟောင်းပေစာမှ ဆင်းသက်စကားလုံးအတော်များများ ရှိပါသည်။

ပေစာထုပ်အကြောင်း လိုရင်းမျှသာဖြစ်ပါ၏။ တစ်ခုမကျန်ရေးသော် အိမ်တွင်းလက်မှု အတတ်ကြီးစာ စာတမ်းရှည်ကြီး ဖြစ်သွားပါလိမ့်မည်။ ယခု ဤစာတမ်း၏ မခါနဖြစ်သော ပေစာထုပ်ကြီးများအကြောင်း ဆက်ပါမည်။ ဆိုခဲ့သည့်အတိုင်း ပေစာထုပ်များသည် မင်းစိုးရာဇာ၊ နန်းတွင်းစံများမှအစ သာမန်အရပ်သားများအထိ လှိုင်လှိုင်ကြီးသုံးစွဲလာကြသောအခါ ပဝါဖြင့်သာ ရစ်ပတ်ထားသော ပေစာထုပ်ကို ပိုမိုကျစ်လစ်ခိုင်ခန့်စေအောင် စည်းနှောင်ရသော ကြိုးပြားကိုပါ ရက်လုပ်သုံးစွဲလာသည်။ အိမ်တွင်းလက်မှုပစ္စည်းအနေဖြင့် ရှေးဦးစွာ ရဟန်းသုံး ခါးပန်းကြိုးကဲ့သို့ အမြောက်အမွန်းမပါ၊ ပြောင်ရက်လုပ်ကြရာမှ ရက်လုပ်သူ၏ တီထွင်မှု ဉာဏ်စွမ်းအလျောက် အပြောက်အမွန်း၊ အလှအပဆင်လာသည်။ နောက် အက္ခရာစာလုံးများပါ ထည့်သွင်းရက်လုပ်ပြီး ကုသိုလ်ရှင်၏အမည်နှင့် ဆုတောင်းစာပါ ကောင်းစွာရက်လုပ်နိုင်လာသည်။ သို့ဖြစ်သောကြောင့် ပေစာထုပ်နှင့် စာထုပ်ကြိုး ပေါ်ထွန်းသည့်ကာလမှာ နှစ်ပေါင်းများစွာ

မကွာခြားလှဟု ယူဆရပါသည်။

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာ ကိုးကွယ်ရာ နိုင်ငံကြီးဖြစ်လာခြင်းနှင့် အတူ မြတ်ဗုဒ္ဓတရားတော်အတိုင်း ဘုရားတည်၊ ကျောင်းဆောက်၊ သားရှင်ပြု မင်္ဂလာ စသဖြင့် အလှူဒါနပြုခြင်းများ ခြိမ့်ခြိမ့်သဲသဲ ပေါ်ထွန်းလာတော့သည်။ ထိုအခါ ကုသိုလ်ပြုရာတွင် မပါလျှင်မဖြစ်သည့် သက်နိုင်း၊ ပရိက္ခရာ စသည်များ နှင့်အတူ ဗုဒ္ဓဝင်စာပေကျမ်းစာထုပ်များလည်း လှူဖွယ်ပစ္စည်းစာရင်းဝင် ဖြစ်လာ ပါသည်။ ထိုအခါ ပေစာထုပ်နှင့်အတူ စာထုပ်ကြိုးသည်လည်း ပူးတွဲပါဝင်လာ သည်။

စာထုပ်ကြိုးဆိုသည် ရှေးကာလက ပြည်တွင်းဖြစ် ချည်ထည်ကြမ်းဖြင့် ရက်လုပ်သော အနံတစ်လက်မခန့်ရှိပြီး အလျားမှာ ပေစာထုပ်၏ စာအင်္ဂါ အနည်းအများ၊ အထူအပါးကိုလိုက်၍ လေးတောင်တန်သည်၊ ငါးတောင်တန် သည် ရက်လုပ်ကြရသည်။ ဆေးရောင်မှာ ပိန္နဲရောင်အညို၊ မဲဆိုးအပြာရင့်ရောင် မျှသာ ဖြစ်၏။ (၁၈ လက်မလျှင် တစ်တောင်) ကြိုးပြားပေါ်တွင် အလှူရှင်၏ နေရပ်၊ အမည်၊ သက္ကရာဇ်များအပြင် မိမိပြုသော ကုသိုလ်၏အကျိုးငှာ ဆန္ဒ ရှိသမျှ ဆုတောင်းအမျှဝေသည့်စာများ ထည့်သွင်းရက်လုပ်ထားပါသည်။ အထူး လှပသော အိမ်တွင်းလက်မှုပညာတစ်ရပ်ဖြစ်သည်။ ယနေ့ခေတ်တွင် ကြိုးစာကို ပုံစံတူပြုလုပ်ရန် မတတ်နိုင်တော့ချေ။ လက်ရာကောင်းအနုပညာမြောက် ရက် လုပ်ထားသော ကြိုးပြားတစ်သွယ်အား ကိုင်တွယ်ကြည့်ရှုမိသူမှန်သမျှ မနှစ်သက် ဘဲ မနေနိုင်ပါ။ ယခုမူ ရက်လုပ်တတ်သူများ မရှိတော့ချေ။ ရက်လုပ်တတ်သော မိဘများက သင်ပေးမည်ဆိုစေကာ၊ သင်ယူလိုသော သား/သမီးများ မရှိတော့ ပါ။ အသက်မွေးမှုမဖြစ်နိုင်သောအတတ်ကို သင်ယူလိုခြင်းမရှိသည်မှာလည်း သူတို့အပြစ်မဟုတ်ချေ။ ကြိုးပြားပေါ်တွင် အမြောက်အမွှန်း၊ ကြေးစည်ပုံ၊ ခေါင်းလောင်းပုံ၊ တံခွန်တိုင်ပုံ၊ ပန်းပွင့် ပန်းခိုင်တို့သာမက ကျမ်းစာထုပ်အလှူရှင် သည် ထီးနိုပ်နန်းနေတစ်ပါးဖြစ်ဘိမူကား ပလ္လင်ပုံ၊ ထီးဖြူတော်ပုံ စသည်များပါ ထည့်သွင်းရက်လုပ်လေ့ ရှိပါသည်။ ကြိုးဆုတောင်းစာ၏သဘောကို သိသာရန် ဤတွင် ရတနာပုံ မန္တလေးခေတ်က သီပေါမင်း၏ မိဖုရားခေါင် (စုဖုရားလတ်ဟု ထင်ရှားသူ)၏ ကုသိုလ်တော်ကျမ်းစာထုပ်များမှ ဆုတောင်းစာတစ်ပုဒ်ကို ပထမ တင်ပြပါမည်။

'မေ - အကျွန်ုပ်၏ တေ - ဤစာကြိုးဖွဲ့လက် ပိဋကတ်သည်၊ ခလု-

စင်စစ်၊ သာခုကောင်းစွာ၊ သုစိရံ - သာသနာတော်ခေတ်အလုံး၊ တိဋ္ဌတု - တည်ပါစေသတည်း။ ။ ရတနာရောင်ခြည်၊ ထိန်လင်းတည်စိမ့်၊ ငါးမည်အောင်ဟိတ်၊ သိုက်နမိတ်နှင့်၊ ဗျာဒိတ်တော်ရ၊ မန်းဌာနကို၊ ပဋ္ဌမတည်ထောင်၊ စိုးမိုးဆောင်သည်၊ မင်းခေါင်ဘုန်းဟော့၊ ဘူပတော့လျှင်၊ ငြီးငွေ့ဇမ္ဗူ၊ ခြော်ဆူနတ်နန်း၊ စမ္ပာယ်မြန်းသော၊ ဆင့်ဆင့်တိုးသား၊ နန်းရိုးနေမြစ်၊ ဥပရာဇ်လျှင်၊ ဘုန်းသစ်ကွန့်ဖြာ၊ လယ်ယာခေါင်ထွတ်၊ မိုးသူနတ်နှင့်၊ နဝရတ်ဘုံ၊ ရှစ်စုံဖြူဝန်း၊ နှစ်ပြိုင်ထွန်းလျက်၊ ရိပ်ထွန်းဖွေမြင့် စိုးစံတင့်သည်၊ ရာမင့်ထွတ်ဖျား၊ စောတရား၏၊ ညာထားမှန်ပု၊ စံကုန္ဓုသို့၊ စတုသဠို၊ ဝင်းညီကျက်သရေ၊ မြူတေးစုံလင်၊ ပဒုပြင်ထိတ်၊ သုမင်္ဂလာ၊ ကောင်းမြီးညာသား၊ မဟာဒေဝီ၊ ဆွေ့သာကီလျှင်၊ သိင်္ဂီဗိမာန်၊ ကျောင်းဝေယန်ကို၊ နိဗ္ဗာန်ရည်ဆောင်၊ တည်ပြီးနောင်မှ၊ ဘုန်းခေါင်တမွတ်၊ ငါးမာရ်ညွတ်၏၊ မိန့်ရွတ်ဘော်မြွက်၊ မမွစက်ကို၊ ပေထက်ရေးတင်၊ တည်းတိုက်ပြင်လျက်၊ ရွှေစင်နီဗလံ၊ အမှုံဖြိုးစည်၊ စံကြိုးရည်ဖြင့်၊ လင်းကြည်ခြယ်ဆစ်၊ တကျွန်းဖြစ်သည့်၊ ရွှန်းသစ်ချောမှုံ၊ ထည်ကောင်ချုံကို၊ အုပ်ခြုံဖွဲ့ရှက်၊ ရွှေခြည်ရက်သား၊ ရွှေအက္ခရာ၊ ရွှေကြီးစာဖြင့်၊ ကောင်းစွာတင့်တယ်၊ ကိုးကွယ်ရှင်လန်း၊ မင်္ဂဖိုလ်မှန်း၍ လျှုဒါန်းပူဇော်၊ ကုသိုလ်တော်ကြောင့်၊ ရှစ်ဘော်မဂ္ဂင်၊ လင်းယင်ဖွေမုတ်၊ စံမယုတ်သား၊ နိဂုဏ္ဍတိ၊ ဝိသုဒ္ဓိဟု၊ သိရိဇေယျ၊ ရန်မျိုးလုံးသည်၊ ရွှေဘုံဗိမာန်၊ ပြည်နိဗ္ဗာန်သို့၊ မိဌာန်ဆုယူ၊ ပန်တော်မူရှင့်၊ ဆောက်အူဒါန၊ မြတ်ပုညကို၊ သိယ်ရန်အောင်၊ ကုန်းဘောင်တည်ရင်း၊ ဘေးတော်မင်းမှ၊ ဆက်နှင်းခံထိုက်၊ နွယ်တော်လိုက်ဖြင့်၊ မကိုင်ရှုဆယ်ဆင့်၊ မန်းညာမြင့်ဝယ်၊ ကြူရင့်ရွှေစည်၊ နန်းတည်ဘန်ဦး၊ ကွန့်မြူးဘုန်းတော်၊ ဘုံထက်ပျော်သည်၊ ခမည်းတော်မြတ်၊ လောကနတ်အား၊ လက်မွန်ထား၍၊ သုံးပါးသတ္တ၊ ဝေနေယျကို၊ ဘာဂအတူ၊ ရစေဟူ၍၊ မျှယူဝေခြမ်း၊ အောင်စည်ရွှမ်းသည်။ ။ ရှင်လန်းနတ်လူ၊ ကြည်ဖြူသာခုခေါ်စေသော်။ ။

ဤကြီးဆုတောင်းစာများမှာ ပါဠိပြွန်းသော မြန်မာစကားလုံးများဖြင့် သီကုံးထားသည်။ မြန်မာ့အယူအဆ၊ မြန်မာ့ကုသိုလ်ရေးယဉ်ကျေးမှု ဆုတောင်းခန်း၊ အမျှဝေခြင်းများသာ ပါရှိသည်။ ကွယ်လွန်သူမိဘ၊ ဘိုးဘွားများအား ရည်ရွယ်ပြီး အမျှဝေခြင်းများလည်း ပါရှိတတ်သည်။ တစ်ပါးသော နိုင်ငံရပ်ခြား အတွေးအခေါ် တစ်ဆံချည်မျှ အငွေ့အသက်မသမ်းသော မြန်မာ့စလေ့၊ မြန်မာ့ယဉ်ကျေး

မှု စကားစစ်များသာ ဖြစ်ပါသည်။ ဤနေရာတွင် ကြိုးစာ၏ ထူးခြားကောင်းမွန်သော အချက်တစ်ရပ်ရှိကြောင်း ဖော်ပြရပါဦးမည်။ ကြိုးစာသည် မိမိတို့ အလျှုဒါနအတွက် ဆုမွန်ကောင်းတောင်းဆိုခြင်းနှင့် အမျှဝေငှခြင်းသာ ပါရှိသည်။ ရှေးခေတ်ကျောက်စာတချို့ကဲ့သို့ ကျိန်စာတိုက်ခြင်းမျိုး တစိုးတစေ့မှ မပါ။ စာစည်းကြိုးများ စုဆောင်းရသည်မှာ နှစ်အတော်ကြာပါ၏။ မန္တလေးဘုန်းတော်ကြီးကျောင်းများသို့ အကြိမ်ကြိမ်သွားရသည်။ ကံကောင်းသည့်နေ့ဆိုလျှင် ကြိုးစာ (၈)မျိုးလောက် တွေ့ရှိ ကူးယူခွင့်ရပါသည်။ အပိုင်ရခြင်း မဟုတ်ပါ။

စုဆောင်းရသည်မှာ နေရာအနှံ့ဖြစ်သည်။ မိတ်ဆွေသင်္ဂဟရှိသော မွန်ပြည်နယ်၊ မွန်ယဉ်ကျေးမှုပြတိုက်မှ မွန်အက္ခရာဖြင့် ရက်လုပ်ထားသော ကြိုးစာများ၊ ရခိုင်ပြည်နယ်မှ ဆရာတော်တစ်ပါးထံမှ ဂရုတစိုက်ကူးယူပေးပို့သော ရခိုင်စာစည်းကြိုးများ အတန်ရရှိသည်။ အများသိကြပြီးအတိုင်း မွန်အက္ခရာစာပေမှာ ကျွန်မတို့ မြန်မာစာပေထက် နှစ်ပေါင်း (၄၀)ခန့် ရှေးဦးကျသောကြောင့် ပိုကောင်းသော စာလုံး၊ ရုပ်ပုံများ တွေ့ရှိရသည်။ (မော်လမြိုင်မှ စာရေးဆရာ တက္ကသိုလ်ခင်မောင်လွင်က ကျေးဇူးပြု၍ ရရှိခြင်းဖြစ်ပါသည်။ ယခု ဦးခင်မောင်လွင် ကွယ်လွန်ပါပြီ)

မွန်စာနှင့် ရခိုင်စာများမှာ က - ခ စသော အက္ခရာများမှာ ကျွန်မတို့နှင့် အတူတူဖြစ်သော်ငြား ဒေသအတန်ငယ်ကွာခြားသောကြောင့် အချို့အသံထွက်များမှာ ကွဲပြားခြားနားပါသည်။ ယနေ့ခေတ်တွင် မတွေ့နိုင်တော့သော ရှေးဟောင်းပစ္စည်းဆိုလျှင် နိုင်ငံရပ်ခြား၊ တိုင်းတစ်ပါးသားတို့က နည်းအမျိုးမျိုးဖြင့် စုဆောင်းလေ့ရှိကြသည်။ နည်းအမျိုးမျိုးဆိုရာမှာ ထိုကဲ့သို့ နိုင်ငံရပ်ခြားတိုင်းတစ်ပါးသို့ရောက်ရှိနေသော ကြိုးဆုတောင်းစာများလည်း အတော်များများရရှိထားပါသည်။ ဘာလင်၊ ဖရင့်ဖတ် စသော ဂျာမဏီရှိ မြို့ကြီးများမှ လည်း-ကောင်း၊ လန်ဒန်မြို့ British Library စာကြည့်တိုက်ကြီးမှ မြန်မာအမျိုးသားဦးတက်ထွဋ် လှူဒါန်းထားသော ကြိုးစာအတော်များများကို ကျွန်မထံသို့ လန်ဒန်နေ Mr. Noel. F. Singer က ကူးယူဓါတ်ပုံရိုက်၍ ပို့ပေးသောကြောင့် ရရှိပါသည်။ ထိုင်းနိုင်ငံ လမ်းပန်မြို့မှ ကြိုးစာအချို့ကို ဒဂုံတက္ကသိုလ်၊ ပါမောက္ခ (ရှုပဗေဒ) ဒေါက်တာဦးရဲမြင့်ကလည်းကောင်း၊ ကူးယူပေးပို့သောကြောင့် လည်းကောင်း အတော်စုံလင်အောင် တွေ့ရှိရပါ၏။ အရှေ့တိုင်းယဉ်ကျေးမှုကို စိတ်ဝင်စားသော နိုင်ငံခြားသားများကား မြန်မာ့ရှေးဟောင်း စာပေယဉ်ကျေးမှု

လက်မှုပညာလက်ရာများကို တန်ဖိုးထားပြီး မက်မောစုဆောင်းကြပါသည်။

ကျွန်မလက်ရှိ ကြိုးစာများတွင် လွန်ခဲ့သော သက္ကရာဇ် (၁၁၃၄)ခုနှစ်၊ (ခရစ်နှစ် ၁၇၆၂)က ကြိုးစာမှ လွန်ခဲ့သော ၁၃၂၆ ခုနှစ်၊ (ခရစ်နှစ် ၁၅၆၃)က ကြိုးစာအထိ သက္ကရာဇ်အမျိုးမျိုး၊ ခေတ်အမျိုးမျိုးမှ ကြိုးဆုတောင်းစာများ ပါဝင်လေသည်။ ခေတ်နောက်အကျဆုံးကြိုးစာမှာ ဆရာကြီးမင်းသုဝဏ်ထံမှာ တွေ့ရှိရပါသည်။ ရက်ထားသည်မှာ ဆုတောင်းစာမဟုတ်ပါ။

ဂျပန်ခေတ်ကမူ တပ်မတော်မှ မြန်မာစစ်ဗိုလ်အချို့၊ နာမည်၊ ရာထူးစသည်တို့ကို ခါးလွယ်ကြိုးတွင် ထည့်ရက်လုပ်ပြီး အသုံးပြုကြသည်ကို မှတ်မိနေပါသည်။ ထို့နောက်မှာကား ရက်လုပ်ရန် အခွင့်မရှိပြီ။ ပေစာ ကွယ်ပျောက်သည်နှင့်အတူ စာထုပ်ကြိုးပါ ပျောက်ကွယ်သွားရလေပြီ။

ပေစာအသုံးဆိုသည်ကလည်း စာပုံနှိပ်စက်ပေါ်လာသည်မှစပြီး တွင်တွင်ကျယ်ကျယ်မရှိတော့ချေ။ မြန်မာ့ရိုးရာ မွေးသက္ကရာဇ်မှတ်သားထားသော ဇာတာတစ်မျိုးသာ ပေရွက်အသုံးရှိပါတော့သည်။ ဤနေရာတွင် တစ်ခု သတိရလာသည်မှာ ဆရာကြီးဒေါက်တာသန်းထွန်း အသက်(၆၀)ပြည့် မွေးနေ့ မန္တလေးမြို့တွင် ကျင်းပစဉ်က မွေးနေ့ပွဲတက်ရောက်ရန် ဖိတ်ကြားလွှာကို ပေရွက်ပေါ်တွင်ရေးခြစ်ပြီး ပေးပို့ခြင်းဖြစ်ပါသည်။ ပေစာအသုံးပြုခြင်းကို အမှတ်တရ ထင်ဟပ်စေသော အစီအမံဖြစ်ပါသည်။

ယနေ့မျက်မှောက်ကာလတွင်မူ တွေ့မြင်ရန် မလွယ်တော့ပါ။ ရွှေဘိုဘုရားစောင်းတန်းတွင် တစ်ခါက ဈေးကြီးပေးပြီး ဝယ်ယူရရှိဖူးသည်။ ထိုနေရာမှပင် နိုင်ငံခြားသားများ ရှာဖွေဝယ်ယူသွားကြကြောင်း သိရသည်။ မြန်မာ့ရှေးဟောင်းစာပေယဉ်ကျေးမှုကို ကျွန်မတို့ မြန်မာလူမျိုးများက အမှတ်တမဲ့ဘာသိဘာသာ သဘောထားကြစေကာမူ တိုင်းတစ်ပါးသားတို့ကား တန်ဖိုးထားကာ ယင်းတို့စာကြည့်တိုက် အရှေ့ပိုင်းအာရှနိုင်ငံယဉ်ကျေးမှုခန်းမဆောင်အတွင်း တခမ်းတနားပြထားသည်ကို သိရပါသည်။

ထို့အပြင် ယင်းတို့စုဆောင်းရရှိထားသော စာထုပ်ကြိုးပေါ်မှ ဆုတောင်းစာကို မြန်မာအသံထွက်အတိုင်း အသံထွက်ပြီး ရွတ်ဆိုနိုင်ရန် သဒ္ဒဗေဒနည်းအားဖြင့် ရောမအက္ခရာသို့ ပြန်ဆိုရေးသား ပုံနှိပ်ထားသော စာအုပ်များလည်း ရှိသေးသည်။

ဆိုခဲ့သလို ရောမအက္ခရာဖြင့် ရိုက်နှိပ်ထားသောစာအုပ်မှ ကြိုးစာ

၁၂ ပုဒ်ကို မိတ္တူကူးပြီး မိတ်ဆွေတစ်ဦးက ပို့ပေးသောကြောင့် ကျွန်မလက်သို့ ရောက်လာသောအခါ ကျွန်မကြိုးစားပြီး ဖတ်ကြည့်သည်။ စာထုပ်ကြိုးစာပေါင်း အမြောက်အမြားဖတ်ထားသောကြောင့် ယင်းကြိုးစာအသံထွက်ကို ရွတ်ဖတ်နိုင်ပါ၏။ သို့သော် မြန်မာအက္ခရာသို့ ပြန်ဆိုသောအခါ ရပင်းလား၊ ရရစ်လား၊ သေးသေးတင်ရမှာလည်း နသတ်ရမှာလား မလုပ်တတ်တော့ပါ။ သည်အခက်အခဲကို သိမြင်သော ဆရာကြီးမင်းသုဝဏ်က မြန်မာစာလုံးသတ်ပုံမှန်အောင် ပြန်ဆိုပေးပါသည်။ သဏ္ဌာရာဇ်မပါသော ကြိုးစာဖြစ်ခဲ့သော် ဘယ်နှစ်ခန့်က ဖြစ်တန်ရာသည်ကို သုတေသီများက စာလုံးပေါင်းသတ်ပုံကိုကြည့်ပြီး အကဲဖြတ်ရန် ခက်နေလိမ့်မည်ဟု ဆရာကြီးက မိန့်ဆိုပါသည်။

အမှန်အားဖြင့် မြန်မာစာပေ၏ အခြေခံအုတ်မြစ်သဖွယ်ဖြစ်သော ရှေးဟောင်းပေစာထုပ်နှင့်တကွ စာထုပ်ကြိုးပါ စာများ၏ အတိမ်အနက်တို့ကို သိနားလည်စွာ တန်ဖိုးထားကာ စုဆောင်းထားကြလေသော နိုင်ငံရပ်ခြားမှ သုတေသီပုဂ္ဂိုလ်အချို့၏စိတ်ဓာတ်ကို အတုယူမွေးမြူထိုက်လှပါသည်။

နိုင်ငံခြားသားများသည် မြန်မာလက်ဖြစ် ချည်ကြမ်း၊ အပြောက်အမွမ်းမပါတဲ့ ကြိုးစာများကို ပိုပြီး အမြတ်တနိုး ဝယ်ယူတတ်ကြပါသည်။ တန်ဖိုးထားတတ်ကြပါသည်။ လက်လုပ်ချည်ကြမ်းနဲ့ သစ်ခေါက်ဆိုးပဲဆိုး၊ ရက်ထားတာတာ ပိုပြီးရှေးဦးကျသောကြောင့် မြန်မာတို့အယူအဆ စရိုက်ဓလေ့များအား ပိုသိနိုင်အောင်လို့ဟု ပြောကြပါသည်။ သူတို့ကား သပ်ရပ်လှပခြင်းထက် ရှေးဟောင်းတန်ဖိုးရှိတာကို ပိုနှစ်သက်ကြ၏။

ကျွန်မသည် ကြိုးစာများ ကူးယူစုဆောင်းရသည့် ကာလတစ်လျှောက် ရပ်ဝေးမြေခြားမှ ကူညီရေးကူးပုံရိုက်ပေးကြသော သူများ၏ ကျေးဇူးကြောင့် မြန်မာကြိုးစာ၊ မွန်ကြိုးစာ၊ ရခိုင်ကြိုးစာ၊ နိုင်ငံခြားရောက်ကြိုးစာ စသဖြင့် စာအုပ်တစ်အုပ်စာ ရရှိခဲ့ပါသည်။

ထိုစာများကို စုပေါင်းပြီး ဆရာကြီး မင်းသုဝဏ်ထံသို့ သွားရောက်ပြီး အစီရင်ခံသောအခါ ဆရာကြီးက တစ်မျိုးပြီးလျှင်တစ်မျိုး၊ ကျွန်မကို အထပ်ထပ်လုပ်ခိုင်းပါသည်။ ပထမအခေါက်တွင် ကြိုးစာနည်းသေးသည်၊ 'စုလက်စနှင့်ဆက်ကြိုးစားပေးပါဦး' ဟုလည်းကောင်း၊ ဒုတိယအခေါက်တွင် 'မွန်စာနှင့် ရခိုင်တွေ ထပ်ရှာထည့်ပါဦး'၊ တတိယအခေါက်တွင် 'ကြိုးဆုတောင်းစာမှာပါတဲ့ ပါဠိစကားလုံးတွေ အဓိပ္ပာယ်အားလုံးသိရဲ့လား၊ နည်းနည်းပဲ သိတယ်လား ရှေ

သူကိုယ်တိုင်မှ အားလုံးမသိရင် ဖတ်သူက ဘယ်နှယ်လုပ်သိမှာလဲ။ အားလုံး သိအောင်လုပ်ပြီး အက္ခရာဝလိနဲ့တကွ နောက်ပိုင်းက တစ်ခန်းထည့်ဦး' ဆိုသည် များနှင့် ကျွန်မလုပ်နိုင်သမျှ တစ်စမကျန်အောင် ညှစ်ထုတ်နေသလို ဖြစ်ပါသည်။ ဆရာ့ကျေးဇူးကြောင့် ယင်းစာအုပ်သည် နိုင်ငံတော်နှင့် စာပေဗိမာန်စာအုပ်တိုက် မှ ၁၉၉၁ ခုနှစ်တွင် အသိအမှတ်ပြု အားပေးခြင်းခံရပါသည်။

ယင်းအောင်မြင်မှုအတွက် ကျွန်မ တစ်ဦးတည်းနှင့် မဖြစ်နိုင်ပါ။ ဆရာ ကြီး မင်းသုဝဏ်က ရှာဖွေစုဆောင်းရေးသားထိုက်ကြောင်း ရှုမဝမဂ္ဂဇင်း လ တစ်ရာပြည့်စာစောင်မှာ နှိုးဆော်သည်ကအစ ဆရာကြီး ဦးမောင်မောင်တင်မှ ပေစာတစ်ထုပ်ပေးခြင်း၊ စာပေဆရာ မိတ်ဆွေများကူညီမှုအလယ်၊ ကျွန်မက ဇွဲလုံ့လဖြင့် ပြုစုရေးသားခြင်းအဆုံး၊ ဤသုံးချက်ကြောင့် အကောင်အထည်ပေါ် လာပြီး နောင်လာနောင်သား စာပေသုတေသီများအတွက် အသုံးချနိုင်ရန် အစ ဖော်ပေးလိုက်ရခြင်းဖြစ်ပါသည်။

နောက် အပြီးသတ်စကားနိဂုံးအဖြစ် အကြောင်းတစ်ချက် ပြောပါရစေ

စာစည်းကြိုး ခေါ် စာထုပ်ကြိုးအကြောင်းကို အသေအချာ စိတ်ဝင် တစား ခွဲခြမ်းစိတ်ဖြာကြည့်မည်ဆိုလျှင် အကြမ်းဖျင်းအားဖြင့် အချက်(၂)ချက် တွေ့နိုင်ပါသည်။

(၁) မြန်မာစာပေအမျိုးမျိုးရှိရာတွင် စာပေပုံသဏ္ဌာန်တစ်ရပ်အဖြစ် သတ်မှတ် နိုင်ခြင်း။

(၂) မြန်မာနိုင်ငံ၏ စာရေးစရာပစ္စည်းများအနက် တစ်မျိုးအပါအဝင်ဖြစ်ခြင်း။

ဒီနေရာမှာ နည်းနည်းလောက် သိသာစေဖို့ အကြောင်းပြပါမယ်။

(၁) စာပေပုံသဏ္ဌာန်တစ်ရပ်အဖြစ် သတ်မှတ်နိုင်ခြင်းဆိုရာတွင် ဆို လောက်သော အကြောင်းအချက်များအပေါ်မှာ တည်မှီ၍ဆိုရပါသည်။ စာထုပ် ကြိုးအမျိုးမျိုးအား နှစ်ပေါင်းအတန်ကြာ ရှာဖွေလေ့လာခဲ့ရာတွင် စကားပြေ သက်သက် ရေးထားသည်က အနည်းစု၊ နဘေကာရံများဖြင့် အလင်္ကာမြောက် ရေးဖွဲ့ထားသည်က အများစု တွေ့ရပါသည်။ ဤတွင် ပေစာထုပ်လှူဒါန်းသော ကုသိုလ်ရှင်များက ရတနာသုံးပါးအား ပဓါနထားကာလှူဒါန်းခြင်း၊ ဆုမွန်ကောင်း တောင်းခြင်း၊ အမျှဝေခြင်းတို့သာ ပါရှိခြင်းဖြစ်သည်။ မိမိတို့ကုသိုလ်ကို ဖျက်ဆီး သူအား ကျိန်စာတိုက်ခြင်း လုံးဝ မတွေ့ရပါ။

ကြိုးစာများတွင် အကောင်းလည်းရှိပြီး အညံ့လည်းတွေ့ရပါသည်။ ရှိ

ပင်ရှိပြီး၊ မျိုးခြားအတွေးအခေါ်၊ အသုံးအနှုန်း လုံးဝမစွက်ဖက်ဘဲ မြန်မာ့ရိုးရာ စကားလုံးသက်သက်ဖြင့် ရေးထားသည်ချည်း။ ထို့အပြင် ဒေသန္တရစကား၊ ဘာသန္တရစကားတို့ကိုလည်းကောင်း၊ မြန်မာ့အမျိုးသားအသိ၊ အမျိုးသားဟန် တို့ကိုလည်းကောင်း သူ့ခေတ်အလျောက် ခြေရာကောက်နိုင်ပါသည်။ သိကုံး ရေးဖွဲ့သူပညာရှင်များသည် ကလောင်ဦးတည့်ရာ တော်စွာလျော်စွာ ရေးသား ထားသော စာမည်ကာမတ္တမဟုတ်ပါ။ လောကုတ်၊ လောကီ နှစ်လီလုံးပြည့်ဝ သော ပုဂ္ဂိုလ်များက အသေအချာစိစစ်သုံးနှုန်းဖွဲ့ဆိုထားခြင်းကြောင့် အမျိုးသား ရနံ့ဖြင့် ထုံသင်းနေသော ရှေးဟောင်းစာပေပန်းတစ်ပွင့် ဖြစ်သည်။ ရွတ်ဆိုကြည့် လျှင်လည်း ပြေပြစ်ချောမောစွာ နားဝင်သာသည်ကို ခံစားရပါသည်။

ထို့ကြောင့် စာပေဂန္ထဝင်တွင် ထင်ရှားပြီးဖြစ်သော ပျို့၊ ချေင်း၊ ရတု၊ ရကန်၊ မေတ္တာစာ စသည်များအပြင် တမူထူးခြားသော 'စာထုပ်ကြိုးဆုတောင်း စာ' ဟူ၍ တစ်မျိုးတစ်ဘာသာ နေရာပေးပြီး သတ်သတ်မှတ်မှတ် စောင့်ရှောက် ခြင်းအားဖြင့် မြန်မာစာပေ၏ အနှုန်းအဖွဲ့ ပေါ်ကြွယ်ခြင်းတွင် ဖြည့်တင်းအပ်ပါ သည်။

အမှတ်စဉ် (၂) ကို လေ့လာသုံးသပ်ကြည့်ကြပါစို့ -

ယနေ့ မြန်မာစာရေးစရာ ဘယ်နှစ်မျိုးရှိခဲ့သနည်းဆိုသော မေးခွန်း ပေါ်ထွက်လာလျှင် ကျောက်စာ၊ ပေစာ၊ ပုရပိုက်စာဟူ၍သာ ဖြေကြသည်ကို ကြားကြရစမြဲဖြစ်ပါသည်။ စင်စစ် စာထုပ်ကြိုးရှိသေးသည်ကို မသိသူ၊ မကြားဖူး သူ အမြောက်အမြားရှိချေသည်။ စာရေးစရာပစ္စည်းများတွင် ရေးပုံရေးနည်း တစ်မျိုးနှင့်တစ်မျိုး ခြားနားကြသည်ကို အများသူငါ သိကြပြီးသားပင်။ ခြားနားပုံ မှာ -

ကျောက်သားပေါ်တွင် ထွင်းထုပြီး စာလုံးဖော်ရသော ကျောက်စာ

ပေရွက်ပေါ်တွင် ကညစ်ဖြင့်ခြစ်ရေးပြီး စာလုံးဖော်ရသော ပေစာ

ပုရပိုက်ပေါ်တွင် ကန့်ကူဆံဖြင့် မင်ဆေးဖြင့် ရေးဆွဲစာလုံးဖော်ရသော ပုရပိုက်စာများ ကိုသာ လူသိများပါသည်။ ချည်ကြိုးကိုရှယ်ပြီး လက်ခတ်ဖြင့် ရက်လုပ်ရသော စာထုပ်ကြိုးစာတစ်ရပ်ကား လူသိနည်းလှပါ၏။

စင်စစ် မြန်မာစာပေါ်ဦးကတည်းက ပုံနှိပ်စက်မပေါ်ပေါက်ခင်အတွင်း နှစ်ပေါင်း (၈၀၀)ခန့် နိုင်ငံတလျှားတွန် အလှူအတန်းရှိတိုင်း ပါရမြဲဖြစ်သော ပေစာထုပ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သော ကြိုးစာကို စာလုံးရက်လုပ်ရသော

ရေးစရာပစ္စည်းစာရင်းတွင် တစ်မျိုးအဖြစ် စာရင်းတင်လျှင် စာဖတ်သူများ သဘောတူလက်ခံမည်ဟု ယုံကြည်ပါသည်။ ဤတွင် ဆိုလိုသည်မှာ -

ကျောက်ပြားပေါ်တွင် ထွင်းထုရသော ကျောက်စာ၊ ပေရွက်ပေါ်တွင် ခြစ်ရေးရသော ပေစာ၊ ပုရပိုက်ပေါ်တွင် ကန့်ကူဆံ၊ မင်ဆေး စသည်ဖြင့် ရေးရသော ပုရပိုက်စာ၊ ထို့အပြင် စာလုံးအက္ခရာပေါ်အောက် ရက်လုပ်ပြီး ရေးရသော ကြိုးစာကိုပါ ရေးစရာပစ္စည်းတစ်မျိုးအဖြစ် ထည့်သွင်းစာရင်းတင်သင့်သည်ဟု ဆိုချင်ပါသည်။ စာထုပ်ကြိုးသုံးစွဲမှုသည် မြန်မာနိုင်ငံတွင် ပုဂံခေတ်မှစပြီး စာပုံနှိပ်စက်ပေါ်ထွန်းသည်အထိ နှစ်ပေါင်း ခန့်မှန်းခြေ (၈၀၀)ကျော်ခန့် ကာလတစ်လျှောက် နိုင်ငံတော် ထက်အောက်နံလျား အလျှုဒါနပြုသမျှ ပွဲတိုင်း ပါဝင်ခဲ့သည်ဖြစ်လေရာ ဤသည်မှာ အလွန်များပြားသော ပမာဏဖြစ်ပါသည်။

ထို့ကြောင့် မြန်မာတို့သုံးစွဲခဲ့သော စာရေးစရာပစ္စည်းများတွင် ရက်လုပ်ရသော ကြိုးစားကိုပါ တစ်မျိုးအဖြစ် ရေတွက်သတ်မှတ်သင့်ပါကြောင်း။ ။

ရွှေဘိုမိမိကြီး

❑ ❑ ❑